www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၁၀၈၉၀၉၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၁၆၀၁၁၀၇

ပုံနှိပ်ခြင်း - ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ။
ပထမအကြိမ်။

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀ ကျပ်

အတွင်းဒီဇိုင်း - ဘိုဘိုထွန်း

ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၁၃၊ ၁၀၇ လမ်း
မင်္ဂလာတောင်ညွန့်။

ထုတ်ဝေသူ - ဒေါ်မိုးသီတာ (ရိုးဆိုးစာပေ)
(မြ-၀၇၈၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

# ရှင်မြတ်နိုး



## ချစ်တတ်သူရဲ့နှလုံးသား

[illegible]

www.burmeseclassic.com

ကလေးတို့…။

ဟင့်အင်း….။

ကျွန်မကို အဲသလိုခေါ်တာကြီး မကြိုက်ပါဘူး။

တကယ်ဆို…

ကျွန်မအသက် (၁၀)နှစ် ပြည့်ပြီးပြီလေ။ မြင့်လာတဲ့အရပ် အသောင်းလေးရဲ့ လိုက်ဖက်ညီတဲ့ ကိုယ်ဟန်သွယ်သွယ်လျလျလေး တို့လည်း ပိုင်ဆိုင်ထားသေးတယ်။

သိပ်ချစ်စရာကောင်းတာပဲလို့ အများက ချီးမွမ်းရတဲ့ မျက်နှာလှလှလေးကလည်း ရှိနေတယ်။

ဒါနဲ့တောင်…

ကလေးတစ်ယောက်လို သတ်မှတ်ခံလိုက်ရတာ တကယ်ကို ဝေဒနာပဲ။

(သမုဒ)

✸ ▯ ✸



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

"အန်တီမေ…ကိုကိုရှိလားဟင်"

"ရှိတယ်သမီးလေး…လာလေ"

"ဟုတ်ကဲ့"

တံခါးပေါက်ဝလေးတွင် ရပ်ပြီး အိမ်ထဲသို့ မျက်လုံးလေး ရွှဲကာ ချောင်းကြည့်ပြီး အိမ်ထဲသို့ သုမ ခြေတလေးဆောင် ကာ ဝင်ခဲ့မိသည်။ ကျွန်မရဲ့ အမူအရာလေးကိုကြည့်ပြီး အန်တီမေ က ပြုံးကာ…

"သမုလေး…နှုတ်ခမ်းကြီးကလည်း စူပုတ်နေတာပါ လား၊ ဘာလဲ သမီးကိုကိုနဲ့ စိတ်ကောက်နေပြန်ပြီလား"

ကျွန်မ…





အန်တီမေ့အမေးကို ပြန်မဖြေဘဲ ခပ်ပေပေလေး ထိုင်နေမိ သည်။

"သမီး…အန်တီမေ့ကို ပြောဦးလေ၊ သမီးကိုကိုနဲ့ ဘာ တွေ ဖြစ်လာပြန်ပြီလဲ"

"ဘာမှမဖြစ်ဘူး မေမေ"

ဟင်…။

ဖြေလိုက်သံကြီးက ကျွန်မတို့နောက်ကျောဖက်ဆီမှ ထွက် လာတာမို့ လန့်ဖျပ်ပြီး လှည့်ကြည့်လိုက်တော့ ကိုကိုဖြစ်နေ၏။

"အလကား မေမေ၊ ဒီနေ့ ကျွန်တော့်သူငယ်ချင်းတွေနဲ့ ချိန်းပြီး ရုပ်ရှင်သွားကြည့်ရေးကို သူက လိုက်ချင်သတဲ့လေ၊ ဘယ်နှယ်ဗျာ အားလုံး ယောက်ျားလေးတွေချည်းပဲ၊ ပြီးတော့ ရုပ်ရှင် ကားကလည်း စစ်ကားကြီး၊ ဒါကို မလိုက်ရဘူးပြောလို့ သင်းက စိတ်ကောက်နေတာ၊ ဆောရီးပဲ သမု၊ ဒီတစ်ခါတော့ သေအောင် စိတ်ကောက်ပြနေလည်း ထားရစ်ခဲ့ရမှာပဲ၊ လုံးဝခေါ်မသွားဘူး"

"ဟွန်း…ကိုကိုမခေါ်ချင်လည်း ဘာဖြစ်သေးလဲ၊ ကိုယ့် ဘာသာ သွားလို့ရတာပဲ၊ ရန်ကုန်မြို့ကြီးမှာ ရုပ်ရှင်ကားတွေ ပေါမှ ပေါ၊ အဝှားကားတွေဆိုလည်း ကြည့်လို့ ဘယ်ရှိကြည့်ကြည့် ဖြစ်တယ်"

"အံမာ…အဲဒါတော့ ငါလည်းသိတာပဲ၊ သွားပေါ့…နင့် ဘာသာ တစ်ယောက်တည်းသွား၊ ငါကြည့်တဲ့ရုပ်ရှင်ကိုတော့ လုံးဝ



www.burmeseclassic.com

www.burmeseclassic.com



မလိုက်ခဲ့၊ ငါ နင့်ကို အဖော်လုပ်သေချင်ရှာမဟုတ်ဘူး၊ ကြည့်ချင်ရင် တခြားရုပ်ရှင်ရုံကို သွားကြည့်"

ကိုကိုက သူ့ရှိနေတဲ့နေရာလေးကို ကျွန်မလိုက်မှာ အဆေ အလဲ ကြောက်နေပုံရသည်၊ တူးတူးခါးခါးကိုပဲ ငြင်းပယ်နေ၏။ အဲဒါကိုပဲ ကျွန်မကလည်း မကျေနပ်တာ။

ကျွန်မလိုက်တော့ ဘာဖြစ်မှာမို့လဲ။

ဘာမှသေချာတော်စရာ အကြောင်းရှိ၊ ကိုကို့နဲ့ ကျွန်မက မြို့ချင်းတစ်လျှက် ဟိုးငယ်ငယ်လေးကတည်းက အတူတူကြီးပြင်း လာရတဲ့သူတွေလေ၊ ကိုကို့သူငယ်ချင်းတွေ အားလုံးကိုလည်း ကျွန်မ ခင်မင်ရင်းနှီးပြီးသားပါ၊ ဒါကို တခင်မခေါ်ချင်လို့ ငြင်းဆန် နေတာ။

"မရဘူး...သမုခ လိုက်မှာပဲ"

"ဟာကွာ...ဒီကောင်မလေး"

အလျှော့မပေးသော ကျွန်မကိုကြည့်ပြီး ကိုကိုတစ်ယောက် အသည်းတွေ ကျုံလိကျုလိ ယားနေပုံရသည်၊ အနီးမှာရှိသော ကျွန်မခေါင်းဆီ လက်သီးဆုပ်လေး ရောက်မလာခြင်းရယ်ပါ၊ မဟုတ်ရင်တော့ ပွတ်ခနဲ့နေအောင် ထုပြီးခေါက်ပြီ။

"သမုခ...အရမ်းကြည့်ချင်နေတဲ့ဟာကို"

"ဟ...မိန်းကလေးနဲ့စကား ဘာဆိုင်လို့လဲဟ"

"မဆိုင်ဘူးလို့ ဘယ်သူက သတ်မှတ်လဲကိုကို"





"ဘာ"

"မိန်းကလေး...စကားမကြည့်ရဘူးလို့ ဘယ်သူသတ် မှတ်လို့လဲ"

ကျွန်မ...

သည်းမခံနိုင်စွာပင် ရန်တွေ့မိသည်၊

"မေမေရော်...သမုခကို ကြည့်ပြောဦး၊ တကယ်ပဲကွာ အလုပ်မဟုတ်တာ အရမ်းရှုပ်တာပဲ"

ကိုကို ငြီးငြူသံကြီးက စိတ်ပျက်လက်ပျက် နိုင်လှသလို ကိုကို့မျက်ဝန်းတွေထဲမှာ ခံပြင်းပေါက်ကွဲချင်နေသည့် အရိပ်အယောင် လေးတွေ မြင်နေရသည်၊ ကျွန်မထံသို့ မျက်တောက်နီကြီးများနှင့် လှမ်းလှမ်းကြည့်ကာ အံကိုတင်းနေအောင် စေ့ကြိတ်ထား၏။

သို့သော်...

ကျွန်မ မသိချင်ဟန်ပဲ ဆောင်နေလိုက်သည်၊

"ကဲပါကွယ်...သမီးလေးက ဒီလောက်ကြည့်ချင်နေမှ တော့ ခေါ်သွားလိုက်ပါတော့ သားရယ်၊ ကိုယ့်ညီမလေးပဲဟာ သူ့စိတ်ကျေနပ်အောင် ကြည့်ခိုင်းလိုက်ပါ"

"ဟာဗျာ...မေမေကတော့ လုပ်ပြီ၊ ဒီကောင်မလေး စိတ် ချမ်းသာအောင် ကျွန်တော့်ကို စိတ်ဆင်းရဲနိုင်းပြန်ပြီ၊ မခေါ်ချင်ဘူး မေမေ၊ သမုခ မလိုက်ရဘူး"

မေမေ ကြားဝင်ဖြန်ဖြေမှုကို ကျွန်တော် လုံးဝသဘောမတူ



www.burmeseclassic.com

www.burmeseclassic.com



မီ။

ဘယ်နှယ့်…

အလကားနေ ဒီအရှုပ်ထုပ်မလေး ရော့ရှုင်ရေပဲ ဦးစားပေး ကြည့်နေတယ်။ သမုခက အရင်ကလို ကလေးပီပီချော့ကော်တောင် လေး မဟုတ်တော့တာ။ သူငယ်ချင်းတွေက သမုခကိုကြည့်ပြီး ရှူးယောက်ဖကြီးလို့ နောက်နေကြပြီ။

ဒီကြားထဲ…

သူ့ကို ခေါ်ရမယ်ဆိုတော့ အရှုးအမြင်မှာ တစ်မျိုးထင် ရောတွေ ဖြစ်ကုန်တော့မည်။ ဘာပဲပြောပြော သမုခက သူညီမ အရင်းလေးမှမဟုတ်တာ။ မြို့ရင်းကပ်လျက်နေပြီး အိမ်ကို ဝင်ထွက် ဝိုလ်ကျနေတဲ့ မေမေ့အချစ်တော် သမီးတလေး။

ဒါကို…

ရုပ်ရှင်အတူသွားကြည့်ဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ချေ။

"ဟာဗျာ…ဘယ်လိုပဲ စဉ်းစားစဉ်းစား မဖြစ်ပါဘူး၊ သူ့ကိုခေါ်သွားလို့ မဖြစ်ဘူး မေမေ"

"အလကား…အန်တီမေ၊ ကိုကို တခေါ်ခေါ်ကြောင်းပြနေ တာ၊ သူ့ကောင်မလေးနဲ့ သွားကြည့်မှာမို့လို့ သမီးလိုက်မှာကို တားဆီးနေတာ အန်တီမေ"

"သမုခရော်…နင်မကျပ်နဲ့ဟာ၊ နင့်ကိုမခေါ်ချင်တာ ငါ့စိတ်ငါ့သဘောမဟုတ်ဘူး၊ ဟိုကောင်တွေ ပါးစပ်သောက်လွန်းလို့





မလိုက်စေချင်တာ၊ ပြီးတော့ ယောက်ျားလေးတွေ တစ်အုပ်ကြီးကြား မှာ နင်တစ်ယောက်တည်း မိန်းကလေးရှိတာဆိုတော့ ဝတ်ဝန်းကျင် အမြင် မကောင်းဘူးဟ"

"အို…ဒါဆိုလည်း သူတို့ကိုတားခဲ့ပေါ့ ကိုကိုရဲ့၊ သမုခ အဖော်ပါတာပဲဟာ၊ နှစ်ယောက်တည်းသွားကြည့်မှာပေါ့၊ ကျွန်မ လိမ်လိမ်မာမာနေပါ့မယ် ကိုကိုရဲ့၊ အဲဒီလောက်ဖဲ စိတ်ပူတတ်နေပါ နဲ့၊ ချိသွားရတာလည်း မဟုတ်ဘဲနဲ့ဗျား၊ ကျောင်းပိတ်ရက်လေးမို့ အပျင်းပြေလေး လိုက်ချင်တဲ့ဟာကိုများ မခေါ်ချင်ဘူး"

"တော်ပါ…ပြောလိုက်ရင် ဒီလိုကြီးပဲ"

ကျွန်မနဲ့ကိုကိုတို့ အပြန်အလှန် ချက်စောင်းခဲ့နေကြပုံကို ကြည့်ကာ အန်တီမေတစ်ယောက် သဘောတွေအကျကြီး ကျနေ တော့သည်။

နောက်ဆုံးတော့…

ထုံးစံအတိုင်း ကျွန်မကပင် အနိုင်ရခဲ့ပါသည်။ အန်တီမေ ရဲ့ တစ်ရက်လွတ်အမိန့်အရ သမုခဆိုတဲ့ ကျွန်မ ခေါ်ချင် ကိုကို လည်း ရုပ်ရှင်သွားမကြည့်ရဘူးဆိုတဲ့ တားမြစ်ပိတ်ပင်ချက်လေးက ထွက်လာ၏။

ဒါကို…

ကိုကို မကျေနပ်ပေမယ့် ငြင်းပယ်မရဲ၍ပင် လက်ခံလိုက် ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကား ယောနေ ထဘော်ကာ ရုံပေါက်ရော့်ရှင်နေ သော်လည်း ကိုကိုမျက်နှာချောချောကြီးမှာတော့ စူပုတ်တင်းမာလို့ နေတော့သည်။

အိမ်ဘက်သို့ ကျွန်မ အမြန်ပြန်ကာ ရေမိုးချိုး အလှအပ ပြင်၏။ ထူးဆန်းနေတဲ့ ကျွန်မအသွင်ကိုကြည့်ပြီး မာမီက တအံ့ တသြဖြစ်နေသည်။

"ဟဲ့…ဒါက ဘယ်ကိုခြေဆန့်ဦးမလို့လဲ၊ မျက်နှာမှာ လည်း အလှအပတွေ ခြယ်သလို့ပါလား သမုခ၊ ပြောစမ်းပါဦး ဒါက ဘယ်သွားမလို့လဲ"

"ရုပ်ရှင်သွားကြည့်မလို့ မာမီရဲ့"

"ရုပ်ရှင် ဟုတ်လား၊ ဘယ်သူနဲ့သွားမှာလဲ၊ ဘာကားမို့လို့ လဲ သမုခ"

"စစ်ကားတဲ့ မာမီ၊ အရမ်းကောင်းတယ်လို့ သတင်းရ ထားတယ်၊ ကိုကိုနဲ့သွားမှာလေ"

"ကြည့်စမ်း…မောင်မိုးမြင့်ဖွေ့ကို မြသနာရှာလာမြန် ပြီထင်တယ်၊ ဟိုက ညည်းလေးကို ခေါ်ချင်လို့လား သမုခရဲ့"

"အမလေး…ကိုကိုစိတ်ပုတ်က ဘယ်ကလာ ခေါ်ချင်ရ မှာလဲ၊ သမီးအတင်းပူဆာလွန်းလို့သာ အနှံတိမှကို ကြောက်ပြီး လိုက်နိုင်းတာ"

"သမီးရယ်…ကိုကိုကြည့်ချင်တာကို လွှတ်လွှတ်လပ် လပ် သွားကြည့်ပါစေကွယ်၊ သမီးက ဘာလိုက်ရှုပ်ဦးမလို့လဲ"

"မာမီမသိပါဘူး…ကျွန်မ ကိုကိုကို အမြင်ကတ်လွန်းလို့ သာ လိုက်မှာ၊ အစုတလော ကိုကို့အမူအရာတွေက ဖျက်နေတာ မာမီ သတိထားမိလို့လား၊ ကိုကို ကျွန်မကို ရှောင်ဖယ်ရှောင်ဖယ် လုပ်ချင်နေတယ်"

"ရှောင်မှာပေါ့ကွယ်…သမီးက မြသနာအိုးလေးပဲဟာ၊ ဘယ်သူက အနားမှာခေါ်ထားချင်ပါ့မလဲ၊ ကိုကိုမလွန်ဘူး"

"မာမီနော်…ကိုယ့်သမီးလေး ဒီတစ်ယောက်တည်း ရှိတဲ့ ဟာကို အဲဒီလိုဝေဖန်ရလား"

"မာမီပြောတာ မှားလို့လား သမီးရဲ့"

"တော်ပြီ…မာမီရာ မြင်ရတာတောင် စိတ်မပါတော့ ဘူး"

"ထဲပါကွယ်…စိတ်ကလည်း အတောက်မြန်လိုက်တာ ပြောပါနဲ့တော့၊ လိုက်မယ်ဆိုလည်း မြန်မြန်လေးပြင်ဆင်လေ၊ တော်ကြာ သမီးကိုကို စောင့်နေရဦးမယ်"

သမုခ အဝတ်အစားတွေကို နှုတ်ခမ်းစုစုလေးနှင့်ဝင် ထဲလှယ်ဝတ်နေမိသည်။ ကျောင်းပိတ်ရက်၊ အိမ်ထဲမှာ အဖော်မဲ့ ငြင်းရိုရွာ ကျွန်မ နေရလို့တာတော့ အခုနဲ့ဝင်။ ဒါကြောင့်လည်း စစ်ကားကို မကြိုက်ပါဘဲ ကိုကိုနဲ့အတူ သွားကြည့်ဖို့ ပူဆာမိခြင်းပဲ ဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com



"ချစ်သမီး…လိုက်သွားရင်လည်း အေးအေးဆေးဆေး လေးနေနော်၊ ဆိုကို့စကားကိုလည်း နားထောင်၊ စိတ်မထင်ရင် မထင်သလိုလုပ်ဖို့ မစဉ်းစားနဲ့၊ ကိုကိုပြန်တိုင်သံကြားလို့ကတော့ နောက်တစ်ခါဆို မလိုက်ရတော့ဘူး"

"မာမီကလည်း သွားတောင်မသွားရသေးဘူး မှာလိုက်တာ မဆုံးတော့ဘူး၊ သွားချင်စိတ်တောင်ကုန်နေပြီ"

"အေးပါ…မကြိုက်ဘူးဆိုလည်း မပြောတော့ဘူး၊ စိတ်တော့ မကောက်နဲ့၊ ချောရတာမောလွန်းလို့ သွားမယ်…သွားမယ်"

ပြောပြောဆိုဆို ကျွန်မအခန်းလေးထဲက မာမီ ပြန်ထွက်သွား၏။

မာမီ့ရဲ့နောက်ကျောပြင်လေးကို ကြည့်ပြီး ကျွန်မ ပြုံးလိုက်မိသည်။ ကျွန်မကို သိပ်ပြီး စိတ်ကောက်တတ်လွန်းတဲ့ သမီးဆိုးလေးတစ်ယောက်မို့ မာမီတို့ နည်းမျိုးစုံသုံးကာ ချော့တတ်သည်။

ဒက်ဒီက…

ကျွန်မအသက်(၅)နှစ်သမီးအရွယ်ကတည်းက ဆုံးသွားတာမို့ အဖမဲ့သမီးလေးဆိုပြီး မာမီက သနားချစ်နှင့် ချစ်ခဲ့သည်။ အဖော်မဲ့ အထီးကျန်နေတဲ့ မာမီ့အတွက် ကျွန်မသောလျှင် သူ့ကမ္ဘာ၊ သူ့အနာဂါတ်အဖြစ် သတ်မှတ်ထား၏။

ဒါကြောင့်ပဲ…





မာမီ့အားနည်းချက်ကိုသိကာ ကျွန်မက စိုး၍ဆိုးခဲ့သည်။ ဖြစ်ချင်တာကို ဖြစ်အောင်လုပ်ပြီး လိုချင်တာကို ရအောင်ဖန်တီးယူခဲ့သည်။ မာမီကလည်း ကျွန်မရဲ့ လိုအင်ဆန္ဒကို ပြည့်အောင်ကို ဖြည့်ဆည်းပေးခဲ့တာလေ။

ကိုကို့အမေ အန်တီမေကလည်း ဘာထူးလို့လဲ။

တစ်ချိန်လုံး သမီးချွေးချွေးနေတဲ့သူ။ ကိုကိုမွေးမြင်ထွန်းကိုမွေးပြီး သားအိမ်မကောင်းတော့၍ နောက်ထပ်သားသမီးထပ်ယူလို့ မရတော့ချေ။ အမျိုးတွေထဲမှာ ယောကျ်ားသားတွေချည်းများတဲ့ အန်တီမေက သူ့အတွက် အဖော်ရစေမည့် သမီးတစ်ယောက်လောက်အသည်းအသန်လိုချင်ခဲ့တာလေ။

သို့ပေမယ့်…

ဆန္ဒမပြည့်ဝစွာပင် သားတစ်ယောက်တည်း ရပြီး ကျေနပ်လိုက်ရသည်။ ကျွန်မတို့ အိမ်ပြောင်းလာတော့ ကျွန်မက ငါးနှစ်သမီးအရွယ်ပဲ ရှိသေးတယ်တဲ့။ ကာတွန်းရုပ်ကလေးလို သိပ်ချစ်စရာကောင်းတဲ့ ကျွန်မကို အန်တီမေက အရူးအမူးချစ်ကာ ထိန်းနေတော့တာပဲဟု မာမီကပြောပြ၏။

သားနဲ့သမီး ပြသနာဖြစ်ရင်တောင် ကျွန်မဘက်ကပဲ အမြဲတမ်း ရပ်တည်ပေးခဲ့တဲ့ အန်တီမေပါ။ ကိုကိုက ကျွန်မထက် လေးနှစ်လောက်ကြီးပေမယ့် အမြဲတမ်း အရှုံးပေးခဲ့ရသူဖြစ်သည်။

ကျွန်မကြောင့်…



www.burmeseclassic.com

www.burmeseclassic.com



ကိုကို အမြဲတမ်း အနိုင်ခံရဘူးသည်။

ထိုအခါမျိုးတွင်...

လက်ခုပ်လက်ဝါးတီး၍ ကောင်းတယ်၊ ကောင်းတယ်၊ နာပါစေဟု ကိုကို့ကို မေတ္တာလေးပို့မိ၏။ ကိုကို့ရဲ့ ကျွန်မဘယ်တုန်း ကမှ မသည်းမြတ်ခဲ့ချေ။ သို့သော် အမြဲမခွဲတတွဲတွဲတော့ ရမြဲပင် ဖြစ်သည်။

ကိုကိုက...

ကျွန်မကို ချဉ်ဖတ်ဟု ယယ်ယယ်က ခေါ်တတ်၏။ လူကြီးတွေအလစ်တွင် လက်သီးဆုပ်ကလေးနှင့် ကျွန်မခေါင်းကို ထုတတ် သည်။ ကျွန်မ ငိုလို့ပြီးတိုင်လျှင်တော့ ကိုကိုပြေးပြီပဲ။

ကျွန်မ...

အိမ်မှာနေတဲ့အချိန်ထက် အန်တီမေတို့အိမ်မှာနေတဲ့အချိန်က ပိုများလှ၍ အန်တီမေသမီးလေးလေးဟုပင် အသိမိတ်ဆွေတွေ ထင်ကြသည်။ ထိုအခါမျိုးတွင်လည်း အန်တီမေက ဟုတ်တယ်ဟု ဝန်ခံတတ်တာကြောင့် မိသားစုဝင်လေးတစ်ယောက်လိုကို ဖြစ်နေတော့၏။

"သမီးရေ...ကိုကိုရောက်နေပြီ၊ ပြင်ဆင်လို့ ပြီးသေးဘူးလား"

"ပြီးပြီ...မာမီရေ အခုပဲဆင်းလာတော့မှာ၊ ခဏလေးစောင့်"





ခေါ်သံကြားတာနှင့် မှန်တင်ခုံရှေ့ကနေ ဇွာကာ အောက်ထပ်သို့ အပြေးအလွှားဆင်းခဲ့မိသည်။

ခြံထဲမှာ...

ကိုကိုကားလေး ရပ်ထားတာတွေ့ရ၏။ ကားပေါ်ကနေ မဆင်းဘဲ မှန်ကုတ်ကုတ်မျက်နှာကြီးနှင့် ကျွန်မကို စိမ့်စူးစိုက်ကြည့်နေတဲ့ ကိုကို့ကို သွားလေးတွေပေါ်သည့်အထိ ပြုံးပြလိုက်သည်။

ပြီးနောက်...

မာမီ့ဘက်ကိုလှည့်ပြီး နှုတ်ဆက်ရင်း ကိုကိုကားရှေ့ခန်းတွင် ဝင်ထိုင်လိုက်သည်။

တော်တော်ဆိုးတဲ့ကိုကို။

ကျွန်မတောင် ကားပေါ်တက်ရုံရှိသေး ခြံထဲကနေ ကားကို ဝေါခနဲနေအောင် မောင်းထွက်လိုက်တာမို့ တံခါးကို ကပျာကယာ ပိတ်လိုက်ရသည်။

"ချဉ်ဖတ်မ"

ကိုကို့နှုတ်ခမ်းက မကျေမချမ်း ထွက်လာတဲ့ စကားသံလေးတစ်ခုကိုမှ အထူးအလေးလုပ်ကာ ရန်ဖြစ်မနေတော့တဲ့ ကျွန်မ ငြိမ်သက်နေလိုက်မိတော့သည်။

❋ ❋



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

"ဟင်…ကိုကို ဒါက ဘာလုပ်တာလဲ၊ ရုပ်ရှင်ကြည့်မလို့ဆို ဒီဆိုင်ထဲဝင်ပြီး ဘာလုပ်ဦးမလို့လဲ"

"ဟုတ်တယ်လေ…အစကတော့ ရုပ်ရှင်ကြည့်မလို့ပဲ၊ ဒါပေမယ့် အခု စိတ်ပြောင်းသွားပြီ၊ ဆံပင်ညှပ်မယ်၊ ခေါင်းလျှော်မယ်၊ ပြီးရင် အိမ်ပြန်မယ်၊ ဒီမြို့ကိုပါလာက ကောင်မလေးတွေက လှလည်းလှ၊ တော်လည်းတော်တယ်လေ၊ အဟဲ…သူတို့လေးတွေက သဘောကောင်းလွန်းလို့ ဒီမှာပဲ အချိန်ကုန်ခံလိုက်တော့မယ်။

ရုပ်ရှင်မကြည့်တော့ဘူး။ နင်လည်း လိုက်ချင်လိုက်ခဲ့၊ မလိုက်ချင် ကားထဲမှာပဲထိုင်စောင့်၊ ငါကတော့ ကားသော့ယူသွားပြီ သမုခ၊ ဘိုင့်…ဘိုင်"





စကားလေးဆုံးတာနှင့် ကိုကိုမိုးမြင့်ထွန်းတစ်ယောက် ကျွန်မကို ကားထဲထားခဲ့ကာ သော့လေးကို ဝှေ့ယမ်းပြီး ထွက်သွားသည်။

ကျွန်မ ဘယ်လိုခေါ်ခေါ် လှည့်မကြည့်တော့ချေ။

မိုးမြင့်ထွန်းတစ်ယောက်မှာလည်း ကိုယ့်အစျေးလေးနဲ့ကို ပြေးနေရသည်။ တော်တော်စိတ်ပုတ်တဲ့ သမုခကို အခုလိုလုပ်ခဲ့ရ၍ အကျေနပ်ကြီး ကျေနပ်နေရ၏။

သူငယ်ချင်းတွေနှင့် ချိန်းပြီး ရုပ်ရှင်ကြည့်ပါမယ်ဆိုမှ သင်းက ကန့်လန့်ကန့်လန့်ပါလာ၏။ ငြင်းဆန်လို့လည်းမရ၊ မေမေက သမုခမပါလျှင် သူပါသွားရဘူးတဲ့လေ။

ဒီကောင်မလေး…။

မေမေ အလိုလိုက်လွန်းလို့ အခုလိုခိုးသွမ်းနေတာ၊ မေမေ့ရှေ့မှာ သူဘာမှမပြောဘဲ ငြိမ်လက်ခံနေပေမယ့် ဒီကောင်မလေးကို နှုတ်လောက်သားလောက်အောင် ဝဉာပေးမှ ဖြစ်တော့မည်ဟူတာကိုတော့ သူ့ခေါင်းထဲတွင် ရိုက်သွင်းထားရသည်။

ဒါကြောင့်လည်း…

ရုပ်ရှင်ကြည့်မလိုလို ထွက်လာပြီး တမင်အလှပြင်ဆိုင်ထဲ ဝင်ခဲ့တာ။

ကောင်းတယ်…

ရုပ်ရှင်သွားကြည့်မယ်ဆိုပြီး မျက်နှာမှာ အလှအပတွေ



www.burmeseclassic.com

www.burmeseclassic.com



ပြင်ဆင်ပြီး အရှုံးဝတ်လာပြီးတော့မှ အိမ်ကို ဒီအတိုင်းရှည်း ပြန်ရတော့မှာ။

တွေးရင်း သူ့မျက်နှာချောချောကြီးက ပြုံးလာရသည်။ အခုချိန်ထိ သူ့နောက်ကို လိုက်မလာဘူးဆိုလျှင်တော့ ကားထဲထိုင် ကျန်နေခဲ့ရောပေါ့လေ။

အပွန်း…။

ထိုင်ပေဦးတော့ သမုခ 'ချည်ဖတ်' ရေ။

ဒီမှာလည်း လူကအရမ်းများပြီး စောင့်ရဦးမှာဆိုတော့ အနည်းဆုံး သုံးလေးနာရီလောက် ကြာဦးမှာပဲ။ သူ့လက်ထဲမှာ ကားသော့ပါလာတာမို့လည်း ကားမောင်းထွက်သွားမှာ စိတ်မပူရချေ။

မိုးခြင့်ထွဋ်တစ်ယောက်…

ကားသော့လေးကို ဘောင်းဘီအိတ်ထဲ ထိုးထည့်ကာ မဂ္ဂဇင်းစာအုပ်လေးတစ်အုပ်ယူကာ ဖတ်ရင်း စိတ်ရှည်လက်ရှည် ပင် သူ့အလှည့်ရောက်ဖို့ စောင့်နေမိတော့သည်။

အချိန်တော်တော်လေး ကြာနေသည့်တိုင်အောင် သမုခ တစ်ယောက် ဆင်းလာတာ မတွေ့ရချေ။ ကားပေါ်မှာများ စိတ်ကောက်နေသလားမသိ။ အခုချိန်ထိ ဆိုင်ထဲသို့ ရောက်မလာသေး ချေ။

ကောင်းတယ်…။





ဒီကောင်မလေး အလကားနေ သူ့နောက်ပဲ လိုက်ချင်နေ တယ်။ မှတ်လောက်သားလောက်အောင်ကို ဝစ်ထားလိုက်ဦးမယ်။ ဒါမှ နောင်ကိုမလိုက်ရဲတော့မှာ။ အိမ်ပြန်ရောက်လျှင်တော့ သမုခ တစ်ယောက် အကြီးအကျယ် ပြဿနာရှာမှာတော့ သိ၏။

သို့ပေမယ့်…

သူ့ဘက်က အလျှော့ပေးဖို့ မစဉ်းစားပါ။

ဒီကောင်မလေးကို ပညာပေးမှကို ဖြစ်တော့မှာမို့ သူ့စိတ် တွေကို တင်းထားမိသည်။

အခုလောက်ဆို…

အဲယားကွန်းပိတ်ထားတဲ့ ကားထဲမှာ သမုခတစ်ယောက် ရှလောင်အိုက်စပ်နေလောက်ရောပေါ့။ ပြင်ဆင်ခြယ်သခဲ့တဲ့ အလှအပ တွေ သဲထဲရေသွန်သလို ဖြစ်ခဲ့ရပြီ။ သူကလည်း ဆိုင်ထဲဝင်ပြီး ကတည်းက သူမဆီ လုံးဝပြန်သွားပြီးတော့ကို ချော့မခေါ်တာဆို တော့ ဒီအတိုင်းကြီး ထိုင်လျက်ရှိနေတော့မှာပဲ။

ရှေ့တွင်ရှိသော လူသုံးယောက်ကို နာရီဝက်လောက် သူထိုင်စောင့်ပြီး သူ့အလှည့်ရောက်လာသည်။

မိုးခြင့်ထွဋ်တစ်ယောက်…

အေးဆေးစွာ ဆံပင်ညှပ်၊ ခေါင်းလျှော်နေလိုက်သည်။

သူ…

စဉ်းစားနေမိတာက သမုခအကြောင်းပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်လေး အခုချိန်ထိ ငြိမ်သက်နေတာ မယုံနိုင်စရာ။

သမုဒ...

ငယ်ငယ်လေးကတည်းကတော့ ငါးမိနစ်ကို တစ်ကြိမ်လောက် စိတ်ကောက်တတ်တာသိသည်။ စိတ်အကောက်လွယ်ပေမယ့် စိတ်အပြေမြန်တတ်တဲ့ သမုဒ။ ကြာရှည်ကြီးတော့ စိတ်မကောက်နေတတ်ပါ။

ဒီကနေ့တော့...

တော်တော်ရွှဲကောင်းကောင်းနှင့် အချိန်အကြာကြီး ကောက်တယ်လို့သာ မှတ်ရမည်။ သူထံသို့ လုံးဝကို လိုက်မလာခဲ့ချေ။

သူ အားလုံးအပြီးသတ် ပြင်ဆင်ပြီး ကြာချိန်သည် တစ်နာရီခွဲကျော်ကျော်ကို ကြာမြင့်ခဲ့သည်။ ကျသင့်ငွေကိုရှင်းပေးပြီး အပြင်ကို ပြန်ထွက်ခဲ့၏။ ဒီလောက် သူမလေးကို စိတ်ဒုက္ခပေးလိုက်ရတယ်ဆိုလျှင်ပဲ လုံလောက်နေပြီဟု သူဆုံးဖြတ်ကာ ကားရပ်ထားရာဆီသို့ လှမ်းအကြည့်...

ဟင်...

ကားမရှိတော့ပါလား။

သူ...

ပတ်ဝန်းကျင်ကို ဝေ့ဝဲကာ ကားရပ်ထားလေသောဆီပြီး ရှာကြည့်သေးသည်။ သို့သော်...သူ့ကားလုံးဝရှိမနေချေ။ သူ့စိတ်ထဲ





ထင့်ခနဲဖြစ်သွားရသည်။ ကားရပ်စခန်း လာကောက်သည့်ကောင်လေးဆီ သွားပြီး သူစုံစမ်းမေးမြန်းမိ၏။

“ဪ...ဆလွန်းကားအဖြူလေးလား၊ အဲဒီကားက ထွက်သွားတာ ကြာလှပြီအစ်ကိုရဲ့၊ ကားထဲက အစ်မချောချောလေးက ကျွန်တော့်ကို အစ်ကိုလာမေးရင် ဒီစာလေးပေးလိုက်ပါလို့ မှာခဲ့တယ်”

“ဟင်...ဟုတ်လား၊ ပေး...ပေး”

မိုးမြင့်ထွဋ်တစ်ယောက် စာရွက်ခေါက်လေးကို ကပျာကယာယူပြီး ဖွင့်ဖတ်လိုက်တော့ သမုဒရဲ့ လက်ရေးဝိုင်းဝိုင်းလေးကို တွေ့လိုက်ရသည်။

*ကိုကို...*

*ကျွန်မကားယူသွားတယ်။ ရုပ်ရှင်ကြည့်ဖို့လာတာဆိုတော့ သွားကြည့်မှဖြစ်မှာပေါ့ ကိုကို။ ကိုကို မကြည့်ဖြစ်ပေမယ့် မပူပါနဲ့။ ကျွန်မ ပြန်ပြောပြပါ့မယ်။ စိတ်ချကိုကို အစအဆုံး သေသေချာချာကြည့်ပြီး မှတ်ခဲ့မယ်သိလား။*

*ကျွန်မ ရုပ်ရှင်လွှတ်ချိန်မှ ပြန်လာမှာနော်၊ ကိုကို အငှားကားနဲ့ အရင်ပြန်နှင့်ပြီး လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာဖြစ်ဖြစ် ထိုင်စောင့်နေလိုက်။*

*သမုဒ*

မှတ်ချက်။ ကားသော့အပိုတစ်ချောင်းကို အန်တီမေ့ဆီက



www.burmeseclassic.com

www.burmeseclassic.com



တောင်းထားခြင်းဆိုတဲ့ သမုဒ္ဒရာထဲမှာ နစ်စီးနေတဲ့ စာလေးကို ဖတ်ပြီး အကြီး အကျယ် တုန်လှုပ်သွားရသူကတော့ မိုးမြင့်ထွဋ်ပဲဖြစ်သည်။

ကြည့်စမ်း...

ဘယ်လောက်များ လှလိုက်တဲ့ သမုဒ္ဒရာလဲလို့။

သူ့မှာတော့...

သမုဒ္ဒရာကို ကောင်းကောင်းကြီး ပညာပေးလိုက်နိုင်ပြီဆိုပြီး ကိုယ့်အတွေးနဲ့ ကိုယ်မြူးနေတာ။ အခုတော့ သူမကပဲ သူ့ကို ပညာပြန်ပေးသွားခဲ့သည်။

တောက်...။

သူ ခံလိုက်ရပြန်ပြီ။

ဒီတစ်ခါလည်း သူပဲခံလိုက်ပြန်ပြီပေါ့။ ဒါကြောင့် စိတ်ထဲက တစ်မျိုးထူးဆန်းနေပါတယ်လို့ ထင်မိသားပဲ။ အခုချိန်ထိ လိုက်မလာပါဘူး မှတ်တယ်။ သူမက ကားကိုယူပြီး ရှပ်ရှင်သွားကြည့်နေတာကိုး။

တောက်...။

မိုးမြင့်ထွဋ်တစ်ယောက် အခုမှတော့ ဘာမှမတတ်နိုင်တော့ပါ။

တက္ကစီငှားပြီး လမ်းထိပ်ကနေ သွားကြိုပြီး စောင့်နေရုံမှတစ်ပါး အခြားမရှိတော့။ ရင်ထဲမှာတော့ အခံရခက်စွာပင် တနုံ့နုံ့ ခံစားနေရ၏။





သမုဒ္ဒရာတစ်ယောက်မှာလည်း ကိုကို့ကိုထားခဲ့ပြီး ရုပ်ရှင်ရုံ သို့သာ လာခဲ့ရတာ ဒုက္ခတော့ အတော်ကလေး ရောက်ရသည်။ ကောင်မလေးချောချောလေးတစ်ယောက်တည်းမို့ ကောင်လေးတွေရဲ့ မျက်ဝန်းလေးတွေကမနည်း။

သူမ...

ကြောက်စိတ်ကို မနည်းချုပ်တည်းကာ လက်မှတ်ဝယ်ဖို့ ကြိုးစားရသည်။ ကံဆိုးတာက အပေါ်ထပ်အထူးတန်းတွင် လက်မှတ်ရဖို့က ခက်နေသည်။ ကိုကို့ကားနှင့်လာပြီး ကိုကို့ဟာမ်းနန်းကို ဟန်ပါပါကိုင်ကာ ခပ်ကျော့ကျော့လေးဆင်းလာတဲ့ သူမကို တချို့က ရုပ်ရှင်မင်းသမီးများလား။ မော်ဒယ်ကောင်မလေးများလား ဆိုပြီး ပိုင်းကြည့်နေသော မျက်လုံးများကို ရှောင်ကာ လက်မှတ်ရ ရေးအတွက် လုံးပမ်းနေလိုက်သည်။

မျက်မှာထား ခပ်တင်းတင်းလေးနှင့် လက်မှတ်ရောင်းတဲ့ ကောင်လေးဆီက ဝယ်ဖို့ကြိုးစားလိုက်၏။

"အစ်မ...လက်မှတ်က အထူးတန်းနှစ်ယောက်တွဲ ခုံတန်းပဲရှိတော့တယ်"

"ငါ တစ်စောင်ပဲယူမှာ"

"ဒါက နှစ်စောင်တစ်ခါတည်းရောင်းမှဖြစ်မယ်"

"ပြဿနာပဲ...ငါက တစ်ယောက်တည်းကြည့်မှာ၊ ဘယ် နှစ်စောင်ဝယ်ရမလဲ၊ တစ်စောင်ပဲ[illegible]"



www.burmeseclassic.com

www.burmeseclassic.com



"အစ်မတောလည်း ကျွန်မတော့်လက်မှတ်က အစ်မကို ခွဲရောင်းလို့ မရဘူးဗျ။ ဒါဆို အောက်ထပ်ပဲကြည့်ပါလား"

"ဟင့်အင်း…ငါအပေါ်ထပ် အထူးတန်းကပဲကြည့်မှာ"

လက်မှတ်ရောင်းတဲ့ ကောင်လေးက စိတ်ရှုပ်ထွေးသလို ကျွန်မကို ခပ်ပေပေလေးကြည့်သည်။

"လက်မှတ်ရှိသေးလား…ကောင်လေး"

"ဘယ်နှစ်စောင်ယူမှာလဲ အစ်ကို"

"အထူးတန်းလက်မှတ် တစ်စောင်ပဲယူမှာ"

"ဗျာ"

တစ်ယောက်ကလည်း တစ်စောင်ပဲယူမှာဆို၍ အခက်တွေ့သွားပုံရသော လက်မှတ်ရောင်းတဲ့ ကောင်လေးကိုကြည့်ပြီး သနား အကြံညဏ်ရသွားပြီး…

"ဒါဆို အစ်မတစ်စောင်ယူမယ်ဆိုတော့ ပြီးပြီပေါ့ဟ၊ ရောင်းလိုက်တော့လေဟာ"

"အဲ…အဲ…ဒါက"

"နင်တလည်းလေ…ဈေးရောင်းသမား မပီသလိုက်တာ၊ ပေးတော့ဟာယ်…လက်မှတ်၊ ရော့…ရော့ ရုံထဲတောင် လူတွေဝင်နေကြပြီ…ပိုက်ဆံယူတော့"

"ဟုတ်ကဲ့…ဒီမှာလက်မှတ်"

ကောင်လေးကို စိတ်ညစ်ညူးစွာဖြင့် ပိုက်ဆံအကောင်း ထိုးပေးခဲ့





ပြီး ကျွန်မ လက်မှတ်တစ်စောင်ကိုယူကာ ရုပ်ရှင်ရုံထဲသို့ ဝင်ခဲ့တော့သည်။ သူမနံဘေးက လက်မှတ်ဝယ်နေသည့် လူကိုလည်း မော့မကြည့်ဖြစ်ခဲ့ချေ။

ဘာပဲပြောပြော…

ဒီလူနဲ့ ဆုံခဲ့တာတော့ တော်တော်လေး အဆင်ပြေခဲ့သည်။

သူလာလက်မှတ်လာမဝယ်ဝါက ဒီကနေ့အဖို့ ရုပ်ရှင်ရုံထဲသို့ သူမဝင်လာနိုင်မှာ မဟုတ်ချေ။

ရင်ခုန်စရာတော့ အကောင်းသား။

ကိုယ်တစ်ယောက်တည်း ရုပ်ရှင်ရုံ လက်မှတ်ဝယ်ပြီး ကြည့်ဖြစ်တာဆို၍ ဤတစ်ကြိမ်သာ ရှိခဲ့တာလေ။ အဲဒီအတွက် အားငယ်စိုးရွံ့စိတ်ကလေးကတော့ ရင်မှာခိုတွယ်နေခဲ့သည်။

ရုံထဲတွင် လက်မှတ်ယူပြီး သူမကို လက်မှတ်စစ်တစ်ယောက်က နံနေရာ လိုက်ပြပေး၏။ ဝယ်လာသော စားစရာ ရှုံ့ထုပ်များကို ယူ၍ သူမလိုက်ပါသွားမိသည်။ ကိုကိုအား အနိုင်ပိုင်းပြလိုမှုလေးနဲ့ အရွဲ့တိုက် ထွက်လာခဲ့ပေမယ့် အခုချိန်ထိ အဆင်ပြေပြေရှိနေတာ တော့ရှုံးတင်ရမည်။

"အစ်မ…ခုံကဒီမှာပဲ"

"သြော်…အေး…အေး…ကျေးဇူးပဲနော်"

ဝန်ထမ်းကောင်လေး ညွှန်ပြသော ထိုင်ခုံလေးတွင် ကျွန်မ ဝင်ထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်မ…တစ်ယောက်တည်းလားဟင်"

"ရှင်"

"အဖော်ပါလားသေးလားလို့ မေးတာပါ၊ ဒီနံက နှစ်ယောက်တွဲခုံဆိုတော့"

"အို…ဟုတ်သားပဲ၊ အခုမှ သတိထားမိတော့တယ်၊ အစ်မက တစ်ယောက်တည်း လာကြည့်တာ"

ထိုင်ခုံက နှစ်ယောက်တွဲ ထိုင်ခုံလေး ဖြစ်သည့်အပြင် အလယ်မှာလည်း လက်တန်းကမရှိ၊ အနောက်ဘက်မှာလည်း ခပ်မိုက်မိုက် အကွယ်လေးနဲ့ ဖြစ်နေသည်။

"အဲဒါဆိုရင်တော့…ဒီလိုခုံမျိုး မဝယ်သင့်ဘူး၊ ဒါက သမီးရည်းစားတွေ အများဆုံး ဝယ်လိုင်ကြတဲ့ ခုံမျိုးပဲ၊ အစ်မနံဘေးကို ဘယ်လိုလူမျိုး လာကျဦးမလဲ မသိသေးဘူးလေ"

ကျွန်မဘေးကဝင်ထိုင် သူမနံဘေးမှကာဝင်လျှပ် လက်မှတ် ဝယ်သွားတဲ့လူကို ပြန်သတိရမိသွားသည်။ သူဝတ်ထားတာက ရှပ်အဖြူလက်ရှည်နှင့် ဝုဆိုးပဲ။ ဟုတ်တယ်…ယောကျာ်း တစ်ယောက် ဝယ်တာဆိုပေမယ့် မျက်နှာဘယ်လို ပုံစံဆိုတာ သူမ မကြည့်ဖြစ်ခဲ့။

ပြီးတော့…

ဒီလက်မှတ်ကို ကျွန်မကိုယ်တိုင်ပဲ အတင်းဝယ်ခဲ့တာ…

ဘုရားရေ…





ကျွန်မကို တစ်ဖက်လူ ဘယ်လိုအထင်များ ရှိသွားလိမ့်မလဲ။

စဉ်းတောင် မစဉ်းစားရဲတော့။

ဝန်ထမ်းကောင်လေး အနားကနေ ထွက်သွားပေမယ့် ဓာတ်မီးပေါင်းများစွာနှင့် ကျွန်မတစ်ယောက်တည်း ရှိနေရသည်။

ရုပ်ရှင်စပြပြီမို့ မီးတွေအားလုံး အမှောင်ချသွားတော့ ကျွန်မပိုပြီး ခြေဖျားလက်ဖျားတွေ အေးစက်သွားရ၏။

ဟိုလူ…

လက်မှတ်မဝယ်ဖြစ်ပါစေနဲ့။

ကျွန်မ…

အခုမှပဲကြိတ်ပြီး ဆုတောင်းနေမိရတော့သည်။

ခန္ဓာကိုယ်တစ်ခုလုံး ချွေးစေးတွေဝင် ပျံလာ၏။

သမီးရည်းစားတွေ အကြည့်များတဲ့ ခုံတွဲလေးတဲ့။

ဘုရားသခင်။

ကျွန်မအဆင်ပြေနိုင်ပါစေ။

❋ ▯ ❋



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

"ကလေးမ…ဒါက မုန့်တွေမဟုတ်လား၊ နည်းနည်း ဖယ်မယ်နော်"

"ရှင်…ဟုတ်…ဟုတ်ကဲ့"

ကျွန်မန်ဘေးတွင် ဝင်ထိုက်လျက် မုန့်ထုပ်များကို တွန်းဖယ်ရင်း သူက နူးညံ့စွာ ရွှင်တောင်းလျှင်ပဲ ကြောက်စိတ်နှင့် တုန်လှင်ချင်နေသည့်စိတ်ကို ထိန်းချုပ်ကာ အနည်းငယ် နေရာပေး လိုက်သည်။

"ရုပ်ရှင်တစ်ခါမှ မကြည့်ဖူးခြင်းရဲ့ အကျိုးပဲ၊ ဒီလိုမှန်း သိရင် ဒီနံလက်မှတ်ကို မဝယ်ကြည့်ပါဘူးကွာ"

"ရှင်"





"မင်းကိုပြောတာ မဟုတ်ဘူး၊ ကလေးမ"

အို…

သူ့ဘာသာ မကျေမချမ်း ရေရွတ်နေသေမယ့် နှစ်ယောက်သား အနီးကပ် ထိုင်နေရသည့် ကျွန်မက နားနဲ့ဆတ်ဆတ် ကြားခဲ့ရတာမို့ သူ့ကို လှမ်းကြည့်ပြီး မေးမိခြင်းရယ်ပါ။ ဒါကိုပဲ သူက စိတ်ဆိုးရတာယ်ရှိသေး။

ဟွန်း…

သူကပဲ စိတ်တိုရတာယ်ရှိသေး။

ကျွန်မတလည်း မသိလို့ ဒီနံလက်မှတ်ကို ဝယ်မိခဲ့တာ ပါနော်၊ သူနဲ့များ အတူတူ ထိုင်ချင်နေလို့များ ထင်လို့လား။ သူမ မကျေမချမ်းနှင့် မျက်နှာလေးစူတင်းကာ မုန့်ထုပ်ကို ဖောက်စား လျက် ရုပ်ရှင်ပိတ်ကားဆီသို့ စူးနေအောင် စိုက်ကြည့်မိတော့သည်။

ကျွန်မနဲ့သူ…ခုံရဲ့ တစ်ဖက်တစ်ချက်စီတွင် ထိုင်ပြီး အလယ်မှာတော့ မုန့်ထုပ်ကြီးတွေ ခြားထား၏။

"ကလေးမ…ကိုယ်ထိုင်ရတာ နည်းနည်းကြပ်နေတယ်၊ မင်းမုန့်တွေ ဖယ်ပေးပါဦးနော်"

"ရှင်"

"နည်းနည်းထပ်ပြီး တိုးပေးပါဦးလို့"

အို…။

တောင်းဆိုနေတဲ့ တစ်ဖက်လူရဲ့ မျက်နှာလေးကို အခုမှပဲ



www.burmeseclassic.com

www.burmeseclassic.com



မြင်ခွင့်ရလိုက်တာနဲ့ ကျွန်မ ကြောင်ငေးစွာ ကြည့်နေမိသွားရသည်။ ဓာတ်ကားဆီမှ အလင်းရောင်ကြောင့် ရှင်းသန့်ကြည်မွေ့နေသော သူ့မျက်နှာချောချောကို ကျွန်မ မြင်လိုက်ရသည့်တစ်ခဏ အံ့သြမှင်သက်သွားရ၏။

ချောလိုက်တာ။

စူးရှတဲ့မျက်ဝန်း၊ ထူနက်သောမျက်ခုံးတန်း၊ ပေါ်လွင်သော နှာတံချွန်၊ ဗိရိုသေသပ်လွန်းသော လေးကိုင်းသဏ္ဌာန် တွန့်ကွေးနေတဲ့ နှုတ်ခမ်းမိုရဲရဲတို့ကြောင့် နှချောနေသော မျက်နှာကြီးက အကြည့်မခွဲရက်ချင်စရာပင် ကောင်းနေတော့သည်။

"ကလေးမ…နည်းနည်းဖယ်ပေးလေ"

"အော်…ဟုတ်ကဲ့ရှင်"

ကျွန်မ…

ဒီတော့မှ လက်ရှိအဖြစ်ကို သတိရပြီး မုန့်ထုပ်တွေအားလုံး ပေါင်ပေါ်သို့ တင်ထားလိုက်မိတော့သည်။

ကိုကိုမိုးမြင့်ထွဋ် အသက်အရွယ်လောက် ရှိသော်လည်း သူ့အသွင်က လူကြီးလေးလို တည်ငြိမ်ရင့်ကျက်နေခဲ့သည်။ တကယ့်ကို စိတ်ကူးယဉ်စရာကောင်းတဲ့ ယောက်ျားတစ်ယောက်ပဲ။ အခန့်မသင့်လေး လှစ်ခနဲ ပြုံးပြလိုက်တဲ့ အပြုံးနုနုလေးရဲ့နောက်ကို မျက်တောင်တစ်ချက်လို လိုက်သွားချင်တဲ့ ကျွန်မအဖြစ်က မယုံကြည်နိုင်စရာ။





သူ…

ဘယ်သူလဲဟင်။

သူ့နာမည်က ဘယ်လိုခေါ်လဲ။

မေးချင်လိုက်တာ။

ဒါပေမယ့်…

ကျွန်မ မမေးရဲပါဘူး။ ကျွန်မက မိန်းကလေးလေ။

ရုပ်ရှင်ကြည့်ချိန်လေး မထင်မှတ်ဘဲ ဆုံတွေ့ရတဲ့ ယောက်ျားတစ်ယောက်အကြောင်းကို စပ်စုရလောက်အောင် သူ့ကို ကျွန်မ ရင်းနှီးကျွမ်းဝင်ခဲ့ခြင်း မရှိတာပဲ။ သူ့ကိုကြည့်ရတာ ခေတ်ပညာတတ်တစ်ယောက် ဖြစ်မည့်ပုံရသည်။ ရုပ်ရှင်ဓာတ်ကားဆီ အာရုံစူးစိုက်စွာ ကြည့်နေ၏။ သူ့ပုံစံကြည့်ရတာ နားလည်နေသလိုပင် ထင်ရသည်။

ကျွန်မကတော့…

ဘာမှကို နားမလည်ပါဘူး။

တက္ကသိုလ်ဝင်တန်းကို အောင်မှတ်ရရုံလေးနဲ့ အောင်မြင်ခဲ့တာဆိုတော့ အင်္ဂလိပ်စာ အင်မတန်ညံ့ဖျင်း၏။ မြန်မာတစ်နိုင်ငံလုံး၏ သိပ္ပံဘာသာရပ်တွင် အနိမ့်ဆုံးဖြစ်သော ရုက္ခဗေဒမေဂျာတွင် ကျွန်မတက်နေသည်။

ဒီတော့…

ဒီရုပ်ရှင်ကားက ကျွန်မအတွက်တော့ တကယ့်ကို



www.burmeseclassic.com

www.burmeseclassic.com



ရယ်စရာကောင်းတဲ့ မွဲဝါးဝါးဓာတ်ကားတစ်ကားပါပဲ။ လုံးဝကို စိတ်ဝင်စားလို့မရ။ ကိုကို့ကို အမြင်ကတ်လို့သာ ဒီရုပ်ရှင်ကားကို လာကြည့်တာ။ စစ်ကားတွေကို ကျွန်မ မကြိုက်တတ်ချေ။

အခုတော့…

ကျွန်မအတွက် အတော်ကလေး အခွင့်ပြေနေ၏။

ရင်ခုန်စရာ၊ စိတ်လှုပ်ရှားစရာ အာရုံစူးစိုက်စရာ ကောင်းလွန်းတဲ့ သူ့မျက်နှာချောချောဆီ မကြာခဏ ခိုးခိုးကြည့်ပြီး ဝိတ်တွေဝေဖြာနေရသည်။

ဝုန်း…။

"အမလေး"

ရုတ်တရက်…

ပေါက်ကွဲသံကျယ်ကြီးကြောင့် အတွေးလွန်နေတဲ့ ကျွန်မ အလန့်ကြီးလန့်ကာ ထခေါ်မိသွားရသည်။

"ရုပ်ရှင်ဓာတ်ကားထဲက ဗုံးကွဲတာပါကွ၊ အရမ်းလန့်သွားသလား ကလေး"

"ရှင်…ဟုတ်…ဟုတ်ကဲ့"

"ရေသောက်လိုက်ဦးလေ၊ မင်းမျက်နှာ တအားနွမ်းလျှနေတယ်"

သူက ခပ်ပြုံးပြုံးလေးနဲ့ သတိပေးတော့မှ မလုံမလဲမိတ်လေးနှင့်အတူ ရေသန့်ဗူးလေးကို ဖွင့်ကာ မော့သောက်ချလိုက်မိ





တော့သည်။

ရှက်စရာကောင်းလိုက်တာ။

စစ်ကားကြည့်ပြီး ဗုံးကွဲသံကို လန့်အော်ရတယ်လို့။

ဒါဒီလောက်ကြီး ကြောက်ရွံ့အသည်းငယ်တတ်သူလည်း မဟုတ်ပါပဲ။ အခုလိုဖြစ်ရတာ တကယ့်ကို အရှက်ရစရာပါ။ မျက်နှာပူလွန်းလို့ ဘယ်လိုကွယ်ဝှက်ရမလဲပင် စဉ်းစားနေမိ၏။

ပေါ်ပေါ်တင်ထားသည့် မုန့်ထုပ်တွေထဲ လှန်လှောရှာဖွေကာ နေကြာစေ့တစ်ထုပ်ကို နိုက်ယူလိုက်သည်။ ပြီးနောက် တခွပ်ခွပ်နှင့် ဝါးစားနေလိုက်၏။ သူ့မျက်နှာဘက်သို့လည်း စောင်ငဲ့မကြည့်မိအောင် မနည်းကြီး သတိထားနေရသေးသည်။

ကျွန်မ…

သေချာ ရုပ်ရှင်ကားဆီ စူးစိုက်ကာကြည့်နေစဉ်…

ရုပ်ရှင်ဓာတ်ကားထဲမှ မင်းသားနဲ့ မင်းသမီးလေးတို့ရဲ့ ရွှင်လင်းလွတ်လပ်သော အချစ်ခန်းဖြစ်နေရာ မျက်နှာလေး ထူပူနီရဲပြီး အကြည့်ကို တဖျာကယာ လွှဲလိုက်ရသည်။

ကျွန်မ နံဘေးတွင်ထိုင်နေသော သူကလည်း ဒါကို သတိထားမိကာ ကျွန်မကို အားနာသွားဟန်ရှိသည်။ စကားမရှိ စကားရှာကာ…

"ကလေး…ကိုယ် ရေနည်းနည်းသောက်လို့ဖြစ်မလား"

ဟု လှမ်းခွင့်တောင်း၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ…

လိုလိုလားလားဝင် ရေဗူးလေးလှမ်းပေးတော့ သူက လှမ်းယူကာ ဖွင့်သောက်နေသည်။ သူ့လက်ထဲက ဟမ်းဖုန်းလေးကို နံဘေးတွင်ချပြီး ရေကိုမော့သောက်နေ၏။

ပြီးနောက်…

ရေဗူးကို အဖုံးပြန်ပိတ်ပြီး ကျွန်မကို လှမ်းပေးသည်။

"ကျေးဇူးပဲ ကလေး"

"ရပါတယ်၊ ကျွန်မနာမည် သမုခပါ"

"ဪ…အင်း ကျေးဇူးပဲ သမုခ"

အသိအမှတ်ပြုကာ ပြုံးပြပြီး သူ့မျက်ဝန်းတွေက ပိတ်ထား… ဆီ ပြန်ရောက်သွားသည်။ သူ့ရဲ့စိမ်းသက်တဲ့ ပုံစံလေးကိုကြည့်… ရင်ထဲက နှလုံးသားလေး နာကျင်သွားရ၏။

တော်တော်ဆိုးတဲ့လူ။

ဒီကအခွင့်အရေးလေးရတုန်း နာမည်လေးမိတ်ဆက်… စဉ်းစားထားတာ အခုတော့ သူ့ရဲ့စိတ်ထူးတွေ ပျက်ပါပြီ။ ကျွန်… ဘက်က ကျွန်မနာမည်ကို အလွယ်တကူပဲ ထုတ်ပြောကာ မြန်… လည်း သူကတော့ အေးစက်စက်ပဲ အသိအမှတ်ပြုသွားခဲ့သည်…

ဒီလိုနှင့်ပဲ…

ရုပ်ရှင်ပြီးချိန်ရောက်ကာ ရုပ်ရှင်တစ်ရုံလုံး မီးတွေ… လင်းသွားတော့၏။ ကျွန်မ အခုမှသတိရကာ နံဘေးတွင်ချ…





…သော ဟမ်းဖုန်းလေးဆီ အသိရောက်သွားရသည်။

တစ်ခါမှု ကိုင်ဆောင်ထားတတ်သူမဟုတ်တော့ ကိုကို… ဟမ်းဖုန်းကို မေ့လျော့ကာ နံဘေးတွင်ချထားမိသည်။ ပြီးမှ ကမျာ… အယာယူပြီး ပိုက်ဆံအွဲအိတ်လေးထဲ ထည့်ထားလိုက်၏။

ပြီးနောက်…

နေရာကနေထရပ်ကာ သူ့အနောက်ဘက်ဆီကနေ ကပ်ပြီး… အပြင်သို့ ထိုးထွက်ဖို့ပြင်ဆင်ရသည်။ သူက ရှေ့ကသွားပြီး ကျွန်မ… က သူ့နောက်ကျောမှာ ရှိနေ၏။ လူတွေက ကြပ်ညပ်နေတာမို့ သူ့ကျောပြင်လေးနှင့် ကျွန်မရင်ခွင်လေး တစ်ချက်တစ်ချက် ထိနေ… သည်။

ထိုအချိန်တွင်…

သင်းမြလတ်ဆတ်သော ရေမွှေးနံ့သင်းသင်းက ထွက်လာ… သည်။ ကျွန်မ ထိုရနံ့လေးကို နှစ်သက်မက်မောလှစွာဝင် ခိုးပြီး… ရှိုက်နေမိပြန်သေးတော့၏။

အပြင်ရောက်တော့…

အလင်းရောင်နှင့်အတူ လေနုအေးလေးက ကျွန်မကို… ကြိုကာ မွေ့ဖက်ချိန်တွင် တင်းကြပ်နေသောစိတ်များ ပြေလျော့… ကာ တားရပ်ထားရာ နေရာလေးဆီသို့ လျှောက်ခဲ့မိသည်။

အခုမှပဲ…

ကိုကို့ကို ပညာပေးနိုပ်စက်ခဲ့တာကို သတိရကာ စိတ်ထဲ…



www.burmeseclassic.com

www.burmeseclassic.com



မှာ သနားဝင်သွားရသည်။ ကိုကို အခုလောက်ဆို ကျွန်မကို သတိရှင်လောက်အောင် ဒေါသတွေထွက်နေတော့မှာပဲ။ ကျွန်မက ကိုယ်ဖြစ်ချင်တာကို ဖြစ်အောင်လုပ်ယူခဲ့တာကို ခံပြင်းနေမှာသေချာသည်။

လူတွေရော…ကားတွေပါ ရုပ်ရှင်လွှတ်ချိန်မို့ ပြည့်ကြပ်နေသည်။ ကိုလူချောရဲ့ ကားလေးဆီ ကျွန်မလှမ်းကြည့်တော့ မောင်းထွက်သွားချေပြီ။

ကိုလူချောရယ်…

တကယ်ပဲ ကပ်စေးနဲလိုက်တာနော်။

နှာမည်လေးဝင် မသိလိုက်ရ။ စကားအဲ ထည့်ပြောတော့ ရော ဘာဖြစ်သွားမှာမို့လဲ။ အခုတော့ ကျွန်မမှာ ငအောင့်သီးအောင့်တောင့်နှင့် အခံရခက်စွာဝင် ကျန်နေရစ်ခဲ့ရသည်။

လူတွေ အတန်အသင့် ရှင်းသွားတာနှင့် ကားလေးကို မောင်းထွက်ခဲ့သည်။ ကျွန်မ ကိုကို့အား ချိန်းဆိုထားသော နေရာလေးဆီသို့ ဦးတည်နေမိ၏။ ရယ်တော့ ရယ်စရာပဲ။ ဘယ်လိုပုံစံကြီးနဲ့များ စောင့်ကြိုနေလိမ့်မလဲဆိုတာ တွေးတောင်မတွေးရဲချေ။

ကားလေးက တရိပ်ရိပ်ပြေးနေ၏။

ရပ်ကွက်ထိပ်သို့ အရောက်တွင်တော့ စတိုးဆိုင်လေးရှေ့တွင် တော်ဖင်တိုဗီနဲ့လေးနှင့် ထိုင်ကာ အသီသူငယ်ချင်းတစ်ယောက်နဲ့ စကားလက်ဆုံကျနေတဲ့ ကိုကို့ကို လှမ်းတွေ့လိုက်ရသည်။





ကျွန်မကားလေး ခပ်လှမ်းလှမ်းတွင်ရပ်သွားတယ်ဆိုလျှင်ပဲ ထိုင်ရာကနေ ဆတ်ခနဲထကာ သွက်လက်သော ခြေလှမ်းကြီးများနှင့် ကားအနားသို့ ရောက်လာခဲ့သည်။

မျက်နှာကြီးကလည်း သုန်မှုန်ပုပ်သိုးလို့…။

"ဘယ်လိုဖြစ်တာလဲဟင်…ဒီမှာ ကားတောင်ရပ်ရုံရှိသေးတယ်၊ အခုမှ ဘာဖြစ်လို့ အသည်းအသန်လောနေရတာလဲ"

"ပိတ်စမ်း…ဘာစကားမှမပြောနဲ့ မကြားချင်ဘူး သမုခ၊ ဒါးစပ်ကိုပိတ်ပြီး ကားပေါ်ကဆင်း၊ တော်တော်အကျင့်ပုတ်တဲ့ ကောင်မလေး၊ နင့်ကို ငါ ထုချင်နေတာနော်၊ စိတ်ကိုလာမချွနဲ့"

"ဟာ…ဘာလိုင်းကြီးပါလား၊ ဘာတွေဖြစ်နေတာလဲ"

"ဘာဖြစ်ရမှာလဲ သမုခ၊ နင်အခုလိုလုပ်တာ ငါလုံးဝကျေနပ်ဘူးနော်၊ မသိချင်ယောင်ဆောင်မနေနဲ့"

"ကိုကိုနော်…အိမ်ကစပြီးထွက်လာကတည်းက ရုပ်ရှင်ကြည့်မလို့ဆိုပြီး ထွက်လာတာ၊ အခုမှ ကျွန်မကိုလာပြီး အိန်းယောက်မနေပါနဲ့၊ ပြဿနာစရှာတာ သမုခမဟုတ်ဘူးနော်၊ ကိုကိုကစရှာတာ၊ ကျွန်မကိုလာပြီး အပြစ်တင်မနေနဲ့၊ မကျေနပ်လည်း မတတ်နိုင်ဘူး"

"တော်စမ်း…မင်းပါးစပ်ကိုပိတ်တော့၊ တော်တော်မုန်းစရာကောင်းတဲ့ ကောင်မလေး"

ကိုကို့အသံကြီးက မာဆတ်ကာ မျက်နှာကြီးကလည်း



www.burmeseclassic.com

www.burmeseclassic.com



နီရဲတွတ်နေပါသည်။ ကိုကို အရမ်းကို ပေါက်ကွဲနေတာပဲ။ ကျွန်မရဲ့လုပ်ရပ်က ကိုကို့အပေါ် ဒီလောက်ထိ ထိခိုက်နာကျင်သွားစေတာ မယုံနိုင်စရာပါပဲ။

ကျွန်မ...

မရည်ရွယ်ခဲ့ပါဘူး။ ကိုကို့ကို စနောက်ရုံသက်သက်လေးသာ လုပ်ခဲ့တာပါ။ ဒါဟာ အရမ်းကို နာကျင်မှုန်းတီးစရာ ဖြစ်သွားတာကို တွေ့ရတော့ ကျွန်မ အရမ်းကို ဝမ်းနည်းတယ်ကိုကို။

ကျွန်မ...

ကားပေါ်ကနေ ဆင်းပေးလိုက်ပြီး တစ်ဖက်ခြမ်းကို သွားမည်အပြု...

"ဒါက...ဘယ်သွားမလို့လဲ၊ နောက်ခန်းမှာသွားထိုင်"

ကားမောင်းတဲ့နေရာတွင် ဝင်ထိုင်ပြီး တံခါးကို ဆောင့်ကြီးအောင့်ကြီး ဆွဲပိတ်ကာ ကျွန်မကို ကားနောက်ခန်းမှာ ထိုင်စေသည်။

ကျွန်မ...

အထွန့်တက်မနေတော့ဘဲ ကိုကိုပြောသလိုပင် ကားနောက်ခန်းတွင် ဝင်ထိုင်လိုက်သည်။ ကားလေးက ဝေါခနဲနေအောင် မောင်းထွက်သွား၏။ မြို့ထဲကားလေး ထိုးရပ်လိုက်တယ်ဆိုလျှင်ပဲ ကျွန်မပင် မဆင်းရသေးခင် ကိုကိုက အရင်ဆင်းကာ ကျွန်မဆီ လှည့်မကြည့်တော့ဘဲ တိုက်ထဲတန်းဝင်သွားတော့၏။

"ဟဲ့...ရုပ်ရှင်ကားက ကောင်းရဲ့လား"





အန်တီမေ့အမေးကိုပင် မဖြေဘဲ ကိုကိုက တိုက်ထဲတန်းဝင်သွားသည်။ ဒါကို သတိထားမိဟန်ရှိသော အန်တီမေက ကိုကို့နောက်သို့ လိုက်မသွားချေ။ သွားကတည်းကိုက ကျွန်မလိုက်မှာကို လိုလားပဲ အန်တီမေ အတင်းခေါ်နိုင်းလို့ ခေါ်ရတာဆိုပြီး စိတ်ကကြည်တာကို အားလုံးက ရိပ်မိနေပြီးသားမို့ ဘာမှပြောမနေတော့ချေ။

"ကားကကောင်းရဲ့လား သမုခလေး"

ကျွန်မဆီလာပြီး ခပ်တိုးတိုးမေး၏။

"ဟုတ်"

"ကိုကို့နဲ့ရော တစ်လမ်းလုံး ရန်ဖြစ်သွားကြသေးလား"

"ဟုတ်...အဲ အစပိုင်းကပါ၊ နောက်ပိုင်းတော့ ရန်မဖြစ်တော့ဘူး"

"တော်သေးတာပေါ့"

အန်တီမေကတော့ ဘာမှမသိရှာဘဲ စိတ်သက်သာရရသလို သက်ပြင်းမောလေး ချကာ ပြုံးနေတော့သည်။ အန်တီမေ့အိမ်မှာ ခဏသာထိုင်ပြီး ကျွန်မတို့ မြဘက်သို့ ပြန်လာခဲ့မိသည်။

ရင်ထဲတွင်...

ဘာရယ်လို့ ခွဲခြားလို့မရတဲ့ ခံစားမှုတစ်ခုနှင့် တင်းကြပ်ချို့နေရ၏။ စိတ်တွေက,လေးလံထိုင်းမှိုင်းနေတာတော့ အမှန်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



'ကလေး' တဲ့။

နားစည်ထဲမှာ ခေါ်သံသြရှရှလေးက စွဲထင်နေ၏။

အပြုံးနုနုလေးနှင့် တစ်ဖက်သားစိတ်ကို ညှို့ယူဖမ်းစားထားနိုင်ခဲ့သော သူကို ဘယ်လိုမှ မေ့ပျောက်မရနိုင်စွာပင် ကျွန်မ ရူးဆန်းအဲ့သြနေရတော့သည်။

✵ ▯ ✵





## အခန်း (၄)

တူ…တူ။

ဟာမ်းဖုန်းမြည်သံလေးကြောင့် မိုးမြင့်ထွန်းတစ်ယောက် ဟာမ်းဖုန်းလေးကို လှမ်းယူလိုက်မိသည်။ မနက်စောစော သူ့စိတ်တွေက ကြည်လင်ခြင်းမရှိ။ သမုဒ္ဒရာနဲ့ ပြဿနာဖြစ်ပြီး ညနေကတစ်ရေးမှ သူ အပြင်ကိုမထွက်ဘဲ အိမ်ထဲမှာပဲ အောင်းနေခဲ့သည်။

အရေးထဲ…

ဘယ်ကဖုန်းတွေ လာမှန်းလည်းမသိ။ ဖြေရှင်းရတာလည်း ညောလှပြီ။ ဖုန်းမှားနေပါတယ်လို့ မနည်းဖြေနေရ၏။ လူက အစ ကတည်းကမှ စိတ်ရှုပ်နေရတဲ့အထဲ အကြောင်းကြောင်း ဖုန်းတွေကြောင့် သူ့စိတ်တွေ ပိုရှုပ်ပေါက်ကွဲချင်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး…

ဖုန်းကို စက်ပိတ်ထားလိုက်မိ၏။

ဒီနေ့ကမှ သူ ဖုန်းလေးကို စက်ပြန်ဖွင့်လိုက်တာပါ။

ဖွင့်ဖွင့်ချင်းပဲ ဖုန်းကလာနေပြီ။

သေချာတာကတော့ သမုဒ္ဒဆီကပဲဖြစ်မှာ။ သင်းက သူ့ဘာပဲ စိတ်ထင်တိုင်းလုပ်ခဲ့ပြီပါစေ နောက်တစ်နေ့မှာတော့ စိတ်ဆိုးပြေအောင် ပြန်ချော့တတ်တာလေ။

သူ…

ဟမ်းဖုန်းမှာပေါ်နေတဲ့ နံပါတ်လေးကြည့်မိတော့ သူ့ဟမ်းဖုန်းနံပါတ်ဖြစ်နေ၏။ အံ့ဩလွန်းစွာ မျက်ခုံးထူတန်းတန်းကြီးတွေ ကြုံ့တက်သွားရသည်။

ဘယ်လိုပါလိမ့်။

မိုးမြင့်ထွဋ် အူတူတူဖြစ်ရပြီ။

ဘယ်နှယ့်ကြောင့် သူ့ဖုန်းမှာ သူ့ဟမ်းဖုန်းနံပါတ် ပြန်ပေါ်နေရတာပါလိမ့်။ သိလိုစိတ်ပြင်းစွာ ဖုန်းလေးကို ဖွင့်နားထောင်လိုက်မိသည်။

"ဟဲလို"

"ဟဲလို…ဟို…ကလေး…ကလေးရှိလား"

"ဗျာ"

"ဟိုလေ…ဒီဖုန်းပိုင်ရှင်ကလေးနဲ့ ခဏလောက် စကား





ပြောချင်လို့ပါခင်ဗျာ၊ ခဏလောက်ခေါ်ပေးပါ"

"ဒီဖုန်းပိုင်ရှင်က ကလေးမဟုတ်ဘူး၊ လူကြီးဗျ၊ အခု ပြောနေတာ ဖုန်းပိုင်ရှင်ပဲ၊ ခင်ဗျားကဘယ်သူလဲ၊ တမင်စနောက်ချင်စိတ်နဲ့ ဆက်တာတော့ မဟုတ်လောက်ပါဘူးနော်"

မိုးမြင့်ထွဋ် လေသံခပ်တင်းတင်းနှင့် ပြန်မေးလိုက်မိသည်။

"ဟာဗျာ…မဟုတ်ပါဘူး၊ ကျွန်တော် တမင်ရှုတ်ကျပြီး ဆက်နေတာမဟုတ်ပါဘူးဗျာ၊ ဒီအိမ်ကကောင်မလေးကို ခဏလေးပဲ ခေါ်ပေးပါ၊ ကျွန်တော်နဲ့ စကားပြောလိုက်ရင် သူမှတ်မိသွားမှာပါ"

"ခင်ဗျားတော့ ဖုန်းမှားနေပြီထင်တယ်ဗျ၊ ဒီအိမ်မှာ ဘယ်က ကောင်မလေးမှမရှိဘူး၊ ကျွန်တော့်အမေပဲရှိတယ်"

"ဒုက္ခပါပဲဗျာ…အဲဒါမှခက်တာပဲ၊ အခု ကျွန်တော့်ရဲ့ ဟမ်းဖုန်းက အဲဒီဘက်က ကိုင်ထားတဲ့ဟမ်းဖုန်းဗျ၊ ခင်ဗျားရဲ့ဖုန်းက ကျွန်တော့်ဆီရောက်နေတယ်၊ ဘယ်လိုလုပ်ရမလဲဟင်၊ ကျွန်တော်တို့ ဟမ်းဖုန်းချင်း မှားနေကြတယ်ဗျ"

တစ်ဖက်လူရဲ့ ခပ်ငြီးငြီး ဖြေရှင်းသံလေးကြောင့်…

သူ့ဟမ်းဖုန်းလေးကို နားကနေ ခွာလိုက်ပြီး သေသေချာချာကြည့်လိုက်မိတော့ တစ်ဖက်လူပြောတဲ့အတိုင်း သူ့ဟမ်းဖုန်း မဟုတ်ချေ။ ပုံစံတူ၊ ဆင်တူဖြစ်နေတာကလွဲပြီး သူ့အမြဲကိုင်နေတဲ့ ဟမ်းဖုန်းကိုတော့ သူကောင်းကောင်းကြီး မှတ်မိနေတာလေ။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ…ဟုတ်တယ်ဗျ၊ အခု ကျွန်တော်ကိုင်ထားတဲ့ဖုန်းက ကျွန်တော့်ဖုန်းမဟုတ်ဘူး ကိုယ့်လူ"

"ဟာ…ဟုတ်လား၊ အဲဒါဆို ကိုယ့်ဖုန်းပဲ၊ မနေ့က ရှော့ပင်မောထဲမှာ ကောင်မလေးတစ်ယောက်နဲ့ ခုံဘေးချင်းကပ်ထိုင်ပြီး ရေခွင့်သောက်မိတုန်း ဖုန်းချင်းမှားကောက်ယူမိတယ်ထင်တယ်၊ ဖုန်းချင်းကတူနေတော့လေ အမှောင်ထဲမှာဆိုတော့ သတိမထားမိခဲ့ဘူးဗျ၊ ပြီးမှ ဖုန်းချင်းမှားနေတာ သတိထားမိတာ"

"ဆောရီးပဲဗျာ…ကျွန်တော် သတိမထားမိဘူးဗျ၊ စိတ်နည်းနည်းရှုပ်နေတာနဲ့ ဖုန်းကို စက်ပိတ်ထားမိတာ၊ ဒါကြောင့် တစ်ချိန်လုံး ဖုန်းမှားတွေဝင်နေတာကိုး၊ တကယ်မတွေးမိဘူးဗျာ၊ ဆောရီးပဲနော်…ကျွန်တော့်နာမည် မိုးမြင့်ထွဋ်ပါ"

"ဟုတ်ကဲ့ ခင်ဗျာ၊ ဒါနဲ့ ကိုယ်တို့ဟာမ်းဖုန်းချင်း ပြန်လဲရအောင်ဗျာ၊ ကိုယ် ဘယ်ကိုလာရမလဲဟင်၊ အရေးကြီးတဲ့ဖုန်းစောင့်နေရလို့ ဆက်သွယ်ကြည့်နေတာ စက်ပိတ်ထားလို့ ဘယ်လိုမှ ခေါ်မရခဲ့ဘူးလေ၊ ဒါကြောင့် ကိုယ်ပဲလာပြီးလဲပါ့မယ်၊ ကိုယ့်နာမည်က နိုင်စွမ်းထက်ပါ"

မိုးမြင့်ထွဋ်တစ်ယောက် အလွယ်တကူပင် သူ့အိမ်လိပ်စာလေးကို ရေရွတ်ပြလိုက်သည်။ တစ်ယောက်နဲ့တစ်ယောက် မိတ်ဆက်ကာ တောင်းပန်စကားများ အသီးသီးပြောမိကြသည်။

နိုင်စွမ်းထက်ဆိုတဲ့လူက တအားကို စကားပြောနည်းကျ





ဗိတ်သဘောထားလည်း ကောင်းပုံရသည်။ ဖုန်းပြောနေရင်းမှ သူနှင့်နိုင်စွမ်းထက်ဆိုတဲ့လူတို့ ခင်မင်ရင်းနှီးခဲ့ကြ၏။

သမုခရဲ့အမှားကြောင့်…

နိုင်စွမ်းထက်မှာ အလုပ်တွေအများကြီး ပျက်သွားရခြင်းအပေါ် သူအားတွေနာနေမိသည်။ ဒါကြောင့် အပြေလည်ဆုံးဖြစ်အောင် လုပ်ပေးချင်နေမိ၏။

"ကိုယ်…အခုပဲလာခဲ့မယ်နော်"

"ကောင်းပါပြီ ကိုနိုင်စွမ်းထက်"

နှစ်ယောက်သား ဟမ်းဖုန်းလေးတွေ ပိတ်လိုက်ကြသည်။

မိုးမြင့်ထွဋ်တစ်ယောက် ရေချိုးခန်းလေးထဲဝင်ပြီး ရေမိုးချိုးခပ်မြန်မြန်လေး ပြင်ဆင်မှု လုပ်လိုက်၏။

ဒီနေ့တော့…

အေးအေးဆေးဆေးပင် တစ်အိမ်လုံး ငြိမ်သက်နေကြသည်။ သမုခတစ်ယောက် အိမ်ဘက်ကို ရောက်မလာသေးဘူးထင်ပါရဲ့။ ဒါကြောင့် အိမ်မှာ နားအေးပါးအေးဖြစ်နေတာ။

"ခေါက်…ခေါက် သားရေ နိုးပြီလား"

အခန်းတံခါး ခပ်ဖွဖွခေါက်သံလေးနှင့်အတူ မေမေ့ရဲ့ ညင်သာတဲ့ မေးသံချိုချိုလေးကိုပါ ကြားလိုက်ရသည်။

"ဟုတ်ကဲ့…မေမေ"

ထူးသံနှင့်အတူ တံခါးချပ်ကိုပါ ဆွဲဖွင့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာကိုမြင်တော့ မေမေက တစ်ချက်ပြုံးလိုက်ပြီး မေးစေ့လေးကို ဆွဲညှစ်ကာ…

"သားလေးကတော့လေ မနေ့ကတည်းက အခန်းအောင်းနေလိုက်တာ အခုမှပဲ ထွက်လာတော့တယ်၊ ကလေးဆိုးလေးကျနေတာပဲ၊ စိတ်က ဒီအရွယ်ကြီးအထိ ကောက်ပြနေရလား"

"ကောက်ရမှာပေါ့…မေမေ၊ မေမေက သမုဒ္ဒဘက်က ချည်းပဲ ရပ်တည်ပေးနေတာကို ကျွန်တော် နည်းနည်းမှ မကျေနပ်ပါဘူး၊ ဒီကောင်မလေး အနိုင်ကျင့်ဗိုလ်ကျနေတာ ဘယ်လောက်တောင် များနေပြီလဲသိလား၊ လုံးဝမခံနိုင်တော့ဘူး"

"သားကလည်း"

"မေမေနော်…ဒီကောင်မလေးကို အလိုလိုက်တာ လွန်နေပြီ၊ အခုလည်း ပြဿနာမလေးက ပြဿနာတွေလုပ်လာခဲ့ပြန်ပြီလေ"

"ဟော့…ဘာပြဿနာလဲကွဲ့"

"အဲ…ဟို…ဟိုလေ"

သူ…

ဘာဆက်ပြောရမှန်း မသိတော့…

မနေ့က…

ဖုန်းချင်းမှာ ယူလာတဲ့ ကိစ္စကို ဒေါသဖြစ်ပြီး မေမေ့ကို ပြောမိမလို ဖြစ်သွားခဲ့တာ။ မေမေသိသွားလို့ မဖြစ်ဘူးလေ





သိသွားရင် မိန်းကလေး တစ်ယောက်တည်း လွှတ်ရသလားဆိုပြီး သူ့ကိုပဲ မေမေကဆူမှာ။

ဘာပဲပြောပြော။

ဒီပြဿနာထဲမှာ အဓိကတရားခံက သူပဲ။

သူ့ဘက်ကစလိုက်လို့ အခုလို နောက်ဆက်တွဲ အရှုပ်တွေ တန်းစီပါလာတာ။

"သား…ပြောလေ"

"မပြောတော့ပါဘူးဗျာ…ပြောရင်လဲ မေမေက သူ့ဘက်က တာဆီးကာဆီးနဲ့ ပြောဦးမှာပဲ မဟုတ်လား"

နှုတ်ခမ်းကြီးစူပြီး…ရှေ့ကနေ ထွက်သွားတဲ့ သားဖြစ်သူရဲ့ နောက်ကို ခပ်သွက်သွက်လေးလိုက်ကာ ချော့မော့နေမိသူက ဒေါ်မေရီမြင့်ရယ်ပဲ ဖြစ်သည်။

"သားကလည်းကွယ်…ကိုယ့်ညီမလေးကို အဲ့ဒီလို တင်းတင်းမာမာကြီး မဆက်ဆံပါနဲ့ကွယ်၊ စိတ်အေးအေးထားပါဦးလေ"

"ဟွန်း…မေမေ့သမီးလား စိတ်အေးရမှာ။ အဲဒီကောင်မလေး ဒီအိမ်မှာ သူ့ဗိုလ်ကျချင်တိုင်း ကျလို့ရနေလို့ တွယ်ကပ်နေတာ၊ ကြည့်လို့မရပါဘူး၊ ဘယ်ဝဘာရေစက်ကြောင့်များ ဒီလို ကောင်မလေးနဲ့မှ အိမ်နီးချင်းတွေ ဖြစ်နေရလဲ မသိပါဘူး၊ တကယ် စိတ်ကုန်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အို…သား၊ အဲ့ဒီလို မပြောရဘူးလေ၊ သမုခလေးက ကလေးပဲ ရှိသေးတာ၊ ဘာနားလည်မှာလည်း"

"ဘာကလေးလဲ…မေမေ၊ ယောက်ျားယူရင်တောင် ကလေးတစ်ဒါဇင်လောက် မွေးလို့ရနေပြီ၊ ဒါကလေးလား"

"ဟဲ့သား"

"တော်ပြီ…မေမေရာ၊ ဒီကောင်မလေးအကြောင်း မပြောချင်တော့ဘူး"

မိုးမြင့်ထွဋ်တစ်ယောက် ပေါက်ကွဲချင်နေတဲ့ စိတ်တွေကို အတတ်နိုင်ဆုံး ပြန်ထိန်းချုပ်လိုက်ရသည်။ မနေ့က…သူ့ကို တပတ်နိုက်ပြီး ပညာပြန်ပေးသွားတာကို တွေးမိတိုင်း၊ မကျေနပ်မှုတွေနှင့် ရင်တစ်ခုလုံး ပြောင်းဆန်နေရသည်။

"သား"

"ဗျာ"

"သမုခလေး…အခုချိန်ထိ မလာသေးဘူးကွယ်"

"မေမေကလည်းလေ…မိုးလင်းကနေ မိုးချုပ်အထိ၊ ဒီကောင်မလေးကိုပဲ တမ်းတနေတယ်။ သူမလာရင် ဘွယ်လောက် နားအေးလဲ၊ မေမေ့အနားမှာ သာအရင်းအချာကြီး မိုးမြင့်ထွဋ် တစ်ယောက်လုံး ရှိနေသေးတယ်ဗျ"

"အေးပါကွယ်…မေမေသိပါတယ်။ ဒါပေမယ့် ဒီနေ့ အိမ်မှာ အုန်းနို့ခေါက်ဆွဲ ချက်ထားလို့၊ သမုခကို လာစားစေချင်တာ





သူက အုန်းနို့ခေါက်ဆွဲဆိုရင် သိပ်ကြိုက်တာသားရဲ့။

မနေ့ကကိစ္စကြောင့် စိတ်များကောက်သွားလေား မသိပါဘူး။ သားစကားမပြောတော့၊ သူ့မျက်နှာလေး ညှိုးနေတယ်။ အဲ့ဒါကြောင့် သားလေးသွားခေါ်လိုက်ပါလားကွယ်"

"ဟာဗျာ…မေမေကတော့ လုပ်ပြီ။ သား…မခေါ်ချင်ပါဘူး။ သူဟာသူကောက်ကောက်၊ လိမ်လိမ်ပေါ့"

"သားကလည်းလေ…ကိုယ်ညီမလေးနဲ့ အပြိုင်စိတ်ကောက်နေရတယ်လို့။ သားကတစ်နေ့လုံး အပြင်ထွက်နေတဲ့ လူဆိုတော့ ဒီတိုက်ကြီးထဲမှာ မေမေတစ်ယောက်တည်းကျန်ပြီး အဖော်မဲ့နေရတာ၊ သွားပါ သားရယ်၊ သမုခလေးကို သွားခေါ်ပေးပါ၊ မေမေပျင်းရတော့ဘူးပေါ့ သားရဲ့"

ဒီလိုဆိုပြန်တော့လည်း ဟုတ်ပေသားပဲ။

မေမေ…

တစ်ယောက်တည်း အဖော်မဲ့ပြီး ပျင်းနေမှာပေါ့လေ။

သူ…

တံခါးမကို အဖော်အလုပ်နိုင်။

အလုပ်တစ်ဖက်၊ သူငယ်ချင်း အပေါင်းအသင်း တစ်ဖက်နှင့် အိမ်ကပ်သည့် အချိန်က မရှိသလောက်ကို ရှားနေခဲ့တာမို့ အခု သမုခကို ခင်တွယ်မယ်ဆိုလည်း တွယ်လောက်စရာပင်။

"သား"



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါဗျာ…သွားခေါ်ပေးပါ့မယ်၊ ဒါပေမယ့် သား အပြင်ခဏသွားလိုက်ဦးမယ် မေမေ"

"ဘယ်ကိုလဲသားရဲ့"

"မြို့ရှေ့ကိုပါ"

"ဒါဆိုရင်…တစ်ဖက်မြို့ဝင်ပြီး မုန့်ကစာလာစားဖို့ သမုခ ကိုပါ ခေါ်ခဲ့နော်"

"မေမေကတော့လေ…သမုခဆိုတဲ့ 'ချဉ်ဖတ်မ'ရဲ့ နာမည်ကို ပါးစပ်များတာကို မချတာ"

"အယင်း…ဟင်း မေမေက သမီးတွေကိုချစ်တယ်သား ရဲ့၊ မေမေတို့ မျိုးရိုးထဲမှာ မွေးသမျှ ယောကျ်ားလေးတွေချည်းပဲ၊ မေမေမှာ တော်စပ်စရာ ညီမနဲ့အစ်မတောင်မရှိဘူး၊ အစ်ကိုတွေ မောင်တွေကြားမှာ ကြီးပြင်းခဲ့ရတာသားရဲ့"

ဒါတော့လည်း ဟုတ်ပါသည်။

မေမေ မွေးခဲ့တာတောင် သူတစ်ယောက်တည်း ဖြစ်ခဲ့ သည်။ မေမေ့ကို ကြည့်ရတာ သမီးမိန်းကလေးရဖို့ ကံကိုမပါတာ ထင်ပါရဲ့။ သူ့ကိုမွေးပြီးကတည်းက နောက်ကလေးထပ်ယူလို့ မရ တော့ချေ။

"မေမေ"

"ပြော"

"သမုခကို ခေါ်ပေးပါ့မယ်"





"အမလေး…ကျေးဇူးပါပဲသားရယ်၊ လိမ္မာလိုက်တဲ့ မေမေ့သားပဲ၊ အဲဒီလို မေမေ့အပေါ် နားလည်သိတတ်လွန်းလို့ ချစ်တာ"

ဝမ်းသာပျော်ရွှင်သွားတဲ့ မေမေ့ကိုကြည့်ပြီး ခေါင်းလေးကို ညင်သာစွာ ခါယမ်းပြီး သက်ပြင်းလေးသာ ရှိုက်မိတော့သည်။

ပြီးနောက်မှာတော့…

ဟမ်းဖုန်းလေး လဲလှယ်ရန် အပြင်ဘက်ခြံထဲသို့ ဆင်းခဲ့မိ တော့သည်။ ဘာပဲပြောပြော ဖုန်းချင်းမှားလာတဲ့ကိစ္စကို မေမေသိ တာမဟုတ်ဘူးလေ။ ဒီတော့ ခြံထဲမှာပဲတွေ့မှဖြစ်မည်။

သူ…

ခြံလေးထဲတွင် ကိုနိုင်စွမ်းထက်အလာကို ကြိုတင်စောင့် နေမိတော့သည်။

✵ ✵



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၅)

"ကျွန်တော်…မိုးမြင့်ထွဋ်ပါ"

"နိုင်စွမ်းထက်ပါ မိုးမြင့်ထွဋ်"

မြိုထဲ နိုင်စွမ်းထက်ရဲ့ကားလေး ထိုးရပ်လိုက်တယ်ဆိုရင်ပဲ သူ့ကားအနီးသို့ မိုးမြင့်ထွဋ် ရောက်သွားရသည်။ ကားပေါ်ကဆင်းလာတဲ့ နိုင်စွမ်းထက်ကို မြင်လိုက်တော့ မိုးမြင့်ထွဋ် အံ့ဩသွားရသည်။

ရှပ်လက်ရှည်ဖြူကို ပိုးတွဲပုဆိုးကွက်စိတ်လေးနှင့် တွဲဖက်ဝတ်ထား တည်ငြိမ်ရှင်းသန့်နေတဲ့ နိုင်စွမ်းထက်ရဲ့ ပုံစံလေးကနေရာမှာ ရှင်းခန့်နေ၏။

အသက်အရွယ်အားဖြင့် သူနဲ့မတိမ်းမယိမ်းရှိသော်လည်း





လူကြီးပုံစံလေးပေါက်နေတဲ့ သူ့ကို အထူးအဆန်းတစ်ခုလိုပင် သူ့မျက်စိထဲမှာ မြင်တွေ့နေရသည်။

တစ်ယောက်နဲ့တစ်ယောက် တရင်းတနှီး လက်ဆွဲနှုတ်ဆက်လိုက်ပြီး…

"ကျွန်တော်တို့မြို့ထဲမှာ စကားစောပြောရအောင် ကိုနိုင်စွမ်းထက်၊ တကယ်တော့ ညှိသည်ကို ညှိခန်းထဲမှာ တွေ့သင့်ပေမယ့် အိမ်မှာ မေမေရှိနေတာကြောင့် ကျွန်တော်တို့အဖြစ်ကို သိသွားမှာစိုးလို့ အရင်ဆုံး ကိုနိုင်စွမ်းထက်ကို ပြောပြချင်လို့ မြို့ထဲဆင်းပြီး တမင်စောင့်နေတာပါ"

"ရပါတယ်…ကိုမိုးမြင့်ထွဋ်၊ ကျွန်တော်နားလည်ပါတယ် အားမနာပါနဲ့ဗျာ"

"ဒီလိုဗျ…အဲဒီနေ့က" ဟု အစချီကာ မိုးမြင့်ထွဋ်တစ်ယောက် ထိုနေ့ကအဖြစ်အပျက်ကလေးကို ပြန်ပြောပြမိသည်။ သူနဲ့သမုဒ္ဒတို့ ပြဿနာတက်ရတဲ့အကြောင်းအရာ သမုဒ္ဒ သူ့ကိုထားပြီး တစ်ယောက်တည်း ရှပ်ရှင်သွားကြည့်ခဲ့တဲ့အကြောင်းကိုပါ ရှင်းပြမိသည်။

အခုကိစ္စကို အိမ်ကလူကြီးတွေ မသိကြသေးဆိုတာ ပြောပြတော့ ကိုနိုင်စွမ်းထက်က သဘောတွေကျပြီး ရယ်တော့၏။

"တကယ်ပဲဗျာ…အဲဒီပြဿနာလေးကြောင့် စိတ်ညစ်ရတဲ့အခါပေါင်းလည်း မနည်းတော့ဘူး ကိုနိုင်စွမ်းထက်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အပျွန်း…ပျွန်း ဒါနဲ့ ကိုမိုးမြင့်ထွဋ် အသက်ဘယ်လောက်ရှိပြီလဲ၊ ကိုယ့်ထက်ငယ်မယ်ထင်တယ်"

"နှစ်ဆယ့်သုံးပါ ကိုနိုင်စွမ်းထက်"

"ကိုယ့်ထက်လေးနှစ်လောက် ငယ်တာပဲ၊ ကိုယ်က (၂၇) လေ"

"မထင်ရဘူးနော်…ကျွန်တော့်ထက်တောင် ပိုနုနေသေးတယ်"

"ဟာဗျာ…မဟုတ်တာ၊ ကိုမိုးမြင့်ထွဋ်က လူငယ်ပုံစံလေး ဖြစ်ပြီး တကယ့်ကို ပေါ့ပါးသွက်လက်နေတာပါ"

"ကျွန်တော့်ကို သူငယ်ချင်းတွေခေါ်သလို ကိုထွဋ်လို့ပဲ ခေါ်ပါဗျာ၊ မိုးမြင့်ထွဋ်ဆိုတဲ့ နာမည်ကြီး ခေါ်သံကြားရတာ နားထဲ တစ်မျိုးကြီးဖြစ်နေလို့ ကိုနိုင်စွမ်းထက်ကိုလည်း ကိုစွမ်းလို့ပဲခေါ်မယ်၊ ဘယ်နှယ့်လဲ အဆင်ပြေပါ့မလား"

"ဟာဗျာ…ပြေတာပေါ့၊ ခေါ်ပါ ခေါ်ပါ၊ ဒီနေ့ကစပြီး ကိုယ်တို့သူငယ်ချင်းတွေ ဖြစ်သွားကြပြီပေါ့၊ ပြောရင် ယုံမလား မသိဘူး၊ အခုချိန်ထိ ကျွန်တော့်မှာ အခုလို စိတ်ပေါ့ပါးလွတ်လပ်ပြီး ပေါင်းသင်းဆက်ဆံရတဲ့ သူငယ်ချင်းမျိုး တစ်ယောက်မှမရှိခဲ့ဘူးဗျ"

ကိုယ့်အလုပ်နဲ့ ကိုယ် ရှင်သန်ခဲ့ရတဲ့ ပတ်ဝန်းကျင်က ကိုယ့်ထက် အသက်ကြီးရင့်သူတွေချည်းပဲဆိုတော့ ကိုယ့်ပုံစံလည်း





အဘိုးကြီးအိုပေါက်စ ဖြစ်နေရတော့တာပဲ"

"ကဲဗျာ…ကိုယ့်ကိုကိုယ်လည်း သိပ်ပြီးအထင်မသေးပါနဲ့ ကိုစွမ်းလို့ရှေ့ရာမျိုး ကျွန်တော်သာဆို ရောက်ချင်လို့တောင် မရောက်နိုင်ဘူး၊ ကျွန်တော်က စီးပွားရေးလောကအကြောင်း သိပ်နားမလည်ဘူးလေ၊ မဝင်ဆန့်ဘူးဆိုရင် ပိုပြီးမှန်တယ်၊ ဒီးကျူးတယ်ဗျာ ဒီအသက်အရွယ်လေးနဲ့ လုပ်ငန်းရှင်ကြီးတစ်ယောက် ဖြစ်နေတာ တကယ်လေးစားတယ်"

"ဟာဗျာ…အပျွန်း…ပျွန်း"

"ကဲ…လာ ကိုစွမ်း၊ ဒီနေ့ အိမ်မှာ မေမေက အုန်းနို့ခေါက်ဆွဲချက်ထားတယ်၊ မိတ်ဖြစ်ဒွေဖြစ် မေမေနဲ့လည်း မိတ်ဆက်ပေးရင်နဲ့ မေမေ့လက်ရာလေး စားသွားပါဦးဗျာ၊ လာပါ အိမ်ထဲကို ဝင်ရအောင်"

"ကောင်းတာပေါ့…ကိုထွဋ်ရ ကိုယ်လည်း အုန်းနို့ခေါက်ဆွဲဆို အရမ်းကြိုက်တာ အိမ်ချက်လေးဆိုတော့ မကျက်စာမစားလာရသေးတာနဲ့ အတော်ပဲလေ၊ အပျွန်း…ပျွန်း"

မိုးမြင့်ထွဋ်တစ်ယောက်…

ဘယ်ဘဝက ရေစက်မှန်းမသိ နိုင်စွမ်းထက်ဆိုတဲ့လူကို ခဏတာလေးတွေ့အပြီးမှာတင် ခင်မင်ရင်းနှီးသွားရသည်။ လိုက်လျှောစ်ရွေသော ကိုနိုင်စွမ်းထက်နှင့် တကယ့်ငယ်ပေါင်းကြီးဖော်ရှားသွှယ် ဖြစ်ခဲ့ကာ ယုံတောင်မယုံချင်စရာပါ။



www.burmeseclassic.com

www.burmeseclassic.com



တိုက်ထဲကို ခေါ်ခဲ့ပြီး မေမေနှင့် မိတ်ဆက်ပေးခဲ့သည်။

"သားရဲ့သူငယ်ချင်းအပေါင်းအသင်းထဲမှာ ဒီလိုလူကောင်းသူကောင်းမျိုး ရှိနေလိမ့်မယ်ဆိုတာ ယုံတောင်မယုံနိုင်ဘူးကွယ်၊ သား နိုင်စွမ်းထက်ကို မြင်လိုက်ရတာ ရင်ကိုအေးချမ်းသွားတာပဲ"

"မေမေကတော့ လုပ်ပြီဗျာ၊ ကိုယ့်သားဆို ဘယ်တော့မှ အကောင်းမပြောဘူး"

"အလကားစကားပါ သားရယ်၊ အမေ့သား ဘယ်လောက်လိမ္မာတယ်ဆိုတာ အမေသိပါတယ်၊ နှုတ်ခမ်းကြီးရှူပြီး စိတ်တော့ မကောက်လိုက်ပါနဲ့၊ အဟင်း…ဟင်း"

မိုးမြင့်ထွန်းရဲ့ ခေါင်းလေးကို ခပ်ဖွဖွလေး ချစ်ရှိုး ပွတ်သပ်ပြီး ပြောလိုက်တဲ့ မိုးမြင့်ထွန်းရဲ့မိခင် ဒေါ်မေရီမြင့်၏ ချွေးချွေးလိုက်လှဲသော ဆက်ဆံမှုလေးကို နိုင်စွမ်းထက်တစ်ယောက် အထူးအဆန်းတစ်ခုကို မြင်တွေ့လိုက်ရသလို ငေးကြောင်ကာ စိုက်ကြည့်နေမိသည်။

သားဖြစ်သူကို ယခုထိတိုင် နို့စို့ကလေးသဖွယ် ထင်မှတ်ကာ ချွေးချွေးတွေးတွေး ဆက်ဆံပြောဆိုနေတတ်တဲ့ အန်တီမေရီမြင့်ကို ကြည့်ပြီး မာမီကို သတိရသွားမိ၏။

သူ့မျက်ဝန်းထဲ မျက်ရည်ကြည်လေးဝေကာ သူ့စိတ်ထဲမှာ သိမ်ငယ်မှုတွေ စီးဝင်လာရသည်။





"တဲ…သားတို့ လာလေကွယ်၊ ခေါက်ဆွဲလေး စားလိုက်ကြရအောင်"

သားတို့ဆိုတဲ့ ခေါ်သံကြောင့် နိုင်စွမ်းထက်ရဲ့ စိတ်တွေ အလှုပ်ရှားကြီး လှုပ်ရှားကာ ကြက်သီးမွေးညှင်းလေးများပင် ထသည့်အထိ ရင်ခုန်သံ မြန်ဆန်သွားရသည်။

"သား…ထည့်စားနော်၊ လိုတာရှိရင်လည်းပြော"

"ဟုတ်ကဲ့…အန်တီ"

နိုင်စွမ်းထက်…

မိခင်ဝီသလွန်းသော အန်တီမေရီမြင့်တို့ ခဏလေးအတွင်းမှာပင် ခင်တွယ်သွားရသည်။ သူ့စိတ်တွေ အလိုလိုပျော်ရွှင်လာပြီး ဒီတိုက်ကြီးထဲမှာနေရတာ စိတ်ချမ်းသာနေမိသည်။

ဟင်းချက်လက်ရာ ကောင်းလွန်းလို့လားမသိ ထည့်ပေးထားတဲ့ အုန်းနို့ခေါက်ဆွဲပန်းကန်က ခဏလေးမှာပင် ကုန်သွားရသည်။

"သား…ထပ်ထည့်ဦးလေ"

"တော်ပြီ အန်တီ၊ အရမ်းကြီးစားရင် ဗိုက်ပေါ့ပြီး အလုပ်လုပ်နိုင်ဘဲ နေမှာစိုးလို့ မစားတော့ဘူး၊ အရမ်းစားကောင်းတာပဲ အန်တီရယ်၊ အခုလို စားခွင့်ရတာ ကျွန်တော် အရမ်းကံကောင်းတာပဲ ကျေးဇူးအများကြီးတင်ပါတယ် အန်တီ"

"တိုစွမ်းကတော့ အမေ့ကို မြှောက်နေပြီနော်၊ မေမေက



www.burmeseclassic.com

www.burmeseclassic.com



သူ့လက်ရာကို အဲသလိုရိုးမှမ်းလို့ကတော့ တစ်ခုပြီးတစ်ခု ချက်ပြီး အဲဒီလူကို ခေါ်ကျွေးတော့တာပဲဗျ၊ နောက်မှ တော်ပါတော့လို့ ငြီးငြူနေရဦးမယ်"

"ဟာဗျာ…အဲဒီလိုခေါ်လို့ကတော့ ကိုယ်ကအကြိုက်ပဲနော် ကိုထွန်း၊ ပြီးမှ ညည်းညည်းလွန်းတယ်ဆိုပြီး မောင်းမထုတ်နဲ့"

"ဟား…ဟား"

"အဟွန်း…ဟွန်း"

"မောင်းမထုတ်ပါဘူး သားရယ်၊ အမြဲတမ်း အန်တီမေက ကြိုဆိုနေမှာပါ၊ သားရဲ့သူငယ်ချင်းတိုင်း အိမ်ကိုရောက်လာတာနဲ့ မီးဖိုချောင်ထဲပြေးဝင်ပြီး အန်တီမေ ဘာချက်ချက် ရှိတာနဲ့ကို စားသွားကြတာ၊ သိပ်ပျော်တတ်တဲ့ကလေးတွေလေ။

သားကိုလည်း ထမင်းဖိတ်ကျွေးရဦးမယ်၊ သား အားတဲ့ တစ်နေ့နေ့ကိုပြောလေ"

ထုံးစံအတိုင်း မေမေက ကိုနိုင်စွမ်းထက်ကို ထမင်းစား ဖိတ်နေချေပြီ။

"ဟော…တွေ့လား ကိုစွမ်း၊ ကျွန်တော်မပြောဘူးလား"

"အဟွန်း…ဟွန်း ကျေးဇူးတင်စရာပဲပေါ့ ကိုထွန်း၊ ကိုယ်လည်း အန်တီမေရဲ့ ဟင်းချက်လက်ရာကို နောက်တစ်ကြိမ် ထပ်စားခွင့် ရဦးမယ်လေ၊ ဝမ်းသာစရာကြီးဗျာ"

နိုင်စွမ်းထက်ရဲ့ စကားကြောင့် အားလုံး သဘောကျစွာ





ရယ်လိုက်မိကြသည်။ တကယ့်ကို စိတ်ချမ်းသာစရာကောင်းတဲ့ အချိန်လေးပါပဲ။ နိုင်စွမ်းထက်ရဲ့ စိတ်ထဲမှာ ဒီမိသားစုဝင်လေး ဖြစ်သွားလိုက်ချင်တယ်လို့ ဆန္ဒတွေ ပေါ်လာပြီး စကားတွေပြောလိုက်၊ ရယ် မောလိုက်နှင့် ပျော်နေတော့၏။

တူ…တူ။

ထိုစဉ်…

နိုင်စွမ်းထက် ဟမ်းဖုန်းလေး မြည်လာတာမို့ ဖွင့်နားထောင် လိုက်တော့ တစ်ဖက်က ဆက်တဲ့သူမှာ ဇာမီဖြစ်နေသည်။

"စွမ်းထက်လား…မာမီပါ၊ ဒီနေ့ အရေးကြီးတဲ့ကိစ္စရှိနေ လို့ မာမီမိုးချုပ်မယ်၊ အဲ အိမ်ပြန်အိပ်ချင်မှ အိပ်ဖြစ်မယ်၊ အဲဒါ မင်းအဖေမေးရင် ပြောထားလိုက်နော်"

"မာမီ"

"ဘာလဲ စွမ်းထက်"

"မေမေက အလုပ်ကိစ္စနဲ့ ဒီညနေ ခရီးထွက်ဖြစ်ချင်ထွက် ဖြစ်မှာ မာမီ၊ မိုးချုပ်ရင်ချုပ်ပါ၊ ဒါပေမယ့် ပြန်တော့လာပါနော်၊ အိမ်မှာ ကျွန်တော်တစ်ယောက်တည်း အထီးကျန်နေရမှာ"

"မင်းကလည်း လုပ်ပြန်ပြီ"

"မာမီ"

"ပြော"

ပြောဆိုမှ နိုင်စွမ်းထက် ဘာပြောရမှန်းမသိတော့။ သူ့ငြင်



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ ဖြစ်နေချင်တဲ့ပုံစံတွေ မာနီကိုပြောလျှင် မာဒီ ချတက်အောင် ရယ်မှာ သေချာနေသည်။

"စွမ်းထက်…ပြောစရာရှိတာပြောလေ၊ မာဒီ အလုပ်တွေ ရှိနေသေးတယ်"

"မာဒီ"

"ပြောကွာ…စိတ်မရှည်တော့ဘူး"

"အိမ်ကိုတော့ ရောက်အောင်ပြန်လာခဲ့ပါနော်"

"အမလေး…နိုင်စွမ်းထက်ရယ် ဒါကိုများ ရေကြီးခွင် ကျယ်လုပ်ပြီး ပြောရတယ်လို့၊ နားထောင်ရသူတောင် ရင်မော တယ်၊ ဟဲ…ဟဲ ဒါပဲမဟုတ်လား၊ မာဒီ ကြိုးစားကြည့်ဦးမယ်"

"ကြိုးစားဝါနဲ့ မာဒီ၊ ပြန်လာခဲ့ပါ၊ ဘယ်အချိန်ဖြစ်ဖြစ် ပြန်လာခဲ့ပါနော်၊ ကျွန်တော်စောင့်နေပါ့မယ်"

သွားရယ်…။

ဒီတစ်ခါ ရင်ထဲကနေ တိတ်တဆိတ်လေး ငြီးမိသူက ဒေါ်မေရှိမြင့်ပဲ ဖြစ်ပါသည်။ သားရဲ့သူငယ်ချင်း အသစ်ကလေး နိုင်စွမ်းထက်ဆိုတဲ့ ကောင်လေးရဲ့ သူမာမီကို လှမ်းမှာနေတဲ့ သနားစရာ တောင်းပန်သံလေးကို နားထောင်နေရင်း ကြားကနေ စိတ်မကောင်းဝင် ဖြစ်သွားရသည်။

သူတစ်ပါးရဲ့ အိမ်တွင်းရေးမို့ ကိုယ်နဲ့မဆိုင်ပေမယ့် နားထောင်ရုံနှင့် အခြေအနေမြင်သိသည်။ ထို့အပြင် နိုင်စွမ်းထက်ရဲ့





ထိုလားတောင်းတနေတဲ့ စိတ်ခံစားမှုလေးကိုလည်း သိမြင်လိုက်ရ တဲ့အတွက် ထိုကောင်လေးကို ပို၍ ကြည့်ဆည်းပေးချင်စိတ် များ တဖွားဖွားဖြစ်ပေါ်နေရတော့၏။

"မာဒီ"

"အေး…အေး လာခဲ့မယ်"

"ကျေးဇူးပါပဲ မာဒီ"

လက်ခံဖြာတက်သွားတဲ့ ပျော်ရွှင်မှုရိပ်ကလေးကြောင့် နိုင်စွမ်းထက်ရဲ့ နှုတ်ခမ်းလေးတွေ ပြုံးဖြသွားရတော့သည်။ ဖုန်း လေးကို ပြန်ပိတ်လိုက်၏။

"ကဲ…ကဲ စားပြီးရင်တော့ အိမ်ရှေ့ကိုထွက်ခဲ့ကြ"

အန်တီမေရှိမြင့်က ပြောပြောဆိုဆို အရှေ့ခန်းသို့ ထွက် သွားပြီမို့ မိုးမြင့်ထွဋ်နှင့်အတူ သူပါ လိုက်ထွက်ခဲ့မိသည်။ ဧည့်ခန်း သို့ရောက်တော့ နှစ်ယောက်သား စကားတွေပြောပြီး ဆိုဖာခုံလေး တွင် ထိုင်နေစဉ်…

"ပါးစပ်ဟ"

"မေမေကလည်း သားမစားချင်ဘူး၊ နောက်တော့စားမီ ချော"

ဒေါ်မေရှိမြင့်တစ်ယောက် လက်ထဲတွင် ဇွန်းဖြူဖြူလေး ကိုင်ကာ မိုးမြင့်ထွဋ်ကို ပါးစပ်ဟခိုင်းနေသည်။ ဘာစားခိုင်းမလို့လဲ သေး၊ ခေါင်းလေးကို သွက်နေအောင် ခါယမ်းကာ ငြင်းဆန်နေ၏



www.burmeseclassic.com

www.burmeseclassic.com



မိုးမြင့်ထွဋ်ကို သူ စိတ်ဝင်တစား ကြည့်နေမိသည်။

"ရေဘူး…စားရမှာပဲ၊ ပါးစပ်ဟာ"

"မေမေကလည်း မစားချင်ပါဘူးဆိုနေမှပဲ"

"စားပါ သားရယ်၊ လိမ္မာပါတယ်၊ ဒါမှ ခေါင်းလည်းကြည်၊ ရင်လည်းချောင်ပြီး အစာကြေမှာပေါ့ သားရဲ့၊ ပါးစပ်ဟာ"

"ပေးဗျာ…ဒါဆိုလည်းစားမယ်"

မိုးမြင့်ထွဋ် ငြင်းမရသည့်အဆုံးတော့ မေမေပေးတဲ့ ဆင်တုံးမနွယ် အစာကြေဆေးတောင့်ကိုယူပြီး ပါးစပ်ထဲသို့ ပစ်ထည့်လိုက်မိတော့သည်။

"သား…နိုင်စွမ်းထက်လည်းပါးစပ်ဟာ"

"ဗျာ"

"ပါးစပ်ဟာပါဆို"

"ဟုတ်…ဟုတ်ကဲ့ အန်တီ"

သူ…

ပါးစပ်ဟာလိုက်တော့ ဆေးတောင့် သေးကျစ်ကျစ်လေးတွေက သူ့ပါးစပ်ထဲ ရောက်လာ၏။ မိခင်တစ်ယောက်ရဲ့ တယုတယ ခွံ့ကျွေးမှုကို မခံရတာမို့ သူ့စိတ်ထဲ ရှက်ရွံ့သလိုလို ခံစားရပေမယ့် နှစ်သက်နေမိတာတော့ အမှန်ပင်။

အစာကြေဆေးတောင့်ကို နှစ်သက်စွာပင် သူစားပြီး မတ်တတ်ထရပ်တော့…





"သွားတော့မလို့လား သား"

"ဟုတ်ကဲ့ အန်တီမေ၊ အလုပ်ကိစ္စလေးရှိနေလို့ သွားလိုက်ပါဦးမယ်ခင်ဗျာ"

"အေးကွယ်…အေး…အေး ဒါနဲ့ ရော သားနိုင်စွမ်း အတ် ရေလေးသောက်လိုက်ဦး"

ကြည့်စမ်း…

တကယ့်ကို အလိုက်သိတဲ့ အန်တီမေပါပဲ။

အုန်းနို့ခေါက်ဆွဲစားပြီး သူ့ရင်ထဲ အနည်းငယ်ပူနေတာ ဘယ်လိုစဉ်းစားမိလဲမသိ ရေဖန်ခွက်လေးကို ကမ်းပေးနေသည်။ သူ ယူပြီးမော့သောက်လိုက်ပြီး ကျေးဇူးတင်စွာ ကြည့်လိုက်သည်။

သူ့စိတ်ထဲမှာ…

မာမီသာ အန်တီမေလိုဖြစ်ရင် ဆိုသည့်အတွေးစိတ်လေး တစ်ခဏ တိုးဝင်လာ၏။ သို့သော် ဘယ်လိုမှမဖြစ်နိုင်ဘူးဆိုတာကို တွေးမိသောအခါတွင်တော့ သူ့မျက်ဝန်းလေးတွေထဲမှာ ဝမ်းနည်း အားငယ်စိတ်ကလေးများ ခိုဝင်သွားရတော့သည်။

"ကျွန်တော် ပြန်လိုက်ပါဦးမယ် အန်တီ"

"အေးကွယ်"

"ကိုယ်…သွားလိုက်ဦးမယ် ကိုထွဋ်"

"ကောင်းပြီ ကိုစွမ်း"

နိုင်စွမ်းထက်တစ်ယောက်…



www.burmeseclassic.com

www.burmeseclassic.com



အားလုံးကို နှုတ်ဆက်ပြီး ကားပေါ်တက်ကာ မြို့လေးထဲကနေ ပြန်ထွက်ခွာခဲ့မိသည်။

သူ့ရင်ထဲမှာ တွယ်ငြိပါလာတာက အန်တီမေရဲ့ မိခင်ပီသတဲ့ အပြုအစုလေးတွေပါပဲ။ သားသမီးတိုင်းအတွက် လိုလားတောင့်တနေမြဲဖြစ်တဲ့ အကြင်နာလေးတွေလေ။ ဒါကို ထူးခြားဆန်းပြားစွာ ဒီကနေ့လေးမှာ ရရှိခံစားခဲ့ရသည်။ သို့သော် ထိုမွေးထွေးမှုက သူ့ကို ကိုယ်တိုင်မွေးထုတ်ပေးခဲ့တဲ့ မာမီဆီက တော့ မဟုတ်ခဲ့ပါချေ။

မာမီရယ်…။

ကျွန်တော်တို့ မိသားစုလေးရဲ့ မျက်နှာတွေကို ပြန်ပြီး ညှိနှိုင်းရအောင်လားဗျာ။

ကျွန်တော်လေ…

မာမီ့ဆီက မွေးမြူးလိုက်လှဲ့တဲ့ မိခင်တစ်ယောက်ရဲ့ အကြင်နာကိုပဲ လိုချင်တယ်၊ ငွေတွေ၊ ဝတ်တွေ၊ ပစ္စည်းတွေကို မလိုချင်တော့ဘူး မာမီ။

သူ…

ရင်ထဲကနေ တိတ်တဆိတ်လေး တောင်းဆိုနေမိတော့ သည်။

❋ ▯ ❋





## အခန်း (၆)

ဟင်…။

ဒါ ဘယ်သူ့ကားများပါလိမ့်။

ကားက နောက်ဆုံးပေါ်နိုင်ပါတ်ရဲ့ ဆလွန်းကား အကောင်းစားကြီးပဲ။

ဝရန်တာကနေတစ်ဆင့် တစ်ဖက်က အန်တီမေတို့ခြံကျယ်ကြီးရှိရာ လှမ်းကြည့်ပြီး စဉ်စားနေမိသည်။ ကိုကို့ရဲ့ သစ္စာတို့ ခြံသနာတက်ပြီးကတည်းက တစ်ဖက်ခြံသို့ အသွားအလာနည်း သွားသည်။

သို့သော်…

နေတိုင်းလိုလိုတော့ သွားဖြစ်၏။ ကိုကို့ရှိလောက်တဲ့အချိန်။



www.burmeseclassic.com

www.burmeseclassic.com



ပဲ ရှောင်ကာ အန်တီမေနှင့် အဖော်လုပ်ပြီး သွားသွားနေပေမီ သည်။

သူမ မသွားလျှင်လည်း အန်တီမေက ရွတ်အတင်း လာခေါ်တော့တာပဲလေ။

အခုတော့ ...

တစ်ဖက်မြို့ထဲတွင် ချည်သည်ရဲ့ကားကို မြင်ရတာနှ့ သမုစ စပ်စုကာ သွားချင်နေမိ၏။ သို့ပေမယ့် မြို့ထဲမှာက ကိုကို့ကားလေး ရပ်ထားတာ တွေ့နေရသည်မို့ သမုစ မသွားချင်ပါ။

စိတ်ပုတ်တဲ့ကိုကိုက··

မာမီရှေ့နှင့် အန်တီမေရှေ့တွင်တော့ သူမကို လိုလိုလားလား ဖော်ဖော်ရွေရွေ ဆက်ဆံသလောက် ကွယ်လျှင်တော့ မျက်စောင်းကြီးတစ်ထိုးထိုး၊ အကြီးတကြိတ်ကြိတ်နှင့် လူကို အမိမ်းလိုက်ဝါးစားချင်နေပုံနှင့် ဆက်ဆံ၏။

စကားလည်း အကောင်းမပြောချေ။

သမုစတစ်ယောက် စိတ်ညစ်နေမိသည်။

တကယ်ဆို···

ကိုကို အဲဒီလောက် သမုအပေါ် စိတ်ဆိုးနေဖို့ မကောင်းပါဘူး။ ကျွန်မ လုပ်ခဲ့သမျှတွေက အဲဒီလောက် နာကျင်ရလောက်အောင်းမနေတာပဲဟာ။ ဒါကို အခုချိန်ထိ စိတ်မပြေနိုင်သေးတာ အံ့ဩရောပဲ။





ကျွန်မ···

နေရထိုင်ရ သွားလာရတာ စိတ်မလုံတော့ချေ။

ဒါကြောင့်···

ကိုကိုရှိနေလျှင် ကျွန်မသိပ်ပြီးမသွားတော့။

"သမီးငယ်···ဘာတွေကြည့်ပြီး စပ်စုနေပြန်တာလဲကွဲ၊ ဟိုဖက်မြို့ကို ကြည့်နေလိုက်တာ ဝရံတာကနေ ထိုးကျသွားဦးမယ်၊ သတိလည်းထားပါဦး"

"မာမီကလည်း ဘယ်သူက စပ်စုနေလို့လဲ"

"ဒါဆို ဘာဖြစ်လို့ကြည့်နေတာလဲ သမီးရဲ့"

"ကိုကို့ကား ထွက်သွားပြီလားလို့ ချောင်းနေတာ"

"ဘာလဲ···သားကိုကိုနဲ့ စိတ်ကောက်နေပြန်ပြီလား"

"သမီးမကောက်ပါဘူး မာမီရဲ့၊ သူကောက်နေတာ၊ ဖျွန်း···လူကြီးတွေရှေ့ရောက်တော့ တစ်မျိုး၊ ကွယ်ရာကျရင်တစ်မျိုးနဲ့ အမြင်ကတ်လို့ မျက်နှာချင်းမဆိုင်ချင်ဘူး၊ ဒါကြောင့် ရှောင်နေတာလေ"

"အို···ဟဲ့ ဘယ့်နယ်ကြီးပြောလိုက်ရတာလဲ သမုစရယ်၊ ဒီလိုကြမ်းတမ်းတဲ့စကား အသုံးအနှုန်းတွေ မသုံးရဘူးလို့ မှာထားရက်နဲ့ ကြည့်စမ်း၊ ကိုယ့်အစ်ကိုကို ဒီလိုပြောရသလားဟဲ့"

"မာမီ ဘာသိလို့လဲ၊ သူက တားစီးနိုင်ပြီဆိုပြီး ဘဝင်မြင့်နေတာလေ၊ သမီးက သူ့ကားကို တပ်စီးနေရလို့ လူကိုမြင်

www.burmeseclassic.com



ချင်သလိုလို ခေါ်တောင်သွားချင်သလိုလိုနဲ့ တန့်တက်နေတာ၊ ဟွန်း ဒီကလည်း စီးချင်လို့ ကပ်စီးနေတယ်လို့များ မှတ်နေလားမသိဘူး၊ အငှားကားတွေတစ်ပုံကြီး၊ သူ့ကားကပ်စီးမှ ကျောင်းရောက်တာ မဟုတ်ဘူးဆိုတာ မေ့နေလားမသိဘူး"

"ကြည့်စမ်း…သရုခကတော့ ပြောလေဆိုးလေပါလား၊ တော်တော် ဒီစကားမျိုး နောက်ဘယ်တော့မှ မပြောမိစေနဲ့၊ သမီး အန်တီ ကြားသွားရင် စိတ်ကောင်းဖြစ်နေလိမ့်မယ်၊ နောက်ဘယ်တော့မှ ဒီလိုမပြောနဲ့"

"ဟွန်း…သမီးကိုပဲတားနေ၊ ကိုကိုစိမ်းတာကျတော့ မပြောကြဘူး"

ရှက်စောင်းလေးတခဲခဲနှင့် အခဲမကျေနိုင်သလို ပြောနေတဲ့ ကျွန်မကိုကြည့်ပြီး မာမီ စိတ်ပျက်လက်ပျက် ရှိသွားပုံပင်။

"ချစ်သမီးကို မာမီ ဘယ်လိုဆက်ပြောရမှန်းတောင် မသိတော့ပါဘူးကွယ်၊ ဒါပေမဲ့ မောင်ကိုကိုပေါ်ကိုတော့ သမီးလေး သူ့စိမ်းမနေနဲ့ပါနဲ့၊ သူက သမီးကို ယေဝယ်လေးကတည်းက နှစ်ထိန်းကျောင်းလာတာပဲ"

"အဲဒါထားပါတော့ မာမီ၊ သမီးအတွက်ရော ဘယ်အချိန်မှ ကိုယ်ပိုင်ကားတစ်စီး အသစ်ဝယ်ပေးမှာလဲ၊ သူများကားကို ကပ်မစီးချင်တော့ဘူး မာမီ"

"ဒါ…ဒါက"





"မာမီနော်…ပိုက်ဆံမရှိတာလည်း မဟုတ်ဘဲနဲ့ နေ့ရွှေ့ ညရွှေ့နဲ့ ဘယ်လောက်တောင်ကြာနေပြီလဲ"

"အေးပါကွယ်…ဝယ်ပေးသင့်မပေးသင့် သားကိုကိုနဲ့ တိုင်ပင်လိုက်ပါဦးမယ်၊ သူခေါင်းညိတ်တာနဲ့ မာမီက ရှက်ချင်းကို အားရှာနိုင်းပြီး ဝယ်ပေးမှာ"

"ဟာ…ဘာဆိုင်လို့လဲ မာမီကလည်း ဒါ သူနဲ့ဘာမှ ဆိုင်တာ"

"အဲဒါ မာမီမသိဘူး၊ ကားလိုချင်ရင်တော့ သားကိုကိုနဲ့ သင့်မြတ်အောင်နေ၊ ပြီးရင် ရအောင်ပူဆာ၊ သားကိုကို ခွင့်ပြုချက်ဆေးမှ ဝယ်ပေးမယ်"

"ကျွတ်…မာမီ သက်သက်မဲ့အကြောင်းကိုင်တာ"

"ထင်ချင်သလိုထင် သမီး၊ မာမီကတော့ ဒါနို့ဒါပဲ"

ဟွန်း…

အကြောင်းမသိရင်ခက်မယ်။

ကိုကိုနဲ့ သမုခတို့ စကားမပြောတာကို သိလို့ တမင်အကြံအစည်ထုတ်တာပဲ။ ကားလိုချင်တယ်ဆိုမှတော့ ကိုကို့ကိုသွားပြီး အရေတော့မှာပေါ့လေ။ မကျေမနပ်နှင့် နှုတ်ခမ်းလေးစူပြီး မာမီ့ရှေ့ အနေ ထွက်လာခဲ့မိသည်။

အောက်ထပ်ကိုရောက်တော့…

"မမလေး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ"

"ဟိုဖက်အိမ်ကိုသွားမလို့လား"

"မသွားဘူး"

"ဟင်…ဘာဖြစ်လို့လဲ"

"နေစမ်းပါဦး…မိစုနော် ဒီနေ့မှ ထူးထူးဆန်းဆန်း စပ်စုနေတယ်၊ မှန်မှန်ပြောစမ်း ဘာတွေဖြစ်နေတာလဲ"

"မမလေး"

"ဘာလဲဟဲ့"

"ဟိုဖက်အိမ်မှာ ဧည့်သည်ရောက်နေတယ်"

"အဲဒါဘာဖြစ်လဲ၊ ကားရပ်ထားတာ ငါမြင်သားပဲဟာ ဘာထူးဆန်းလို့လဲ၊ အန်တယ်ရဲ့ မိတ်ဆွေတွေ ဖြစ်မှာပေါ့"

"မဟုတ်ဘူး"

"ဘာရယ်"

"မမလေးထင်တာ မှားတယ်လို့ပြောတာ၊ စောစောက ခြံထဲမှာ တံမြက်စည်းလှည်းနေတုန်း အဲဒီကားလေး တစ်ဖက်ခြံထဲ ဝင်လာတာကို တွေ့လိုက်တာ မမလေးရဲ့၊ မိစုကြည့်လိုက်တော့ ကားပေါ်ကဆင်းလာတာ အစ်မချောချောလေးတစ်ယောက်ပဲ၊ အစ်ကိုလေးမိုးမြင့်ထွဋ်ရဲ့ ကောင်မလေးလားမသိဘူး၊ အစ်ကိုလေး ကိုယ်တိုင် ကားတံခါးဖွင့်ပေးပြီး ကြိုနေတာ မိစုတွေ့လိုက်ရတယ်"

"ဟင်…ဟုတ်လား"





"ဟုတ်တယ် မမလေးရဲ့"

ကိုကို့ကောင်မလေးလား မသိဘူးတဲ့။

စဉ်းစားစရာပဲ။

ကိုကို့မှာ ရည်းစားတွေရှိနေပြီလား။

ရှိနိုင်တာပဲ ကိုကို့အသက်အရွယ်နှင့် တခြားကောင်လေးတွေဆိုလျှင် သက်နေလောက်ကို ထားကြတာလေ။ သူ့စရင်ထဲနှင့်သည်းသလို တစ်မျိုးကြီး ခံစားနေရသည်။ ကိုကိုနဲ့ ကျွန်မ သေင့်မြတ်ကြသူတွေ မဟုတ်သော်လည်း အခုလိုသတင်းကြားရတာတော့ နှမြောသလိုလို၊ ဝမ်းနည်းအားငယ်သွားသလိုလို ခံစားနေရ၏။

"မိစု"

"ရှင်"

"အဲဒီအမျိုးသမီးက ချောလားဟင်"

"ရှင်"

"ကိုကို့သူငယ်ချင်း ကောင်မလေးက ဘယ်လိုပုံစံမျိုးလဲလို့ မေးနေတာဟဲ့၊ ဘာရေတွတ်လုပ်နေတာလဲ"

ကျွန်မ စိတ်ရှည်စွာ အော်လိုက်မိသည်။ ကြည်လင်နေသာစိတ်တွေ ဘယ်ရောက်ကုန်မှန်းတောင် မသိတော့။

"မမလေးကလည်း စိတ်နည်းနည်းရှည်ရှည်ထားစမ်းပါဦး၊ မိစုက ပြန်မျက်လုံးထဲ မြင်ယောင်ကြည့်နေရသေးတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီ…ပြောစမ်းပါ၊ သူကချောလား"

"ချောတယ်…အဲ ချောတာထက် လှတာ၊ လှတာ၊ အရပ်ရှည်ရှည်၊ ကိုယ်လုံးကိုယ်ပေါက်လှလှလေးနဲ့ ဂုတ်ဖြူဖွေးဖွေး ဝိုးမှိုး ယဉ်ယဉ်လေးလှတာ"

ဟင်…

လှတယ်တဲ့။

တစ်ခါတည်း မြင်တွေ့ဖူးလိုက်တဲ့ မိစုရဲ့အရုပ်ထဲမှာတောင် ဒီလောက်ထိ စွဲထင်သွားတယ်ဆိုတော့ ကိုကိုသာဆိုလျှင်ဆိုတဲ့ အသိနှင့် မျက်နှာလေး ရှုံ့မဲ့သွားရသူက သမုခရယ်ပါ။

"အသက်ကရော မိစု"

"အစ်ကိုလေးနဲ့ ရွယ်တူလောက်ပဲရှိမယ်ထင်တယ်"

ဟွန်း…

ကိုကိုကတော့ တကယ်ပါပဲ။

ဘယ်အချိန်ကများ ကြိုက်ပြီး ရှာထားသလဲမသိပါဘူး။ ဒါကြောင့် အရင်တလော ကျွန်မကို စိတ်မရှည်ဘဲ ရှောင်ဖယ်ရှောင်ဖယ် လုပ်နေတာကိုး။ ကျွန်မကို ဘယ်စိတ်ချမ်းသာပါ့မလဲလေ၊ သူ့မှာ စိတ်ချမ်းသာစရာကောင်းအောင် ထားရမယ့်လူက ရှိနေတာပဲ ဟာ။

ကောင်းပါတယ်။

ဒါဖြင့် ကျွန်မ အေးအေးဆေးဆေးနေရမှာ။

"မမလေး"





"ဘာလဲ"

"ဟိုဖက်အိမ်ကို မသွားတော့ဘူးလား"

"ငါက ဘာသွားလုပ်ရမှာလဲ၊ ဟိုမှာ သူတို့လည်း သူတို့ ဟာနဲ့ အလုပ်ရှုပ်နေမယ်ဟာ၊ မသွားချင်တော့ဘူး"

"မမလေး"

"ပြော"

"ဘယ်လိုခံစားရလဲဟင်"

"ဘာကိုလဲ မိစု"

"အစ်ကိုလေးမှာ ကောင်မလေးမိတ်ဆွေ ရှိနေပြီဆိုတာ သိရတော့ ဘယ်လိုခံစားရလဲလို့"

မိစုအမေးကို ကျွန်မ ရှောင်ကြဉ်လည်း။

ကိုကို့မှာ ကောင်မလေးရှိနေပြီဆိုတဲ့ အသိကြောင့် ရင်ထဲမှာ တစ်မျိုးကြီး ခံစားနေရတာတော့ ကျွန်မ ဝန်ခံသည်။ ဘာကြောင့်မှန်းတော့ အတတ်မပြောနိုင်။

"မမလေး"

"ဘာလဲဟဲ့…ငါ့ကို ဘာကြောင့် စောစော မေးနေရတာလဲ"

"ပြောဦးလေ…မမလေး မိစုတသိချင်လို့"

"ဒါက ဘာပြောရမှာလဲ"

"ခံစားချက်လေးကို သိချင်လို့လေ၊ မမလေးရင်ထဲမှာ ဘာတွေဖြစ်နေလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါလား"

"အင်း"

"ဝမ်းသာနေတယ်"

"အမ်"

"အရမ်း...အရမ်းကို ဝမ်းသာနေတယ်၊ ရှင်းပြီလား"

"မမလေးကလည်းလေ"

ကျွန်မ တခင်၍ စောင်းမြေလိုက်တာကို ရိပ်မိဟန်မရှိသော မိစုတစ်ယောက် ကျွန်မစကားကို ယုံကြည်ကာ မျက်နှာလေး မှဲ့၍ သွားတော့သည်။

"မိစု"

"ရှင်"

"နေဦး...နင့်ကို မေးစရာရှိသေးတယ်"

"ဘာကိုလဲ...မမလေးရဲ့"

"သူနဲ့ငါ ဘယ်သူကပိုလှသလဲ"

"ရှင်"

"ပြောလေ...အမှန်အတိုင်းပဲပြော"

"မမလေးက ပိုလှတာပေါ့၊ ကိုယ့်မမလေးမို့ ပြောတာ မဟုတ်ဘူး မမလေးရဲ့မျက်နှာလေးက တစ်မျိုးထူးခြားတဲ့ ဆွဲဆောင်မှုလေးရှိတာ၊ တစ်ခါကြည့်ပြီး ဒုတိယအကြိမ် လှည့်မကြည့်ဘဲ မနေနိုင်လောက်တဲ့ မျက်နှာလေးပဲ၊ မမလေး ရယ်လိုက်တိုင်း မမလေးရဲ့ မျက်လုံးလေးတွေကလည်း လိုက်ရယ်နေသလိုပဲ၊ မိစုရဲ့





မမလေးက ပိုလှတယ်"

"အမယ်...တယ်ဆိုတဲ့စကားပဲ၊ နင်ပြောခဲ့သမျှ စကားတွေထဲမှာ ဒီနေ့ပြောတဲ့ စကားက တန်ဖိုးအရှိဆုံးနဲ့ နားထောင်လို့ အကောင်းဆုံးပဲ မိစု၊ နင် တဖြည်းဖြည်းတော်လာပြီ၊ အဲဒီအတွက် ငွေ နင့်အတွက် မုန့်ဖိုးပေးတာ၊ ယူထားလိုက်တော့"

"ဟယ်...တကယ်လား မမလေး"

"တကယ်ပေါ့ဟဲ့"

"ကျေးဇူးတင်လိုက်တာ မမလေးရယ်၊ တော်သေးတာပေါ့၊ အလျှောက်ကောင်းလို့ အထောင်းသက်သာတဲ့အပြင် မုန့်ဖိုးပါ အဆစ်ရလိုက်သေးတယ်၊ သွားပြီ မမလေးရေ"

"ဟယ်...ကြည့်စမ်း မိစု အစုတ်ပလုတ်မ ငါ့ကို နင်က ထိမ်ပြောတာပေါ့လေ၊ ငါ မလှဘဲနဲ့ ပြန်ပေး၊ ငါ့ပိုက်ဆံပြန်ပေး မိစုအစုတ်ရဲ့"

မိစုတစ်ယောက်...

တဟားဟားရယ်ကာ မီးဖိုချောင်ဘက်ဆီသို့ ပြေးရှေပြီး ကျွန်မ ဒေါသဖြစ်လွန်းစွာ မိစုအနောက်တနေ အပြေးလိုက်သွားမိ တော့၏။

❋ ။ ❋



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးရဲ့ အကြောင်းတွေကို စဉ်းစားနေမိသည်။

အန်တီမေက…

အခုလာတာ ကိုကို့ကောင်မလေး မဟုတ်ပါဘူးတဲ့။ ကိုကို သူငယ်ချင်းပါတဲ့လေ။ အလုပ်ကိစ္စအတွက် ကိုကို့ လာတွေ့ပြီး ပြန်သွားတာဟု အန်တီမေက ရှင်းပြနေ၏။

ဟွန်း…

သမီး ထင်တော့ထင်သားပဲ။

ကိုကိုလား…ဒီပုံစံမျိုး ရှာနိုင်မှာ။

အန်တီမေပြောတဲ့ အကြောင်းအရာလေးတွေကို နားထောင်ပြီး ကျွန်မနှုတ်ခမ်းသားလေးတွေ ပြုံးနေမိသည်။ ညည့်နက်မှ ဒီဖက် မြို့ထဲ ပြန်လာခဲ့၏။

“မမလေးရေ…မမလေး”

ခေါ်သံလေးက အောက်ထပ်မှ ထွက်လာခြင်းဖြစ်၏။

“ဘာလဲဟဲ့…မိစု၊ ငါ…ဝရန်တာမှာ”

“မမလေး”

“ဘာလဲ”

“ဟိုမှာကြည့်စမ်း”

မိစုလက်ညှိုးညွှန်ပြလိုက်တာက ကိုကို့ခြံကျယ်ကြီး ဆီဖြစ်၏။

“ဘာလဲ…မိစုရဲ့”





## အခန်း (၄)

“ဟောတော့…ဒီနေ့ကြတော့ ကားက နောက်ပုံစံတစ်မျိုး ပါလား”

ကိုကို ခြံထဲတွင် အသစ်ရပ်ထားတဲ့ ကားအကောင်းစား ကြီးကို ကြည့်ပြီး ကျွန်မ မျက်လုံးပြူးရပြန်ပြီ။

မနေ့က…

ညှိုသည်ပြန်သွားတော့ ကျွန်မ တစ်ဖက်ခြံသို့ သွားခဲ့ သည်။ ထုံးစံအတိုင်း အန်တီမေတစ်ယောက် ကျွန်မကို မြင်လိုက် တာနှင့် ဝမ်းသာပျော်ရွှင်သွားသလောက် ကိုကို့မျက်နှာကြီးကတော့ တေတေကလို ပြုံးရွှင်မနေဘဲ ရုတင်းဖုတ်သိုးနေတော့၏။

ကျွန်မ သေဘာက်ဆောင်ပြီး အန်တီမေ့အနားကပ်ကာ ကိုထို

www.burmeseclassic.com



"ကား…ကားကိုပြောတာ"

"အစလေး ကားများ အထူးအဆန်းလုပ်လို့၊ ငါလည်း မြင်သားပဲဟာ၊ ရုပ်ထားတာဖြင့် ကြာလှနေပြီ"

"ထူး…ထူးဆန်းတယ်နော်"

"ဘာကိုလဲ…မိစုရဲ့ ဘာထူးဆန်းနေလို့လဲ၊ ကားက နောက်ဆုံးပေါ် ကားမို့လို့လား၊ ဒီကားမျိုးတွေ ငါအများကြီး မြင်ဖူးပါတယ်"

"မဟုတ်ဘူး မမလေးရဲ့ ကားကိုပြောတာမဟုတ်ဘူး"

"နင်က ဘယ်သူ့ကို ပြောတာလဲ"

"ကားပိုင်ရှင်ကိုပြောတာ မမလေးရဲ့၊ အဲ့ဒီကားကြီးကို မောင်းလာတဲ့ သူကိုပြောတာ၊ တစ်ခါမှကို မမြင်ဖူးဘူးသိလား၊ ညှိသည်ကအသစ်"

"ဘာလဲ ဒီတစ်ယောက်လည်း အရမ်းချောတာပဲလား"

"ချောတယ်…မမလေး၊ အရမ်း အရမ်းကိုချောတာ"

"အံမယ်"

ဒီတစ်ခါတော့…

မိစုမျက်နှာကြီးက ပြုံးဖြီးလို့ မေးခွန်းကို မှုတောင်မမှုနိုင်ဘဲ ချက်ချင်းကို ခေါင်းညိတ်ထောက်ခံတော့တာပဲ။

"ငယ်ရောငယ်လား"

"သိပ်တော့မငယ်ဘူး မမလေးရဲ့၊ အစ်ကိုလေးနဲ့ ရွယ်တူ





ပဲ"

"လုပ်ပြန်ပြီ"

မိစုစကားကြောင့် သမုခရဲ့ မျက်နှာကြီး ပြုံးရယ်လိုက်မိ၏။

"ပိုစကရော"

"ရိုးရိုးကြီးပဲ"

"ဟင်း…ဟင်း"

"ဘာရယ်တာလဲ…မမလေးရဲ့"

"နင့်စကားတွေက ငါ့အတွက် စိတ်ဝင်စားစရာမှ မကောင်းတာ မိစုရဲ့၊ မနေ့တုန်းကလည်း နင် ဒီလိုပဲ ပြောခဲ့တာပဲမဟုတ်လား"

"ရှင်"

"ကိုကို့ကောင်မလေးအကြောင်းပဲ လာပြီး မျက်လုံးပြူးကြီးတွေနဲ့ မိန့်ပို့ မကြိုးစားနဲ့တော့"

"ဘယ်ကကောင်မလေးလဲ မမလေးရဲ့"

"မနေ့က မမလေ မဆော့လာချောတွေ့ပိုပြောတာ၊ အဲ ဟိုတို့သူငယ်ချင်း ကိုကို့လုပ်ငန်းကို ရှယ်ယာဝင်မယ့်အစ်မ၊ ငါ အားလုံး အန်တီမေခ်ိတ သိထားပြီးပြီ"

"မှားနေပြီ မမလေး"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



"အခုလာတဲ့ ညွှန်သည်က မိန်းကလေးမှမဟုတ်တာ၊ ယောကျ်ားတစ်ယောက် မမလေးရဲ့"

"ဘာ"

"ဟုတ်တယ် မမလေးရဲ့၊ မမလေး သွားကြည့်ပါလား။ အရမ်းချောတယ်၊ အစ်ကိုလေးရဲ့ အရင်သူငယ်ချင်းတွေမဟုတ်ဘူး။ အခုဟာ အသစ်တစ်ယောက်"

ဟင်...။

ကျွန်မ မိစုစကားကြောင့် အံ့ဩမှင်သက်သွားရသည်။

အသစ်တစ်ယောက်တဲ့။

အခုတလော ကိုကိုတစ်ယောက် အရင်ကလို ပေါ့ပျက်ပျက်မနေတော့ဘဲ စီးပွားရေးလုပ်ငန်းတစ်ခု တည်ထောင်နိုင်ဖို့ ကြိုးစားနေတယ်ဆိုတဲ့ သတင်းကိုတော့ ကျွန်မ ကြားပြီးပါပြီ။

ဒါပေမယ့်...

ကျွန်မရဲ့ စိတ်ဆိုးမပြေသေးတာနဲ့ စကားတော့ မပြောဖြစ်ကြ။ အန်တီမေဆီကပဲ သတင်းစကား ကြားရခြင်းဖြစ်သည်။

"မမလေး...သွားပါလားဟင်၊ အဲဒီအစ်ကိုကြီး ဘယ်ရောက်လဲ၊ ဘယ်ကလဲလို့ သွားပြီးစုံစမ်းပါလား မမလေးရယ်၊ မိစု တအား တို့ စိတ်ဝင်စားပြီး သိချင်နေလို့ပါ"

"အံမယ်...ညည်းကများ မှန်းရသေးတယ်၊ မိစုချော် သိပ်ပြီးကြီးကျယ်နေပါလား"





"မဟုတ်ပါဘူး မမလေးရယ်၊ မိစုက မမလေးအတွက် ပြောနေတာပါ၊ အဲဒီအစ်ကိုကြီးက ချောလည်းချော၊ ဝတ်တာစားတာလည်း ကုမ္ပဏီသိတ္တာရှိဆိုတော့ ကိုယ့်မမလေးကို လင်ကောင်းသားကောင်း ရစေချင်တဲ့စိတ်လေး ပေါ်လာလို့ သွားခိုင်းနေတာ"

"အောင်မာ...ညည်းကများ"

"မမလေးကလည်းလေ ဟိုကပြန်သွားဦးမယ်၊ သွားပါလို့ဆိုနေ၊ အန်တီမေဆီ သွားသလိုလို၊ ဘာလိုလိုနဲ့ လှေလာခဲ့ပေါ့ မမလေးရဲ့၊ မကြိုက်ဘူးဆိုလည်း အရှုံးမှမရှိတာ၊ မသိချင်ဟန်ဆောင်ပြီး ပြန်လာလိုက်ပေါ့၊ သွားပါ မမလေးရဲ့၊ မမလေးတွေ့ရင် သူ့ကို တန်းကြိုက်သွားမှာသေချာတယ်"

ကြည့်စမ်း...

မိစုကတော့လေ တကယ်လွယ်တဲ့ ကောင်မလေးပါပဲ။

ကျွန်မတွေ့ရင် တန်းကြိုက်သွားမှာ သေချာတယ်တဲ့။

မဖြစ်နိုင်တာပဲ။

ကျွန်မရင်ထဲမှာ စွဲလမ်းတမ်းတနေမိတဲ့ မျက်နှာပိုင်ရှင်သူတစ်ယောက် အစကတည်းက ရှိနှင့်နေပြီးသားဆိုတာ မိစုမှမသိတာ။ သိလျှင် မိစု အရမ်းကို အံ့ဩသွားမှာပဲ။ ယုံမှာတောင် မဟုတ်ဘူး။

သူ...။

ကျွန်မရဲ့ ရင်ခုန်သံတွေက မြန်ဆန်အောင် ခုန်လှုပ်သွား၏



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တဲ့လူ။

ရုပ်ရှင်ရုံကြီးထဲတွင် မထင်မှတ်ဘဲ ကျွန်မနဲ့ နှစ်ယောက်တွဲ ခုံလေးတွင် ထိုင်ကြည့်သွားတဲ့လူ။

ကြည်မွေ့နုချောနေတဲ့ သူ့မျက်နှာနှင့် ဝါဝင်းစိုနေသော အသားအရေကို ပိုင်ဆိုင်ထားသော ထိုယောက်ျားကို ယနေ့ထက်တိုင် သူမအာရုံထဲက ဖယ်မထုတ်နိုင်ခဲ့တာလေ။

စိတ်မကောင်းစရာတစ်ခုက…

သူ…

ဘယ်သူဆိုတာ ကျွန်မမသိတာပဲ။

နာမည်လေးတောင် မသိခဲ့ရ။

မထင်မှတ်တဲ့ တွေ့ဆုံမှုလေးနဲ့သာ တစ်ခဏလေး ဆုံတွေ့ခဲ့ရခြင်းသာဖြစ်သည်။

"မမလေး…သွားလေ"

"မသွားချင်ပါဘူး မိစုရယ်၊ ငါ့နှလုံးသားတွေက ယောက်ျားတစ်ယောက်ကို လက်ခံစဉ်းစားရလောက်အောင် နေရာလွတ်မရှိတော့ဘူးဟ"

"ရှင်"

"ဟုတ်တယ် မိစု၊ ငါ့ရင်ထဲမှာ တစ်ယောက်သောသူက ရှိနှင့်နေပြီးသားလေ"

"အစ်ကိုလေးလား"





"ဖွဟဲ့…လွဲပါစေ ဖယ်ပါစေ၊ ဘယ့်နှယ် ပေါက်ကရတွေ လျှောက်ပြောနေရတာလဲ၊ ကိုကို့ကို အစ်ကိုတစ်ယောက်လိုပဲ ချစ်တာ၊ ငါ့ရင်ထဲမှာရှိတာက တစ်ခြားတစ်ယောက်"

"ဟယ်"

မိစု မျက်လုံးပြူးရပြီ။

မမလေးမှာ ချစ်သူရှိနေပြီဆိုတဲ့စကားက ယုံနိုင်စရာပင် မရှိတော့။ ဘယ်တုန်းက ချစ်သူရသွားတာလဲ။ မမလေးက သူများထို အပြင်လျှောက်သွားနေတတ်တဲ့သူလည်း မဟုတ်။ အပြင်သွားလျှင် မမလေးအနားမှာ တစ်ယောက်မဟုတ်တစ်ယောက်က စောင့်ကြည့်နေခဲ့သည်။

ဒီကြားထဲကနေ ရည်းစားထားတာဆိုတော့ အရည်အချင်းတော့ မသေးချေ။

"မမလေး"

"ပြော…အဲဒါဆိုလည်း မိစုအတွက်လို့ သဘောထားပြီး ပြောကြည့်ပေးပါလား မမလေးရယ်"

မိစုကတော့…

ဘာကြောင့်မှန်းမသိ တစ်ဖက်ခြံက အစ်ကိုလေး မိုးမြင့်ထွန်းဆီ လာလည်တဲ့ သူငယ်ချင်းအစ်ကိုကြီးနှင့်ပဲ မမလေးကို အသာတွေ့တူနေမိသည်။ အရမ်း အရမ်းကိုချောတာပါ။ မမလေးလည်း အရမ်းအရမ်းလှတာဆိုတော့ သိပ်ပြီးလိုက်ဖက်ညီမှာ



www.burmeseclassic.com

www.burmeseclassic.com



နုတ်ခွဲလေးဖြစ်လာရှာသဲ။

"မမလေး"

"အေးပါဟယ်…ငါသွားစပ်စုပေးဝဲ့မယ်"

မိစုကို ကတိပေးပြီး တစ်ဖက်ခြံဘက်သို့ စိတ်မပါပေမယ့် ခြံအေးတံခါးလေးမှတစ်ဆင့် ကျွန်မ ဝင်သွားဖြစ်ခဲ့သည်။ ခြေလှမ်း မှန်မှန်လေးနှင့် တိုက်အိမ်ကြီးထဲ ဝင်ခဲ့မိ၏။

ဧည့်ခန်းလေးထဲတွင် ထိုင်နေသော ကိုကိုနှင့် ကိုကို့သူငယ်ချင်း ဧည့်သည်ကို တွေ့ရတာမို့ စပ်စုချင်စိတ်လေးက ပို၍ ပြင်းထန်သွားရ၏။

မသိသောလေး အကဲခတ်ကြည့်မိတော့ ကိုယ့်မျက်လုံးပင် ကိုယ်မယုံနိုင်လောက်အောင် ဖြစ်သွားရချေပြီ။ ခြေလှမ်းလေးတွေကို တုံ့ခနဲ ရပ်လိုက်ပြီး ကိုကိုနဲ့ စကားပြောနေတဲ့သူကို ငေးကြောင်မှာ ကြည့်နေမိ၏။

"သူ…သူပါလား"

ဟုတ်ပါတယ်။

သူမှသူပါပဲ။

ကျွန်မရဲ့ ရုပ်ရှင်ရုံလေးထဲတွင် တစ်ခုံတည်းအတူတူတွဲ ထိုင်ပြီး ကြည့်ဖြစ်ခဲ့တဲ့ သူ့ကို ယနေ့ထက်တိုင် မေ့မရသေးချေ။

သူ့ပုံရိပ်တွေက ကျွန်မရဲ့ အသိအာရုံတွေထဲမှာ စွဲထင်နေခဲ့တာလေ။ ကျွန်မ သိပ်မှတ်မိတာပေါ့။ တစ်ချိန်လုံး မျှော်လင့်နေ





ခဲ့ရတဲ့ အရာဝတ္ထုတစ်ခုကို ရှာရှိလိုက်သလိုပင် ရင်တဆတ်ဆတ်ခုန်သာ ဝမ်းသာပျော်ရွှင်နေမိသည်။

ဒါ…

တကယ်လားဟင်။

အိပ်မက်မက်ပြီး ပျော်လွင့်နေတာတော့ မဟုတ်လောက်ပါဘူးနော်။

"သမုခပါလား…လာလေ တံခါးပေါက်ဝနားမှာ ဘာချီလုပ်နေတာလဲ"

ကိုကို့ဆီမှ ခေါ်သံကြောင့် ကျွန်မ တိုးကပ်သွားမိသည်။ လှမ်းလိုက်တဲ့ ခြေလှမ်းတွေထဲမှာ အင်အားတစ်ရပ် ပျော်ဝင်စီးမျောနေသလိုပင် ခံစားရ၏။ ကျွန်မ ရင်ခုန်သံတွေ တထိတ်ထိတ်ခုန်မြန်နေချေပြီ။

သူမကို မြင်လိုက်သည်နှင့် ပြုံးစစနှုတ်ခမ်းလေးနဲ့အတူ ရှင်းသန့်ကြည်မွေ့သော သူ့မျက်နှာချောချောက ရင်းနှီးမှုစ်လို့စွာပင် ပြုံးဆို၏။ စူးရှလွန်းတဲ့ သူ့မျက်ဝန်းအကြည့်ရှေ့တွင် သိမ်ငယ်မှုများ၊ ထိတ်မှုများနှင့် အရောက်လှမ်းရသော ခြေလှမ်းများ ယိမ်းယိုင်ချင်နေသည်။

"သမုခလေ…ကိုစွမ်း၊ ကိုစွမ်း မှတ်မိတယ်မဟုတ်လား"

"ဟိုတစ်ခါ ရုပ်ရှင်ရုံထဲမှာ တွေ့ခဲ့တဲ့တစ်ယောက် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ကိုစွမ်း"

ကျွန်မ...

မယုံကြည်နိုင်လောက်အောင်ပဲ အံ့ဩသွားရပြီ။

ကိုစွမ်းလို့ တရင်းတနှီးခေါ်တဲ့သူက ကျွန်မရဲ့ ရင်ခုန်မှုထဲမှာ တွေ့ဆုံခဲ့ရမှုလေးကို သတိတရရှိနေခဲ့တာ မယုံနိုင်စရာပါပဲ။ သူဟာ အလွယ်တကူပဲ သူ့ကို မေ့ပျောက်သွားမှာပါလို့ ထင်ထားမိတာ ကျွန်မသိပ်မှားသွားပြီပေါ့လေ။

ကြည့်စမ်း...

သူ့မျက်ဝန်းတွေထဲမှာ ဖော်ရွေရင်းနှီးတဲ့ အရိပ်အယောင်တွေနဲ့ လက်ပြလို့နေတာပဲ။

ကိုကို့ရဲ့ အထူးတလည်မိတ်ဆက်ပေးမှုလေးကြောင့် ကျွန်မတို့ ဒုတိယအကြိမ် နီးနီးကပ်ကပ်မြင်ပြီး အမှတ်တရရှိနေတော့မှာကို တွေးမိပြီး ဝမ်းသာပျော်ရွှင်နေမိ၏။

ကျေးဇူးပဲကိုကို။

အခုလို...

ကျွန်မကို အရေးတယူမိတ်ဆက်ပေးတာကိုလေ။

ဒါပေမယ့်...

လိုအပ်ချက်တစ်ခုတော့ ရှိတယ်ကိုကို။

အဲဒါ...

သူ့ရဲ့နာမည် အပြည့်အစုံကို ပြောပြီး ကျွန်မကို အသိ





အမှတ်မပြုနိုင်းတာပဲ။ ကျွန်မလေ သူနဲ့ တောင်ဆုံတွေ့ချိန်ကစပြီး သူ့နာမည်လေးကို သိချင်နေတာ တစ်ပိုင်းသေတော့မယ်ကိုကို။

"ကိုကို...အခု ကိုကို့ရဲ့သူငယ်ချင်းအသစ်ကို ဘယ်တုန်းကစပြီး ရင်းနှီးသွားတယ်ဆိုတဲ့အကြောင်း ကျွန်မ မသိရသေးဘူးနော်၊ ကိုကို ဘယ်အချိန်ကတည်းက လျှို့ဝှက်တတ်သွားတာလဲ"

သိလိုဇောလေးနှင့် ကျွန်မ ကိုကို့ကို မေးမိသည်။

"အဲဒါ နင်နဲ့မဆိုင်ပါဘူး ချဉ်ဖတ်ရဲ့၊ သွား...သွား အမေ အိမ်နောက်ဖက်မီးဖိုခန်းမှာ ရှိနေတယ်၊ သွားတွေ့လိုက်ဦး"

ကြည့်စမ်း...

ဒါ...,

တခင်သတ်သက် ကိုကိုနှင်တာပဲ။ ကျွန်မ ဒီအနားကနေ မခွာချင်ဘူးဆိုတာ ကိုကိုမသိဘူးလား။ သူနဲ့ ရင်းနှီးခင်မင်ခွင့်ရဖို့ ကျွန်မ အရမ်းကို မျှော်လင့်နေခဲ့ရတာ ကိုကိုရဲ့။ ဒါကို ကျွန်မက အလွယ်လွယ်ပဲ လက်လွှတ်အရှုံးခံပြီး ထွက်သွားရမှာလား။

ကျွန်မ...

ပေကပ်ကပ်လေး ရပ်နေမိသည်။

"ဟဲ့...ဒါ ဘာရပ်လုပ်နေတာလဲ၊ သွားလေ"

ဒုတိယအကြိမ်...

လေသံမာမာကြီးနဲ့ မနှစ်မြို့သလို နှင်လိုက်ချိန်တွင်တော့ ကိုစွမ်းဆိုတဲ့လူ့ရဲ့ မျက်ဝန်းအကြည့်တွေက ကျွန်မဆီ ရောင်းငဲ့ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လာ၏။

ကျွန်မ…

အရှက်သည်းသွားရသည်။

ကိုကို အော်တာကို ရှက်၍ မျက်ရည်လေးပင် ဝဲတက်သွားပြီး ခေါင်းလေးကို ခတ်ခါ၍ ငုံ့ချလိုက်ရ၏။ ကျွန်မ အရင်က ဆိုလျှင် အဲဒီလိုအော်လို့ကတော့ ကိုကို့ထက် အသံနှစ်ဆ ကျယ်အောင်အော်ပြီး ကိုကို့ရဲ့ စကားဝိုင်းလေးကို ဝင်ဖျက်တတ်တာလေ။

အခုတော့…

ကျွန်မ ငြိမ်သက်နေမိသည်။

သူ့ရှေ့ကနေ ဝမ်းနည်းကြေကွဲစွာ ရှာ၍ လှည့်ထွက်ခဲ့၏။

ထူးဆန်းလိုက်တာ။

ကိုကို့နဲ့အပြိုင် ဝန်းဝိုင်းကြ သောင်းကျန်းမှိုစိတ်တွေ ရုတ်ချည်း ပျောက်ကွယ်ကာ အရှုံးကို အံ့ဩစရာပင် ကောင်းနေခဲ့တော့၏။

"ဟော…သမီးလေး သရုစပါလား၊ လာ…လာ အတော်ပဲ၊ အန်တီမေ ထမင်းပွဲတွေ ပြင်ဆင်ပြီးပြီ၊ သမီးပါ တစ်ခါတည်းအတူတူစားတော့"

"အန်တီမေ"

"ပြောလေ သမီး"

"သရုစ မစားတော့ဘူး၊ အပြင်မှာ စည့်သည်ရှိနေတယ်





ဆိုတော့"

"အို…ဘာဆိုင်လို့လဲသမီးရဲ့၊ သမီးက သူစိမ်းမှမဟုတ်တာ၊ အန်တီမေအတွက်တော့ သမီးက ဒီအိမ်ရဲ့ မိသားစုဝင်တစ်ယောက်ပဲ၊ သမီးပါ အတူတူစားရမယ်"

အို…

ကျွန်မပါ သူနဲ့ ထမင်းတစ်ဝိုင်းတည်း အတူတူစားရမယ်တဲ့။

အန်တီမေရယ်…။

ဒီအခွင့်အရေးလေးကိုပေးတာ ကျေးဇူးတင်လိုက်တာ။ တကယ်ဆိုရင် သူရောက်နေတဲ့ အခုအချိန်လေးမှာ ကျွန်မ ဘယ်ကိုမှ ထွက်မသွားချင်တာ ဆန္ဒအမှန်ပါ။

ဒါပေမယ့်လည်း…

ကျွန်မ အလိုက်သိရမယ်လေ။

ဒါကြောင့်…

ငြင်းမယ်လို့ ကျွန်မ ခွင့်တောင်းလိုက်မိတာပါ။

ကျေးဇူးပါပဲ အန်တီမေ၊ သူနဲ့လက်ဆုံစားရခွင့်လေးကို ထက်ခံပေးခဲ့တဲ့အတွက် အန်တီမေကို သိပ်ပြီး ကျေးဇူးတင်တာပါပဲ ရှင်။

✸▯✸



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

"သားကိုကိုနဲ့ စိတ်ဆိုးမပြေကြသေးဘူးလားဟင် သမီးလေး"

"ရှင်"

နေလယ်စာ စားပွဲလေးတွင် ထမင်းလက်ဆုံ စားနေနိုက် အပြုံးနုနုလေးတွေနှင့် ကျွန်မနဲ့ကိုကိုတို့ စကားမပြောဘဲ အေးတိအေးစက်စားနေပုံကို ကြည့်ပြီး ချွေသည်ရှေ့မှာပင် ဟန်မဆောင်နိုင်ဘဲ မေးလိုက်တဲ့ အမေးကြောင့် ကျွန်မခေါင်းလေး ဆတ်ခနဲ ထောင်မတ်ကာ အန်တီမေကို ကြည့်လိုက်မိသည်။

"သမီးနဲ့သား…ဘယ်အချိန်ထိ စိတ်ကောက်နေကြဦးမှာလဲ"





အို…။

အနေခင်အသွားမလွတ်သော မေးခွန်းကြီးကြောင့် ကျွန်မ ရင်ထဲ ထိတ်ခနဲဖြစ်ကာ ကိုစွမ်းဆီသို့ အကြည့်လေးတွေရောက်တော့ သိလိုဇောနှင့် ရူးစမ်းစွာ မော့ကြည့်လာသော မျက်ဝန်းအကြည့်လေးတွေနှင့် ဆုံသွားရသည်။

"မေမေကလည်း ဘာတွေလျှောက်မေးနေတာလဲ၊ ကျွန်တော် ဘယ်မှာစိတ်ကောက်နေလို့လဲ"

ကိုကိုက…

ကိုစွမ်းရှေ့မှာ ရှက်ရမ်းရမ်းပြီး စတင်၍ ငြင်းဆိုခဲ့၏။

"ဒါတော့ဟုတ်တယ် သမီးလေးရဲ့၊ သားကိုကိုက မနေ့ကလေးတင် သမီးလေးကို ပြန်ခေါ်မှဖြစ်တော့မယ်လို့ အန်တီမေ့ကို ပြောထားတာပဲ။

သမီးကို မတွေ့ရလို့ဆိုပြီး ငြီးနေတယ်လေ။ တကယ်တော့ သမီးကိုကိုက သမီးလေးကို ချစ်ပါတယ်ကွယ်၊ တစ်ခါတလေ စိတ်အခန့်မသင့်လို့ ရန်ဖြစ်ပေမယ့် သမီး အိမ်ကိုလာရင် သူ့ခေါ်တတ်တာမဟုတ်ဘူး။ ဒီတစ်ခါတော့ သမီးလေး စိတ်ဆိုးပြေသင့်ပြီ"

ပြောသနားခဲ့။

အန်တီမေက ရိုးရိုးသားသားပြောပေမယ့် သူတစ်မျိုး အထင်လွဲမှားသွားမှာကို ကျွန်မ သေလောက်အောင် ကြောက်ရွံ့မိရ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"သမီးလေး"

"ရှင်"

"ကိုကိုနဲ့ ပြန်ခေါ်တော့နော်"

"ဟင့်အင်း…မခေါ်ချင်ပါဘူး၊ ကိုကိုက ဒီညီမလေး တစ်ယောက်တည်းရှိတာဆိုပြီး တစ်ချိန်လုံး အနိုင်ယူဗိုလ်ကျချင်နေတာ"

ကျွန်မ…

ကိုစွမ်း အထင်လွဲလောက်မည့် အကြောင်းပြချက်တစ်ခုကို စကားလေးထဲတွင်ထည့်ကာ တခင်ပြောဖြစ်လိုက်သည်။ ဒါဆိုလျှင် ကိုကိုနဲ့ ကျွန်မကြားမှာရှိတဲ့ ဝတ်သက်နေမှုကလေးကို သူ နားလည်သဘောပေါက်သွားမှာလေ။

ကျွန်မမျက်နှာလေးကို စိုက်ကြည့်နေတဲ့ ကိုစွမ်းရဲ့ မျက်ဝန်းလေးတွေက တစ်စုံတစ်ခုအတွက် စိတ်သက်သာရာ ရသွားသလို ဖြစ်ပြီး တည်ငြိမ်သွားတော့ မြင်လိုက်ရမှ တိတ်တဆိတ်လေး ပျော်ရွှင်သွားရသည်။

"သမုနော်…စကားမပြောနဲ့၊ ကိုကို ဘယ်တုန်းကများ အနိုင်ယူနိမ်ချုပြီး ဆက်ဆံတတ်လို့လဲ"

"ထိုထို…ကျွန်မကို ကြောခေ အသံကျယ်ကြီးနဲ့ ယောက်တာ ဘာလဲကိုကို"





"အံမယ်…နင်ကရော ငါ့ကို ဒီထက်ကျယ်တဲ့အသံနဲ့ ပြန်အော်တာပဲမဟုတ်လား၊ အငယ်ဆိုပြီး ဘယ်တုန်းကများ ငြိမ်ခံဖူးလို့လဲ"

သေစမ်း…

အချက်ကျကျ ထောက်ပြပြီး ပြောလိုက်တဲ့ ကိုကို့စကား ကြောင့် ကျွန်မမျက်နှာလေး ရှက်သွေးလေး ရဲဝေါင်းခတ်သွားရ ပြီ။

ကိုစွမ်းရှေ့မှာ ကျွန်မကို လူဆိုးမလေးတစ်ယောက်လို့ ကိုကို အသိပေးလိုက်တာပဲ။ သွားပါပြီ…ကျွန်မတော့ သိက္ခာတွေ ကျပြီး အရှက်ကွဲပါပြီ၊ ကိုစွမ်း အထင်သေးတော့မှာပဲ။

နှုတ်ခမ်းလေးတင်းတင်းစေ့ကာ အသံလေးမထွက်တော့တဲ့ ကျွန်မကိုကြည့်ပြီး သူက ကြည်မွေ့စွာဝင်ဖြေးကာ…

"တကယ့်ကို အမိပွါယ်ရှိတဲ့ မိသားစုထမင်းဝိုင်းလေးပါပဲ၊ အန်တီမေက ကျွန်တော့်ရဲ့ အစေးနဲ့အထီးကျန်နေတဲ့ ဘဝထဲကို ပျော်ရွှင်မှုလေးတွေ ထည့်ပေးခဲ့တယ်နော်၊ အရမ်းကို ကျေးဇူးတင်ပါ တယ်၊ ဒီထမင်းဝိုင်းလေးကို ဘယ်သောအခါမှ ကျွန်တော် မေ့ပျောက်လို့ရတော့မှာ မဟုတ်ဘူးဗျာ၊ အဟွန်း…ဟွန်း"

"ဟာဗျာ…ကိုစွမ်းကတော့ ပြောရှာပေါ့၊ ဒီလောက် ရှုပ်ရတဲ့ ထမင်းဝိုင်းကိုများ ချီးမွမ်းနေရတယ်လို့"

ကိုကိုက ရယ်ပဟာနှင့်ပြောတော့…



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ဘဝတစ်လျှောက်လုံး ဒီလိုမွေးတွေးတဲ့ ထမင်းဝိုင်းမျိုး တစ်ခါမှ မစားခဲ့ဖူးဘူးဗျ။ မိသားစုသုံးယောက်ပဲ ရှိတာတောင် တစ်ယောက်တကွဲတပြားစီ စားဖြစ်ကြတဲ့အချိန်က များတယ်လေ။

တစ်ခါတလေတော့…

မာမီ ကိုယ့်ကို ဘာကြောင့် တစ်ယောက်တည်း မွေးခဲ့ရတာလဲဆိုပြီး ဝမ်းနည်းမိတယ်။ သမုခလို ခပ်စွာစွာ ရှုံ့ဖြန်တွေ့တတ်မယ့် ညီမလေးတစ်ယောက်လောက် မွေးထားခဲ့ရင် သိပ်တောင်းမှာပဲဗျာ"

အို…

ခပ်စွာစွာညီမလေးတဲ့။

ကျွန်မကို ကိုစွမ်းရဲ့ ဈေးကွက်လုံးထဲက တကယ့်ကို ကလေးသာသာပဲ မြင်နေခဲ့တာလား။

ဟုတ်ပါတယ်။

ဒါကြောင့်လည်း ကျွန်မကို တွေ့ကတည်းက 'ကလေး' လို့ ခေါ်ခဲ့တာပေါ့။ သူ့စိတ်ထဲမှာ ကလေးအသာအရွယ်လေး လို့ ထင်မြင်ယူဆနေတာ သိပ်ကိုသိသာလွန်းနေသည်။

ထမင်းစားဝိုင်းလေးက ပြန်လည်၍ တိတ်ဆိတ်သွား… လည်း လူတိုင်းရဲ့ စိတ်ထဲမှာ အတွေးကိုယ်စီနှင့် ဝေးရီရီလေး… ဖြစ်နေကြတာတော့ အမှန်ပင်။ ကျွန်မ ခန့်မှန်းမိသလောက်ဆို… ကိုစွမ်းကိုကြည့်ရတာ အင်မတန် အဖော်မဲ့နေသလိုပင် အထီး…





ဆန်လွန်းနေ၏။

ဒါကို…

အန်တီမေက သနားကရုဏာသက်နေသလို ကိုကိုနိုးမြင့်ထင့်ကလည်း စာနာနားလည်နေသလိုရှိသည်။ ဘာတွေလဲ။ ကျွန်မ သိချင်လိုက်တာ။ ကိုစွမ်းရဲ့ ရင်ထဲက ခံစားနေရတဲ့အကြောင်းအရာလေးတွေကို သိပ်ပြီး ကျွန်မ ဖြည့်ဆီးပေးချင်လိုက်တာ။

ဒါပေမယ့်…

ကျွန်မ ဘယ်သူ့ကိုမှ မမေးရဲခဲ့ပါ။

ထမင်းစားဝိုင်းလေး ပြီးစီးသည့်အထိ မိသားစုအကြောင်း ဆောတ်ဘဲ လုပ်ငန်းတွေအကြောင်းတွေချည်းသာ စပ်စုနေခဲ့သော ကိုတို့ကြောင့် သမုခ သိချင်သော အကြောင်းအရာလေးတွေကို သိခွင့်မရခဲ့ပါချေ။

နေ့လယ်စာစားပြီး ခဏကြာတော့ သူပြန်သွားသည်။

အားလုံးကိုနှုတ်ဆက်ပြီး သူပြန်သွား၏။

ကျွန်မစိတ်ထဲ လှစ်ခနဲဟာတက်သွားသလို ဝမ်းနည်းကြေကွဲစိတ်လေးတွေလဲ တိုးဝင်လာခဲ့သည်။ ကျွန်မ တစ်ပက်ခြံထဲကိုပြန်ဖို့ စိတ်မကူးမိသေးပါ။ သိချင်နေသေးသည်။ ကိုကိုနဲ့ သူ ဘယ်တုန်းကတည်းက သူငယ်ချင်းတွေ ဖြစ်ခဲ့ကြတာလဲဆိုတဲ့ အချက်ရော။

သူ့စိတ်ထဲမှာ အခုလောက်ထိ အားငယ်ဖျော့တော့…



www.burmeseclassic.com

www.burmeseclassic.com



လောက်တဲ့ အဓိကအချက်အလက်ကိုသာ ကျွန်မ သိချင်နေသေးသည်။ ဒါကို သိခွင့်ရဖို့ဆိုတာ ကိုကိုနဲ့သမုခ ပြန်ပြီးသင့်မြတ်မှ ဖြစ်မှာလေ။

"ကိုကို"

"ဘာလဲ"

ထူးသံကြီးက အောင့်သက်သက်။

သို့သော်…

အခုအချိန်မှာတော့ ကျွန်မ အတော်ကလေး စိတ်ရှည်ဖို့ လိုအပ်နေမှန်း ရိပ်မိတာကြောင့် စိတ်မဆိုးရက်စွာ သွားလေးတွေ ပေါ်သည့်အထိ ရယ်ပြလျက်…

"ကျွန်မတို့ ပြန်ခေါ်ရအောင်"

"ဟွန်း…ပုံစံက စပ်ဖြဲဖြဲနဲ့ ဘာတွေ လူကိုမကောင်းကြံညဉ်ဦးမလို့ အချိုသတ်နေတာလဲ"

"ကိုကိုတလည်းလေ ကျွန်မကိုဆို ဘယ်တော့မှ အကောင်းမမြင်ဘူး"

နှုတ်ခမ်းလေးစူစူ၊ ပါးမှုန့်နဲ့လေးနဲ့ဆိုတော့ ကိုကို မနေနိုင်တော့တဲ့ မျက်နှာကြီးက ပြုံးလာတော့၏။ ကျွန်မကို အချိန်ကြာကြာ တင်းခံပြီး မခေါ်မပြောဘဲ ကိုကိုမနေနိုင်ဘူးဆိုတဲ့အချက်ကို ကောင်းကောင်းကြီး သိထားသည်။

"ထားပါတော့…ပြော ငါ့ကို ဘာတွေတောင်းဆိုဦးမလို့





ထဲ သမုခ"

"အဟဲ…လိမ္မာလာပြီ၊ အဲဒီလို သဘောပေါက်လွယ်လွန်းလို့ ကျွန်မကချစ်တာ"

ဟင်…

မိုးမြင့်ထွဋ်ရင်ထဲ သမုခရဲ့စကားလေးကြောင့် တစ်မျိုးကြီးဖြစ်သွားရသည်။ အရုတလော သမုခတစ်ယောက် သူ့ကို မျက်နှာချိုမဆိုင်ဘဲ ရှောင်ဖယ်ရှောင်ဖယ် လုပ်နေကတည်းက သူ့စိတ်ထဲမှာထိုင်မသာကြီး ဖြစ်နေခဲ့ရသည်။

မျက်နှာချင်းဆိုင်လျှင် မတည့်ချင်ပေမယ့် တွေ့မြင်နေရကြားနေရသော သမုခရဲ့ပုံရိပ်တွေ၊ စကားသံလေးတွေ၊ ရန်တွေ့နေသံလေးတွေကို ပြန်မြင်ယောင်-ကြားယောင်မိကာ သူမလေးကို သတိတွေရနေမိသည်။

ဘာကြောင့်လဲ…

ဒါ ဘာကြောင့် အခုလိုတွေဖြစ်နေရသလဲ။

ခေါင်းရှုပ်လွန်းလို့ ဆက်ပြီး မစဉ်းစားချင်ပေမယ့် တိုက်ပိတ်ခိုင်ဆိုင် သူ့ရှိနေတဲ့ အချိန်လေးတွင် သမုခ ရောက်လာတာမို့တော့ လိုက်ခဲ့ ဝမ်းသာသွားမိတာ သူ့ရှိနေလို့ သူမလေးထွက်သွားမှာစိုး၍ လှမ်းခေါ်မိခဲ့သည်။

သူ့ရဲ့မသိစိတ်မှာ သမုခက နိုတွယ်နေခဲ့ပြီဆိုတာ ဒီကနေ့မှ သူကောင်းကောင်းကြီး နားလည်လိုက်တော့၏။ ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



လေး သုစိမ်းစည်သည်ရှေ့တွင် ရပ်နေစေချင်သောစိတ်နှင့် သုမ လေးကို အနားကနေ ထွက်သွားစေလိုက်သော်လည်း ရှက်အားငယ် စွာ ရပ်ငိုင်းသွားတဲ့ သုမချက်ဝန်းလေးထဲက မျက်ရည်ကြည်လေး တွေသွားတာကို မြင်လိုက်ရတော့ သူ့ရင်ထဲ နင့်ခနဲနေအောင်ပင် ခံစားရသည်။

သို့ပေမယ့်…

လိုက်တော့မချော့ချင်။

အမြဲတမ်း…

သမုခနှင့်ဝတ်သက်ပြီး သူက အရှုံးပေးခဲ့ရသူလေ။

ဒီတစ်ခါတော့…

အနိုင်ပိုင်းတာ သူနေပစ်လိုက်ပေမယ့် စိတ်ထဲမှာတော့ မကောင်းပါ။ အခုလို သုမလေးဘက်က အလျှော့ပေးပြန်ဆက်ဆံလာ တော့ သူ့ရင်ထဲ ဖော်မပြနိုင်လောက်အောင်ပင် ဝမ်းသာနေရတော့ သည်။

"ကိုကို"

"သမုခ"

"မာမီကလေ…သမုခကို ကားဝယ်ပေးမယ်တဲ့"

"အဲဒါ…ဘာဖြစ်လဲ သမုခ၊ ဘာလဲ ကိုကို့ကို လာပြ တာလား"

"မဟုတ်ပါဘူး ကိုကိုရဲ့၊ သမုခက အဲဒီလိုကြွားချင်

တာ၊ ဒါပေမယ့် မကြွားနိုင်သေးဘူးဖြစ်နေရတယ်"

"ဘယ်လို"

"ဟုတ်တယ် ကိုကိုရဲ့၊ မာမီက ကားဝယ်ပေးသင့်မသင့် ကို ကိုကို့ဆီက အကြံဉာဏ်တောင်းဦးမယ်တဲ့၊ အဲဒါ ကိုကိုက ဝယ်ပေးလိုက်ပါလို့ ပြောပေးပါလား ကိုကို"

ဟင်…

ကြည့်စမ်း…

သင်းက သူ့ကို တကယ့်စိတ်ရင်းအမှန်နဲ့ လာပြီး ချော့ကပ် တာမဟုတ်ဘာ။ သူကားလိုချင်လွန်းလို့ ကျွန်တော့်ဆီက ခွင့်ပြု ချက်ရအောင် စိတ်ထဲက မပါဘဲနဲ့ ရလိုမှုတစ်ခုအတွက် လာပြီး ဆက်ဆံနေတာပဲ။ သူ့ရင်ထဲ ဆတ်ဆတ်ခါအောင် နာကျင်သွားရ သည်။

"ကိုကို"

"နင်…တော်တော်ဆိုးတာပဲ သမုခ၊ ဒါကြောင့် နင်က ငါ့ဆီကိုရောက်လာပြီး တရင်းတနှီးလာနေတာပေါ့လေ"

"ကိုကိုနော်…ကျွန်မ ကိုကို့ကို ပြန်ခေါ်တာ ကားလို ချင်စိတ်တစ်ခုတည်းနဲ့ မဟုတ်ဘူး။ ကျွန်မ ရန်မဖြစ်ချင်တော့လို့ကို ပြန်လာခေါ်တာ၊ ကိုကို ဘာကြောင့် တစ်မျိုးထင်မြင်ယူဆနေရတာ လဲ"

"မင်းစကားက ယုံရာမကောင်းဘူး သမုခ"







www.burmeseclassic.com

www.burmeseclassic.com



သူ…

စိတ်မကောင်းဖြစ်သွားရသည်။

သမုခကို တကယ့်စိတ်ရင်းအမှန်နဲ့ လာခေါ်ပြောနေတာလို့ ထင်မှတ်ထားတာလေ။ သမုခရယ်…ကိုကိုလေ မင်းနဲ့အစလို ရန်မဖြစ်ဘဲ အေးအေးချမ်းချမ်းနဲ့ ပြေလည်ချင်နေတာပါ။ ဒါပေမယ့် မင်းက ဟန်ဆောင်မှုတွေနဲ့ ကိုကို့ကိုလာပြီး ချုပ်ကပ်တာသိရတော့ အရှမ်းခံစားရတယ် သမုခလေးရယ်…။

"ကျွန်မ တကယ်ပြောတာပါ ကိုကိုရဲ့၊ နောက်ဆိုရင် ကျွန်မ ကိုကို့ကို စိတ်ညစ်အောင်လည်းမလုပ်ဘူး၊ ဘယ်တော့မှ အသံကျယ်ကြီးနဲ့လည်း ရန်မတွေ့တော့ဘူး။ လိမ်လိမ်မာမာနေပါ့မယ် ကိုကို၊ တကယ် ကတိပေးပါတယ်။"

သမုခကို တားဝယ်ပေးဖို့ မာမီကို တိုက်တွန်းပေးပါ ကိုကိုရယ် နော်၊ သမုခ ကားအရမ်းလိုချင်နေပြီ။ ကိုကို ခေါင်းတစ်ချက်ညိတ်လိုက်ရင်ပဲ ရပြီ ကိုကို၊ မာမီက ချက်ချင်းဝယ်ပေးမှာတဲ့"

"ကိုကို စဉ်းစားဦးမယ်"

"ကိုကိုကလည်း"

"မင်းပြောတာ တကယ်ဟုတ်လား မဟုတ်ဘူးလားဆိုတာကော့ အချိန်ယူပြီး စောင့်ကြည့်ရဦးမှာပေါ့ သမုခရဲ့၊ တော်ကြာ ကားလဲဝယ်ပြီးရော ငါ့ကို အရင်ကလို မလေးမစားဆက်ဆံတော့





ဘယ်လိုလုပ်မလဲ"

"မလုပ်တော့ပါဘူးဆို ဆိုနေကိုကျိန်ပြပါ့မယ်ကိုကိုရယ်၊ ကျွန်မ တကယ်ကတိပေးပါတယ်"

မိုးမြင့်တွင်…

သနားစရာယ် လက်အုပ်လေးချီပြီး တောင်းဆိုနေတဲ့ သမုခရဲ့ ပုံစံလေးကို ရယ်လည်းရယ်ချင်၊ မကြည့်လည်း မကြည့်ရက်တော့တာမို့ တိုက်ကြီးထဲသို့ ပြန်ဝင်ခဲ့သည်။

"ကိုကို"

"…"

"ကိုကို"

ခေါ်သံလေးနှင့်အတူ သူ့နောက်ကျောဘက်မှ အပြေးလေး လိုက်လာတာသိပေမယ့် သူလှည့်မကြည့်မိ။

ဒီကောင်မလေးကို အနည်းအကျဉ်းတော့ စိတ်ရှုပ်ထွေးမှုတွေ ပြန်ပေးမှဖြစ်မည်။ သင်းလုပ်ခဲ့တဲ့ဟာက သူဘယ်လောက်ခံရ ခက်ခဲ့သလဲဆိုတာ သိသွားအောင်လေ။ ဒါကြောင့် တမင်ညစ်ထားလိုက်ခြင်းဖြစ်တော့သည်။

❋ ။ ❋



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

"လာဗျာ…ကိုနိုင် စွမ်းထက်၊ မောင်ရင့်ကို မျှော်နေတာ"

"ဆောရီးပဲဗျာ…ကိုတင်ဝင်း၊ ကျွန်တော် ကိစ္စလေးနည်းနည်းရှိနေလို့ နောက်ကျသွားတယ်"

ဒီနေ့…

ကိုတင်ဝင်းနှင့် စီးပွားရေးလုပ်ငန်းတစ်ခု ဆွေးနွေးရန် ချိန်းဆိုထားသည်။ အလုပ်အတွက် အချိတ်အဆက် အချိန်တိကျနေတတ်တဲ့ နိုင်စွမ်းထက်တစ်ယောက် အခုတော့မှ ထိုနေ့နှင့် နေ့လယ်စာစားခဲ့တာမို့ အချိန်အနည်းငယ် နောက်ကျမှ ကိုတင်ဝင်းဆီကို ရောက်သွားရသည်။

သူရောက်တော့…





ကိုတင်ဝင်းမှာ စိတ်သက်သာရာရသူတစ်ယောက်လိုပင် ဖြစ်နေတာ တွေ့ရ၏။

"ကိုယ်က မောင်ရင်မလာဖြစ်တော့ဘူးလို့ ထင်ပြီး စိတ်ပူနေတာ၊ ကျေးဇူးပဲဗျာ အခုလိုရောက်လာပေးတဲ့ အတွက် အထူးကိုကျေးဇူးတင်ပါတယ်"

"စိတ်မကောင်းပါဘူး…ကိုတင်ဝင်းရယ်၊ အလုပ်ကိစ္စလေးရှိနေလို့ နောက်ကျသွားတာပါ၊ ကိုတင်ဝင်းကိုတော့ စောင့်နေတော့မှာပဲလို့ တစ်ချိန်လုံး သတိရနေပါတယ်၊ ဒါကြောင့်လည်း အမြန်ဆုံးရောက်အောင် လာခဲ့တာပါ"

"ရပါတယ်…ကိုနိုင်စွမ်းထက်ရာ ဖြေရှင်းပြစရာမလိုပါဘူး၊ အခုရောက်လာပြီပဲဟာ အလုပ်ကိစ္စအကြောင်း ဆွေးနွေးကြတာပေါ့ ကိုနိုင်စွမ်းထက်"

"ဟုတ်ပြီ…ကိုတင်ဝင်း၊ ကျွန်တော် စိတ်ဝင်စားပါတယ်၊ ပြောပါ"

ကိုတင်ဝင်းက ဖိုင်တွဲတစ်ခုကို ကျွန်တော့်ရှေ့တွင် ချပြီး စာရွက်စာတမ်းများကို ကြည့်ရှုလေ့လာစေသည်။

"ကိုယ့်စိတ်ကူးက သူ့ထက်ငါ အပြိုင်အဆိုင် အိမ်ယာ တွေ ဆောက်လုပ်နေမယ့်အစား ကိုယ့်စိတ်ချေ ဒေါက်တာ ချိုနိုင်ဝင်းရဲ့ အကြံဉာဏ်အတိုင်း နိုင်ငံတကာ အဆင့်မီ အထူးကု ဆေးခန်းကြီးတစ်ခုကို ဖွင့်ချင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်…

မောင်ရင့်ကို ကိုယ်တို့နဲ့အတူ ဖူးပေါင်းလက်တွဲဖို့ ကမ်းလှမ်းတာပါ။ ငွေကြေးက ထင်ထားတာထက် ပိုပြီး ကုန်ကျနိုင်တယ်ဆိုတော့ တခြားရှယ်ယာရှင်တွေကိုလည်း ခေါ်ရဦးမယ်လေ၊ စိတ်ဝင်စားပြီး လက်တွဲလုပ်လို့ကောင်းမယ် လုပ်ငန်းရှင်မျိုးကိုပေါ့၊ အဓိကက ကိုနိုင်စွမ်းထက်ရဲ့ စိတ်ပါဝင်စားမှုပါပဲ၊ ကိုယ် တအားကို မျှော်လင့်ထားတာလေ"

"ဒါနဲ့ ကျွန်တော် တစ်ခုလောက်တော့ ပြောချင်တယ်၊ အခုအချိန်မှာ အထူးကုဆေးခန်းကြီးတွေက အပြိုင်အဆိုင်များနေတာ ဆိုတော့"

"အဲဒါကို စိတ်မပူပါနဲ့ ကိုနိုင်စွမ်းထက်၊ ခေတ်ဆောင်မှုအပိုင်းနဲ့ ဒီဆေးခန်းလာပြနေတဲ့ လူနာတစ်ယောက်ရဲ့ စိတ်ချယုံကြည်ရမှုကို အလေးထားပြီး ထိုးဖောက်မှာမို့ အောင်မြင်မယ်လို့ ယုံကြည်ပါတယ်။ ပြီးတော့ ဈေးနှုန်းကိုလည်း အချိုသာဆုံးဖြစ်နိုင်လောက်မယ့်အထိ အသေးစိတ် ရေးဆွဲထားပါတယ်၊ ဟောဒီမှာ မူကြမ်းရေးလေ့လာကြည့်ပါ ကိုနိုင်စွမ်းထက်"

"ကောင်းပြီ…ကိုတင်ဝင်း၊ ဒီမူကို အသေးစိတ် ကျွန်တော် လေ့လာမယ်ဗျာ၊ ပြီးရင် စဉ်းစားမယ်"

"ကျွန်တော်တို့အားလုံး တစ်နေတော့ ဆုံရအောင် ကိုနိုင်စွမ်းထက်၊ အခုအစီအစဉ်ကို စိတ်ပါဝင်စားတယ်ဆိုရင်တော့ အစည်း





အဝေးပွဲကို တက်ဖြစ်အောင်လာတက်ပါဗျာ၊ ကျွန်တော် စိတ်ခေါ်ပါတယ်"

"ကိုတင်ဝင်းနဲ့ ကျွန်တော် လက်တွဲလုပ်လာတဲ့ လုပ်ငန်းတွေက အများကြီးပါဗျာ၊ ခင်ဗျားကို ယုံကြည်ပါတယ်၊ ကျွန်တော် လာတက်ဖြစ်မှာပါ"

"ကျေးဇူးပါပဲ ကိုနိုင်စွမ်းထက်ရယ်"

"ဒါဆို ကျွန်တော်ပြန်လိုက်ပါဦးမယ် ကိုတင်ဝင်း"

"ဟုတ်ကဲ့…ကိုနိုင်စွမ်းထက်၊ အခုလို တကူးတက အချိန်ပေးပြီး လာတွေ့ပေးတဲ့အတွက် ကျေးဇူးအထူးတင်ပါတယ်ဗျာ"

သူ…

ကိုတင်ဝင်းနှင့် လမ်းခွဲကာ အိမ်သို့ပြန်လာခဲ့သည်။ သူ့တားအား ကျွေဝင်လိုက်တော့ မြဲတဲမှာ မေမေ့ကားလေး ရပ်ထားတာ တွေ့ရ၏။

"မောင်စွမ်းထက် ပြန်လာပြီလား"

"ဟုတ်ကဲ့…ကြီးမေနုး မေမေ ပြန်ရောက်တာကြာပြီလား"

"သိပ်မကြာသေးဘူး မောင်စွမ်းထက်"

"ဪ"

သူ…



www.burmeseclassic.com

www.burmeseclassic.com



မေမေ့တားကို အခုလိုအချိန်မျိုးမှာ တွေ့လိုက်ရ၍ အထူး အံ့အားသင့်လိုဖြစ်ပြီး အပေါ်ထပ်သို့ တက်ခဲ့သည်။ မေမေ့အခန်း သို့ တန်းသွားလိုက်ပြီး အခန်းတံခါးကို ညင်သာစွာ ခေါက်လိုက် ၏။

"ခေါက်…ခေါက်"

"သားလား…ဝင်ခဲ့လေ၊ တံခါးဖွင့်ထားတယ်"

အထဲမှပြန်ပြောသံကြောင့် သူ့မျက်နှာလေးပြုံးရွှင်သွားရ သည်။

အခန်းတံခါးချပ်လေးကို ဖွင့်လိုက်တော့ အဝတ်အစား သစ်တွေ လဲလှယ်ပြင်ဆင်နေတဲ့ မေမေ့ကို တွေ့လိုက်ရသဖြင့် သူ အံ့သြသွားရ၏။

"မေမေ အပြင်သွားဦးမလို့လား"

"အေး"

"ညစာရော ဒီမှာစားမှာလားမေမေ"

"မစားဘူးသား…မေမေ့သူငယ်ချင်းတစ်ယောက် ညစာ စားပွဲ ဖိတ်ထားလို့ သွားရဦးမယ်၊ မသွားလို့ မကောင်းဘူးကွ"

"ကျွန်တော်က မေမေ အစောကြီးရောက်နေလို့ အတူတူ ညစာစားရပြီမှတ်တာ"

"မေမေနဲ့ လိုက်ခဲ့ပါလားသား"

"ဟင့်အင်း"





သူ…

ခေါင်းလေးကို ခါယမ်းကာ ငြင်းလိုက်မိသည်။

စောစောက ပျော်ရွှင်နေတဲ့စိတ်တွေ ဘယ်ကိုပျောက်ရှကုန် မှန်းပင် မသိတော့ပါ။ သူ့ဘဝသက်တမ်းတစ်လျှောက်လုံးတွင် မိသားစု စုံစုံညီညီ ထမင်းစားဝိုင်းထိုင်ရသည့်နေ့ဆို၍ မှတ်မှတ်ရရ သူ့အသက် (၂၀)တင်းတင်း ပြည့်သော မွေးနေ့ညစာလေးသာရှိ သည်။

သို့သော်…

ထိုထမင်းစားဝိုင်းလေးက အေးအေးချမ်းချမ်း ပျော်ပျော် ရွှင်ရွှင် စားခဲ့ရခြင်းတော့ မဟုတ်ခဲ့ပါ။

ခေတ်ဆန်လွန်းသော မာမီနှင့် မြန်မာဆန်လွန်းသော ဖေဖေ ရဲ့ လွန်ဆွဲပွဲကြားတွင် ကျွန်တော် ဘာလုပ်လို့ လုပ်ရမှန်းမသိအောင် ဖြစ်ခဲ့ရသည်။ ထိုနေ့က ဖေဖေနဲ့ မာမီတို့ အယူအဆခြင်း ငြင်းခုန် ရန်ဖြစ်ကာ နောက်ဆုံး မာမီ ထမင်းစားဝိုင်းကို ကျောခိုင်းကာ ထွက်သွား၏။

ကျွန်တော့်ကိုလည်း မာမီ စိတ်ဆိုးသွားခဲ့သည်။

ပြဿနာရဲ့အစက အဝတ်အစားဝဲ။

ထိုနေ့က ရှပ်လက်ရှည်လည်ကတုံးနှင့် ယောပုဆိုးလေးကို ဝတ်ဆင်ထားသော မွေးနေ့ရှင် ကျွန်တော့်ပုံစံကိုကြည့်ပြီး မာမီက ငြင်းငြင်းထန်ထန်ပင် ဝေဖန်တိုက်ခိုက်ခဲ့သည်။ ဒါကို ဖေဖေက



www.burmeseclassic.com

www.burmeseclassic.com



လည်း ဆတ်ဆတ်ထိမခံချေ။ ဆောက်ကျိုးပီသပြီး တည်တည်ကြည် ကြည်နေတာကို မင်းလိုအဆင့်မရှိတဲ့ ရေကိတ်ထဲ မသွတ်သွင်းနဲ့ဆို ပြီး အကြီးအကျယ် စကားများကြ၏။

မာမီက သူ့ကို အဝတ်အစား ပြန်လဲမိုင်းသည်။

မေမေက…

သွားမလဲရဟု အမိန့်ပေး၏။

သူ…

မေမေ့အမိန့်ကို မလွန်ဆန်ရဲတာမဟုတ်။ ငယ်ငယ်လေး ကတည်းက မေမေ့ဆန္ဒအတိုင်း ဝတ်စားလာခဲ့တာမို့ ခေတ်ဆန်တဲ့ ဒီနိုင်ငံတွေကို ဝတ်ရမှာ စိတ်မရဲဘဲရှိနေခဲ့သည်။

မေမေက ခေတ်ဆန်သလို ဘိုးဘွားလက်ထက်ကတည်း က ကျိုကျိုတက် ချမ်းသာခဲ့တဲ့ သူဌေးသမီးတစ်ယောက်ဆိုတော့ အသုံးအဖြုန်း လက်ကြီးသလို ကျွန်တော့်ကိုလည်း မွေးကတည်းက သူ့အရာတွေ ဖျက်မှာစိုး၍ နို့ဗူးတိုက်ကာ အထိန်းတော်ကြီးကြီးမှန်း နှင့် သိပ်ခဲ့၏။

ဒါကို…

မေမေကမကြိုက်။

မိခင်ရင်ခွင်မှာသာ ထားလိုသည်။

သို့သော်…

မာမီက လက်မခံချေ။





တစ်နေ့တစ်နေ့ အလုပ်တွေ မအားလပ်အောင် ရှုပ်တာ သူ့တာဝန်ကို မယူနိုင်တဲ့အထိဝင် မာမီက ဖျက်ကွက်ခဲ့သည်။ သို့သော် ကျွန်တော့်ဖျက်နှာကြောင့် အိမ်ထောင်ရေးတော့ မပြိုကွဲ ခဲ့ချေ။ မေမေက တားဆီးမရတော့တဲ့ မာမီ့ကို စိတ်ကုန်ကာ လွှတ် ထားတော့ မာမီ့အခြေအနေက ပိုဆိုးသွားသည်။

အရွဲ့တိုက်မှုတွေ များလာ၏။

မေမေကလည်း မာမီ ဘယ်လောက်ရှုပ်ရှုပ် သူ့စီးပွားရေးလုပ် ငန်းထက် ဘာကိုမှ စိတ်မဝင်စားခဲ့ချေ။ ကျွန်တော် စကားပြောတတ် အရွယ်ရောက်တော့ မာမီက သူ့ကို မေမေလို့ခေါ်တာ မကြိုက်ဘဲ မာမီဟု သင်ပေးခဲ့သလို မေမေကလည်း မေမေဟုခေါ်ရန် နားရိုက် သွင်းခဲ့သည်။

ဒီလိုနှင့်ပဲ မိခင်ကို မာမီ၊ ဖခင်ကို မေမေဟု ကျွန်တော် ခေါ်ခဲ့ရတော့၏။ စီးပွားရေးအဆင်ပြေသော်လည်း အိမ်မှာ လူမှု ရေးပျက်ကွက်မှုတွေက မခံနိုင်လောက်အောင် ကြီးစိုးနေခဲ့သည်။ သားရယ်ဆိုတာ ကျွန်တော်တို့သုံးယောက်မှ ဟုတ်ပါ့လေးဆိုပြီး မရလောက်အောင်ကို တကွဲတပြား ဖြစ်နေခဲ့တာလေ။

အရလည်း…

မာမီက ပြန်မလာသေးသလို ပြန်ရောက်နေတဲ့ မေမေက လည်း အပြင်ပြန်ထွက်မှာတဲ့။

ဒါဆို…



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက် နန်းတော်ကြီးတစ်ခုလို တည်ဆောက်ထားတဲ့ တိုက်ကြီးထဲမှာ ကျွန်တော်တစ်ယောက်တည်း အထီးကျန်နေပြီး နေရဦးတော့မှာပဲပေါ့။

တိုက်ဆိတ်ခြောက်ကပ်နေတဲ့ ထမင်းစားစားပွဲကြီးမှာ ကျွန်တော်တစ်ယောက်တည်း အထီးကျန်အဖော်မဲ့ပြီး စားရဦးတော့မှာပဲပေါ့လေ။

"သား"

"ဗျာ"

"မင်းလုပ်ငန်းတွေ အဆင်ပြေရဲ့လား သား"

"ပြေပါတယ် မေမေ၊ အခုလည်း လုပ်ငန်းသစ်တစ်ခု လုပ်ဖို့ စဉ်းစားနေပါတယ်"

"ဘာလုပ်ငန်းလဲ သား"

"အထူးကုဆေးခန်းတစ်ခု ဖွင့်မလားလို့ပါ"

"ဟော"

မေမေ မျက်ခုံးကြီးတွေ ကြုံ့တက်သွားတာကိုကြည့်ပြီး သူ ငြိမ်သက်နေမိသည်။ မေမေက ဆောက်လုပ်ရေးလုပ်ငန်း သာ စိတ်အားထက်သန်သူတစ်ယောက်မို့ အခုကိစ္စကို စဉ်းစား ပေမှာတော့ သေချာသည်။

"မင်းဟာက အဆင်ပြေပါ့မလားကွ၊ အမေကတော့ သိပ်အားမပေးချင်ဘူး"





"အဆင်ပြေမှာပါ မေမေ၊ ကျွန်တော် အများကြီး လေ့လာ ပြီးမှ ဆုံးဖြတ်တာပါ"

"ဆုံးဖြတ်ထားပြီးပြီလား…သားရဲ့၊ ဒါဆို အခြေအနေ အတော့်ကို နိုင်မာနေပြီပဲ၊ မင်း ဘာကြောင့် မေမေ့ကို မတိုင်ပင် စွမ်းထက်၊ မင်းလုပ်ငန်းကို မေမေ သိခွင့်ရှိသင့်တယ်မဟုတ် လား၊ အနည်းဆုံးတော့ မေမေ့ရဲ့ခွင့်ပြုချက်ယူသင့်တယ် ထက်"

မေမေ့မျက်နှာက ဒေါသရောင်ကြောင့် အနည်းငယ် နီမြန်း သလို မေမေ့စကားသံက တင်းမာလာသည်။

"ကျွန်တော် မေမေ့ကို တိုင်ပင်မလို့ပါ၊ ဒါပေမယ့် မေမေ အလုပ်အရမ်းများတော့ စိတ်ရှုပ်ထွေးမှာစိုးလို့"

"တော်စမ်းပါကွာ…အဲဒီလိုအကြောင်းပြချက်တွေနဲ့ ချင်းမပြစမ်းပါနဲ့၊ အခုကိစ္စက ကလေးကစားစရာ ပစ္စည်းတစ်ခု ဝယ်ရသလောက် လွယ်ကူတဲ့အလုပ်မဟုတ်ဘူး၊ ဒါကို မင်းက လွယ်တကူ ကိုယ့်သဘောနဲ့ကိုယ် ဆုံးဖြတ်လိုက်တယ်ဆိုတော့ ဟာ ပထမဆုံးအကြိမ် အာခံလိုက်တာပဲ စွမ်းထက်"

"မဟုတ်ပါဘူး မေမေ၊ သား…သားက"

"မင်းသဘောနဲ့မင်း ဆုံးဖြတ်ပြီးမှတော့ ငါ့ဘာပြောလို့ ဦးမှာလဲ၊ ကြည့်လုပ်ပေါ့ကွာ"

သူ့စကားပင်မဆုံးသေး မေမေ သူ့ကိုကျောခိုင်းကာ အခန်း

www.burmeseclassic.com



ထဲကနေ ထွက်သွားသည်။ သူကို မေမေ စိတ်ဆိုးသွားချေပြီ။ ဖခင်တစ်ယောက်အဖြစ် အသိအမှတ်ပြုပြီး မတိုင်ပင်ခဲ့သည့်အတွက် မေမေ သူတို့ စိတ်ဆိုးသွားချေပြီတည်း။

သူ…

ဘယ်လိုဖြေရှင်းပြရမလဲ။

မေမေ့ကို မတိုင်ပင်ခဲ့မိတာ မှန်ပေမယ့် မေမေ့ မလေးစားပဲ လုပ်ခဲ့တာတော့ မဟုတ်ပါ။ အစောကြီးကတည်း အရိပ်အမြွက် သူပြောပြထားတာပဲ။ မေမေက လုပ်စေချင်တဲ့ ရှိ၍ သူဆက်ပြီး မပြောဖြစ်တော့တာပါ။

သူ…

တိုတင်ဝင်းကို ယုံကြည်သလို ဒေါက်တာရန်နိုင်ဝင်း လည်း လက်တွဲလုပ်ချင်သည်။ ဒါကြောင့် အခုကိစ္စကို အသေအ တွေးတောကြံဆပြီးမှ သူ ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

မှားသွားပါတယ် မေ။

ကျွန်တော် သိပ်ပြီးမှားသွားပါတယ်။

တကယ်ဆိုရင်…

ကျွန်တော် ဒီအခြေနေထိရောက်ပြီး ကိုယ့်အားကိုယ် ချင်တဲ့စိတ်တွေ ဖြစ်အောင် မေမေက လမ်းညွှန်ပြသခဲ့တာ မေမေ ဆွဲခေါ်လို့ နိုင်ငံခြားထက်ဆိုတဲ့ကျွန်တော် လောကကြီး မှာမည်တစ်လုံးနဲ့ ရပ်တည်နေနိုင်ခဲ့တာပါ။





ကျွန်တော် တောင်းပန်ပါတယ် မေမေ။

ကျွန်တော်

သိပ်ကိုမှားသွားခဲ့ပါတယ်။

သူ…

ဆုံးဖြတ်ချက်နှင့်အတူ မေမေ့ဟာမ်ရှန်းလေးဆီ လှမ်းဆက် လိုက်သည်။ တစ်ဖက်က ထူးသံကြားတော့…

"မေမေ ကျွန်တော် မေမေ့ရဲ့ အမိန့်ကိုပဲ နာခံမှာပါ၊ မေမေ မလုပ်စေချင်ဘူးဆိုရင် ကျွန်တော် ဒီလုပ်ငန်းကို ဘယ်လိုပဲ စွဲလမ်းမက်မောနေပါစေ လက်လွှတ်လိုက်မှာပါ မေမေ။ ကျွန်တော့် အတွက် မေမေကသာ အဓိကပါ"

သူ့စကားသံလေး ညင်းသွဲ့ကာ တိတ်သွားတာနှင့် တစ်ဖက်က နားထောင်နေသော ဖုန်းကလေးသည် ငြိမ်လည်း၍ သိတ်သွားခဲ့ချေပြီ။

✱ ▯ ✱



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

"သမုခ…တော်တော်လေးလွန်နေပြီနော်"

"ဟာ…ကိုကိုကလည်း ဒါလေးမေးတာများ ကျွန်မက ဘာတွေလွန်နေလို့လဲ၊ သိချင်လို့ဟာကို မပြောချင်လည်းနေပေါ့"

"မင်းကို မသက်သာချင်တော့ဘူး သမုခ"

"ကိုကိုနော်"

စူးစမ်းသော မျက်ဝန်းများနှင့် စိုက်ကြည့်ပြီး ပြောနေတဲ့ ကိုကို့ကို စိတ်မလုံလဲစွာပင် မျက်တောင်းကလေးထိုးပြီး အကြည့်လွှဲ ပစ်လိုက်မိသူက သမုခရယ်ပါ။

"ဘာကိုကိုနော်လဲ…အချိန်တိုင်း ဒါချည်းပဲမေးနေတာ မင်းဘက်က ရိုးရိုးသားသားပါလို့ ယုံကြည်လို့ရတော့မလား သမုခ





ရဲ့"

ပြသနာပဲ။

ကိုကိုကတော့ ကျွန်မကို တစ်စက်လေးမှ မယုံကြည်တော့တာလေ။

ကိုကို့မျက်ဝန်းတွေထဲမှာ သံသယမကင်းတဲ့ အရိပ်အယောင်တွေကို ကျွန်မ မြင်တွေ့နေရသည်။ ကျွန်မကလည်း ကျွန်မပဲ။ တစ်ချိန်လုံး ကိုနိုင်စွမ်းထက်ရဲ့ အကြောင်းတွေကိုပဲ မေးနေမိသည်။ ဒီတော့ ကိုကို တစ်မျိုးအထင်ရှိသွားပြီပေါ့။

"သမုခ"

"ဘာလဲ…ကိုကိုရာ ဘာတွေဟုတ်ကဟုတ်က စွပ်စွဲဦးမလို့လဲ"

စိတ်မလုံမလဲဖြစ်နေတဲ့ သမုခကို ကြည့်ပြီး နိုးမြင့်ထွဋ်ရဲ့ စိတ်တွေ တစ်မျိုးကြီး ခံစားနေရသည်။

ဒီကောင်မလေး…

စပ်စုချင်စိတ်ကလေးနဲ့ ရိုးရိုးသားသားမေးတာမှ ဟုတ်ပါရဲ့လား။

သူမလေးက…

ခေါင်းတခါခါနဲ့ ငြင်းနေတော့လည်း သူမယုံကြည်လို့ရပြန်။

သူ့စိတ်ကပဲ ထင်နေလို့များလား။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့လေ…

သူဘာတွေဖြစ်နေသလဲဆိုတာ မစဉ်းစားတတ်တော့။ သမုဒ်ရဲ့ ဝတ်သက်ပြီး သူစိတ်ထဲမှာ တစ်စုံတစ်ရာ ပြောင်းလဲနေခဲ့ပြီဆိုတာကိုတော့ သတိထားမိ၏။ ဘာရယ်လို့တော့ အတပ်မပြောနိုင်ပေမယ့် တခြားသူစိမ်းယောက်ျားတစ်ယောက် အကြောင်းကို အတိုင်းအတာတစ်ခုထက် လွန်ပြီး သိချင်နေတာမျိုးကိုတော့ သူစိတ်ထဲ မှာလိုဝန်တိုစိတ် ဖြစ်မိသည်။

သူ…

အိပ်ရာလေးထက် အသာလှဲကာ မျက်လုံးလေးတွေ မှိတ်ထားမိ၏။

"ကိုကို"

သမုဒ်တစ်ယောက် သူ့အခန်းထဲလိုက်လာပြီး သူ့ခေါင်းကိုယ်ကို အတင်းလှုပ်နှိုးနေမိ၏။ ကိုကို အခန်းလေးထဲဝင်တာ ငယ်ငယ်ကလေးကတည်းကမို့ ကျွန်မအတွက်တော့ သိပ်ပြီး ထူးဆန်းမှာ မဟုတ်တော့ပါ။

"ကိုကို"

"ဘာလဲကွ…အိပ်ချင်နေပြီ"

"ဟာကွာ…မအိပ်နဲ့ဦး၊ ကျွန်မ ပြောစရာရှိသေးတယ်"

"နောက်မှပြောကွာ…သမုဒ်"

"ဟာ…မရဘူး၊ အခုပြောမယ်"





"သမုဒ်ရာ…နင် ငါ့ကို တော်တော်ဒုက္ခပေးတာပဲ"

"ကျွန်မအတွက် ကိုကို ကားမှရှာမပေးသေးတာ"

"ရှာပေးမှာပေါ့ဟာ…နင့်ကိုဝယ်ပေးလိုက်ပါလို့ ငါပြောပြီးပြီပဲ၊ ဟာ…ဘာတွေလာနေတာလဲ"

"ပြောထားပေမယ့် ကိုကိုက လိုက်မှဝယ်မပေးသေးဘူး"

"ငါ အလုပ်မအားသေးဘူး သမုဒ်ရဲ့"

"ကိုကိုက အားတဲ့အချိန်ကို ပေးမှမပေးတာ၊ ကျွန်မအတွက် နည်းနည်းဖဲ့ပေးပြီး ကားလေးရှာပေးပါလား ကိုကိုရယ်"

"အေးပါကွာ…ရှာပေးပါ့မယ်၊ သွားပါတော့ သမုဒ်ရယ် အရမ်းကို အနားယူချင်နေပြီဟာ၊ သွားတော့ကွာ"

အိပ်ချင်မူးတူးအသံလေးနှင့် ပြောနေတဲ့ ကိုကို့ကိုကြည့်ပြီး ကျွန်မ ထပ်ပြီး မနှောင့်ယှက်ချင်တော့ပါ။

ကိုကို့ရဲ့ ထောက်ခံမှုကြောင့် အခုဆိုလျှင် ဖေဖေက ကျွန်မအတွက် ကားတစ်စီးသတ်သတ် ဝယ်ပေးမယ်လို့ ကတိပေးပြီးပြီ။

ကိုကို မရှာပေးသေးလို့သာ မဝယ်ရသေးတာပါ။

ကျွန်မ…

ကိုယ်ပိုင်ကားလေးနှင့် တစ်ယောက်တည်း စိတ်လွတ်ကိုယ်လွတ် သွားလာချင်သည်။ ကိုကို့ကား ကပ်စီးပြီး ဘယ်ကိုမှ



www.burmeseclassic.com

www.burmeseclassic.com



သွားချင်သွားချင် ကိုကို့ကို လိုက်ပို့နိုင်းနေရတာ အားနာနေမိ

ဒါကြောင့်…

ခွတ်အတင်း ပူဆာနေမိခြင်းပဲ ဖြစ်သည်။

ကိုကိုကတော့…

အလုပ်ကနေ ဘယ်လောက်တောင် ပင်ပန်းလာသလဲ

ပါ။ အိပ်ရာထက် ခဏလေးလှဲချရုံရှိသေး နှစ်ခြိုက်စွာပင် အိ

ကျသွားတော့သည်။

ကျွန်မ…

ကိုကို့ကို ထပ်ပြီးမနှိုးရက်တော့။

အိပ်ပျော်နေတဲ့ ကိုကို့ခုတင်လေးနားကနေ ခွာထ

ထွက်သွားဖို့ ခြေလှမ်းပြင်လိုက်စဉ် စားပွဲခုံလေးပေါ်တွင် တ

သော မိုးပြာရောင် မှတ်စုစာအုပ်လေးကြောင့် စိတ်တွေက တ

သို့ ပြောင်းသွားသည်။

ထိုစာအုပ်လေးရှိရာသို့ တိုးတပ်ကာသွားပြီး ယူကြ

၏။ ချစ်စရာကောင်းလိုက်တဲ့ စာအုပ်လေးပဲ။ ကိုကိုတစ်ယေ

ရှာရှာဖွေဖွေ ဝယ်တတ်လွန်းလှ၏။

ကျွန်မ…

စာရွက်လေးတွေ တစ်ရွက်ပြီးတစ်ရွက် လှန်လှော

မိသည်။

နိုင်စွမ်းထက်…





ဟယ်…။

မှတ်စုစာအုပ်လေးအတွင်း ရေးမှတ်ထားသော လိပ်စာနှင့် ဖုန်းနံပါတ်လေးတစ်ခု။ စာတန်းလေးကိုဖတ်ပြီး ရင်လေး ထိတ်ခနဲ ခုန်လှုပ်သွားရသူက သမုဒ္ဒပါပဲ။ ကိုကို့မှတ်စုစာအုပ်လေးထဲမှာ သူ့ရဲ့ အိမ်လိပ်စာနဲ့ ဖုန်းနံပါတ်ကို ကျွန်မ တွေ့လိုက်ရတာလေ။

ကျွန်မ…

သိချင်နေခဲ့တာပါ။

သူ့ရဲ့ ဖုန်းနံပါတ်လေးကို ကျွန်မ တအားသိချင်နေခဲ့တာပါ။ ဒါပေမယ့် ကိုကို့ကို မမေးရဲ။ ဘာလုပ်မလို့လဲလို့ မေးရင် ကျွန်မမှာ ပြန်ဖြေစရာအကြောင်းပြချက်မှ မရှိတာ။

ဒီတော့…

အောင့်အီးပြီးနေရသည်။

အခုတော့ ကျွန်မဆန္ဒလေး ပြည့်ဝစွာပင် သိချင်တာလေးတွေကို သိခွင့်ရခဲ့၏။

စားပွဲပေါ်မှ စာရွက်လွတ်လေးတစ်ခုတွင် သူ့ရဲ့လိပ်စာနှင့် ဖုန်းနံပါတ်လေးကို ချရေးလိုက်ပြီး ထိုစာရွက်လေးကို ယူပြီး ကိုကို့ အခန်းလေးထဲကနေ ထွက်လာခဲ့မိတော့သည်။

ကိုကိုကတော့…

ကျွန်မလုပ်ရပ်များကို ဘာမှမသိ။ နှစ်ခြိုက်စွာ အိပ်မော ကျနေတဲ့ ကိုကို့အခန်းလေးထဲကနေ ထွက်လာခဲ့မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးပဲ ကိုကို။

အခုလို သမုခ သိခွင့်ရခဲ့တဲ့အတွက် ကိုကို့ကို ကျေးဇူး အရမ်းတင်တယ်သိလား။

ရင်ထဲကနေ လှိုက်လှိုက်လှဲလှဲလေးပင် ပြောလိုက်မိတော့သည်။

ပြီးနောက်…

ခြေသံစဝ်ဖွဖွ နင်းလျှောက်ကာ အောက်ထပ်လေးသို့ ပြန်ဆင်းခဲ့၏။ ညှို့ခန်းလေးထဲတွင် ထိုင်နေသော အန်တီမေ့ကို နှုတ်ဆက်ကာ အိမ်တက်သို့ ကျွန်မ ပြန်ခဲ့သည်။ ရောက်တာနှင့် အပေါ်ထပ်သို့ အပြေးလေးတက်ခဲ့၏။

အခန်းလေးထဲ တန်းဝင်ခဲ့ပြီး ဝှက်ယူလာသော ကိုစွမ်းရဲ့ လိပ်စာ ကူးရေးထားတဲ့ စာရွက်လေးကို ပြန်ဖတ်လိုက်ပြီး ကြည်နူးစွာ ပြုံးမိ၏။

အခန်းထဲမှ ဖုန်းခွက်လေးကို မရဲတရဲလေး လှမ်းယူကာ ဖုန်းနံပါတ်လေးအား တုန်ယင်သောလက်ကလေးများနှင့် နှိပ်လိုက်တော့ တစ်ဖက်က ဖုန်းမြည်သံ ကြားရ၏။

ကျွန်မရင်တွေ အဆမတန် ခုန်လှုပ်လာရသည်။

ဖုန်းခေါ်နေပေမယ့်…

တစ်ဖက်က ဖုန်းလာမကိုင်သေးချေ။ အတော်လေးကြာမှ ဖုန်းကိုင်၏။





"ဟဲလို"

"….."

မြတ်စွာဘုရား…။

ဒါ…ဒါ။

သူ့အသံပါပဲ။

ဒါဆိုရင် ဒီဖုန်းနံပါတ်က ကိုစွမ်းရဲ့ ဟမ်းဖုန်းနံပါတ်အစစ်ပဲ။

"ဟဲလို"

"….."

"ဟော့…ဖုန်းဆက်ပြီး ဘာမှလည်း အသံမပေးဘူး၊ ဘာလဲကွ"

အမေ့…။

တစ်ဖက်က စိတ်ရှုပ်သလို ခေါ်သံကြီးနဲ့ ပြောတော့ အလန့်တကြားပင် သူ့ဖုန်းကလေးကို ပြန်ချလိုက်မိသည်။

တစ်ဖက်မှ နိုင်စွမ်းထက်မှာလည်း အတူတူ တစ်ဖက်က ဖုန်းချသွားတာကြောင့် ထူနက်နက် မျက်ခုံးတန်းကြီးတွေ ကြုံ့တက်သွားရ၏။

ဖုန်းခေါ်ပြီး ဘာမှလည်းမပြောချေ။

သူ…

ဖုန်းထဲမှာပေါ်နေတဲ့ နံပါတ်လေးကို သတိထားကြည့်မိ



www.burmeseclassic.com

www.burmeseclassic.com



တော့ တစ်ခါမှမသိသွားတဲ့ …ပါတ်အသစ် ဖြစ်နေ၏။

ဖုန်းများဆက်တာ…

ဒါလည်းဖြစ်နိုင်တာပါ…

တစ်ဖက်က ဘာစကားမှကို မပြောဘဲ ဖုန်းပြန်ချသွားတာဆိုတော့ နံပါတ်မှားနှိပ်ပြီးမှ သတိရသွားတာ ဖြစ်ရမည်။ သူ ဟမ်းဖုန်းလေးကို ပြန်ပိတ်လိုက်၏။

ထိုစဉ်…

တီးလုံးသံလေးနှင့်အတူ သူ့ဟမ်းဖုန်းလေးက ပြန်မြည်လာပြန်၏။ သူ နံပါတ်ကိုကြည့်လိုက်တော့ စောစောက ဖုန်းနံပါတ်ပဲ ဖြစ်နေပြန်သည်။ သူ ဖွင့်ပြီး နားထောင်လိုက်မိပြန်၏။

“ဟဲလို”

“....”

“ဟဲလို”

“ဟဲလို”

တစ်ဖက်က ဘာသံမှမကြားရချေ။ သို့သော် ဖုန်းထဲ… သီချင်းသံသဲ့သဲ့ကို သူကြားနေရသည်။

“ဟဲလို”

ထူးသံလဲမကြား။

ဘာစကားမှလည်း မပြောပေမယ့် တစ်ဖက်က ဖုန်း… သေးတာတော့ သူသိသည်။





ဘယ်လိုပါလိမ့်။

သူ့ကို တမင်ဗရုတ်ကျနေတာများလား။

“ဟော့…မင်းဖုန်းသံရဲ့လား၊ တော်တော် အရှိန်တွေအားနေတယ် ဟုတ်လား၊ တောက်”

သူ စိတ်မရှည်စွာ ဟောက်လိုက်မိသည်။

“တောင်းပန်ပါတယ်”

ဟင်…။

အသံတိုးတိုးလျှလျှ တောင်းပန်သံလေး။

“စိတ်မဆိုးပါနဲ့နော်”

ဟာ…။

နိုင်ခွမ်းထက် ရင်တစ်ခုလုံး လှိုက်ခနဲ ခါတက်သွားရသည်။

တီးလုံးသံတွေကြားမှ တောင်းပန်သံတိုးတိုးလေးကို သူကြားလိုက်ရခြင်းဖြစ်သည်။ ဟုတ်ပါတယ်၊ သူတကယ်ပဲ ကြားလိုက်ရတာပါ။ သီချင်းသံသဲ့သဲ့လေးနဲ့အတူ အဲဒီစကားသံလေးကို သူတကယ်ပဲ ကြားခဲ့ရတာပါ။

သို့သော်…

သီချင်းထဲကအသံလား၊ တကယ်ပဲ လူသားစစ်စစ်ပြောလိုက်တဲ့အသံလားဆိုတာ ၄ မရေအောင် ဖြစ်နေရသည်။

ပယောဂဦးဆန်လိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



သူ…

ဖုန်းလေးကိုချနိုင်ဘဲ ထိုအသံလေးကို ထပ်ပြီးနားစွင့်နေမိသည်။ သူ့စိတ်တွေက ထိုအသံလေးထဲတွင် နစ်မြုပ်ပျော်ဝင်နေရ၏။ တစ်ဖက်က ဘာစကားသံမှ ထွက်မလာဘဲ သီချင်းသံလေးသာ ဆက်ပြီးကြားနေရသည်။

မိန်းကလေးတစ်ယောက်ရဲ့ အသံပါပဲ။

သူကြားလိုက်တဲ့ အသံပိုင်ရှင်က မိန်းကလေးတစ်ယောက်ပဲ။

သူမ…

ဘယ်သူလဲ။

စဉ်းစားစမ်း…။

သူ့ဟာမ်းဖုန်းနံပါတ်ကို တိတိကျကျသက်နိုင်တဲ့ မိန်းကလေးက ဘယ်သူဖြစ်နိုင်မလဲ။

ဟုတ်ပြီ။

ဟိုကောင်မလေးပဲ။

ကိုမိုးမြင့်ထွဋ်ရဲ့ ညီမဝမ်းကွဲဆိုတဲ့ ကောင်မလေးပဲဖြစ်ရည်။

သမုခ…။

သမုခဆိုတဲ့ ကောင်မလေးပဲဖြစ်ရည်။ ဟုတ်တယ် သူ ကလေးပဲဖြစ်မှာသေချာသည်။ ဘာကြောင့်မှန်းမသိ နိုင်စွမ်းထက်





စိတ်တွေ အလှုပ်ရှားကြီး လှုပ်ရှားနေရ၏။ သမုခဆိုတဲ့ နာမည်လေးနဲ့ သိပ်ပြီးချစ်စရာကောင်းလွန်းတဲ့ သူမလေးကို သူ့အာရုံမှာ ပျောက်လို့မှမရခဲ့တာ။

"သမုခလားဟင်"

အို…။

တစ်ဖက်က နာမည်ကို တိတိကျကျခေါ်ပြီး မေးလိုက်ခြင်းကြောင့် ကျွန်မခန္ဓာကိုယ်လေး ဆတ်ခနဲတုန်သည့်အထိ ထိတ်လန့်သွားရသည်။

"ကိုယ်မေးနေတယ်လေ…မင်း သမုခဆိုတဲ့ ကလေး ဟုတ်လား"

အပိုင်ကို စွပ်စွဲလိုက်တာပဲ။

တော်လိုက်တာ။

ကျွန်မဆိုတာကို ရှင် တိတိကျကျ ဖော်ထုတ်နိုင်တယ်နော်။ ကျွန်မ ဖြေပြဘဲနဲ့ကို မနေနိုင်တော့ဘူး ကိုစွမ်းရယ်။

ဟုတ်ပါတယ်။

သမုခဆက်တာပါ။

ကိုစွမ်းရဲ့အသံလေးကို နားထောင်ချင်လွန်းလို့ ကျွန်မ ဖုန်းဆက်လိုက်တာပါ။ ဒါပေမယ့် ကျွန်မကြောင့် ကိုစွမ်းရဲ့စိတ်တွေ ရှုပ်ထွေးနောက်ကျိသွားတာကို သတိထားမိတော့ တကယ့်ကို စိတ်မကောင်းဖြစ်သွားရတယ်ရှင်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်…

ကက်ဆက်လေးထဲက သီချင်းသံလေးကြားမှာ မသိမသာလေး တောင်းပန်လိုက်တာပါ။

"သမုခလားလို့…ကိုယ်မေးနေတယ်လေ၊ ဟော့…ကလေး မင်း ဖုန်းမရှုသေးဘူးဆိုတာသိတယ်၊ ကိုယ့်ကို ပြန်ဖြေဦးလေ"

ဟင့်အင်း…။

ကျွန်မ မဖြေရဲဘူး။ မဖြေချင်ဘူးကိုစွမ်း။

သမုခပါလို့ ကျွန်မ ဝန်မခံရဲဘူးကွယ်။

"သမုခ…ဟာ…ဟော့…ဟော့ ဟာကွာ"

သူမေးနေဆဲ တစ်ဖက်က ဖုန်းလေးချသွားတာမို့ နိုင်ငွမ်းထက် အသည်းအသန် တားဆီးလိုက်ပေမယ့် နောက်ကျသွားချေပြီနော်။

✵ ▯ ✵





## အခန်း (၁၁)

မြို့ထဲ ကားတစ်စီးထိုးရပ်သံကြောင့် အန်တီမေ့ကို ဘုရားခင်းသန့်ရှင်းရေး ဝိုင်းလုပ်ပေးနေတဲ့ သမုခရဲ့ ခေါင်းလေးဆတ်ခနဲ ထောင်မတ်သွားရသည်။

"အန်တီမေ…ကိုကိုပြန်လာပြီထင်တယ်၊ ကားသံကြားတယ် အန်တီမေ"

"ဟော…ဟုတ်လား၊ ဒါဆို တံခါးသွားဖွင့်ပေးလိုက်ဦးလေ သမီး၊ အိမ်တံခါးသံဗန်းသော့ အန်တီမေ ဝတ်ခဲ့တယ်၊ သွား…သွား သွားဖွင့်ပေးလိုက်ဦး"

"ဟုတ်ကဲ့…အန်တီမေ"

ကျွန်မ…



www.burmeseclassic.com

www.burmeseclassic.com



ဘုရားခန်းလေးထဲကျနေ သွက်နေအောင် ခြေလှမ်းကျဲကြီး များနှင့် အောက်ထပ်သို့ ဆင်းခဲ့မိသည်။

ဒီနေ့…

ကိုကိုက ကျွန်မအတွက် ကားအသစ်တစ်စီး ဝယ်ပေး… ကားပွဲစားတန်းမှာ သွားရှာနေတာလေ။ ဒါကြောင့် ကျွန်မကိုကို ပြန်အလာကို စောင့်နေမိတာပါ၊ ခြေလှမ်းသွက်သွက်လေးတွေနဲ့ တိုက်အဝင်အဝ တံခါးလေးဆီ ကျွန်မရောက်သွားတော့…

မြတ်စွာဘုရား…

တံခါးဝမှာ ရပ်နေတဲ့လူက ကိုကိုမှမဟုတ်တာ။

သူ…

ကိုနိုင်စွမ်းထက်ပဲ။

တည်ကြည်သောမျက်နှာထား၊ စူးရှသော မျက်ဝန်းလေး… တွေနဲ့ ကျွန်မကို စိုက်ကြည့်နေတဲ့ သူကို မြင်လိုက်ရချိန်မှာ… လမ်းနေသည့် ကျွန်မ ခြေလှမ်းများ တုံ့ခနဲ ရပ်တန့်သွားရချေ…

"ဟော…တံခါးလာဖွင့်ပေးဦးလေ၊ ညှိသည်… ဒီအတိုင်းကြီးပဲ နေနိုင်းတော့မလို့လား"

"ဩော်…ဟုတ်…ဟုတ်ကဲ့ရှင့်"

သူ့ဆီက သတိပေးစကားသံ ကြားတော့မှပဲ ကျွန်မ… တုံ့ဆိုင်းနေတဲ့ ခြေလှမ်းလေးတွေက တံခါးဝလေးဆီ ရောက်… ပြီး ခတ်ထားသော သံတံခါးသော့ခလောက်ကြီးကို ကိုင်တာ…





…နှင့်ပေးလိုက်မိသည်။

ရုတ်လိုက်တာ…။

ကျွန်မမျက်နှာကို ဘယ်မှာသွားပြီး ဖွက်ရမှန်းမသိအောင် …င် ဖြစ်နေရ၏။ မနေ့ညက သူ့ဆီကို ကျွန်မ ဖုန်းဆိုးခတ်မိတဲ့အဖြစ် …ကို ပြန်သတိရကာ မျက်နှာချင်းမဆိုင်ရဲလောက်အောင်ပင် ဖြစ်နေရ… …သည်။

"ကို…ကိုကို မရှိဘူးရှင့်"

ထိန်းချုပ်ထားနေသည့်ကြားကပင် ကျွန်မရဲ့ အသံလေး… …ထားသံလေးတွေ ထစ်ငေါ့နေရသည်။ ညံ့လိုက်တာ။ ကျွန်မ …နို့လောက်တောင် ဟန်ဆောင်မှုမကောင်းရသလားနော်။ သူက …ဘူ့ စိတ်လှုပ်ရှားပြီး သွေးဖျော်လောက်အောင် တုန်လှုပ်နေတဲ့ …ကျွန်မကို သတိထားမိတော့မှာပဲ။

"ကိုထွန်း…ဘယ်သွားလို့လဲ၊ ကလေး"

ကလေးတဲ့။

ခေါ်ပြန်ပြီ။

အဲဒီအသုံးအနှုန်းခေါ်သံကြီးကို ကျွန်မ နည်းနည်းလေးမှ …နှစ်သက်ပါဘူး။ အဓိက ကိုစွမ်းဆီက ခေါ်တဲ့အသံထဲမှာ ကျွန်မ… …ကလေးမှမဟုတ်တာ အဲဒီလိုကြီး မခေါ်သင့်ပါဘူးနော်။

"ဟိတ်…မေးနေတယ်လေ၊ ကိုထွန်း ဘယ်သွားတာလဲ"

"အဲဒါ ကျွန်မမသိဘူး"

www.burmeseclassic.com



အလို…။

တယ်ဟုတ်ပါလား။

ကျွန်မ မသိဘူးတဲ့။

မဆိုးဘူး။

ဒီတစ်ခါတော့ မင်းကောင်းကောင်းမွန်မွန် ပြန်ပြော[illegible]သမုခ။

"ကိုယ့်ကို အိမ်ထဲဝင်ဖို့ မင်း မဖိတ်ခေါ်တော့ဘူးလား ကလေး"

"တံခါးဖွင့်ပေးထားတာပဲဟာ"

"ဒါပေမယ့် မင်းက စိတ်သင့်သေးတယ်လေ"

စိတ်ညစ်လိုက်တာ။

ကျွန်မ သူ့ရှေ့မှာနေရတာ ဘယ်လောက်တောင် စိတ်[illegible] လှုပ်ရှားနေရသလဲဆိုတာ သူမှသိတာ။ ဖြစ်နိုင်ရင် ဒီနေရာလေး[illegible] ရဲ့ အနီးအငွေ့လေးတစ်ခုလို လွင့်ပျောက်သွားချင်လိုက်တာ [illegible] ပါနဲ့တော့။

"ဟုတ်ကဲ့…အိမ်ထဲကိုဝင်ထိုင်ပါဦး၊ ဦးနိုင်စွမ်း[illegible] ကျွန်မ အန်တီ့ရေကို သွားခေါ်လိုက်ပါဦးမယ်"

သမုတစ်ယောက်…

ထွက်ပေါက်လေးတစ်ခုကို အသည်းအသန် ရှာဖွေ[illegible]သည်။





"ခဏနေဦး…ကလေး ကိုယ် မင်းနဲ့ စကားပြောစရာရှိ[illegible]သို့ ခဏလေးထိုင်ပေးပါဦး"

သူက ညှို့ခန်းမကြီးဆီ လျှောက်လှမ်းသွားရင် ကျွန်မကို [illegible] တစ်ခါတည်း ပြန်မိတ်လိုက်တာမို့ ရှောင်ထွက်သွားဖို့ ကြိုးစား[illegible]ထိုက်တဲ့ ကျွန်မရဲ့စိတ်ကူးလေးတွေ ပျက်ပြယ်သွားရသည်။

"ခဏလေး…ထိုင်ပါ ကလေး"

ကျွန်မ…

သူ့ရဲ့ အမိန့်ပေးမှုကို လွန်ဆန်နိုင်စွာဝင် သူညွှန်ပြလိုက်[illegible]တဲ့ ဆိုဖာခုံလေးတွင် ဝင်ထိုင်မိသည်။ စိတ်ထဲမှာတော့ မနေ့ညက [illegible] ဖုန်းနိုးဆက်တဲ့ကိစ္စနဲ့ ပတ်သက်ပြီး သူ တစ်ခုတစ်ခုပြောတော့ [illegible]မယ်ဆိုတဲ့အသိနှင့် ခေါင်းလေးငုံ မဖော်ရဲတော့။

"ကလေး"

"ဟုတ်ကဲ့…ပြောပါ"

"ကိုယ် မင်းနဲ့ မိတ်ဆွေဖြစ်ချင်တယ်ကလေး"

"ရှင်"

"ကိုယ်…မင်းနဲ့ ခင်မင်ရင်းနှီးချင်တယ်လို့ ပြောတာ"

"ရှင်"

"ကိုယ့်ကို အသိအမှတ်မပြုနိုင်ဘူးလားဟင် ကလေး"

"ကျွန်မ…ကျွန်မက"

"မငြင်းပါနဲ့လား ကလေး၊ ကိုယ် အခုပြောနေတာတွေ



www.burmeseclassic.com

www.burmeseclassic.com



က အလကားနေရာက်ပြီး ပြောနေတာမဟုတ်ပါဘူး။ မင်းနဲ့ ဒီထက်

နွေးထွေးရှိက်လှဲတဲ့ စိတ်နေွတစ်ယောက်ဖြစ်ချင်လို့ ကိုယ့်ဘက်က

ပြီး မင်းကို ကမ်းလှမ်းတာပါ၊ မင်း ကိုယ်ပြောတဲ့အဓိပ္ပါယ်ကို

နားလည်မှာပါနော်"

ကျွန်မ…

ဘာဆက်ပြောရမှန်းမသိစွာဝင် သူ့မျက်နှာဆီ မော့ကြည့်

မိတော့ အပြုံးနုနုလေးတွေနဲ့ စိုက်ကြည့်နေတဲ့ သူ့မျက်နှာချော

ကို တွေ့လိုက်ရသည့်ခဏ ရင်ခုန်သံတွေ အတိုင်းအဆမရှိ တအိ

ဒိတ်နှင့် ခုန်လှုပ်သွားရတော့သည်။

"ဘယ်လိုလဲဟင်…တလေး"

"ကိုကို့သူငယ်ချင်းက ကျွန်မရဲ့သူငယ်ချင်းပါပဲ ဦးနိုင်စွမ်း

ထက်"

"ဟင့်အင်း…မဟုတ်သေးဘူးကလေး၊ ကိုယ် မင်းရဲ့

ခင်မင်ရင်းနှီးချင်တာ ကိုမိုးမြင့်ထွဋ်ရဲ့ အနေအထားနဲ့ မဟုတ်ဘူး

ကလေး၊ သမုဒ္ဒဆိုတဲ့ ကောင်မလေးတစ်ယောက်ရဲ့ သီးသန့်မိတ်ဆွေ

လေး ဖြစ်ချင်တာပါ"

အို…

ဒါ…ဘာအဓိပ္ပါယ်ကြီးပါလိမ့်။

ကျွန်မ…ရှင့်စကားရဲ့ အဓိပ္ပါယ်ကို ကောင်းကောင်း အ

သာပြန်မထွက်ဘူး နိုင်စွမ်းထက်ရယ်။ တွေးရင်းပြုံးပြီး ကျွန်မ

ချွင်းချွင်းလင်းလင်းလေးပဲ ပြောပါနော်၊ ရှင်ဖြစ်ချင်နေတာ ရှင်လို

ထားရတဲ့ စိတ်ဆန္ဒလေးတစ်ခုကို ပွင့်ပွင့်လင်းလင်းပဲပြောစမ်းပါ။

"တလေး"

"……"

"မင်း လက်ခံနိုင်မလားဟင် တလေး"

"ဟင့်အင်း"

ဟာ…။

ခေါင်းလေးကို သွက်နေအောင် ခါယမ်းပြီး ငြင်းလိုက်တဲ့

သမုဒ္ဒကို ကြည့်ပြီး နိုင်စွမ်းထက် ရင်တစ်ခုလုံး ဟာခနဲ တက်သွား

ရသည်။

တကယ်ဆို…

သမုဒ္ဒကိုယ်တိုင် မနေ့ညက သူ့ဆီကို ဖုန်းနိုးဆက်ခဲ့တာ

မဟုတ်လား။ သူ့ကို မပတ်သက်ချင်တဲ့ မိန်းကလေးတစ်ယောက်

ဆိုလျှင် အခုလို နိုးကြောင်နိုးရက် ပဟေဠိလုပ်ပြီး တစ်ဖက်သားရဲ့

စိတ်အာရုံတွေကို ဖမ်းစားဖို့ ဘာကြီးစားနေရပါလိုသလဲနော်။

သူ့မှာတော့…

သူမလေးဆီက ဖုန်းဆက်တာလေးကို စိတ်ထဲစွဲပြီး ညက

တော်တော်နှင့်ပင် အိပ်မပျော်ခဲ့ပါ။ ရှပ်ရှင်ရုံလေးထဲတွင် မထင်မှတ်

ဘဲ သူမလေးနဲ့ ဆုံတွေ့ခဲ့ရမိကတည်းက သူ့စိတ်ထဲတွင် တစ်စုံတစ်ခု

က ကပ်ညိပြီး ပါလာခဲ့သည်။

www.burmeseclassic.com



သို့သော်…

ဘယ်လိုမှ ပြန်ဆုံဖို့ မရေရာတဲ့အဖြစ်မို့ သူမကလေးကို အာရုံထဲကနေ သူဖယ်ထုတ်ပစ်ခဲ့သည်။ သို့ပေမယ့် ဖယ်ထုတ်လို့ မရအောင် နောက်ထပ်အဖြစ်အပျက်လေးတွေက ရှိလာ၏။

သူမလေးနဲ့ ဟာမ်းဖုန်းချင်း မှားယူခဲ့မိတာပါပဲ။

ဒါကို…

လဲလှယ်ဖို့လုပ်တော့ ဟာမ်းဖုန်းပိုင်ရှင်က သတ်သတ် တစ်ယောက် ဖြစ်နေခဲ့သည်။ မိုးမြင့်ထွဋ်ဆိုတဲ့ လူတစ်ယောက်နှင့် မထင်မှတ်ဘဲ ရင်းနှီးခင်မင်ခဲ့ရပြီး တိုမီသားစုလေးထဲတွင် သူ့စိတ်တွေ ပျော်မွေ့နေခဲ့ရသည်။ အမိက အန်တီမေကြောင့်ပဲ။ မိခင်မေတ္တာ ငတ်နေတဲ့ သူ့အတွက် အန်တီမေကို မိခင်ရင်းတစ်ယောက်လို့ပင် သူ့စိတ်တွေက မှတ်ယူနေမိ၏။

ထမင်းစားဖိတ်တဲ့နေ့က…

မထင်မှတ်ဘဲ သမုဒ္ဒရာဆိုတဲ့ ကောင်မလေးနဲ့ သူပြန်ဆုံ တော့ ဘဝတစ်သက်တာလုံး ငြိမ်သက်အေးစက်နေခဲ့တဲ့ သူ့ရင်ထဲ က နှလုံးသားလေးတွေက ပူနွေးလှုပ်ရှားနေခဲ့သည်။

မိုးမြင့်ထွဋ်နဲ့ သမုဒ္ဒရာတို့ကြားက ရှိသားတဲ့ သံယောဇဉ် နှောင်ကြိုးမှုလေးကို ကြားသိလိုက်ချိန်တွင် သူ့ရင်ထဲကွင် မိုးထိ ကြောက်ရွံ့နေတဲ့ သံသယမိုးတိမ်များ ကင်းစင်ကာ ဘယ်လောက် ထိ ဝမ်းသာပျော်ရွှင်သွားရသလဲဆိုတာ သူကိုယ်သူသာ အသိဆုံး





ဖြစ်ခဲ့၏။

သမုဒ္ဒရာကို…

ရင်းနှီးချင်သော်လည်း အခြေအနေ အချိန်အခါက သူ့ကို တားဆီးနေခဲ့သည်။ ထောက်ထားစရာ အကြောင်းအရာတွေကြောင့် အဖြစ်ချင်ဆုံး ဆန္ဒလေးတွေကို ချိုးနှိမ်ခဲ့ရ၏။

သို့သော်…

သူ အောင့်အီးထိန်းချုပ်ထားသော ခံစားချက်လေးတွေက ညနေညက သူမလေးဆီက ဖုန်းအဆက်အသွယ်လေး ရလိုက်ချိန် တွင်တော့ ဘယ်လိုမှ ဆက်ပြီး ဟန်ဆောင်နိုင်ခြင်းမရှိတော့။

သူမလေးကို တွေ့ချင်မြင်ချင်စိတ်တွေ ကြီးစိုးကာ သူ ရောက်လာခဲ့ရပြန်သည်။ ကားလေးကို ခြံထဲဆောင်းဝင်ပြီး တစ်ဖက် ဘ သမုဒ္ဒရာတို့ခြံကြီးဘက် လှမ်းမျှော်ကြည့်မိသေး၏။ သူမလေးရဲ့ အရိပ်အယောင်လေးများ တွေ့လိုတွေ့ငြား မသိမသာလေး သူကြည့် မိသည်။

သို့သော်…

တိတ်ဆိတ်နေသော တစ်ဖက်က ခြံကျယ်ကြီးထဲက တိုက်အိမ်ကြီးတွင် သူမလေးရဲ့ အရိပ်အယောင်လေး တွေ့ခဲ့ရပါ။ သူတို့ အိမ်တံခါးပေါက်မည့်ဆဲဆဲ သော့တွဲလေးကိုင်ပြီး တံခါး ပေါက်လေးဆီ လှမ်းလာနေတဲ့ သမုဒ္ဒရာကို တွေ့လိုက်ချိန်တွင် တအား ကို ဝမ်းသာပျော်ရွှင်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးမြင့်တွင် မှန်ဘူးဆိုတဲ့အသိကြောင့် သူစိတ်တွေ ပိုပြီး ပေါ့ပါးသွားရ၏။ သူမလေးကို သူ့ရင်ထဲက ဆန္ဒအမှန်လေးကို ဖွင့်ပြောနိုင်ရော့မည်ဆိုပြီး တစ်ယောက်တည်းတွေးပြီး ကြည်နူးနေခဲ့တာလေး။

ထင်မထားပါ။

သမုဒ္ဒလည်း သူ့ကို တိတ်တဆိတ်လေး ခင်တွယ်နေလိမ့်မည်ဟု သူယုံကြည်ခဲ့တာတွေအားလုံး မှားယွင်းနေလိမ့်မယ်လို့ သူတကယ်ပဲ ထင်မထားမိပါချေ။

အခုတော့

သူမလေးက ခေါင်းလေးခါယမ်းကာ သူ့ကို ရက်ရက်စက်စက် ငြင်းပယ်လိုက်ချေပြီ။

“စိတ်မကောင်းပါဘူး…ဦးနိုင်စွမ်းထက်၊ ကျွန်မတို့ ကလေးဆိုးလေးတစ်ယောက်လို သတ်မှတ်ပြီး မိတ်ဖွဲ့ချင်တာထို ကျွန်မ လုံးဝလက်မခံနိုင်ပါဘူး။ ကျွန်မ မခင်မင်နိုင်ပါဘူး ဦးနိုင် စွမ်းထက်”

ကျွန်မ…

အပြတ်သားဆုံး ငြင်းပယ်မိသည်။

သူမျက်လုံးထဲမှာ…

ကျွန်မကို ကလေးတစ်ယောက်လို ထင်မြင်ပြီး ကလေး တစ်ယောက်ရဲ့ စိတ်ခံစားမှုကို အလေးအနက်ထားစရာ တစ်ခု





မမြင်အောင် စဝ်ပေါ့ပေါ့လေး ရင်နှီးချင်တာမျိုးကိုတော့ ဘယ်လို ရည်ရုံမှ လက်မခံနိုင်ပါ။

“ကျွန်မနာမည်…သမုဒ္ဒပါ၊ ကလေးလို့ မခေါ်ပါနဲ့ ဦးနိုင် စွမ်းထက်၊ ကျွန်မ အသက် (၁၉)နှစ်ထဲမှာ ရောက်နေပြီရှင့်”

ဟောဗျာ…။

နိုင်စွမ်းထက် ရယ်ချင်သွားရသည်။

ပေါက်မှလွဲရော…။

ဒီကောင်မလေးက သူမလေးကို ‘ကလေး’ လို့ ခေါ်ခေါ် သုံးစွဲနေတဲ့ နာမ်စားလေးကို မကျေမနပ်ဖြစ်နေတာပဲ။

သူမကို အလေးအနက်မထားဘူးထင်ပြီး စိတ်ဆိုးမာန်ဆိုး သူ့ရဲ့ခင်မင်ခွင့်ကို ငြင်းပယ်လိုက်တာကို။

“ဒီလို…ကလေး…ဆောရီး သမုဒ္ဒ ကိုယ်က”

“ဟောတော့…ဘယ်သူများလဲလို့ သား တို့ကွန်း ရောက် နေတာကို”

ဧည့်ခန်းဆီ တရွေ့ရွေ့လျှောက်လာရင်း အပြုံးလေးတွေနဲ့ သူ့ကို နှုတ်ဆက်လိုက်တဲ့ အန်တီမေ့ကို မြင်လိုက်ရချိန်တွင် ပြောလက် စ သူ့စကားလေးတွေ ပြတ်တောက်သွားရလေတော့သည်။

“အန်တီမေ”

သူရော သမုဒ္ဒပါ အန်တီမေ့ကို မထင်မှတ်ဘဲ တွေ့လိုက် ရတာမို့ ထိုင်ရာကနေ လှည့်စောင်းကြည့်ကာ ပြုံးနှုတ်ဆက်လိုက်ကြရ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဟို…ဟိုလေ အန်တီမေ၊ ဘုရားခန်းသန့်ရှင်းရေး လုပ်နေလို့ ခေါင်းမြစ်ဆောင့်မိုင်းထားတာလေ"

သမုဒ္ဒတစ်ယောက်…

အကြောင်းပြချက်လေးလေးကာ ထိုင်ရာကနေ ဆတ်ခနဲ ထရပ်၏။

အန်တီမေက အားနာသောအသံလေးနှင့် သူ့ကိုကြည့်ပြီး မေးသည်။

"သိပ်မကြာသေးပါဘူး အန်တီမေ"

"အေးကွယ်…ကိုထွဋ်ကလည်း ဒီနေ့မှ အပြင်ထွက်သွားတယ်ကွဲ့"

"ဟုတ်ကဲ့ သမုဒ္ဒ ပြောပါတယ်၊ ကိုထွဋ်မရှိဘူးဆိုတာလေ၊ ကျွန်တော်က အလုပ်ကိစ္စတစ်ခု မေးမြန်းစရာလေးရှိလို့ ဝင်လာတာပါ၊ မရှိတော့လည်း ဘယ်တတ်နိုင်ပါ့မလဲ၊ ကျွန်တော် နောက်နေ့မှပဲလာတော့မယ် အန်တီမေ"

"ဟယ်…သားစွမ်းထက်က ပြန်တော့မလို့လားကွဲ့"

"ဟုတ်ကဲ့…အလုပ်ကိစ္စလေးရှိနေလို့ ပြန်လိုက်ပါဦးမယ် အန်တီမေ…အန်တီမေ ဘုရားခန်းထဲမှာဆိုလို့ မနှောင့်ယှက်ချင်တော့ တာနဲ့ ထပြန်တော့မလို့ပါ၊ ခွင့်ပြုပါဦး အန်တီမေ"

"အေးကွယ်…အေး…အေး သြော်ကွယ် …ညှိုသည်ကို





ဘာမှတောင် ညှိမခံလိုက်ရပါလား"

"အပွန်း…ကျွန်တော် အချိန်မရတော့လို့ပါ အန်တီမေ"

သူ…

နေရာကနေ ထရပ်တော့ သမုဒ္ဒက လှမ်းကြည့်၏။ ပြီးနောက် အန်တီမေနဲ့အတူ ကားနားအထိ လိုက်ပို့သည်။ သူ့ကား လေးထဲ ဝင်ထိုင်တော့ အန်တီမေနဲ့ သမုဒ္ဒ ခပ်လှမ်းလှမ်းထွင်ရပ်နေ၏။

"သြော်…သမုဒ္ဒ၊ ဒါ မင်းနားထောင်ချင်တယ်ဆိုတဲ့ သီချင်းခွေ၊ ရော့…လာယူလေ"

ဟင်…။

သူက သီချင်းခွေ စီဒီချပ်ပြားလေးတစ်ခုကို ကားထဲက ထုတ်ယူပြီး ကမ်းပေးတာကြောင့် ကျွန်မ ကြောင်တောင်တောင် လေးဖြစ်ကာ အန်တီမေ့ရှေ့မှာပင် သွားယူမိသည်။

"ကိုယ်…ညကျရင် ဖုန်းဆက်မယ်၊ စောင့်နေနော်"

အို…။

စီဒီချပ်လေးကို ကမ်းပေးသလိုလိုနှင့် ကျွန်မကို ကီတ်တ ဆီတ်မှာကာ မျက်လုံးလေးတစ်ဖက်ကို ဖျတ်ခနဲ မှိတ်ပြလိုက်တဲ့ ဟိုစွမ်းကိုကြည့်ပြီး ရင်ကလေး ဒိတ်ခနဲ ဆောင့်ခုန်သွားရသည်။

ကျွန်မလက်ထဲ…

သီချင်းခွေလေး ရောက်တာနှင့် သူက အေးအေးဆေးပြုံး



www.burmeseclassic.com

www.burmeseclassic.com



မှာဝင် ကားစက်တို့နှိုးသည်။ ပြီးနောက် အနီတီနေ့ကို ခေါင်းကလေး ညွတ်ကာ နှုတ်ဆက်ပြီး မြို့ထဲကနေ ဝေါခနဲ မောင်းထွက်သွားတော့၏။

သူ့လုပ်ရပ်များက…

မြန်ဆန်လွန်းတာကြောင့် သမုဒ္ဒတစ်ယောက် ဘာမှပြန်မ ပြောနိုင်တော့ဘဲ စီဒီချပ်ကြီးကိုင်ကာ ကျန်နေရစ်ခဲ့ရတော့သည်။

❋ ၂ ❋





အခန်း (၁၂)

ညကျရင် ဖုန်းဆက်မယ်ဆိုတဲ့။

အဓိပ္ပာယ်စကားလေးတစ်ခွန်းကြောင့် ဖုန်းစောင့်နေတဲ့သမီး ဖြစ်နေရသူက သမုဒ္ဒပါပဲ။ ဘယ်အချိန် ဘယ်နှစ်နာရီမှာ ဆက်မယ် လို့ ပြောမထားသည့်အတွက် တယ်လီဖုန်းမြည်တိုင်း အပြေးလေး ကိုင်ကိုင်နေရ၏။

စိတ်လှုပ်ရှားစရာ ကောင်းလိုက်တာနော်။

ဖုန်းဆက်ပြီး သမုဒ္ဒကို သူဘာတွေပြောဦးမှာပါလိမ့်။

သူ့ဘက်က လိုက်လဲ့မှာ ခင်မင်ခွင့်လေး တောင်းဆိုခဲ့တာ ကို တွန့်မ ခါးခါးသီးသီးပဲ ငြင်းခဲ့တာလေ။ သူမြန်မြန်ရှင်းဖို့ ကြိုးစားနေတုန်း အနီတီမရောက်လာလို့ စကားစလေးတွေ ပြတ်



www.burmeseclassic.com

www.burmeseclassic.com



တောက်သွားရ၏။

အန်တီနေရှေ့မှာ ဘာမှမပြောသာဘဲ သူပြန်သွားခဲ့သည်။

ကျွန်မျှောထားတဲ့ သီချင်းခွေတဲ့။

သိပ်ဉာဏ်များတဲ့ တိုစွမ်းပဲ။

သူမလက်ထဲ စွန့်ပစ်ခဲ့သော သီချင်းခွေကြီး ပေးခဲ့သည်။

တကယ့် ရွေးပေါင်းသီချင်းတွေ။

ကျွန်မ…

နုသစ်တဲ့ ရင်ခုန်သံတွေ စီးမျောနေတဲ့ ချစ်သီချင်း မြူးမြူး ကြွကြွလေးတွေကိုပဲ ခံစားတတ်တာ။ သူ့ရဲ့သီချင်းက ကျွန်မအတွက် တော့ ရယ်စရာလေး ဖြစ်နေရသည်။ အသက်ငယ်ငယ်ရွယ်ရွယ် အတိုးကြီးပေါက်စကလေးလို ဖြစ်နေတဲ့ သူ့အတွက်တော့ တကယ့်ကို အနုပညာမြောက်တဲ့ ဂန္ထဝင်သီချင်းကြီးတွေနဲ့ အဆင်ပြေနေမှာပေါ့လေ။

ကျွန်မကသာ နားထောင်ရတာ အထူးအဆန်းကြီး ဖြစ် တာ။

"တူ…တူ"

ယော…

ဖုန်းလာပြန်ပြီ။

သူဆက်တာများလား။

ရင်ကလေးတခုန်ခုန်နှင့် တယ်လီဖုန်းလေးကို ကောက် ကိုင်တော့ ထင်တဲ့အတိုင်းပါပဲ သူ့ဆီက ဆက်သွယ်လာတာ ဖြစ်နေ၏။

"သမုခ"

"ရှင်"

"အပျွန်း…တော်ပါသေးရဲ့ ဒီတစ်ခါတော့ မင်းပြန်ထူး သားပဲ"

ဖို…။

ဒီတစ်ခါတော့ ပြန်ထူးတယ်ဆိုတော့ ဟိုတစ်ခါက [illegible] မထူးခဲ့တာကို သူ ရိပ်မိနေပါတယ်လို့ ဝန်ခံနိုင်းလိုက်တာ ပေါ့။

ကြည့်စမ်း…။

ဝညာရှိရှိနဲ့ ကျွန်မကို သူနိုးဖမ်းပြလိုက်တာပဲ။

"ဒီမှာ…သူများကို ဖုန်းစောင့်နိုင်းထားလို့ စောင့်နေတာ အားနည်းချက်ကိုမိနင်းပြီး ခံစားချက်တွေ သံစဉ်မဲ့သွားအောင် ဆိုရင်တော့ ချက်ချင်းပဲ ဖုန်းပြန်ချလိုက်တော့မယ်"

"ဟာ…ယော့…ယော့ ကလေး နေဦး…နေဦး ဖုန်းတော့ မချပါနဲ့ကွာ၊ ကိုယ်တောင်းပန်ပါတယ်၊ မင်း စိတ်ဆိုးမယ်ဆိုရင် လည်းတော့ပါဘူး၊ တော့နုးပြီး ဖုန်းတော့မချလိုက်ပါနဲ့နော် ကွာ။ ကိုယ် မင်းကို ရင်ဖွင့်စရာရှိလို့ပါ"

လုပ်ပြန်ပြီ…။





www.burmeseclassic.com

www.burmeseclassic.com



ကလေးလို့ ခေါ်တာကြီးကို မကြိုက်ပါဘူးဆိုမှ ဒီနာမည်ကိုပဲ ထပ်ခါတာလဲလဲ ခေါ်နေတာ အသည်းယားစရာ။ ဘာကြောင့်များ အဲဒီအသုံးအနှုန်းကြီးကို သူမက်မောနေရတာပါလိမ့်။

သို့သော်…

သူ့စိတ်တွေ ရှုပ်ထွေးနောက်ကျိမှာစိုး၍ ဆက်ပြီး မမေး ဖြစ်တော့ချေ။

"ကလေး…အဲဒီလိုခေါ်တာကို မင်းလေးက ကြိုက်မှာ မဟုတ်ဘူးနော်၊ ဒါပေမယ့် ကိုယ်က အဲဒီလိုလေး ခေါ်လိုက်ရတာ ပဲ နှစ်သက်နေမိတယ်ကွာ၊ ကိုယ့်ကို မင်း ခေါ်ခွင့်ပြုပါနော်…

ကိုယ့်ဘဝထဲကို တမင်ဖန်တီး ဝင်ရောက်လာတာ မဟုတ် ဘဲ မထင်မှတ်တဲ့ ဆုံတွေ့မှုလေးတွေနဲ့ အမြူစင်ဆုံး တိုးဝင်လာ ကလေးမလေးတစ်ယောက်ကို ဘယ်လိုမှ မေ့ပျောက်လို့မရအောင် ဖြစ်နေခဲ့တဲ့အတွက် ကိုယ့်ကိုယ်ကိုလည်း မယုံကြည်နိုင်တော့ဘူး ကလေးရယ်…

ကိုယ်လေ…

တစ်ချိန်လုံး မျှော်လင့်နေခဲ့တာပါ။ မင်းလေးဆီက ကိုယ့် အတွက် အနွေးထွေးဆုံး ဆက်ဆံမှုလေးတွေ တစ်နေ့နေ့ တစ်ချိန်ချိန် မှာ လက်ခံရရှိနိုင်ပါ့မလားဆိုတဲ့ တောင်းတမှုလေးတစ်ခုနဲ့ ရှင်သန် နေခဲ့ရတာပါ။

အဲဒီအချိန်မှာပဲ…





မထင်မှတ်တဲ့ ဖုန်းလေးတစ်ခု ဝင်လာခဲ့တယ်လေ။ ကိုယ် မင်းကို စိတ်ရှုပ်ထွေးနေတဲ့အချိန်မှာ အဲဒီဖုန်းလေးက ဝင်လာတာ ပါ။ ဒါပေမယ့် ကိုယ်ဘယ်လောက် မေးမေး အဖြေပြန်မရခဲ့ဘူး လေ။

သမုခဆိုတဲ့ ကလေးလားလို့ ကိုယ်မေးခဲ့တာကို ပြန်မဖြေ ဘူး။ ကိုယ် တစ်ညလုံး အဲဒီဖုန်းသံလေးကြောင့် အိပ်မပျော်ခဲ့ဘူး ကလေးရယ်။ ကလေးသာ ဖြစ်ပါစေလို့ ဆုတောင်းခဲ့ရတာ အခါခါ ပဲ။

မနက်ရောက်တော့…

ကိုယ်ဘယ်လိုမှ မအောင့်အီးနိုင်တော့ဘဲ ရောက်လာခဲ့ တယ်။ ဒါပေမယ့် ကလေးက ခေါင်းခါပြီး ငြင်းခဲ့တယ်နော်။ ကလေးရယ် မင်းဟာ ကိုယ့်ရဲ့ ဝိတ်လှောင်မွန်းကြပ်နေတဲ့ ဘဝ ထဲကို ပထမဆုံးအကြိမ် ဖြာကျလာတဲ့ နေရောင်ခြည်လေး တစ်ခုပါကွာ။ အဲဒါလေးကို အမိအရဆုပ်ကိုင်ထားချင်ခဲ့ပေမယ့် ကိုယ်လေ မထင်မှတ်ဘဲ ကလေးကငြင်းပယ်လိုက်တော့"

"ကိုစွမ်း…ကိုစွမ်းရယ်"

သူ့စကားလေးကို နားထောင်ပြီး မျက်ဝန်းအိမ်မှာ မျက်ရည် တွေဝင် ဝဲတက်သွားရ၏။ ကျွန်မ မထင်မှတ်ခဲ့မိဘူးရှင်ရယ်။

ကိုစွမ်းဟာ အခုလောက်ထိ ကျွန်မနဲ့ပတ်သက်ပြီး နက်နက် လေး ခံစားကြည့်မှာပဲလို့ တစ်ခါမှကို စိတ်ထဲမထည့်ခဲ့ဘူးတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မဘောက်က တစ်ဖက်သတ်ဖြစ်နေခဲ့တယ်လို့ပဲ ထင်ခဲ့တာလေ

အခုတော့…

သူမရဲ့ ရင်ခုန်သံတွေနဲ့ ထပ်တူစွာ ကိုစွမ်းရင်ထဲက နှလုံး သားလေးကလည်း ခုန်လှုပ်နေခဲ့တာပါလား။

"ကလေး"

"ရှင်"

"ကိုယ် အရမ်းခံစားသွားရအောင်တော့ မရက်စက်လိုက် ပါနဲ့နော်"

"ကိုစွမ်းရယ်…ရှင့်ရင်ခွဲပြီး ရှင့်နှလုံးသားကို ခံစားစေ ဆိုတာ ကျွန်မရင်ထဲက နှလုံးသားကို အစိမ်းလိုက်ခွဲထုတ်နိုင်မှ ဖြစ်မှာပါ၊ ရှင်နာကျင်ရတာထက် ကျွန်မက အဆတစ်ရာလောက် ပိုနာကျင်ရမှာပါ ကိုစွမ်းရယ်"

"ဟာ…ဒါ…ဒါ တကယ်ပဲလားဟင် ကလေး၊ ဒါဆို မင်းလည်း ကိုယ့်လိုပဲ ခံစားနေတယ်ပေါ့"

"မနေ့ညက ကိုစွမ်းဆီကို ကျွန်မဆက်ခဲ့တာပါ၊ ကိုစွမ်းရဲ့ အသံလေးကို ကြားချင်လို့ ကျွန်မဆက်ခဲ့တာပါ၊ ကျွန်မ ဝန်ခံပါ တယ် ကိုစွမ်းရယ်"

"ကလေးရယ်"

"ကျွန်မ မညာချင်ပါဘူး ကိုစွမ်း၊ ကိုစွမ်းဆီက မိတ်ဆွေ ဖြစ်ပါရစေဆိုတဲ့ ကမ်းလှမ်းချက်ကလေးကို ငြင်းပယ်ပါရစေ ကိုစွမ်း





ရယ်၊ ကျွန်မ မိတ်ဆွေမဖြစ်ချင်ဘူး။

ကိုစွမ်းရဲ့အနားမှာနေပြီး ကိုစွမ်းရဲ့ ခံစားချက်တွေကို နားလည်ပေးနိုင်တဲ့သူတစ်ယောက်ပဲ ဖြစ်ချင်တာ"

"ကလေးရယ်…ကိုယ်ကလည်း ကိုယ့်ရင်ခုန်သံတွေကို နားဆင်ပေးမယ့် ကိုယ့်ချစ်သူလေးပဲ ဖြစ်စေချင်တာပါ။ ဒါပေမယ့် ကိုယ် အတွေအရမ်းကြီးသွားမလားဆိုပြီး တွန့်ဆုတ်နေခဲ့တာပါ။ ကလေးကို ကိုယ်သိပ်ချစ်တယ်"

အမလေး…။

သမုဒ္ဒတစ်ယောက် ရင်ထဲက နှလုံးသားလေး ခုန်လွန်းလို့ အပြင်ထွက်ကျသွားမှာစိုး၍ မနည်းကြီး ဖိထားလိုက်ရသည်။

အကြားချင်ဆုံးစကားလေးပါ။

ကျွန်မကို သိပ်ချစ်တယ်လို့ သုံ့တတယ်ပဲ ဖွင့်ပြောလာမယ့် နေ့တလေးကို အချိန်တိုင်း၊ နာရီတိုင်း၊ မိနစ်၊ စက္ကန့်တိုင်း မျှော်လင့် နေခဲ့တာပါ။

အခုတော့…

ကျွန်မဆန္ဒလေး ပြည့်ဝသွားပြီပေါ့လေ။

"ကလေး"

"ရှင်"

"ကိုယ့်ကို တစ်ခုခုပြန်ပြောဦးလေ"

"ဘာကိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ချစ်တယ်လို့"

"အဟင်း…ဟင်း"

"ဘာရယ်တာလဲကွ…ကိုယ့်စကားထဲမှာ ဘာရယ်စရာ ပါလို့လဲ"

"ကိုစွမ်းကလည်း"

မှုန့်မှုန့်အသံလေးနှင့် ကျွန်မပြောတော့…

"ကိုယ် ကြားချင်လို့ပါ ကလေးရယ်"

"ကိုစွမ်းကို ကျွန်မချစ်ပါတယ်၊ ရင်ထဲ အသည်းထဲ ကို နင့်သည်းနေအောင် ချစ်ပါသတဲ့ရှင်၊ ကဲ ကျေနပ်ပြီလား"

သမုခလေးရယ်…။

နိုင်စွမ်းထက်တစ်ယောက် ချစ်သူလေးဆီက မထင်မှတ်ဘဲ ချစ်အဖြေလေးကို ကြားခွင့်ရလိုက်တာမို့ ရင်တစ်ခုလုံး မှိုင်း ကာ မွေးတစ်လှည့် အေးတစ်လှည့်ဖြင့် ခံစားနေရတော့သည်။

ထိုညက…

သမုခနှင့်သူ…

ဖုန်းတွေအကြာကြီး ပြောဖြစ်ခဲ့၏။

တယ်လီဖုန်းလေးထဲကနေ ချစ်သူတွေ ဖြစ်သွားခဲ့ သည်။

ကံကြမ္မာက ဖန်တီးပေးခဲ့တဲ့ ဆုံတွေ့မှုလေးနှင့် သူချစ် တဲ့ကောင်မလေးကို သူ့ရင်ထဲက နှလုံးသားတွေက တိတိကျ





ကျ ရွေးချယ်ခဲ့ကြ၏။

ကလေးရယ်…။

ကိုယ်…

"မင်းလေးကို သိပ်ချစ်တယ်"

"မင်းလေးနဲ့ သိပ်တွေ့ချင်တာပဲ ကလေးရယ်"

နိုင်စွမ်းထက်တစ်ယောက် ရင်ထဲက အဖြစ်ချင်ဆုံးအိပ်မက် လေးတွေ ဖွင့်ဟနေမိသည်။ နှစ်ဦးသား အတော်လေး ညဉ့်နက်မှ ပဲ ဖုန်းလေးကို ချလိုက်ကြ၏။

သမုခမှာလည်း ဖုန်းခွက်လေးကို ချလိုက်ရပေမယ့် နားထဲ မှာ သူ့စကားသံလေးက ကြားယောင်နေမြဲပင် ရှိနေရသည်။ ကိုစွမ်း ရယ်…။

ကျွန်မကို တကယ်ချစ်တာပါနော်။

ကျွန်မ အိပ်မက်မက်နေတာ မဟုတ်လောက်ပါဘူးနော် ကိုစွမ်း။

အိပ်ရာလေးထက် ညင်သာစွာ လှဲချရင်း မျက်လုံးလေး မှိတ်ကာ တည်ကြည်ရှောမွေ့လွန်းသော သူ့မျက်နှာလေးကို ပြန်မြင် ယောင်ရင်း နှုတ်ခမ်းသားလေးတွေက ပြုံးမြနေရတော့သည်။

စိတ်ချမ်းသာစရာ ကောင်းလိုက်ပါဘိ။

သူနဲ့ကျွန်မ ချစ်သူတွေ တကယ်ပဲဖြစ်သွားခဲ့ပြီလေ။

ဒါဟာ…



www.burmeseclassic.com

ကျွန်မ အမျှော်လင့်ကြီး မျှော်လင့်နေခဲ့ရတဲ့ အဖြစ်အပျက်လေးတစ်ခုပဲ။

ကျေးဇူးတင်ပါတယ် ကိုစွမ်းရယ်။

အခုလို…

အချိန်လေးမှာ ဖွင့်ဟဝန်ခံခဲ့တဲ့အတွက် အထူးကိုပဲ [illegible] ဇူးတင်ပါတယ်ရှင်ရယ်…။

❋ ❋





## အခန်း (၁၃)

"သမုခ"

အနောက်ဘက်ဆီမှ ခေါ်သံကြောင့် ကျွန်မ လှည့်ကြည့်လိုက်မိသည်။

"ကိုကို"

ကိုကိုက ကျွန်မရှိနေတဲ့ ဝရံတာလေးဆီ တရွေ့ရွေ့လှမ်းလျှောက်လာ၏။ ကိုကို့ကို ရုတ်တရက် တွေ့မြင်လိုက်ရသဖြင့် ကျွန်မရင်ကလေး ထိတ်ခနဲဖြစ်သွားရသည်။ တည်ငြိမ်ချင်တဲ့ စိတ်ကို မနည်းကြီး ထိန်းချုပ်နေရ၏။

ကိုကိုက ကျွန်မအနီးသို့ လာရပ်ပြီး ကျွန်မမျက်နှာကို စေ့စေ့ကြည့်တော့ မျက်လွှာလေးချပြီး အကြည့်လေးကို တင်းတင်း

www.burmeseclassic.com



သို့ လှဲလိုက်ရသည်။

"ကိုကို...ဘာပြောချင်လို့လဲဟင်၊ ဒီအရိုန်ကြီး တစ်ခါမှ မလာဘူးဘဲနဲ့ ရောက်လာတယ်ဆိုတော့"

စိတ်မလုံမလဲ...

ကျွန်မ မေးမိသည်။

ကိုကိုသိသွားပြီလား။

ကျွန်မနဲ့ ကိုစွမ်းတို့ ချစ်သူတွေဖြစ်သွားကြပြီဆိုတာ ကိုကို သိသွားပြီလား။ တစ်ခါမှ မလာဖူး ကျွန်မတို့ခြံဘက်ကို ကူးလာ တာ သိပ်ပြီး ထူးဆန်းလွန်းနေသည်။

"သမုခ...အိပ်ပြီနေတာလား"

"ရှင်"

"ကိုကိုရောက်လာတာကိုလေ မင်း အရမ်းအံ့ဩ သလားလို့မေးတာ"

"ဒါပေါ့...ကိုကိုရဲ့၊ ကျွန်မ ကိုကို့အသံကြားတော့ အ အံ့ဩသွားတာလေ၊ ကိုကို ဘယ်တုန်းကများ တို့ခြံဘက်ကို ဒီအ မှ ရောက်လာတတ်လို့လဲ"

"အဟွန်း...ဟုတ်တယ်နော်"

ကိုကိုက တစ်ချက် နှုတ်ခမ်းလေးတွန့်ရုံ ပြုံးကာ ဝရ လက်ရန်းကို ခပ်တင်းတင်းဆုပ်ကိုင်ပြီး မြဝင်းကျယ်ကြီးဆီ အကြည့်လေး လွှဲသွားပြန်သည်။





"ကိုကို"

"ပြော"

"ကျွန်မအတွက် ကားဝယ်ပေးဖို့ရော စိတ်ကူးရှိသေးရဲ့ လား"

"ကိုကို ရှာထားပြီးပါပြီ၊ ဈေးနှုန်းကလည်း မဆိုးဘူးဆို တော့ ကိုကို အန်တီသီရိကို ပြောပြထားတယ်၊ အဲဒီကားထဲက ကြိုက်တာကိုရွေးပေါ့၊ မနက်ဖြန် ကားလာပြလိမ့်မယ်"

"ဟယ်...တကယ်လား"

"တကယ်ပေါ့...သမုခရယ်"

"ဟား...ဟား ဝမ်းသာလိုက်တာ၊ ကားအသစ်နဲ့ ကိုယ်တိုင်မောင်းပြီး ကျောင်းတက်ရတော့မယ်၊ ပျော်စရာကြီးပဲ ထိး"

"သမုခ"

စိတ်လွတ်ကိုယ်လွတ် ပျော်ရွှင်ဝမ်းသာနေသော သမုခကို ကြည့်ပြီး သူမလေးနဲ့အတူ လိုက်မပျော်နိုင်သူက မိုးမြင့်ထွန်းပါပဲ။ သူမလေးကို နောက်ဆိုလျှင် ဘယ်သွားသွား လိုက်ပို့ပေးခွင့်လေး သူမှာ ဆုံးရှုံးသွားရတော့မှာလေ။

သမုခရယ်...

ကိုကိုလေ မင်းလေးအပေါ် ဘယ်လိုသံယောဇဉ်မျိုးတွေနဲ့ တွယ်တာနေမိပြီလဲဆိုတာ ဖြစ်ပြီးစဉ်းစားတွေးတောနေရပြီ သမုခ



www.burmeseclassic.com

www.burmeseclassic.com



ရယ်။ ကိုကို့စိတ်တွေ ဟိုးအရင်ကလို ရှိသားသေးရဲ့လားလို့ မြ[...]
သုံးသပ်နေရပြီ သမုခရယ်။

"ပြောလေ..ကိုကို ကျွန်မကို ဘာပြောစရာရှိလို့လဲ"

ကျွန်မမျက်နှာလေးကို ငေးရီကြည့်ပြီး ဘာစကားမှ မပြော[...]
ဘဲ ငြိမ်သက်တိတ်ဆိတ်နေတဲ့ ကိုကို့ကို သမုခ ပြန်မေးလိုက်မိ[...]
သည်။

"ကိုကို"

"ဟင်"

"ကျွန်မကို တစ်ခုခုများပြောစရာရှိလို့လားဟင်"

စိတ်ရင်းအမှန်နှင့် ကျွန်မမေးမိခြင်းရယ်ပါ။

ကိုကို့နဲ့ကျွန်မ။

ဟိုးငယ်ငယ်လေးကတည်းက အမြဲလိုလို ရန်ဖြစ်ပြီး [...]
မြတ်ခဲ့ပေမယ့် အသက်အရွယ်ရလာတော့ အရင်ကလို သိပ်ရန်မဖြ[...]
ကြတော့ချေ။ တစ်ခါတစ်ရံ စကားနိုင်လုကြရုံလောက်သာ [...]
သည်။

အခုနောက်ပိုင်း...

ကိုကို့ပုံစံတွေ ပြောင်းလဲလာ၏။

ကျွန်မနဲ့ ရန်မဖြစ်တော့သလို ကျွန်မကိုလည်း အလွှ[...]
ဆက်ဆံလာသည်။

ဒါတွေအားလုံး...





ဘာကြောင့်လဲဆိုတာကိုတော့ ကျွန်မ ခေါင်းစားတတ်ပါ၏။
သို့သော် ကိုကို့နဲ့ ရန်မဖြစ်ရတာကိုတော့ ကျွန်မ တော်တော်လေး
ဝမ်းသာနေမိသည်။ အခုလည်း ကိုကို့ကြောင့် ကျွန်မကို ကားဝယ်
ပေးဖို့ မာမီက သဘောတူခဲ့တာလေ။

အခု...

ကျွန်မအတွက် ကားရှာလို့တွေ့ပြီဆိုတော့ ဝမ်းသာစရာပဲ
ပေါ့။ ကျွန်မသွားချင်တဲ့နေရာတွေကို လိုက်ပို့ပေးရတဲ့ ဒုက္ခကနေ
ကိုကို လွတ်ငြိမ်းသွားပြီပေါ့လေ။ ဒါ စိတ်ဘယ်လောက် ပေါ့ပါး
သွားရမလဲ။ အဲဒီလောက် ဝမ်းသာစရာကိစ္စကို လာပြောတာ ကိုကို့
မျက်နှာမှာ ကြေကွဲဝမ်းနည်းရိပ်တွေ ယှက်သန်းနေခဲ့သည်။

"ကိုကို"

"ဟင်"

"ကိုကို...ဘာဖြစ်နေတာလဲ"

ကျွန်မ ထပ်မေးမိပြန်သည်။

"သမုခ"

"ပြောပါ ကိုကို"

"ကိုကို စိတ်အရမ်းညစ်နေတယ်"

"ဟင်"

"ကိုကို ဘာလုပ်လို့လုပ်ရမှန်းလည်း ခေါင်းစားတတ်တော့
[...] သမုခရယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့မျက်နှာရှောရှောမှာ တကယ်ပဲ စိတ်ရှုပ်ထွေးစရာ တွေနဲ့ တွေဝေမှိုင်းငေးလို့နေသည်။

"ဘာတွေလဲဟင်…ကိုကို၊ ကိုကို ဘာကြောင့် စိတ်တွေ ညစ်နေရတာလဲ၊ ကျွန်မကိုပြောပြလို့ ဖြစ်မလား ကိုကို"

"ဟင့်အင်း"

ဟယ်…။

ခေါင်းလေးကို သွက်နေအောင် ခါယမ်းပြလိုက်တဲ့ ကိုကို့ ကို မျက်လုံးပြူးလေးတွေနဲ့ နားမလည်နိုင်သလို ကျွန်မကြည့်မိသည်။

"စီးပွားရေးကြောင့်လား ကိုကို"

"ဟင့်အင်း"

"ဒါဆို အချစ်ရေးလား"

"ဘာ"

"အမလေး…တိုးတိုးအော်စမ်းပါ ကိုကိုရယ်၊ လူကိုလန့် သွားတာပဲ၊ အဟင်း…ဟင်း"

မျက်လုံးလေးပြူး၊ ရင်ဘတ်လေးကိုဖိပြီး သူ့မျက်နှာကို ကြည့်တော့ ရယ်မောလိုက်တဲ့ သမုဒ္ဒရာပုံစံလေးကိုကြည့်ပြီး အတော်လျှော့ ကြီး တုန်လှုပ်သွားရသူက နှမ်းမြင့်ထွဋ်ရယ်ပါ။

အချစ်ရေးတဲ့။

ဒီစကားလေးကို သူမေ့ဘယ်လိုကြောင့် ခပ်မြန်မြန်ကြီး စဉ်းစားနိုင်ခဲ့ရတာလဲ။ သူ့အာရုံထဲမှာ ကလေးသာသာ ထင်မှတ်ခဲ့





တဲ့ သမုဒ္ဒရာ အချစ်ဆိုတာကို လွယ်လွယ်ရှုရှု သုံးစွဲလိုက်တာ ထို့နိုင်စရာ။

"ကိုကိုကလည်းလေ…ဘာဖြစ်လို့ မျက်လုံးပြူးကြီးတွေ နဲ့ ကြည့်နေရတာလဲ၊ ဒါလေးမေးတာများ ဟုတ်ရင်ဟုတ်တယ်၊ မဟုတ်ရင်မဟုတ်ဘူးပေါ့ ကိုကိုရဲ့၊ သိပ်ထူးဆန်းတဲ့အရာမှ မဟုတ် တာ၊ နှလုံးသားရှိသူတိုင်း ရင်ခုန်တတ်ကြတာ၊ အချစ်အကြောင်း ခံစားတတ်ကြတာ ဆန်းမှမဆန်းတာ"

"တိတ်စမ်း သမုဒ္ဒ"

ဟင်…။

"မင်းဝါးစဝ်ကို ပိတ်ထားလိုက်စမ်း"

အို…။

ကျွန်မမျက်နှာကို စေ့စေ့ကြည့်ကာ ဒေါသတကြီး အော် လိုက်တဲ့ ကိုကို့ကို ကြည့်ပြီး ကြောင်အအလေး ဖြစ်သွားရသည်။

ဘာမှားသွားလို့လဲ။

ကျွန်မစကားထဲမှာ ဘာအမှားတွေပါလို့ ကိုကို ဒီလောက် ထောင် ဖြစ်ခဲ့ရတာလဲ။ တစ်ခါမှ အခုလောက် ဝေါက်ရွဲ့တာမျိုး မကြုံခဲ့ဘူးတာမို့ စိုးရွံ့ထိတ်လန့်ကာ ရေမိသည်။

"မင်း…မင်း ပြောင်းလဲနေပြီ သမုဒ္ဒ"

"ရှင်"

"ဟုတ်တယ်…မင်းညောနဲ့သမုဒ္ဒ၊ မင်း ဘယ်တုန်းကမှ



www.burmeseclassic.com

www.burmeseclassic.com



လိမ်ညာတတ်ခဲ့တဲ့သူ မဟုတ်ဘူး၊ မင်း အမှန်အတိုင်းပြောစမ်း မင်းမှာ ချစ်ရမယ့်သူရှိနေပြီမဟုတ်လား သမုဒ္ဒ"

မြတ်စွာဘုရား…။

ကိုကို့မေးခွန်းက သူမရင်ကို အပြင်းထန်ဆုံး လာရောက် ထိမှန်သော မုံးတစ်လုံးလိုပါပဲ။ စိတ်တုန်လှုပ်ချောက်ချားကာ ရင် တစ်ခုလုံး ပွင့်ထွက်မတတ်ပင် ခံစားလိုက်ရသည်။

"သမုဒ္ဒ…ကိုကိုမေးနေတယ်လေ၊ မင်းမှာ ချစ်သူရှိနေ ပြီလားလို့"

ကျွန်မ…

ဘယ်လိုပြန်ဖြေရမလဲ။

အမှားလုပ်ထားမိသူတစ်ယောက်လို သွေးဖျက်တော် ချောက်ချားကာ ကျွန်မနှုတ်ခမ်းသားလေးတွေ ဖွင့်ဟမရတော့။

"ပြောစမ်း…သမုဒ္ဒ၊ ပြောလေ၊ မင်းက အချစ်အကြောင်း အစုလို ဟောဟောသီသီအသုံးပြုပြောဆိုနိုင်တာ မင်းအတွက် စိမ်းသယ် မနေတော့ဘူးဆိုတာ ကိုကိုရိပ်မိတယ်၊ ပြောစမ်း သမုဒ္ဒ၊ ပြောလေ ကွာ မင်း…မင်း ဘယ်အကောင်နဲ့"

"ကိုကို"

ကျွန်မ ရင်တလှပ်လှပ်မောဟိုက်လာသည်။ မကြားရဲ့ တားဆီးလိုက်မိ၏။

ပြောလိုက်ရမလား။





ကျွန်မမှာ ချစ်သူရှိနေပြီလို့ ပြောလိုက်ရမလား။

အဲဒီလူက…

ကိုကို့သူငယ်ချင်း နိုင်စွမ်းထက်ဆိုတာကို ဖွင့်ဟဝန်ခံလိုက် ရမလားဟင်။

ဟင့်အင်း…

မဖြစ်သေးပါဘူး။

မာဓိသိရင် ပညာတစ်ပိုင်းတစ်စနဲ့ ကျွန်မ ရည်းစားထား တာ သိသွားရင် အံ့ဩသွားမှာ။ တအားကို တုန်လှုပ်သွားမှာ။ ပါမယ့် ကျွန်မချစ်သူက သာမန်ယောကျ်ားတစ်ယောက် မဟုတ် ဲ လောကကြီးမှာ နာမည်တစ်လုံးနဲ့ ရပ်တည်နေတဲ့လူဆိုတာသိရင် ဒီက ဖြေသိမ့်နိုင်မှာပါ။

စက်တာတ…

ကိုစွမ်းပဲ။

သိပ်ချစ်တယ်လို့ တယ်လီဖုန်းလေးထဲကနေ ပြောပြီးက ညီးက ကျွန်မနဲ့ အခုချိန်ထိ မတွေ့ရသေးချေ။ အလုပ်တွေ အများနေလို့လားတော့မသိ။ ကျွန်မဆီကို ဖုန်းလေးဝင်မလာ။

ဒါကို…

မိန်းကလေးဖြစ်တဲ့ ကျွန်မက ဂုဏ်သိက္ခာငြွားစွာ ရှုတ်ရမှာဆိုတော့ သေသေချာချာ စဉ်းစားမှုကို ဖြစ်စေသည်။

"သမုဒ္ဒ"



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့ခေါ်သံကြောင့် အတွေးလွန်နေတဲ့ ကျွန်မ အသေး လေးတွေ ဆတ်ခနဲဝင် တုန်တက်သွားရသည်။ ကိုကို့မျက်နှာ ချောဆီ ဆတ်ခနဲ ကြည့်မိသွား၏။

"မေးနေတယ်လေ သမုခ"

"ဟို…ဟို…ဟို မရှိသေးပါဘူး ကိုကိုရဲ့"

"ဘာကွ"

မြေပုံကိုက မတောင်မကျ။

မရှိရင်မရှိဘူးပေါ့။

အခုတော့ မရှိသေးပါဘူးတဲ့။ ဒါဆိုရင် နောက်ရှိလာ တယ်ဆိုတဲ့ အလားအလာကို ဖော်ပြလိုက်တာပေါ့လေ။

မိုးမြင့်ထွဋ်တစ်ယောက်…

သမုခကို မျက်တောင်မခတ် စေ့စေ့ကြည့်လိုက်မိသည်

မျက်ဝန်းလေးတွေက မတည်ငြိမ်ချင်။ စီးပွားရေးလော မှာ လူပေါင်းစုံနဲ့ ဆက်ဆံနေရတဲ့ မိုးမြင့်ထွဋ်အတွက် သမု မရိုးသားတဲ့ မျက်ဝန်းလေးထဲက လျှို့ဝှက်မှုတွေကို ရှာဖွေနိုင် ရ၏။

သူ့ရင်ထဲက နှလုံးသားလေး နာကျင်စူးရှသွားရော မဲ့တဲ့လေး မော့ကြည့်နေတဲ့ ဖြူစင်ရိုးသားတဲ့ သမုခရဲ့ မျက် လေးတွေထဲမှာ တစ်စုံတစ်ခုကို ဖုံးကွယ်ထားတာ သူရိပ်မိနေ အတွက် ပိုရှုံ့ဝင် ဝမ်းနည်းကြေကွဲနေရသည်။





"ကိုကိုကလည်း ရုတ်တရက်ကြီး ဘာထဖြစ်တာလဲ၊ ကျွန်မတောင်လန့်သွားတာပဲ"

ကျွန်မ ဟန်ဆောင်ပြုံးသေးတွေနှင့် မျက်တောင်းလေးရွှေ ဆ ထိုးတော့ ကိုကိုက ငြိမ်သက်တိတ်ဆိတ်ကာနေသည်။

"သမုခ"

"ရှင်"

"မင်းမှာ နောက်ရှိလာနိုင်အောင် သတ်မှတ်ထားတဲ့သူ ရှိပြီမဟုတ်လား သမုခ"

"ရှင်"

"ပြောလေ သမုခ"

"ကျွန်မ ဘာပြောရမလဲ ကိုကို"

"မင်းမှာ"

"တော်ပါတော့ ကိုကိုရာ၊ ကျွန်မ စိတ်ညစ်နေပြီ ဒီစကား းပြောမိတာနဲ့ပဲ ကိုကို့ခေါင်းထဲ အတွေးပေါင်းစုံ တိုးဝင်တော့ တယ်၊ စိတ်ရှုပ်လိုက်တာ၊ ကျွန်မသွားတော့မယ်"

"နေဦး"

"အို…အမေ့"

"ဟာ"

ကိုကို့ရှေ့ကနေ လှည့်ထွက်ရုံအပြု ထောင်မှတ်မှာ သန်မာ ခိုလက်များနှင့် ကျွန်မလက်မောင်းသားလေးကို ဖမ်းဆွဲတားဆီး



www.burmeseclassic.com

www.burmeseclassic.com





လိုက်တာမို့ ခန္ဓာကိုယ်လေး ဖုံးပိတ်နိုင်ကာ ကိုကို့ရင်ခွင်လေးထဲ ယိုင်[...] သွားရသည်။

မိုးမြင့်ထွဋ်မှာလည်း...

ဒေါသတကြီး လှမ်းတားဆီးလိုက်စဉ် သမုဒ္ဒတစ်ယော[...] ခြေလှမ်းလေးပျက်ကာ သူ့ရင်ခွင်ထဲ ပြိုကျလာသော သမုဒ္[...] စိုးရိမ်တကြီး သန်မာသော သူ့လက်များနှင့် ဖမ်းယူပွေ့ထိန်းလို[...] မိသည်။

ရုတ်တရက်မို့ ရင်ခွင်လေးနှစ်ခု ထိကပ်သွား၏။

မိုးမြင့်ထွဋ်ရင်ထဲ လှိုက်ခနဲဖြစ်ကာ ရင်ခုန်သံတွေ မြ[...] သွားရသည်။ သမုဒ္ဒရဲ့ ခန္ဓာကိုယ်လေးကို မလွှတ်တမ်း ဖွေ[...]ရင်း အနီးကပ်မြင်တွေ့နေရသော မျက်နှာဖူးဖူးစင်စင်လေးကို ငေး[...]တမ်း ငုံ့မိုးစိုက်ကြည့်နေမိတော့သည်။

"အို"

"လွှတ်"

"လွှတ်ပါ ကိုကို"

သတိလက်လွတ် မှင်သက်မိနေရာမှ ပထမဆုံး အသိ[...] သွားရသူက သမုဒ္ဒရယ်ပါ။ သူမရဲ့ခန္ဓာကိုယ်လေး နွေးမြလှို[...]သော ရင်ခွင်ကျယ်ကြီးတစ်ခုထဲ လုံးလုံးလျားလျားကြီး ရောက်ရှိ[...]ည်။ ခဲ့ရသည့်အဖြစ်ကို သတိထားမိကာ ရှက်လန့်တကြား ရုန်းထွ[...] လိုက်မိသည်။



"သောရီးပဲ သမုဒ္ဒ"

ကျော့မခန္ဓာကိုယ်လေးကို ဖြေလွှတ်ပေးရင်း ကိုကိုက [...]ိုးတိုးပင် အကြည့်လေးလွဲကာ တောင်းပန်လေသျှင် ကျော့မ [...]ည်း ရှက်ရွံ့ထူပူကာပင် ဘာစကားမှမပြောနိုင်တော့ဘဲ ကိုကို့ရဲ့ [...] ထွက်ခွာလာခဲ့မိတော့သည်။

မိုးမြင့်ထွဋ်တစ်ယောက်...

ဝရန်တာလေးပေါ်တွင် ငေးကြောင်စွာ ရပ်ကျန်ရစ်ခဲ့၏။

သမုဒ္ဒရယ်...

သူ...

စိတ်ထဲတနေ့ တမ်းတမ်းတတလေး ပြောသွားလိုက်မိသည်။

သမုဒ္ဒကတော့...

သူ့ကို တစ်စက်ကလေးမှပင် လှည့်မကြည့်တော့ချေ။

[...]ခိုင်းကာ ထွက်ခွာသွားတဲ့ သမုဒ္ဒကို ငေးကြည့်ရင်း သူ့ရင်တစ်ခု [...] လေးလံလို့လာသည်။

ထိုမှတစ်ဆင့်...

တဖြည်းဖြည်း နွေးမြလာ၏။ ရင်ခုန်လှိုက်မောလာမြန်

သေရှာသွားပါပြီ။

သိပ်ကို ...

သေရှာသွားပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒါ…

အချစ်ပဲ…။

သရုဖျော့ခဲ့တဲ့ အချစ်ပဲ။

ကြည့်စမ်း…

သူမထင်မှတ်ထားမိတဲ့အချိန်မှာ သိခွင့်ရခဲ့တဲ့ နောက်ရ
ရလဒ်ကလေးတစ်ခုပါလား။ ဒါဟာ သိပ်ကို ယုံကြည်စိတ်ချ
အဖြေမှန်တစ်ခုပဲ။

ဟုတ်တယ်။

သူ…

တကယ်ပဲ အချစ်ကို ခံစားနားလည်တတ်သွားပြီ။ ဖေ
တဲ့ ရင်ခုန်သံလေးတွေကို သူရှာဖွေတွေ့ရှိသွားခဲ့ရချေပြီတည်

❋ ❋





အခန်း (၁၄)

"ကျွန်မ…အဲဒီကားလေးကို အရမ်းချစ်သက်တယ် မာမီ၊ ကျွန်မ ဒီကားလေးကိုပဲယူမယ်၊ ဒီကားလေးကိုပဲ ဝယ်ပေးပါ မာမီ"

နက်ပြာရောင် ဆလွန်းကားလေးကို မြင်တွေ့လိုက်ရစဉ် ကျွန်မရဲ့ ရင်ခုန်သံတွေ ထိန်းချုပ်မရလောက်အောင်ဝင် ပြောင်းလဲ သွားရတော့သည်။

မှတ်မိတာပေါ့…။

ဒီကားနံပါတ်လေးနဲ့ ကားအရောင်လေးကို ကျွန်မ ကောင်း ကောင်းကြီး မှတ်မိတာပေါ့။ ကျွန်မရဲ့စိတ်တွေကို အလှုပ်ရှားကြီး လှုပ်ရှားစေခဲ့တဲ့ ကားလေး။ ကျွန်မ ရင်ခုန်သံတွေကို နိုးထစေခဲ့တဲ့ ကားလေးပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကိုစွမ်းနဲ့ ပထမဆုံး ရုပ်ရှင်ရုံလေးတွင် တွေ့ဆုံစဉ်က ကိုစွမ်းဆောင်းထွက်သွားတဲ့ ဆလွန်းကာနက်ပြာရောင်လေး။ ထိုကား ရဲ့ နံပါတ်က ကျွန်မရဲ့ဦးနှောက်အသိဉာဏ်တွေထဲမှာ စွဲထင်နေခဲ့ တာ ယနေ့ထိပဲ။

"ဟိုဘက်က အဖြူရောင်လေးကလည်း လှတာပဲသမီး မျက်စိအေးတာပေါ့ကွယ်၊ ဟိုဖက်ကားကိုလည်း ကြည့်ပါဦးလား"

"ဟင့်အင်း...မာမီ ကျွန်မ ဒီကားလေးကိုပဲ ကြိုက် တယ်"

ဒီနေ့...

ကိုကိုက ကျွန်မအတွက် ကားဝယ်ပေးဖို့ သူသူငယ်ချင်း တွေရဲ့ ကားနှစ်စီးကို လာပြ၏။ တစ်စီးက အဖြူရောင်လေးဖြစ်ပြီး တစ်စီးကတော့ နက်ပြာရောင်မှိုင်းမှိုင်းလေး ဖြစ်သည်။

ထိုအထဲမှ...

နံပါတ်လေးတွေကို ဖတ်ပြီး ကျွန်မ ရွေးချယ်လိုက်တာ နက်ပြာရောင်မှိုင်းမှိုင်းလေးကိုပါ။ ဒီကားလေးကို မာမီက မယူ ချင်ဘူးဆိုတာ ကျွန်မသိပါ၏။ ကြွေရောင်လိုတောက်ပြီး ဖြူ သန့်ဝင်းနေတဲ့ အဖြူရောင်ကားလေးကို ယှဉ်ပြီး ပြလိုက်ရုံမျှ ဘယ်လိုလူမျိုးမဆို နက်ပြာရောင်စပ်မှိုင်းမှိုင်းကားလေးကို ချော ရစ်ချင်ကြမှာ အမှန်ပင်။

ဒို့ပေမယ့်...





ထိုကားလေးရဲ့ အားသာချက်များကိုသိနေသော ကျွန်မက တော့ ရဲရဲတင်းတင်းပင် ရွေးချယ်ခဲ့သည်။

"ကားအရောင်ကြီးက မှိုင်းမှိုင်းကြီးသမီးရယ်"

"မာမီမသိပါဘူး"

"ဟော"

"ကျွန်မက အဝတ်အစားဝတ်တာတောင် ဘယ်တုန်းက အရောင်တောက်တောက်ကြီးတွေ ဝတ်ဖူးလို့လဲ"

"ဒါက အဝတ်အစားရွေးချယ်နေတာမှ မဟုတ်တာပဲ သမီးရဲ၊ ကားဆိုတာ သန့်ပြီး တောက်ပြောင်နေမှ စီးရတဲ့သူရဲ့စိတ် ကို လန်းဆန်းစေတာ"

"ကျွန်မရဲ့စိတ်ကိုလည်း လန်းဆန်းစေတာက နက်ပြာ ရောင်ကားလေးပဲ မာမီ၊ အဲဒီကားလေးကို မြင်လိုက်ရတဲ့ တခဏ တာလေးမှာ ကျွန်မရဲ့ အသက်ရှူသံတွေတောင် မှန်ချင်လာတဲ့ အောင် မှင်သက်သွားတာ မာမီမှမသိတာ"

ကျွန်မနဲ့မာမီ...

ကားနှစ်စီးကိုကြည့်ပြီး တစ်ယောက်နဲ့တစ်ယောက် ကိုယ့် ရွေးချယ်မှုကို ကိုယ် ခန်းတင်နေခဲ့သည်။ ကိုကိုကတော့ ကျွန်မတို့ ကြားမှာ ဘာတစ်ခုမျှ ဝင်မပြောချေ။ မနေက အဖြစ်အပျက်လေး ကြောင့် ကိုကို ရှိန်နေပုံရသည်။ ကျွန်မကိုမြင်တပေမယ့် ကိုကို့မျက်ဝန်း အကြည့်လေးတွေ ရှောင်တိမ်းနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အဖြူရောင်လေးပဲယူပါ သမီးရယ်"

"နက်ပြာရောင်ပဲ မာမီ"

ကျွန်မကလည်း ခပ်ထေထေလေး ညစ်ထား၏။

"သားကို မင်းညီမကိုကြည့်ပြောဦးလေ၊ သူနဲ့မသင့်တော်တဲ့အကြောင်းကိုပေါ့"

"ဗျာ…အဲဒါ…ဟို…ဟိုလေ"

ကျွန်မမျက်နှာလေးဆီ မရဲတရဲလေးကြည့်ပြီး ကိုကို တစ်ယောက် ဘာပြောရမှန်းမသိ ဖြစ်နေပုံပင်။

"ကျွန်မ…နက်ပြာရောင်ကားလေးပဲ ယူမယ်မာမီ၊ မာမီ ကျွန်မကို တကယ်ဝယ်ပေးချင်တယ်ဆိုရင် ကျွန်မလိုချင်တဲ့ ကားလေးကိုပဲ ဝယ်ပေးပါ၊ မဟုတ်ရင်တော့ အလကားပိုက်ဆံအကုန်ခံပြီး ဝယ်မနေနဲ့တော့ မာမီ၊ ကျွန်မ မလိုချင်တော့ဘူး"

"အို…ဟဲ့ သမီး"

ကျွန်မ…

စကားလေးဆုံးတာနှင့် နေရာကနေ ချာခနဲ နေအောင် ပြေးထွက်ခဲ့မိသည်။ ကျွန်မ ဒီလောက်တော့ စိတ်ခေါင်နိုင်ပေါ့ လိုအပ်တယ်လေ။ ကျွန်မလိုချင်နေတာက ကိုစွမ်းစီးခဲ့တဲ့ နက်ပြာရောင်ကားလေးကိုပါ။

အဲဒီကားလေးကို ကျွန်မ ပိုင်ဆိုင်ရရင် ဘယ်လောက်ထိ စိတ်ချမ်းသာပျော်ရွှင်သွားရမလဲဆိုတာ ကျွန်မကိုယ်ကျွန်မ မခန့်မှန်း





နိုင်အောင်ပါပဲ။ အမှတ်တရများစွာနဲ့ မမေ့ပျောက်နိုင်တဲ့ ဒီကားလေးကိုပဲ ကျွန်မလိုချင်တယ် မာမီ။

ကံကြမ္မာက…

ကျွန်မဆီကို ရောက်လာအောင် ဖျက်လှည့်ပြီး ရောက်လာပေးခဲ့တာလေးကို ကျွန်မက ရအောင်စွမ်းဆောင်နိုင်ဘူးဆိုရင် ယောဒ်ကမ္ဘာကြီးမှာ ကျွန်မလောက် ညံ့ဖျင်းတဲ့မိန်းမ ရှိတော့မှာ မဟုတ်တော့ဘူး။

ကျွန်မ…

အခန်းလေးထဲမှာဝင်ပြီး စိတ်တောက်ပြနေမိသည်။

ကိုစွမ်းစီးခဲ့တဲ့ ကားလေးကို ပိုင်ဆိုင်နိုင်ဖို့ မာမီ့ကို စိတ်တောက်ပြနေမိသည်။ ရူးသော စိတ်တောက်ပြနေတာ အောက်ထပ်မှာ ကိုကိုနဲ့မာမီတို့ ပေါင်းပြီး အလွှန်းကားအဖြူလေးကို ဝယ်လိုက်မှာ သေလောက်အောင် စိုးရိမ်နေရသည်။

အချိန်ကြာသည့်အထိ ဘာသံမှမကြားရ။

ကျွန်မကိုလည်း ဘယ်သူမှတက်လာပြီး မချော့ရ။

အချိန်ဘယ်လောက်ကြာသွားမှန်း မသိခင်မှာပဲ အောက်ထပ်မှ ကားစက်နှိုးပြီး ထွက်သွားသံကို ကြားလိုက်ရသည်။

သမုဒ္ဒ ရင်ခုန်သံတွေ တထိတ်ထိတ် မြန်ဆန်သွားရ၏။ မောင်းထွက်သွားတဲ့ ကားသံက တစ်သံတည်းရှိ မာမီတို့ ကျွန်မ အတွက် တစ်စီးဝယ်ပေးလိုက်ပြီဆိုတာ စိတ်က အလိုလိုသိလိုက်

www.burmeseclassic.com



၏။

ဘယ်ကားများပါလိမ့်။

ကျွန်မအတွက် ဘယ်ကားလေးကို မာမီတို့ ဝယ်ထားလိုက်တာပါလိမ့်။

သိချင်လိုက်တာ။

ကျွန်မ…သိပ်ပြီး စောင့်မနေနိုင်တော့ဘဲ အခန်းလေးထဲကနေ ထွက်ကာ ဝရံတာလေးဆီ အပြေးလေးသွားပြီး အောက်ကို ငုံ့ကြည့်လိုက်သည်။

ဟင်…

မြို့ထဲမှာရပ်ထားတာက သလွန်းကားအဖြူရောင် အသစ်စက်စက်လေးက ရပ်လို့။ ညအမှောင်ရိပ်သန်းနေသော်လည်း ကားလေးက ထင်းနေခဲ့သည်။

ဘုရားရေ…

ဒါ…ဒါဆို…

စောစောက မောင်းထွက်သွားတာ နက်ပြာရောင်ကားလေးပေါ့။

ကိုစွမ်းရဲ့ကားလေးကို မာမီ ပြန်လွှတ်လိုက်တာပေါ့နော်။

အဖြူရောင်ကားလေးကိုကြည့်ရင်း သမုဓ မျက်ဝန်းအိမ်ထဲ မျက်ရည်လေးတွေ စီးကျလာတော့ တဖေါက်ဖေါက် ကြွေဆင်းသွားရသည်။





"အဟင့်…ဟင့်"

"အဟင့်…ဟင့်"

ဝမ်းနည်းကြေကွဲစွာ ဝရံတာလေးတွင် ခေါင်းအားမှီရင်းကာ ထိုင်ချရင်း ကျွန်မငိုပစ်လိုက်သည်။

ရက်စက်လိုက်တာ မာမီရယ်။

ကျွန်မ သိပ်လိုချင်နေတဲ့ အရာတစ်ခုကို မပိုင်ဆိုင်ရဘူးဆိုရင် ကျွန်မရဲ့ စိတ်သဘောထားကို ဘာကြောင့်မေးခဲ့သေးလဲဟင်။ မာမီတို့ သဘော မာမီတို့သဘောနဲ့ ဆုံးဖြတ်မယ်လို့ တွေးထားရင် ကျွန်မစိတ်ဆင်းရဲရအောင် ဘာဖြစ်လို့ အရိပ်အယောင်တွေ ပြခဲ့ရတာလဲရှင်။

အခုတော့…

အခုတော့…ကျွန်မစိတ်တွေ သွေးဖျက်မတတ် တုန်လှုပ်ချောက်ချားနေရပြီ မာမီ။ မျက်စိရှေ့မှာ မြင်နေရပေမယ့် ရယူပိုင်ဆိုင်ခွင့် ဆုံးရှုံးခဲ့ရတာ ဘယ်လောက်တောင် ရင်နာစရာကောင်းလိုက်သလဲကွယ်။

သမုဓတစ်ယောက်…

ဝရံတာလေးကနေ အခန်းလေးဆီသို့ လေးလံထိုင်းမှိုင်းသော ခြေလှမ်းကလေးတွေနှင့် ထွက်လာခဲ့မိသည်။

လိုချင်ခဲ့တာပါ။

ကိုစွမ်းရဲ့ အငွေ့အသက်လေးတွေကောင်းတဲ့ နက်ပြာရောင်



www.burmeseclassic.com

www.burmeseclassic.com



ကားလေးကို ကျွန်မ ပိုင်ဆိုင်ထားချင်ခဲ့တာပါ။ ကားတံခါးလေးကို ဖွင့်ပြီး ကားမောင်းတဲ့နေရာလေးမှာ ထိုင်လိုက်ရတာနဲ့တင် ခန္ဓာကိုယ် တစ်ခုလုံး လိုက်ပြာနေ့မွေးသွားသလို တစ်နံတစ်ယောက်ရဲ့ မွှေးဖတ် မှုလေးကို ခံစားရတဲ့ ထိုကားလေးကို ကျွန်မ မက်မောနေခဲ့ရတာပါ။

မာမီရယ်…

ကျွန်မရဲ့ စိတ်ချမ်းသာမှုလေးကို ဘာကြောင့် တစ်စစီ ရိုက်ချိုးပစ်လိုက်ရတာလဲရှင်။ ကျွန်မလေ…ကျွန်မ အရမ်းဝမ်းနည်း နေရပြီ မာမီရယ်။

သမုခတစ်ယောက်…

အခန်းတံခါးလေးကို လော့ခ်ချကာ အခန်းမီးတွေအားလုံး ပိတ်ပြီး ခုတင်လေးထက် ငုငုလေးထိုင်ကာ တသိမ့်သိမ့်ငိုရှိုက်နေ မိတော့သည်။ ညစာလည်းဆင်းမစား၊ မာမီလာခေါ်တာကိုလည်း မကြားဟန်ဆောင်ကာ ကျွန်မရဲ့ အခန်းငယ်လေးထဲတွင် တစ်ယောက်တည်း ငြိမ်သက်နေမိသည်။

ကျွန်မ…

ဘယ်အချိန်ထိ ငိုမိခဲ့သလဲ။

ခုတင်လေးပေါ်မှာ ဘယ်နှစ်နာရီထိ ထိုင်ငိုင်နေမိလဲဆို။

ကျွန်မအသိစိတ်တွေ ပြန်လည်၍ ထိကပ်လာချိန်တွင် မိုးစင်စင်လင်းနေခဲ့ဘူး။ အိပ်ရာကနိုးတော့ ကျွန်မခေါင်းဆောင်း မှာ ခေါင်းအုံးမရှိ။ ကျွန်မရဲ့ ခြေထောက်တွေက ခုတင်အောက်တွင်





တွဲလွဲကျကာ ခုတင်ကို ကန့်လန့်ဖြတ်ပြီး အိပ်ပျော်နေခဲ့သည်။

ဒေါက်…ဒေါက်။

"သမုခရေ…သမီးလေး ထတော့လေ၊ ကျောင်းသွားရ မှာမဟုတ်လား"

ထုံးစံအတိုင်း မာမီရဲ့ ကျောင်းသွားဖို့ နှိုးဆော်သံကို ကျွန်မ ကြားလိုက်ရ၏။ အရင်ကလို ကျွန်မနိုးနေပြီဆိုတဲ့ ပြန်ဖြေသံလေး ကိုပေးဖို့ အင်အားတွေ ကုန်ခမ်းနေမိသည်။

အိပ်ရာလေးထက်က နေ လေးတွဲစွာထရပ်လိုက်တော့ ခြေကျင်းဝတ်ဆီမှ နာကျင်စူးရှသော ခံစားမှုကို ရုတ်ချည်းဖြစ်ပြီး ချလိုက်စဉ်…

ဒုန်း…။

ဝုန်း…။

"အမေ့"

"သမီးသမုခ ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲဟင်၊ တံခါး ဖွင့်ပေးစမ်းသမီး၊ မာမီကို တံခါးလာဖွင့်ပေးစမ်း"

အပြင်မှ…

စိုးရိမ်တကြီး မာမီအော်ခေါ်သံကို ကြားသော်လည်း တံခါးရှက်ဆီသို့ ကျွန်မ ဘယ်လိုမှမသွားနိုင်။ တစ်ညလုံး ခြေ ထောက်တွဲလောင်းချပြီး အိပ်ပျော်သွားတဲ့အကျိုးကြောင့် ထောက်မ ရအောင် ထုံကျင်ကာ နေရ၏။



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်…

ကျွန်မ ထရပ်လိုက်စဉ် နာကျင်မှုဝေဒနာကြောင့် ခန္ဓာကိုယ်လေး ယိုင်နဲ့ကာ ပြန်ထိုင်ချလိုက်စဉ် စာရေးစားပွဲမှ ကုလားထိုင်လေးအား ဆွဲမိပြီး ကြမ်းပြင်ပေါ် လဲပြိုသွားကာ ကျွန်မကိုယ်လေးလည်း နံ့လေးနှင့် သီသီလေးလွတ်ပြီး ခွေလဲကျသွားရသည်။

"သမီး…သမုခ လာကြပါဦး၊ လာကြပါဦး၊ သားတိုရေ…သားကို လာဦး ဒီမှာ သမုခ ဘာဖြစ်လဲမသိဘူး"

အပေါ်ထပ်မှ ဆူညံသံတွေရော ခေါ်သံတွေပါ ကြားလိုက်ရချိန်တွင် မိုးမြင့်ထွဋ်ရဲ့ ခြေလှမ်းလေးတွေ အပြေးလှမ်းကာ အပေါ်ထပ်သို့ တက်သွားမိသည်။

"အန်တီ…သမုခ ဘာဖြစ်တာလဲ"

"မသိဘူးသားကို…ဘာသံမှမကြားရဘူး၊ လုပ်ပါဦးကွယ်၊ တံခါးကိုဖွင့်ပါဦး"

"အခန်းတံခါးသော့ရော အန်တီ"

"ဟော…အေး…အေး ရော့…ဒီ…ဒီသော့တွဲထဲမှာ ရှိတယ်"

သမုခ…

နိုးရိမ်စိတ်လွှမ်းတဲနေတဲ့ အပြင်ကအသံတွေကို ကြားနေရသော်လည်း ဘာအသံမှ ပြန်မပေးဘဲ ငြိမ်သက်နေမိသည်။ ခြေထောက်နမ်းချောင်းလုံး ဘယ်လိုမှ သယ်မရအောင် နာကျင်လွန်း





…ခြင်း မျက်ရည်တွေသာ စီးကျနေရသည်။

ကျွီ…။

အခန်းတံခါးဖွင့်သံနှင့်အတူ အခန်းထဲပြေးဝင်လာသူက …ကိုမိုးမြင့်ထွဋ်နဲ့ မာမီ။

"သမုခ"

ကိုကိုက ကျွန်မအနားရောက်လာ၏။ ထိုင်လျှက်အနေ…အားနှင့် မျက်ရည်တွေ စီးကျနေတဲ့ ကျွန်မကိုမြင်တော့ ကိုကို…အားကို ထိတ်လန့်သွားပုံပင်။

"သမုခ…ဘာဖြစ်တာလဲဟင်၊ ဘာဖြစ်တာလဲ"

"အဟင့်…ဟင့်"

ကိုကို့ကိုမြင်မှ ငိုကြီးငိုချင်စိတ်ဖြစ်ကာ နေရာလေးမှာတင် …ငိုချလိုက်မိတော့သည်။

"သမုခ…ကိုကိုမေးနေတယ်လေ"

မာမီက ကျွန်မနံဘေးမှာ ပြိုလဲနေတဲ့ ကုလားထိုင်ကို …ထောင်ပြီး ကျွန်မနံဘေးသို့ ချက်ချင်းရောက်လာ၏။

"သမီး…မူးလဲသွားတာလား"

ကျွန်မခေါင်းလေးကို ညင်သာစွာ ခါယမ်းပြမိ၏။

"ဒါဆိုလည်း ထလေသမုခ၊ ကိုကိုတွဲထူပေးမယ်၊ အိပ်ရာ…သွဲ့နေလိုက်"

"ကျွန်မ…မထနိုင်ဘူး ကိုကို၊ အဟင့်…ဟင့်…ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



…ကျွန်မရဲ့ခြေထောက်တွေ ထောက်မရအောင် နာကျင်နေတယ်”

“ဟာ”

“ဘယ်လိုသမီး”

မိုးမြင့်ထွဋ်ရင်ထဲ ဟာခနဲတက်သွားရသလို ခေါင်းကို…

လည်း သမီးဖြစ်သူရဲ့စကားကြောင့် မျက်လုံးလေးတွေ ပြူးဝိုင်းသွား…

ရသည်။

“သမီး…သမီးလေး ဘယ်လိုဖြစ်ပြီး ခြေထောက်…

ထောက်မရတာလဲ၊ ခြေထောက်က ဘာဖြစ်နေလို့လဲ”

ကျွန်မ ခေါင်းလေးခါယမ်းလိုက်စဉ်…

အို…

ကျွန်မခန္ဓာကိုယ်လေးကို ဆတ်ခနဲ ပွေ့ချီလိုက်တဲ့ ကို…

သန်မာတဲ့ လက်တွေကြားထဲ ကျွန်မ ခြောက်တက်ကာပါသွား…

သည်။ ထိတ်လန့်တကြား ပြုတ်ကျသွားမှာစိုးတာ ကိုကို့လည်…

ကို ကျွန်မ ဖက်တွယ်လိုက်မိ၏။

“ဆေးခန်းသွားမှဖြစ်မယ် အန်တီသိဒ်”

“ဪ…အေး…အေး၊ သွား…သွား အန်တီ ပိုက်…

ဆိတ်ယူပြီး လိုက်ခဲ့မယ်”

ကိုကိုက ကျွန်မကို ပွေ့ချီပြီး မိုးရိပ်တကြီး အောက်…

သို့ ဆင်းသလို မာမီကလည်း ပိုက်ဆံအိတ် အပြေးယူပြီး ပြေး…

လာ၏။





စထွေးခြင်းမျှင်းဝဲ…

အိမ်ရှိလူအားလုံး ယောက်ယက်ခတ်သွားသည်။

ကျွန်မကိုယ်လေးကို ပွေ့ချီပြီး တိုက်ထဲကထွက်လိုက်တော့

ဟင်…။

မြက်ထဲမှာရပ်ထားတာက နက်ပြာရောင်ကားလေး။

ကျွန်မ မျက်ဝန်းလေးတွေ ပြူးကျယ်ဝိုင်းစက်သွားရ၏။

…မှတ်ခမ်းသားလေးတွေ ဝိုင်းဟသွားရသည်။

ကျွန်မ အမြင်လွဲမှားနေခြင်း မဟုတ်ပါ။

ကိုစွမ်းရဲ့ ကားနက်ပြာရောင်လေးက ကျွန်မတို့ မြက်ခင်း

…ပြီးထဲတွင် အကျအနကို ရပ်ထားတာလေ။

“ကိုကို…ဒီကားလေးက”

“သမီးအတွက် မနေ့ညကဝယ်လိုက်တာလေ”

အို…။

ကျွန်မအတွက် ဝယ်လိုက်တာတဲ့။

ဘယ်လိုဖြစ်ရတာလဲ။ ညက ကျွန်မ မြင်လိုက်ရတာ

…မြ်ထဲမှာရပ်ထားတာ ဆလွန်းကားအဖြူရောင်လေးမှ အဖြူရောင်လေး

…ဖြစ်ပါ။ အခုတော့ ကျွန်မ သိပ်ပြီး လိုချင်နေခဲ့တဲ့ နက်ပြာ

…ရောင် ဆလွန်းကားလေး ဖြစ်နေသည်။

ဝမ်းသာလွန်းသဖြင့်…

ကျွန်မ ဘာပြောလို့ပြောရမှန်းမသိဘဲ ကျွန်မ မျှောကိုင်…



www.burmeseclassic.com

www.burmeseclassic.com



လေးတေ ကိုကို့ကားပေါ်ရောက်ပြီး မြို့ကြီးထဲကနေ ထေါခဲ့နေအောင် ထွက်လိုက်တာနဲ့ နက်ပြာရောင်ကားလေးက မြို့ကျယ်ကြီးထဲမှာ ရစ်လျှက် ကျန်နေရစ်ခဲ့တော့သည်။

"သမီးကိုပြောမလို့ပဲ…နက်ပြာရောင်ကားလေးကိုပဲ ကြိုက်ရင်ဝယ်တော့လို့လေ၊ သားကိုက သူ့သူငယ်ချင်းကို စာချုပ်ချုပ်ဖို့ ပြန်သွားခေါ်တာ သမီးကို မာမီလာခေါ်သားပဲ၊ ဘယ်လိုမှ ခေါ်မရလို့ စာချုပ်မချုပ်လိုက်ရဘူး၊ တော်သေးတာပေါ့ ကားပိုင်ရှင် ကောင်လေးက သားကိုသူငယ်ချင်းဖြစ်နေလို့ သမုခအိမ်နေရင် မျိုး ပါနဲ့တော့ ဒီနေက်မှပဲ ပြန်လာခဲ့တော့မယ်ပြောလို့ မာမီတောင် အားနာသွားရတယ်"

အို…။

ကြည့်စမ်း…

ကျွန်မရဲ့စိတ်ကောက်မှုက ဘယ်လောက်တောင် ဆိုးဝါး သွားသလဲလို့။ ကိုစွမ်းရောက်လာတာတောင် မတွေ့ရလောက်အောင်ပဲ ဖြစ်ခဲ့ရသည်။

တော်ပြီ…။

တော်ပြီ…။

နောက်ဆို ဘယ်တော့မှ စိတ်မကောက်တော့ဘူး။

"မာမီ"

"ဟင်…ပြောလေ သမီးချွေတောက်က အရမ်းများ





လား"

"ဟို…ဟိုလေ သမီးချွေတောက်က ဘာမှသိပ်ဖြစ်မှာ မဟုတ်ဘူး မာမီရဲ့"

"ဘာ"

"ယော"

ကျွိ…။

သမုခစကားလေးကြောင့် ကားကို ဂရုတစိုက်မောင်းနေရာမှ လမ်းဘေးချွဲရပ်ပြီး ကိုကိုက ထိုးရပ်ကာ တအံ့တသြလှမ်းကြည့်သည်။

မာမီကလည်း မျက်လုံးကြီးပြူးလို့။

စပ်ဖြီးဖြီးမျက်နှာလေးနဲ့ သမုခ ညက သူ့အိမ်ရှော်သွားတဲ့အကြောင်းကို ရှင်းပြတော့ မာမီရော ကိုကိုပါ အဖြစ်မှန်ကို သိသွားကြသည်။

"အဟဲ…ချွေတောက်က နည်းနည်းထုံသွားတာ ဟောဒီမှာကြည့်ပါလား တောက်လို့ရသွားပြီ"

"အမလေး…သမုခရယ်၊ စောစောက အဲဒီလိုပြောပါ ရောလား၊ မာမီမှာဖြင့် ဘာလုပ်လို့လုပ်ရမှန်းမသိအောင် ထူပူသွားတာပဲ"

"ဟုတ်ပါ့ကွာ…သမုခ၊ မင်းတော်တော်ဆိုးတာပဲ ဒါ နောက်စရာမဟုတ်ဘူးကွ၊ မင်းကွာ…မင်း ရူးတွေကို သက်သက်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပူအောင်လုပ်တယ်"

"ဟဲ…ဟဲ စောစောက တကယ်ထောက်ရတာကိုကို့ အရှေ့မှာ ခွေးပုံမှန်ပြန်လျှောက်ပြီး ရောက်သွားတာလေ"

"တောက်…မင်းတော့ကွာ"

ကိုကိုတစ်ယောက်…

ရှက်ခေါ်သလေးထွက်နေပြီး သူတစ်ခါလဲ ထိပြန်ပြီးရှိခဲ့ အချက်ကို တွေးမိကာ ရယ်နေတော့သည်။

မာမီကတော့…

အိမ်အပြန်လမ်းတစ်လျှောက် ဆူပူကြိမ်းမောင်းရင်း အပြစ် တင်လိုက်ခဲ့တော့ချေ။

✸ ✸





## အခန်း (၁၅)

"ကလေး"

"ရှင်"

"ကလေးကတော့ တကယ်ပဲကွာ။ ကိုထွဋ်ပြောပြလို့ …လေးအကြောင်းကို သိလိုက်ရတယ်၊ ကိုယ်ဖြင့် ဟန်ဆောင် …ဆောင်နိုင်ဘူး။ တဟား…ဟားကို အော်ရယ်မိတော့တာပဲ"

"ဘာလဲ ကိုစွမ်း၊ ကားဝယ်တဲ့နေ့ကအကြောင်းလား"

"အင်း"

"အဟင်း…ဟင်း အဲဒီနေ့ကသာ ကျွန်မ သရုပ်ဆောင် …ထောင်းရင် ကိုစွမ်းရဲ့ကားလေးကို ပိုင်ဆိုင်ရဖို့ ဝေးသွားမှာလေ၊ …ကြောင့် တမင်ဉာဏ်ဆင်လိုက်ရတာပေါ့။"



www.burmeseclassic.com

www.burmeseclassic.com



ဟောကြည့်…

အခုတော့ ဒီကားလေးကို ကျွန်မ အပိုင်ရလိုက်ပြီ

အနည်းဆုံးတော့ ဒီကားလေးမောင်းတိုင်း ကျွန်မရင်တွေ နု

တော့မှာပဲ၊ ဒီကားပိုင်ရှင်ရဲ့ အငွေ့အသက်လေးက ဒီကားလေ

မှာ ထာဝရရှင်သန်နေတာလေ၊ အဲဒီအချက်လေးတစ်ခုနဲ့တင် ဒီက

လေးကို ဝယ်ပေးဖို့ ကျွန်မ ပူဆာခဲ့တာပေါ့”

သမုခရယ်…။

ကိုယ့်အပေါ်မှာ အဲဒီလောက်တောင်ပဲ ချစ်သတဲ့လား

ကိုယ်လေ…

မင်း အဲဒီလောက် အသေးစိတ် ချစ်တတ်လိမ့်မယ်

ထင်မထားမိဘူး ကလေးရယ်။ မင်းရဲ့အသက်အရွယ်၊ မင်း

ဝတ်စားနေထိုင်မှုလေးတွေနဲ့ ကိုယ်လို ပုံစံခပ်တုံးတုံး ယော

တစ်ယောက်ကို ဒေါတာလေးပဲ စိတ်သာယာမှာလို့ ထင်ထား

သိပ်တိုမှားယွင်းသွားပြီပေါ့နော်။

“အို…လူကိုကြည့်လှချည်လား၊ ဘာလဲ ကျွ

အရမ်းလှနေလို့လား၊ ဟင်း…ဟင်း”

“ကလေးရယ်”

“အို”

“ကိုစွမ်း”

နိုင်စွမ်းထက်တစ်ယောက်…





ချစ်ရသူလေးရဲ့ မျက်နှာလေးကို တစိမ့်စိမ့်စိုက်ကြည့်ရင်း အသည်းယားလာသည်မို့ ရင်ခွင်ထဲ ငွေ့ဖက်ကာ မျက်နှာလှလှ လေးပေါ်သို့ ချစ်အနမ်းလေးများ တရစပ် ခြွေချပစ်လိုက်မိတော့ သည်။

သိပ်ချစ်တယ်…သမုခရယ်။

ကိုယ်…

တလေးကို အရမ်းချစ်တယ်။

ကိုယ့်ရင်ခုန်ခြင်းတွေက မင်းလေးနဲ့ ဆုံတွေ့ရတော့မှ တောင်ဖြစ်ပေါ်လာခဲ့ရတာပါ။ မထင်မှတ်တဲ့ တွေ့ဆုံမှုလေးတွေနဲ့ ဆုံတွေ့ခဲ့ရတဲ့ မင်းလေးကို ဘယ်လိုမှ မေ့ပျောက်မရနိုင်အောင်ပဲ ရှိနေခဲ့ရတာပါ ကလေးရယ်။

လူကိုဆုံလိုက်တိုင်း တအံ့တသြ မျက်လုံးလေးပြူးဝိုင်းပြီး ငေးကြည့်နေတတ်တဲ့ မင်းရဲ့ပုံစံလေးကို ကိုယ်ဘယ်လိုမှ အသိ အမှတ်မပြုဘဲ မနေနိုင်ခဲ့ဘူးကလေးရယ်။

ကိုယ်လေ…

မင်းလေးနဲ့ အသက်အရွယ်ချင်း အများကြီး ကွာခြားနေ တာ သိလျက်နဲ့ ကိုယ့်စိတ်တွေကို မထိန်းချုပ်နိုင်ခဲ့ဘူးကလေးရယ်။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ မင်း ကိုယ့်ကို ငြီးငွေ့သွားမလား၊ စိတ် ခံစားမှု ပြောင်းလဲသွားမလားဆိုတာ တွေးနေရင်းနဲ့ပဲ ကိုယ်လေ မင်းကို ရင်ထဲအသည်းထဲကနေ နှင့်သည်းနေအောင်ပဲ ချစ်သွား



www.burmeseclassic.com

တယ်။

ကလေးရယ်...

ကိုယ်မှားသွားပြီလားဟင်။

ကိုယ်...

သိပ်ကို မှားယွင်းနေပြီလား ကလေးရယ်။

မင်းလေးကိုမှ ရှာရှာဖွေဖွေ ရွေးချယ်ပြီး ချစ်ခဲ့မိတဲ့ ကိုယ့်ရင်ထဲက နှလုံးသားတွေ ရောင်တရအောင်တော့ မရက်စက်လိုက်ပါနဲ့နော်။ ကိုယ့်ကို မမုန်းလိုက်ပါနဲ့ကလေးရယ်။

မင်းလေးသာ မုန်းသွားရင် မင်းလေးသာ သစ္စာမဲ့သွားရင် ကိုယ်လေ ကိုယ် ဘယ်လိုမှ ရပ်တည်လို့မရအောင် ဖြစ်သွားမှာ သေချာတယ်သိလား။

ဒါကြောင့်...

မင်းလေး ကိုယ့်ကို ထာဝရချစ်ပါနော်ကလေး။

ကိုယ့်ကို...

ချစ်ပါ ကလေးရယ်။

ကြာတော့ ရင်ခုန်ရလွန်းလို့ အသက်ရှူရတာပင် မှန်ချင်တော့ပါ။

ဒီနေ့...

ကိုစွမ်းရဲ့ကားလေးကို ပထမဆုံး စမ်းမောင်းသည့်အနေနဲ့ မဒ္ဒီကို အကြောင်းပြချက်ကလေးပေးပြီး ထွက်ခဲ့တာပါ။ မတော်ရှာ





ဘဲ လမ်းမှာ ကိုစွမ်းရဲ့ကားလေးနှင့် ဆုံပြီး နှစ်ဦးသား ကန်တော်ကြီးဥယျာဉ်ထဲသို့ ရောက်ခဲ့ကြသည်။

ကန်ပြေပြင်စပ်လေးတွင် နှစ်ဦးစလုံး ကားလေးထိုးရပ်လိုက်စဉ် ကိုစွမ်းက ကျွန်မကားလေးပေါ်သို့ တက်လာ၏။ ဖခင်ရဲ့ အလုပ်ကိစ္စနှင့် ပဲခူးဘက်ကို ခေတ္တသွားခဲ့ရသော ကိုစွမ်းတစ်ယောက် ပြန်လာလာချင်း ကိုကိုရဲ့ အကူအညီတောင်းမှုကို ခံနေရသတဲ့လေ။

အဲဒါ...

သမုဒ္ဒအတွက် ကားတစ်စီး ရှာဖွေပေးဖို့ပေါ့။

အဲဒါနဲ့ပဲ...

ကိုစွမ်းက သူ့မှာရှိနေတဲ့ကားလေးကို ကျွန်မအတွက် ရောင်းမယ်လို့ ဈေးလျှော့ပေးပြီး ကျွန်မလက်ထဲ ပေးအပ်ခဲ့တာလေ။ မာမီက ကားအရောင်ကို ကြိုက်ပေမယ့် ရောင်းဈေးကတအားကို သက်သာလွန်းလို့ တစ်ခါတည်း ငွေချေဝယ်လိုက်တာဆိုပဲ။ နို့မဟုတ်ရင် မာမီဝယ်ချင်တာက အဖြူရောင်ကားကိုပဲ။

"ကိုစွမ်း"

"ဟင်"

ခပ်တိုးတိုးလေး ပြန်ထူး၏။

"ဒီကားလေးကို ကျွန်မလက်ထဲ ဘာကြောင့် ရှိစေချင်ရတာလဲဟင်"

www.burmeseclassic.com



"......"

ပြန်ပြောသံမကြားရ။

"ကိုစွမ်း...ပြောပြဦးလေ၊ ကျွန်မဆီမှာ ရှိနေစေချင်တဲ့ အချက်ကို"

"မပြောချင်သေးဘူးကွာ...ခဏနေဦး"

"ဟာကွာ...မရဘူး၊ ကျွန်မ အခုသိချင်တယ်"

"ကလေး...ခဏလေးကွာ"

အို...

မေးနေတဲ့စကားသံလေး ပျောက်သွားရသည်။

"ဆောရီး"

အပြုံးလေးတွေနှင့် ရှက်ပြုံးလေးပြုံးကာ တင်းကြပ်စွာ ဆွဲဖက်ထားသော လက်တွေကို အနည်းငယ် ဖြေလျှော့ပေးသော်လည်း လုံးလုံးလျားလျားကြီးတော့ လွှတ်မပေးချေ။

ကျွန်မ...

နှမ်းလျစွာ မျက်စောင်းလေးတစ်ချက်ထိုးပြီး သူ့ရင်ခွင် လေးထဲ မှိန့်မှိန့်ဝင်လိုက်မိသည်။ အံ့ဩစရာကောင်းလောက်အောင် သူ့ရင်ခုန်သံ တဒိတ်ဒိတ်ကို ကျွန်မ ကြားနေရသည်။ အသက်ရှူ ပြင်းပြင်းကို သတိထားမိနေရသည်။

"ကလေး"

ကျွန်မ မထူးမိသော်လည်း မျက်ဝန်းလေးတွေ မှတ်





ခင့်ပြီး သူ့မျက်နှာချောချောကြီးကို မော့ကြည့်မိသည်။

"ဒီကားလေးကို မင်းဆီမှာ ဘာကြောင့်ရှိစေချင်သလဲဆို တာ ပြောပြမယ်နော်"

ကျွန်မ ခေါင်းလေးကို ညင်သာစွာ ညိတ်ပြမိ၏။

"ဒီကားလေးက ကိုယ့်လုပ်ငန်း စတင်အောင်မြင်ခဲ့တဲ့ ကိုယ့်ရဲ့ ပထမဆုံးလုပ်အားခနဲ့ ဝယ်ခဲ့တဲ့ကားလေးလေ၊ ဒီကား အရောင်က ကိုယ်အနှစ်သက်ဆုံးအရောင်ပဲ။ ဒီကားလေး ကိုယ်ဝယ် တဲ့နေ့က ကိုယ်ဘယ်လောက်ထိ ပျော်ရွှင်ခဲ့ရသလဲဆိုတာ ပြောမပြ တတ်အောင်ပဲ ကလေးရယ်။

တချုပ်ချုပ်တဲ့နေ့မှာ ကိုယ့်ရင်တွေ ခုန်လွန်းလို့ လက်မှတ် ထိုးတာတောင် လက်တွေတုန်နေတဲ့အထိပဲ။ ကိုယ့်ဝင်ငွေနဲ့ စတင် ဝယ်တည်နိုင်တဲ့အချိန်ဆိုတော့ ကိုယ် အရမ်းကို မြူးကြွနေတာ သမုခ ပဲ။

ဒီကားထဲက ပစ္စည်းတွေအားလုံးကို ကိုယ့်စိတ်ကြိုက်တွေ ချည်းပဲ ပြင်ဆင်ထားတာ။ အဲဒီကားလေးရဲ့ နောက်ပိုင်းမှာ ကိုယ် ကားတွေ ထပ်ဝယ်ဖြစ်ပေမယ့် ဒီကားလေးကို ကိုယ်ပြန်မရောင်းခဲ့ ဘူး။

ကိုယ့်ဘဝတစ်သက်တာအတွက် အမှတ်တရလေးထား ချင်တဲ့ စိတ်ကူးလေးနဲ့ မရောင်းခဲ့တာပါ။ ဝိုခေါင်ထဲမှာ ကိုယ်အမြဲ သိမ်းခဲ့တာ။ ဟိုတစ်ခါ ကလေးနဲ့ ရုပ်ရှင်ရုံမှာ ဆုံတဲ့နေ့မှာမှ ထုတ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ပြန်စီးခဲ့မိတာကလေးရဲ့။

အဲဒီနေ့က…

ဒီကားလေးနဲ့အတူ မှောက်ထပ်အမှတ်ရစရာလေးတစ်ခု က ကိုယ့်အသိအာရုံထဲကို ခပ်ကြမ်းကြမ်းပဲ တိုးဝင်လာတယ်။ သိပ်ကိုချစ်စရာကောင်းတဲ့ ကလေးမလေးတစ်ယောက်နဲ့ ဘေးချင်း ယှဉ်လျက် သမီးရည်းစားတွေ ထိုင်တဲ့ခုံလေးမှာ အတူထိုင်ပြီး ရုပ်ရှင်ကြည့်ခဲ့ရတာလေ”

အို…

ကိုစွမ်းရယ်…

အခုလို ဒီကားလေးအကြောင်းကို ပြောပြတဲ့အတွက် အထူးပဲ ကျေးဇူးတင်ပါတယ်ကွယ်။

ရှင်သိပ်ပြီး အမြတ်တနိုးတန်ဖိုးထားသလို ရှင်ရွေးချယ် ခဲ့တဲ့ ပိုင်ရှင်အသစ်လေးဖြစ်တဲ့ ကျွန်မကလည်း ရှင်နဲ့ ဆုံစည်းခဲ့ တဲ့ ယောဒီ ကားလေးကို တစ်သက်တာတာဝန် အမြတ်တနိုးရှိ ပါမယ်လို့ ကတိပေးပါတယ်ကွယ်။

သမုဒ္ဒတစ်ယောက်…

ချစ်သူရဲ့ ရင်ခွင်လေးထဲမှာ ချစ်အနမ်းလေးတွေ ခံယူရင်း ရင်ထဲကနေ ကတိလေးတွေ အထပ်ထပ်ပေးနေမိသည်။

ကျွန်မစကားသံလေးတွေကို ကိုတစ်ယောက် မကြားဘူး

ကိုရယ်…





ကျွန်မလဲ…

ရှင့်လိုပဲ သိပ်ပြီးချစ်တတ်သွားတာပါ။

ဒါကို…

ကောင်မလေး ငယ်တယ်ဆိုပြီး အထင်တော့ သေးမသွား ပါနဲ့နော်။ ကိုနဲ့တွေ့တော့မှ ကျွန်မရဲ့ မာကျောတဲ့စိတ်တွေ အနိုင် ပိုင်းပြလိုတဲ့စိတ်တွေအားလုံးက ပျောက်ကွယ်သွားရတာပါ ကိုရယ်။

ကိုနဲ့ဝတ်သက်ရင်…

ကျွန်မမှာ ဘာမာနမှမရှိပါဘူး။

ဘာအတ္တမှမရှိဘူး။

အချစ်တစ်ခုတည်းပဲ ရှိတာပါကို။

ကို့ကို…

ချစ်မိတဲ့ အချစ်တစ်ခုတည်းပဲ ရှိခဲ့တာပါ ကိုရယ်။

ကို…

ယုံကြည်ပေးပါနော်။

❋ ▯ ❋



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

တစ်ခါတလေမှာ…

မထင်မှတ်စရာအကြောင်းအရာတချို့က ဖြစ်လာတတ်ပါ တယ်။

ဒါပေမယ့်…

ကျွန်မအတွက် ဖြစ်ပေါ်လာတဲ့ အကြောင်းအရာတွေ အံ့ဩထိတ်လန့်စရာ၊ သွေးပျက်လောက်အောင် ချောက်ချားတုန်လှုပ် စရာတွေနဲ့ ပြည့်နှက်နေခဲ့တယ်လေ။

မာမီရဲ့ ေ…သိလေးအဆုံးမှာ…

ကျွန်မရဲ့ဦး…တွေ ထိန်းချုပ်မရလောက်အောင်ပဲ အလှုပ်ရှား ကြီး လှုပ်ရှားခဲ့ရတယ်။ ဒါကို မာမီ နည်းနည်းမှ သတိထားမိဟ





ခဲ့ရှိချေ။

"သားကိုရဲ့ သမုခကို မာမီတို့ ရှေရာချပေးဖို့ စိစဥ်ထား တယ်သမီး၊ အဲဒါ သမီးဘယ်လိုသဘောရလဲဟင်၊ တော်ချာင်းပြီးမှ စီစဥ်တာ ကောင်းမယ်ထင်တယ်ရှော့"

"ရှင်"

"ဟာ"

သမုခ မျက်ဝန်းလေးတွေ ပြူးဝိုင်းသွားရသည်။

ဒါ…

အသိပေးတာလား။

ကျွန်မနဲ့ ကိုတို့ကို ရှေ့တည့်တည့်တွင် ထိုင်နိုင်းပြီး ဒီလို ပေါ်ပေါ်တင်တင်ကြီး အသိပေးခဲ့တာလား။ မာမီက အန်တီစုကို မှာထားပြီး အခုလိုပြောတာ။

ကျွန်မကို ဘယ်လိုသဘောရသလဲလို့ မေးလိုက်ပေမယ့် ကျွန်မရဲ့စိတ်ဆန္ဒကို သိရအောင်လို့ မာမီ မေးမြန်းလောက်မှာ မဟုတ်ဘဲ။ ငါ ဒီလိုဆုံးဖြတ်ထားတယ်၊ အဲဒီလမ်းအတိုင်း လိုက်ရမှာ ပဲလို့ မာမီ အမိန့်ပေးနေသလိုကြီး ဖြစ်နေတယ်ဆိုတာရော ကိုကိုယ်မာမီ သတိထားမိရဲ့လား။

မာမီသိရဲ့လားဟင်။

မာမီပြောတဲ့ ကိုကိုနဲ့ လက်ထပ်ဖို့ဆိုတာ ကျွန်မအတွက် ဘယ်လိုမှ မဖြစ်နိုင်ဘူးဆိုတဲ့အချက်ကိုပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မရင်ထဲမှာ ကျွန်မသိပ်ချစ်တဲ့ ယောကျ်ားတစ်ယောက် အနိုင်အမာရှိနေလိမ့်မလားဆိုတာကို မာမီ့အကြောင်း မတွေးခဲ့ဘူးလေ။ မာမီမေးမြန်းဖို့ မကြိုးစားတော့ဘူးလား မာမီ။

"ဘယ်လိုလဲ…သားနဲ့သမီး မာမီတို့လူကြီးတွေက တော့"

"မာမီ"

ကျွန်မ သည်းမခံနိုင်စွာပင် တားဆီးလိုက်မိသည်။

ရုန်းခနဲတက်သွားတဲ့ တားဆီးသံလေးကြောင့် အန်တီ… စကားကို စိတ်လှုပ်ရှားခြင်းများစွာနှင့် နားထောင်နေမိသော ကိုကို… တွင် ထိတ်လန့်စွာ လှည့်စောင်းကြည့်မိသွားရသည်။

သမုခရဲ့ မျက်ဝန်းလေးတွေထဲမှာ မျက်ရည်ကြည်လေး… တွေသီလို့။

"ပြောလေ…သမီး ဘာပြောချင်လို့လဲ"

ကျွန်မှာ…

ချစ်သူရှိနေပြီ မာမီ။

ကျွန်မ ကိုကိုနဲ့ လက်မထပ်နိုင်ပါဘူး။

ကျွန်မ သူကိုပဲချစ်တယ် မာမီ၊ ကျွန်မ သူနဲ့ပဲ လက်… ချင်တယ်။ ဘာအစီစဉ်ပါယ်လဲ။ ကျွန်မကို ခွင့်လွှတ်ပါမာမီရယ်… ပြောချင်စိတ်တွေက ရင်ထဲမှာ ဖြစ်တည်နေရသော်လည်း အပြ… ထုတ်ပြောဖို့ ဆွံ့အနေရသည်။





ကျွန်မရှေ့မှာ ကြည်နူးရိပ်လေးတွေနဲ့ ကျွန်မမျက်နှာလေး …ငေးကြည့်နေတဲ့ အန်တီမကောရှိနေသလို ကျွန်မနံဘေးမှာ ထိုင်နေ …သူက ကိုကိုဖြစ်နေသည်။

တကယ်ဆို…

ဒီအကြောင်းကို အခုလို လူသိရှင်ကြားကြီး ထုတ်ဖော် …ရာမရှိဘူးလေ။ ကျွန်မရဲ့စိတ်ဆန္ဒကို မာမီ ဖွင့်ပြောသင့်တာပေါ့။ …မြန်းတိုင်ပင်သင့်တာပေါ့။ အခုတော့ ကျွန်မ ဘယ်လိုမှ ပုန်း …ှောင်လို့မရအောင် မာမီ ထိုးနက်ချက်က ပြင်းထန်လွန်းလှသည်။

"သမုခ…ဘာပြောချင်လို့လဲ"

"ကျွန်မ…အိမ်ထောင်မပြုချင်သေးဘူး မာမီ၊ ပြီးတော့ …လို ကိုကိုနဲ့ သမီးရဲ့ကြားမှာ တံတိုင်းတစ်ခုလို မာမီ့စကား …ကြောင့် ခြားနားသွားမှာလည်း မလိုချင်ဘူး။ ဒါ့နောက်စရာမဟုတ် …ဘူး မာမီ။ မာမီနောက်နေတာဆိုရင်လည်း တခြားတစ်နည်းနည်းကို …ပါ"

"အဟင်း…ဟင်း သမီးက မာမီနောက်နေတယ်ထင် …သလား၊ မာမီတကယ်ပြောနေတာ သမုခရဲ့၊ ဒီနေ့နေ့လယ်က သမီး …တို့မေမေနဲ့ စကားတွေပြောကြရင်း သမီးနဲ့သားအကြောင်း ဆွေးနွေး …ကြတာ၊ ဘယ်နှယ့်လဲ သားကို သားဘက်ကရော ငြင်းဝယ် …စရာတွေရှိလား"

မိုးမြင့်ထွဋ်ရင်တွေ တဒိတ်ဒိတ်ခုန်မြန်နေရချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



သမုခကို ငြင်းပယ်ရော့ရှိလားတဲ့။

သူ…

သမုခဆိုတဲ့ ကောင်မလေးအပေါ် အမြင်ကတ်ပြီး ကြည့်မရခဲ့သမျှ အခုတော့ အပြောင်းလဲကြီး ပြောင်းလဲကာ ချစ်နေခဲ့ပြီ။ ဟိုနေ့ညက အတွေ့အထိလေးကို သူ ယနေ့ထက်တိုင် သတိရနေသဲ၊ အမှတ်ရနေသဲဖြစ်သည်။

သူ…

ရင်ထဲက ခံစားချက်တွေကို ဖွင့်ပြောချင်နေခဲ့တာပါ။

သမုခကို…

အရင်တုန်းကလို မုန်းတီးမနေဘဲ အချစ်ကြီးချစ်နေပါပြီ ဆိုတဲ့ အကြောင်းကို ရင်ဖွင့်ပြချင်နေတာလေ။ အခုတော့ သူ့ဆုတောင်းလေး ပြည့်ဝစွာပင် အနုတ်သိဂိက. စိစဉ်နေခဲ့ပြီ။

သမုခနဲ့ သူ့ကို လက်ထပ်ပေးဖို့တဲ့။

ကြည့်စမ်း…

ဘယ်လောက်တောင် ဝမ်းသာစရာကောင်းလိုက်သလဲ။ အိပ်မက်တွေအားလုံး အပြင်မှာ ကြုံတွေ့နေရသလို သူ့စိတ်တွေ အလှုပ်ရှားကြီး လှုပ်ရှားကာ ရှုံခြမ့်သက်နေရတော့၏။

"သားကို"

"မာမီ…ကိုကို့ကို ဘာကြောင့် အတင်းအကြပ်ကြီး မီးလေးနေရတာလဲဟင်၊ ပြီးတော့ အခုကိစ္စက မာမီထင်သလောက်





ပေါ့ပါးမနေဘူးဆိုတာပဲ။ အရမ်းကိုလေးနက်တယ်။ မာမီ အမိကာ ကိုကိုနဲ့ကျွန်မ အတွက်ပေါ့၊ ကျွန်မတို့ကို စဉ်းစားခွင့်မပေးတော့ဘူးလား"

ဟာ…

မိုးမြင့်ထွဋ်တစ်ယောက် ပြတ်တောက်မာတင်းနေသည့် သမုခဆီမှ တောင်းဆိုချက်ကလေးကို နားထောင်ပြီး ဝါးစဝ် အဟောင်းသားပင် ဖြစ်သွားရသည်။

သမုခကိုကြည့်ရတာ အခုကိစ္စအပေါ် ဘယ်လိုမှ လက်မခံနိုင်တဲ့သူတစ်ယောက်လို ငြင်းငြင်းထန်ထန် ကာကွယ်တားဆီးနေတာလေ။ သူ့မျက်ဝန်းလေးတွေနဲ့ ဆုံအောင် စိုက်ကြည့်နေတဲ့ သမုခရဲ့ မျက်ဝန်းတွေထဲမှာ တစ်စုံတစ်ခုကို အသည်းအသန် ရှောင်လင့်နေတဲ့ အရိပ်အယောင်လေးတွေကို တွေ့နေရ၏။

ဘာရယ်လို့ အတပ်မသိပေမယ့်…

သူ့ရင်ထဲ…

အောင့်သက်နင့်သည်းသွားရတာတော့ အမှန်ပင်ဖြစ်သည်။

"အဟင်း…ဟင်း သမုခကတော့လေ အရင်တနဲ့ကို ညည်းနည်းလေးမှ မတူတော့တာ၊ အတော်ကလေး ရင့်ကျက်လာတာ ဒီ ကိုကို့အပေါ် ဘယ်တုန်းကများ တနာနားလည်စိတ်တွေ ဝင်သွားတာတုန်း သမီး"

မာမီကတော့…



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ အခုလိုတားသီးနေတာ ကိုကို့အတွက် စဉ်းစားလို့ထ
ထင်နေ၏။

မဟုတ်ဘူး မာမီ။

ကျွန်မ ကိုကို့အတွက် စဉ်းစားပေးနေတာမဟုတ်။

ကျွန်မရင်ထဲက သိပ်ပြီးနူးညံ့တဲ့ ချစ်ခြင်းလေးတွေအတွက် စဉ်းစားနေတာပါ။ ကျွန်မဘဝတစ်သက်တာမှာ ပထမဆုံး ဖူးပွင့်တဲ့ ချစ်ခြင်းလေးတွေအတွက် အတ္တကြီးစွာနဲ့ ကာကွယ်စောင့်ရှောက်နေတာပါ မာမီ။

မာမီတို့က အခုကိစ္စမှာ ရယ်မောပြုံးရွှင်နေနိုင်ကြပေမယ့် ကျွန်မ လိုက်မရယ်နိုင်ဘူးမာမီ။ ကျွန်မရင်ထဲက နှလုံးသားလေးတွေက သည်းသည်းလှုပ် ငိုကြွေးနေကြတယ်။

ဘယ်လောက် ရက်စက်လိုက်တဲ့စကားလဲလို့။

ဘယ်လောက်များ သွေးပျက်လောက်အောင် တုန်လှုပ်ချောက်ချားစေတဲ့ စကားလဲလို့။ ကျွန်မ နောက်တစ်ကြိမ်ထပ်ပြီး တော့တောင် နားမထောင်ရဲတော့ဘူး မာမီရယ်။

ကိုကို့နဲ့ ကျွန်မကို လက်ထပ်ပေးမလို့တဲ့။

မဖြစ်နိုင်တာပဲ။

ဒါ…

ဘယ်လိုမှ မဖြစ်နိုင်တဲ့ကိစ္စပဲ မာမီ။

ကျွန်မ…





စိတ်တုန်လှုပ်ချောက်ချားကာ နေရာလေးကနေ ထရပ်တော့

"ဒါ…ဘယ်လဲ သမီး"

ကျွန်မ မဖြေမိပါ။

ထို့အပြင်…

ခြေလှမ်းကလေးတွေကိုလည်း ညှို့ခန်းလေးထဲကနေ ထွက်ခွာသွားဖို့ စတင်လှမ်းလိုက်သည်။

"မာမီ မေးနေတယ်လေ သမီး၊ ဒါ ရယ်စရာပြောနေတဲ့ စကားဝိုင်းမဟုတ်ဘူးလေ၊ သမီးဘဝရေးရေးအတွက် အရေးပါတဲ့ အကြောင်းအရာကို ဆွေးနွေးတိုင်ပင်နေတာ၊ ပေါ့ပျက်ပျက်လေး သွားဖို့မကြိုးစားနဲ့ သမီး"

ဟင့်အင်း…

ကျွန်မ မနေချင်တော့ဘူး မာမီ။

ကျွန်မစိတ်တွေ ထွက်ပေါက်မရှိအောင် မွန်းကြပ်ပိတ်လှောင်လွန်းလို့ ဒီနေရာကနေ ကျွန်မ ထွက်ခွာမှကိုဖြစ်မှာ။

ဒါကို…

အချိန်ပေးပြီး ချုပ်ချယ်ဖို့ မကြိုးစားသင့်ဘူး မာမီ။ ကျွန်မကို သွားခွင့်ပြုပါ။ ကျွန်မ လွတ်မြောက်ဖို့ ဒီနေရာလေးကနေ ထွက်ခွာခွင့်ပြုပါမာမီ။

"သမီး…မာမီပြောနေတယ်လေ"

"ဪ…သီဂီကလည်း သမီး စိတ်လွှတ်လက်လွှတ်



www.burmeseclassic.com

www.burmeseclassic.com



သွားပါစေကွယ်၊ အခုလိုအချိန်မျိုးမှာ သူလည်း အံ့ဩပြီး မျက်
ပူနေမှာပေါ့"

ကျေးဇူးပဲ…

အန်တီမေ။

ကျွန်မဘာက်ကကူပြီး ပြောပေးတဲ့အတွက် အရမ်း အ
ကိုပဲ ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ကျွန်မကိုခွင့်လွှတ်ပါ အ
မေ။ ကျွန်မ အန်တီမေ့ကို မိခင်ရင်းတစ်ယောက်လို ချစ်ခင်တွ
တာနေမိရုံလေးကလွဲပြီး ကျွန်မ စိတ်ကူးယဉ်နေတဲ့ ယော
လောင်းတစ်ယောက်အဖြစ်နဲ့ ဘယ်လိုမှ စိတ်ကူးကြည့်လို့ကို
တာပါ။

ကျွန်မ…

အန်တီမေ့ကို သိပ်ချစ်တာ မိခင်ရင်းတစ်ယောက်လို
အန်တီမေရယ်။

သမုဒ…

မြဲထဲသို့ထွက်ခဲ့ပြီး ခန်းပုခက်ကြာပြာလေးတွင် ထိုင်
မိသည်။ မျက်ဝန်းအိမ်ထဲ ဝမ်းနည်းလွန်းစွာ မျက်ရည်ကြည်
များ စိမ့်တက်လာ၏။

ကျွန်မ မထိန်းချုပ်နိုင်စွာပင် ငိုရှိုက်ပစ်လိုက်သည်။

"သမုဒ"

ကျွန်မ…





ရှိုက်ငိုနေရာမှ ခြေသံဖွဖွကြောင့် လှည့်ကြည့်တော့ ခပ်လှမ်းလှမ်းတွင်ရပ်နေသော ကိုကို့ကို တွေ့လိုက်ရသည်။

"သမုဒ…မင်း…မင်း ငိုနေတယ်"

မျက်ရည်စီးကြောင်းကြီးတွေနဲ့ သူ့မျက်နှာကို မျှော်မဲ့ မော့ကြည့်တဲ့ သမုဒကို ကြည့်ပြီး အံ့ဩထိတ်လန့်သွားရသူက မိုးမြင့်ထွဋ်ပဲဖြစ်သည်။

ဘာကြောင့် ဒီလောက်တောင် ဝမ်းနည်းတကြီး ငိုနေရတာလဲ။

သူနဲ့လက်ထပ်ပေးမယ်လို့ ပြောတဲ့စကားက သမုဒရင်ကို အဲဒီလောက်အထိတောင် နာကျင်စေခဲ့ရသလား။

"ငိုနေတာပေါ့…ကိုကို၊ ကျွန်မ ဝမ်းနည်းလွန်းလို့ ငိုနေရတာပေါ့၊ ဘာလဲ ကိုကိုက ဒါကို ရယ်မောပျော်ရွှင်စရာလို့ ထင်မှတ်နေလို့လား"

"ဘာ…ဘာကွ၊ မင်း…မင်း ဘယ်လိုပြောလိုက်တယ် သမုဒ"

"ဒီမှာကိုကို…ကျွန်မ အရှင်းဆုံးပြောရရင် ကိုကို့အပေါ် အစ်ကိုတစ်ယောက်လိုပဲ ကျွန်မ ခံစားလို့ရတယ်၊ ကျွန်မတို့ကြားက ဘယ်လိုအပြောင်းအလဲမျိုးကိုမှ ကျွန်မ မလိုချင်ဘူးကိုကို။ အခုကိစ္စ ဘယ်လိုမှမဖြစ်နိုင်ဘူး၊ ကျွန်မ လက်မခံနိုင်ဘူး ကိုကို"

ဟာ…



www.burmeseclassic.com

www.burmeseclassic.com



သမုခရယ်။

ပြောရက်လိုက်တာကွာ။

မင်းရဲ့စကားတွေက ကိုကို့ရင်ထဲက နှလုံးသားလေးကို ဘယ်လောက်ထိ အစိတ်စိတ်အမွှာမွှာ ကွဲအက်ကြေမွသွားလိမ့်မလဲ ဆိုတာ မစဉ်းစားတော့ဘူးလား သမုခရယ်။

"ကိုကို"

မိုးမြင့်ထွဋ် ဘာစကားမျှမပြောနိုင်တော့ဘဲ သမုခ ထိုင်နေသော အန်းကလေးရဲ့ ခုံစွန်းတစ်ဖက်လေးတွင် အင်အားမရှိစွာ ထိုင်ကျသွားရသည်။

"ကျွန်မ…ဘယ်လိုလုပ်ရမလဲဟင်၊ အခုကိစ္စ ဖျက်ပြယ်သွားဖို့ ကျွန်မ ဘယ်လိုလုပ်ရမလဲကိုကို"

သမုခရယ်…

မင်းမို့ ဒီမေးခွန်းမျိုးကို မေးရက်တယ်နော်။

ကိုကို ဘယ်လိုပြန်ဖြေရမလဲ ကလေးရယ်။ ကိုကိုရဲ့စိတ်ကူးယဉ်ကမ္ဘာလေး ဖြိုဖျက်သွားအောင် လုပ်မယ့် မင်းကို ကိုကို ဘယ်လိုအကြံဉာဏ်တွေ ပေးရမလဲ ချစ်ရယ်။

ကိုကို…

ကိုကိုလေ…

မင်းလေးကို သိပ်ချစ်နေမိပြီ။

ကိုကို့ရင်ထဲက အသည်းနှလုံးလေးတွေထဲမှာ မင်းကိုချစ်





တဲ့အချစ်တွေ ပြည့်လျှံနေတာပါ။ ဒါကို မင်း တစ်ချက်လောက် ငုံကြည့်ဖို့မကြိုးစားဘဲ ကျောခိုင်းထွက်ခွာသွားဖို့ ကြိုးစားရတာလဲ သမုခရယ်။

"ကျွန်မမှာ ချစ်သူရှိနေပြီကိုကို"

"ဟင်"

"ဟုတ်တယ် ကိုကို၊ ကျွန်မ သူ့ကိုသိပ်ချစ်နေမိပြီ"

ဟာ…

မိုးမြင့်ထွဋ် ခေါင်းလေး ဆတ်ခနဲထောင်ပေါ်ကာ နှုတ်ခမ်းနီစွေးစွေးလေးတွေ ဖျတ်ခနဲ ပွင့်ဟသွားသည့်အထိပင် အံ့ဩထိတ်လန့်စွာ သမုခရဲ့ မျက်နှာလေးဆီ စူးနင့်နေအောင် စိုက်ကြည့်နေမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

"ကျွန်မ…ကိုစွမ်းကို တကယ်ချစ်တာပါ ကိုကို၊ ကျွန်မ နှလုံးသားတွေ စူးနင့်နာကျင်လောက်အောင် နင့်နင့်သည်းသည်း ချစ်ခဲ့မိတာပါ"

တော်ပါတော့ သမုဒ္ဒရယ်။

ဆက်မပြောပါနဲ့တော့ကွာ။

ကိုကို မကြားရဲတော့လို့ပါ သမုဒ္ဒရယ်။

မင်းရဲ့စကားလုံးလေးတွေက ကိုကို့ရင်တစ်ခုလုံးကို လောင်မြိုက်စေမယ့် မီးတောက်မီးလျှံကြီးတွေပဲ သမုဒ္ဒရယ်။ ကိုကို့အသည်းတွေ ကျွမ်းလောင်ကုန်ပါပြီကွာ။ ကိုကို့နှလုံးသားတွေ ပြာမှုန်ပြီး မြေပြင်ပေါ် ကြွေကျနေရပြီချစ်ရယ်။





မထင်မှတ်ထားခဲ့မိဘူး သမုဒ္ဒရယ်။

ကိုစွမ်းနဲ့ သမုဒ္ဒရာတို့ ချစ်သူတွေ ဖြစ်နေလိမ့်မယ်လို့ သူ ဘယ်လိုမှ ထင်မှတ်မထားခဲ့မိဘူးကွာ။ ဟန်ဆောင်ကောင်းလွန်း လိုက်ကြတာ။

သူ…

နည်းနည်းလေးမျှကို မရိပ်မိခဲ့ချေ။ အချိန်ခဏလေးတာလေး အတွင်းမှာ ချစ်သူတွေဖြစ်သွားကြတာ ယုံတောင်မယုံနိုင်စရာ။ သို့သော် ဒါဟာ အမှန်တရားတစ်ခုပဲ။ ဘယ်လိုမှ ပြောင်းလဲလို့မရ တော့မယ့် အမှန်တရားတစ်ခုပဲလေ။

"ကျွန်မ…သူ့ကိုပဲချစ်တယ် ကိုကို၊ သူ့ကိုပဲ ဘဝ တစ်သက်တာလုံး လက်တွဲဖော်အဖြစ် ရှိစေချင်တယ်"

"သိပါတယ် သမုဒ္ဒရယ်၊ ကိုကိုနားလည်ပါတယ်၊ ဒါပေမယ့် ကိုကိုတောင်းပန်ပါရစေ၊ မင်း ဒီစကားတွေကို ခဏခဏ ထုတ်ဖော်ဝန်ခံမနေပါနဲ့ကွာ။ ကိုကို မကြားချင်ဘူး၊ ကိုကို တောင်းပန်ပါတယ် သမုဒ္ဒရာ၊ မင်း ဆက်မပြောပါနဲ့တော့"

ဟင်…။

ကိုကို မကြားချင်ဘူးတဲ့။

ဒေါသသံတွေရော၊ ဝမ်းနည်းကြေကွဲသံတွေပါ ရောယှက်နေတဲ့ ကိုကို့စကားသံလေးကို နားထောင်ပြီး မျက်လုံးလေးတွေ ပြူးဝိုင်းသွားရသူက သမုဒ္ဒရာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဘာအဓိပ္ပါယ်လဲ။

စမ်းမှန့်တဲ့အရောတစ်ခုကို ကြေးရဲလောက်အောင် ဖြစ်ရပါတယ်ဆိုတဲ့ ကိုကို့ရဲ့စကားက ဘယ်လိုအဓိပ္ပါယ်ကို ဆော်ဆောင်နေတာလဲ။

ကိုကို…

ရှင်…ရှင်က။

ကျွန်မကို နှစ်သက်နေတာလား။

ဘုရား…ဘုရား။

ကိုယ့်အတွေးလေးနှင့်ကိုယ် သမုဒ္ဒတစ်ယောက် ဘုရားတာလိုက်မိသည်။ ရီဝေကြွေကွဲနေတဲ့ ကိုကို့မျက်ဝန်းတွေကို ကြည့်ရင်းမှာ အကြည့်လေးကို လွှဲဖယ်လိုက်ရ၏။

ဟင့်အင်း…

အဲဒီလိုမနေပါနဲ့ ကိုကို။

ကျွန်မအတွက် အရမ်းကို ခံစားနေရတဲ့ပုံစံမျိုးကြီး လုပ်မပြပါနဲ့။

သမုဒ္ဒကို…

ရှုံးတွေ့ဝစ်လိုက်စမ်းပါ ကိုကို။

အရှုံးပေးစကား ရှုံးတွေ့ဝစ်လိုက်စမ်းပါ။

"နှင့်လိုမိန်းကလေးကို ငါက စိတ်ဝင်စားရမှာလား သမုဒ္ဒတဲ့"လို့ ခေါင်းမော့ရင်ကော့ပြီး အနိုင်ပိုင်းပြလိုက်စမ်းပါ ကိုကို





ရှယ်။ ကျွန်မ တောင်းပန်ပါတယ်နော်။ ကျွန်မစိတ်တွေ ရှုပ်ထွေးနောက်ကျိသွားအောင် ကိုကို မခံစားပြစမ်းပါနဲ့ကွယ်။

"ဆိုးတယ်ကွာ…အရမ်းဆိုးတယ်၊ ဘယ်လိုဖြစ်လို့ အခုလိုကိစ္စကြီးက ပေါ်လာခဲ့ရတာလဲ၊ ဒီအစီအစဉ်ကြီးက ဘာကြောင့် မြှုန်းစားကြီး ဖြစ်ခဲ့ရတာလဲဟင်"

"ကိုကို"

ယူကြုံးမရစွာ အသံအက်အက်ကြီးနဲ့ ငြီးတွားလိုက်တဲ့ ကိုကို့ကို အလန့်တကြားလေး တားဆီးလိုက်သူက သမုဒ္ဒ။

"ကိုကို…ဘယ်လိုလုပ်ရမလဲဟင် သမုဒ္ဒ၊ ကိုကို ဘယ်လိုလုပ်ရတော့မလဲ"

"ငြင်းပေးပါ ကိုကို၊ ဘယ်လိုမှ မဖြစ်နိုင်ပါဘူးလို့ ကိုကို ငြင်းပေးပါ"

သမုဒ္ဒရယ်။

ရက်စက်လိုက်တာကွာ။

မင်းမို့လို့ ဒီလိုစကားမျိုးတွေပြောပြီး ကိုကို့ကို တောင်းဆိုရက်တယ်နော်။ မင်းရဲ့တောင်းဆိုမှုကြောင့် ကိုကို ဘယ်လောက်ထိ ခံစားသွားရမလဲဆိုတာ ထည့်မစဉ်းစားနိုင်လောက်အောင်ထိ မင်းစိတ်တွေက မြတ်သားနိုင်နေပြီလား ချစ်ရယ်။

"ကျွန်မကို အဲဒီလိုအကြည့်မျိုးနဲ့ မကြည့်ပါနဲ့ ကိုကို၊ ကျွန်မ တောင်းပန်ပါတယ်"

www.burmeseclassic.com



နှင့်သည်းနေတဲ့ ခံစားချက် တနင့်တပိုးနဲ့ ကျွန်မ မျက်နှာလေးကို စောင်းငုံကြည့်နေတဲ့ ကိုကို့မျက်ဝန်းအကြည့်ကို မမြင်ရဘဲ နှာပင် တားဆီးလိုက်မိသည်။

ခွင့်လွှတ်ပါ ကိုကို။

ကျွန်မ တကယ်ပဲ တောင်းပန်ပါတယ်။

ကျွန်မဘဝမှာ ကိုစွမ်းနဲ့သာ မဆုံဖြစ်ခဲ့ရင် ကိုစွမ်းကိုသာ မချစ်ခဲ့မိရင် ကိုကို့အပေါ် အခုလောက်ထိ ပြတ်သားစိမ်းတောက်နေမှာ မဟုတ်လောက်ပါဘူးကွယ်။

ကျွန်မလေ…

သူ့ကိုသိပ်ချစ်တယ် ကိုကို။

ကျွန်မရင်ထဲ အသည်းထဲမှာ နှင့်နေအောင်ကို ချစ်နေမိတာပါ။

ကျွန်မက…

မိန်းကလေးပါ ကိုကိုရယ်။

မိန်းကလေးဆိုတာ အရွေးချယ်ခံပစ္စည်းလေးတစ်ခုပါ။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ဘယ်လိုယောကျ်ားတစ်ယောက်ရဲ့ ရွေးချယ်မှုကို ခံရမလဲလို့ စောင့်မျှော်နေရတဲ့သူတွေပါ ကိုကို။

ဒါပေမယ့်…

ကျွန်မ သိကြီး ကံကောင်းခဲ့ပါတယ်။

ကျွန်မ ကိုယ်တိုင် နှစ်သက်မြတ်နိုးခဲ့ရတဲ့ ယောကျ်ား





တစ်ယောက်ဆီက တိတိကျကျနဲ့ တွေဝေမှုကင်းတဲ့ ရွေးချယ်ခြင်းကို ခံခဲ့ရတယ်လေ။ အဲဒီအတွက် ကျွန်မ သိပ်ပြီး ဝမ်းသာဂုဏ်ယူနေမိတယ် ကိုကို။

ဒါကြောင့်…

တန်ဖိုးရှိရှိနဲ့ တလေးတစား ရွေးချယ်ခဲ့တဲ့ ကိုစွမ်းကို ကျွန်မ ဘယ်လိုမှ မျှော်လင့်ချက်တွေ မဲ့မသွားစေချင်ဘူးကိုကို။ ကျွန်မအပေါ် ယုံကြည်ထားတဲ့ ကိုစွမ်းရဲ့ ယုံကြည်မှုလေးတွေကို သဲလကာမဖြစ်စေချင်ဘူးကိုကို။

ဒါကြောင့်…

ကိုကို ကျွန်မကို စိတ်မဝင်စားလိုက်ပါနဲ့နော်။

သမုဒ္ဒရာကို ကိုကို့အာရုံတွေထဲမှာ ထည့်မထားလိုက်ပါနဲ့ ကိုကိုရယ်။

"ကိုကို အရမ်းခံစားနေရတယ် သမုဒ္ဒရာရယ်၊ နောက်ကျမှ သိနေပေမယ့် နောင်တတကြီး အသစ်တနေ ဖြစ်ချင်နေတဲ့ စိတ်တွေကို ဘယ်လိုဘယ်လိုများ ဖျောက်ဖျက်ရမလဲကွာ"

"ကျွန်မသွားတော့မယ် ကိုကို"

"နေဦး သမုဒ္ဒ"

အို…

ကိုကို့အနားတနေ ထွက်ခွာသွားမှ မြင်လိုက်တဲ့ သမုဒ္ဒ ရာသာယ် ရှေ့ကနေ ဝိတ်ကာရပ်ပြီး တားဆီးလိုက်တဲ့ ကိုကို



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် အတုန့်လှုပ်ကြီး တုန့်လှုပ်သွားရသည်။

"ကိုကို့အပေါ်မှာ ဘာကြောင့် မချစ်နိုင်ရတာလဲဆိုတဲ့ အဖြေကို ဖြစ်နိုင်ရင် ပြောပြပါလား သမုခ"

"ရှင်"

"ကိုကို့ကို ငြင်းပယ်ရလောက်တဲ့ အကြောင်းအရာ ဘာလဲသမုခ၊ ကိုကို မင်းနဲ့ အမြဲတမ်း ဘုဘောက်ကျပြီး ရန်ဖြစ် တတ်တဲ့ သူမို့လို့လား။

မင်းရဲ့စိတ်တွေ ရှုပ်ထွေးနောက်ကျိနေအောင် အမြဲတို မန်တီးတတ်တဲ့ သူမို့လို့လား သမုခ။ မင်းနဲ့အပြိုင် မာနတွေ တတ်ခဲ့တဲ့ သူမို့လို့လားဟင်။

အဲဒါတွေကြောင့် ကိုကို့ကို မင်း မချစ်နိုင်တာလား သမု မင်းအပေါ် နူးညံ့တဲ့ လေသံလေးတွေနဲ့ မပြောခဲ့လို့ မင်း ကို မုန်းခဲ့တာလား သမုခရယ်။ ပြောပါကွာ…အဲဒီအချက်တွေကြော မင်းရဲ့နှလုံးသားထဲမှာ ကိုကို့ကို နေရာမပေးနိုင်ခဲ့တာလား

ကျွန်မ…

မဖြေတတ်ပါ။

တစ်စုံတစ်ယောက်ကို ချစ်ခဲ့မိတာ ဘာကြောင့်လဲ တိုင်း မဖြေတတ်ပေမယ့် တစ်စုံတစ်ယောက်ကို ဘာကြောင့် သလဲဆိုတဲ့ အဖြေကိုတော့ လူတိုင်းဖြေတတ်ကြပါသည်။

ဒါပေမယ့်…

ကျွန်မ ဘယ်တုန်းကမှ မမုန်းခဲ့ဘူးတဲ့ကိုကို။ ကျွန်မ ဘယ်တုန်းကမှ မရိုးသားတဲ့စိတ်နဲ့ မချစ်ခဲ့ဘူးတဲ့ကိုကို့ကိုတော့ ပြန်အဖြေပေးဖို့ အကြောင်းပြချက်က မရှိဘူးလေ။

ကျွန်မရင်ထဲက နှလုံးသားတွေက ကိုစွမ်းကိုမှ ရွေးချယ်ပြီး ချစ်မိသွားတာ ကျွန်မ ဘာတတ်နိုင်မှာလဲ ကိုကို။

"သမုခ ပြေပါကွာ၊ ကိုကို့ကို ဘာကြောင့် လက်မခံနိုင်ရတာလဲဆိုတာ မင်းဖြေပေးပါ"

"ကျွန်မမှာ အဖြေမရှိဘူးကိုကို၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မရင်ထဲမှာ ကိုကို့နဲ့ပတ်သက်ပြီး ဘာအငြိုးအတေးမှ မရှိလို့ပဲ၊ ကျွန်မ ကိုကို့ကို ဘယ်တုန်းကမှ မမုန်းခဲ့ဘူးကိုကို။

အရင်ကရော အခုရော နောင်နှစ်ပေါင်းများစွာထိပါ ကျွန်မ ကိုကို့ကို ဘယ်တော့မှ မုန်းနိုင်တော့မှာမဟုတ်ဘူး ကိုကို။

အဲဒီလိုပါပဲ…

ကျွန်မ ဘဝတစ်သက်တာလုံးအတွက် ရည်မှန်းပြီးချစ်ခဲ့တဲ့ ယောကျ်ားတစ်ယောက်ဟာ ကိုကို ဘယ်တော့မှဖြစ်လာမှာ မဟုတ်ပါဘူးရှင်။ ကျွန်မရင်ထဲက နှလုံးသားထဲမှာ ကိုစွမ်းကို ချစ်တဲ့ အချစ်တွေနဲ့ ပြည့်သိပ်နေတဲ့အတွက် နောက်ထပ် ဘယ်လိုလူမျိုးကို ကျွန်မ ချစ်နိုင်တော့မှာ မဟုတ်ပါဘူး ကိုကို။

ကျွန်မ ကိုကို့ကို ချစ်တဲ့အချစ်က အဖြူထည်သက်သက် ပါ။ အသန့်စင်ဆုံး အချစ်တွေနဲ့ ချစ်တာပါ ကိုကို။ ဘယ်သောအခါ



www.burmeseclassic.com

www.burmeseclassic.com



မှ အရောင်စွန်းထင်းမှာမဟုတ်တဲ့ အဖြူသက်သက်နဲ့ ချစ်တာပါ။ အဲဒီအတွက် ကိုကို့မေးခွန်းကို ပြန်ဖြေဖို့ ကျွန်မမှာ အဖြေမရှိ ကိုကို''

သမုခရယ်…

ပြောတတ်လိုက်တာကွာ။

ကိုကို့အတွက် ဘယ်တော့မှ အဖြေမရှိတော့ဘူးလို့ အ ကျကျလေး ငြင်းပယ်ခဲ့တယ်နော်။

သမုခရယ်…

ကိုကို ဘယ်လိုလုပ်ရမလဲဟင်။

မင်းကမချစ်လေ ကိုကိုက အရူးအမူးချစ်လေလေပဲ သ ရယ်။

မင်းနဲ့ဝေးရမှာ…

မင်းကို စွန့်လွှတ်လိုက်ရမှာ အရတော့ သေမတတ် ကြောက်ရွံ့နေတတ်ခဲ့ပြီ သမုခရယ်။ ကိုကိုမှားခဲ့ပါတယ်။ မင်း မှာ ကိုကို့အပေါ် ငဲ့ညှာထောက်ထားမယ့် အချစ်ကလေးတွေ အောင်းမနေအောင် မင်းအပေါ် အမြဲတမ်း ရန်သူတစ်ယော ဆက်ဆံခဲ့မိတာတွေအတွက် ကိုကို နောင်တတွေ ရနေမိ ချစ်ရယ်။

''ကျွန်မ သွားပါရစေကိုကို''

သမုခလေးရယ်။





သူ…

သမုခလေးရဲ့ ရှေ့ကနေ ဖယ်ရှောင်ပေးလိုက်မိသည်။

သမုခကတော့…

ဆုံးဖြတ်ချက် နိုင်မာသော အချစ်သူ့ရဲ့ကောင်းမလေး အစ်ယောက်လို ကိုယ့်လိပ်ပြာ ကိုယ်လုံစွာ လျှောက်လှမ်းသွားတော့ သည်။

မြကျွယ်ကြီးထဲက ခန်းပြာပြာလေးပေါ်မှာတော့ မိုးမြင့်တွင် အစ်ယောက်သာ ကျန်နေရစ်ခဲ့ရတော့၏။

သမုခရယ်…

ကိုကို သိပ်ချစ်တယ်ကွာ။

စွန့်လွှတ်နိုင်လောက်အောင်ကို ချစ်နေခဲ့ရပြီ သမုခလေး ရယ်။

မင်းက ငြင်းပယ်ပေးပါလို့ တောင်းဆိုခဲ့ပေမယ့် ကိုကို ဘယ်လိုအင်အားမျိုးတွေနဲ့ ငြင်းပယ်ရမလဲချစ်ရယ်။

ကိုကို…

သမုခကို မုန်းတယ်လို့ ပြောပြီး ငြင်းပယ်ရမှာလားဟင်။

သမုခကို လက်မထပ်ချင်ပါဘူးလို့ အကြောင်းပြပြီး ငြင်း ယ်ရမှာလား။

ဟင့်အင်း…

ကိုကိုမလုပ်နိုင်ဘူး သမုခ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုပြောလိုက်ရင် ကိုကိုဟာ ကိုယ့်နှလုံးသားခံစားချက်ကို ဖျက်ကွယ်ပြုတဲ့ တရားခံတစ်ယောက်လို ဖြစ်နေမှာပေါ့။

မင်းသိမလား သမုခ။

ဘယ်လိုလူမျိုးကမှ ကိုယ့်ရင်ကိုယ်ခွဲပြီး နှလုံးသားကို ထုတ်မပေးတတ်ကြဘူးဆိုတာကိုပေါ့။ အဲဒီလိုလုပ်ခဲ့ရင်တောင် အဲ့ဒီလူက အရူးပဲ။

ကိုကို…

မင်းကို ဘယ်လိုလူမျိုးရဲ့ လက်ထဲကိုမှ မထည့်နိုင်ဘူး သမုခရယ်။

ကိုကို…

မင်းကိုသိပ်ချစ်တယ်။

❋ ❋





## အခန်း (၁၈)

"မမလေး"

ဟင်…။

တစ်ယောက်တည်း အခန်းလေးထဲအောင်းနေတဲ့ သမုခဆီကို တံခါးလေးဖွင့်ပြီး ဝင်လာတဲ့သူက မိစု။ သူမလေးရဲ့ လက်ထဲမှာလည်း ကတ္တူဖူးရှည်လေးတစ်ခုကို ကိုင်ထားသေးသည်။

"မမလေးအတွက်တဲ့ လူတစ်ယောက်လာပို့တာ"

သမုခရဲ့ မျက်ခုံးတန်းလေးနှစ်ခု တွန့်ကြုံကာ မိစုကမ်းပေးနေတဲ့ ကတ္တူဖူးလေးကို ခပ်စူးစူးလေး စိုက်ကြည့်လိုက်မိသည်။

ဘယ်သူများပါလိမ့်။

ကိုကိုများလား။



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်နိုင်ပါဘူး။ ကိုကိုဆိုရင် ကျွန်မကို သူကိုယ်တိုင် တိုက်ရိုက်လာပေးလို့ရတာပဲ။ ပြီးတော့ မိစုကတစ်ဆင့် ပေးခိုင်းရ မှာင်ကို ကိုကိုသိနေတဲ့အတွက် ကျွန်မကို ပြန်ပြောမှာပါပဲ။

"လူတစ်ယောက် ဟုတ်လား"

"ဟုတ်တယ် မမလေး၊ စာအိတ်လေးတစ်ခုလည်း ပါ တယ်"

"ပေး…ပေး မိစု မမလေးကိုလာပေး"

မိစုဆီကနေ စာအိတ်လေးကိုရော ဗူးလေးကိုပါ လှမ်းယူ လိုက်ပြီး စားပွဲပေါ်တင်လိုက်သည်။ စာအိတ်လေးကို ယူပြီး အရင်ဦး စွာ ဖောက်ဖတ်လိုက်တော့ ကိုနိုင်စွမ်းထက်ဆီကစာ ဖြစ်နေ…

ကလေး…

နေရတာ အဆင်ပြေရဲ့လားဟင်။ နေရောကောင်းရဲ့လား

ကိုယ် ကလေးဆီကို ဖုန်းဆက်တာ မထာဘူးပဲ။ ဒါ… မယ့် ကလေးက ဖုန်းလာမကိုင်ဘဲ ကလေးအမေပဲ လာလာကိုင် လို့ ဖုန်းကို ပြန်ပြန်ပြီးချခဲ့ရတယ်။ ကလေးဆီက အဆက်အသွယ် မရတော့ ကိုစိတ်ပူနေရတယ် ကလေးရယ်။

ကိုယ်လေ…

ကလေးနဲ့ အရမ်းတွေ့ချင်တာပဲ။

ဒါကြောင့် ကိုယ့်ကိုလာတွေ့ပါကလေးရယ်။ ကိုယ် အရမ်းသတိတွေရနေမိတယ်။ ပြီးတော့ ကိုယ့်ဆီကိုလာရင် ဝတ်…





ဖို့ ဝတ်စုံလေးလည်း တစ်ခါတည်း ပို့လိုက်တယ်။ အဲ့ဝတ်စုံလေး ဝတ်ပြီး ကိုယ့်ကိုလာတွေ့ပါနော်။

ကလေးနဲ့တွေ့ခဲ့တဲ့ ကော်ဖီဆိုင်ကြီးဘေးက ကမ်းခြေမြင် ခင်လေးမှာ ကိုယ်ရှိနေတယ်။

ကလေးရဲ့

ကို

စာလေးကိုဖတ်ပြီး ရင်တဒိတ်ဒိတ်ခုန်နေရသူက သမုဒ ရယ်ပါ။

အခုတလော…

စိတ်တွေရှုပ်ထွေးလွန်းလို့ အခြင်တိုဘောင် သိပ်မထွက် ဖြစ်။ ကိုကိုနိုးခြင်ထွင်တို့ ခြံဘက်ကိုလည်း သွားဖြစ်ရှေး အနုတိ မောတော့ ကျွန်မ မလာလို့ တတန်းတန်းလာခေါ်နေသည်။

အကြောင်းပြချက်အမျိုးမျိုးပေးပြီး ကျွန်မ ရှောင်နေခဲ့တာ လေ။

ကိုကိုလည်း ကျွန်မတို့ခြံဘက် သိပ်မလာချေ။

တစ်ယောက်နဲ့တစ်ယောက် အနေစိမ်းသက်နေခြင်းကို လူကြီးတွေက ရိပ်မိသော်လည်း မသိဟန်ဆောင်နေကြသည်။ အပြောင်းအလဲကာလတစ်ခုမှာ အခုလိုပဲ တစ်ယောက်နဲ့တစ်ယောက် ရှိန်နေနိုင်တယ် ထင်ပြီး ငြိမ်သက်နေကြခြင်းဖြစ်သည်။

ဖုန်းမြည်သံကြားရပေမယ့်…



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ပေါ်ခိုင်ဖြစ်ပါ၏။ အောက်ထပ်ကနေ တမိဝဲ ကိုင်တတ်၏။ ကို ဆက်တာမရဘူးတဲ့။ ကျွန်မကို တစ်ချိန်လုံး ဆက်သွယ်နေတဲ့ ကိုကို သနားသွားမိသည်။ တကယ်ဆို ကျွန်မ ကိုယ်တိုင် သူ့ဆီကို ဆက်သွယ်သင့်တာလေ။

လက်ရှိအခြေအနေတွေအားလုံးကို ကို သိထားသင့်သည်။

ကိုက…

ကျွန်မရဲ့ချစ်သူပဲ။

ကို့အပေါ်မှာ ကျွန်မ ဘာတစ်ခုမှ ဖုံးကွယ်ထားစရာမလိုဘူး ဟု ကျွန်မထင်မိ၏။ ဟုတ်တယ်၊ ကျွန်မ ကို့ကို သွားတွေ့ပြီး ရှင်းပြရမယ်။

ကျွန်မ…

ကိုကလွဲပြီး ဘယ်သူ့ကိုမှ မချစ်နိုင်ဘူးဆိုတဲ့အကြောင်းကို ပြောရမယ်။

ဆုံးဖြတ်ချက်နှင့်အတူ ကတ္တူစက္ကူအထုပ်လေးကို ကျွန်မ ဖွင့်ကြည့်လိုက်တော့ အထဲမှာ အဖြူရောင်ခံပေါ် အစက်ညိုညိုပွင့် ပေါင်လေးတွေပါတဲ့ ချိတ်ဝမ်းဆက်လေးတစ်စုံ။

ကျွန်မ ထုတ်ယူကြည့်တော့ ရင်ဖုံးခါးတိုလက်ပြတ်လေးနှင့် ထဘီလေး ဖြစ်နေ၏။

ကျွန်မအကြိုက်တဲ့။

ရယ်စရာပဲ။





ကျွန်မ တစ်ခါမှကို စိတ်ကူးယဉ်ဝတ်ကြည့်ဖို့တောင် မစဉ်းစားခဲ့ဖူးတဲ့ ဒီဇိုင်းပဲ။ ဒါကို ဘာကြောင့် ကိုက လှမ်းပို့လိုက်ရတာလဲ။ မဟုတ်မှလွဲရော ကျွန်မရဲ့ဝတ်စားပုံက ကို့အတွက် အတော်ကလေး အနှောင့်အယှက် ဖြစ်နေတယ်ထင်ပါရဲ့။

ပြန်စဉ်းစားကြည့်တော့လည်း ဟုတ်သည်။ ကိုက ရှပ်လက်ရှည်၊ ယောပုဆိုးကို အမြဲလိုလိုဝတ်ပြီး တကယ်ပဲ လူကြီးလေးတစ်ယောက်လို တည်တည်ကြည်ကြည် ရှိနေတတ်တာလေ။

ကို့နဲ့တွဲတဲ့ ကျွန်မကတော့ ဝတ်လိုက်တိုင်း ကိုယ်ကြပ်အင်္ကျီ၊ ကွာတားအကျပ် ဂျင်းဘောင်းဘီလေးတွေနဲ့ ဖြစ်နေ၏။

ကျွန်မတို့နှစ်ယောက်ရဲ့ ပုံစံဒီဇိုင်းက တအားကို ကွာခြားလှသော်လည်း ရင်ထဲက သိပ်ချစ်တတ်တဲ့ နှလုံးသားလေးတွေရဲ့ ရင်ခုန်သံကတော့ တစ်ထပ်တည်းကို ကျနေ၏။ ကွာဟမှုတွေ ဘယ်လောက်ရှိရှိ တစ်ယောက်ကိုတစ်ယောက် အသက်နဲ့လဲပြီး ချစ်ရဲကြတာတော့ အံ့ဩမယုံကြည်နိုင်စရာပါ။

ထူးတော့ထူးဆန်းသားပဲ။

တစ်ခါမှ အဝတ်အစားဝတ်တဲ့ ပုံစံကို ဝေဖန်ပြစ်တင်ခြင်း မရှိတဲ့ ကိုတစ်ယောက် အခုမှ ဘာစိတ်ကူးတွေပေါက်ပြီး ဒီဝတ်စုံကို ဝတ်လာခဲ့ခိုင်းရတာလဲ။

ဘာပဲပြောပြော…

ကို့ရဲ့စိတ်ချမ်းသာမှုကို လိုလားတဲ့အတွက် ကိုဝတ်ချင်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ဒီဝတ်စုံလေးကို ကျွန်မ ဝတ်ဖြစ်တော့မှာ သေချာသည်။

ကျွန်မ...

သိပ်ပြီးတွေဝေမနေဘဲ ဝတ်စုံလေးကို အိပ်ရာပေါ် ဖြန့်ခင်းတင်ကာ ရေကရှာကယာချိုးပြီး အလှအပတွေ ပြင်ဆင်နေမိ၏။ ကို စောင့်နေမယ်ဆိုတဲ့ အဆုံးသတ်ကလေးကြောင့် ကျွန်မ အသွက်လက်ဆုံး လှုပ်ရှားနေမိသည်။

ကိုဝတ်စေချင်တဲ့ ဝတ်စုံလေး ဝတ်ပြီးချိန်မှာတော့ မှန်ချပ်လေးထဲမှာ ပေါ်လာတဲ့ ကျွန်မပုံစံကိုကြည့်ပြီး ကိုယ့်မျက်လုံးတွေကိုပင် မယုံနိုင်လောက်အောင် ဖြစ်သွားရ၏။

ကြည့်စမ်း...

ကျွန်မရဲ့ ပုံစံလေးက တကယ့်ကို ရင့်ကျက်ပြီး မိန်းမပီသတဲ့ အမျိုးသမီးလေးတစ်ယောက်လို ဖြစ်သွားတာပါလား။ မြန်မာဆန်ဆန် ဝတ်စုံလေးနှင့် တစ်မျိုးလေး ကြည့်ကောင်းနေတာ တွေ့ရတော့ ဝီတိလေးပင် ဖြစ်သွားရသည်။

ကျွန်မ...

ကိုနဲ့ လိုက်ဖက်အောင် ပုံစံပြောင်းမှုဖြစ်တော့မယ်ဆိုတဲ့ အသိလေးက ဝင်သွားရ၏။ ပြီးနောက် အဖြူရောင်ဝတ်စုံလေးနဲ့ လိုက်ဖက်ညီ လက်ကိုင်အိတ်လေးကို ကျွန်မ ရွေးချယ်လိုက်သည်။

အားလုံးပြင်ဆင်ပြီးတော့ အောက်ထပ်သို့ ဆင်းခဲ့၏။

"ဟယ်...သမီးလေး၊ ဒါ...ဒါက ဘယ်လိုပုံစံဖြစ်သွား





တာလဲ"

မာမီတစ်ယောက်...

ကိုယ့်သမီးကို မမြင်ဘူးသူတစ်ယောက်လို ကြည့်ကာ တအံ့တဩ လှမ်းမေးလေသျှင် နုသစ်တဲ့အပြုံးလေးနှင့် ပြုံးကာ...

"ကျွန်မ...လှလား မာမီ"

"အို...လှတာပေါ့ သမုခရယ်၊ အရမ်းအရမ်းကိုလှတာ။ ဒါနဲ့ ဘာစိတ်ကူးတွေပေါက်ပြီး ဒီလိုဝတ်ထားတာလဲ၊ မာမီ့သမီးရဲ့ ပြောင်းလဲမှုကို ယုံတောင်မယုံနိုင်တော့ဘူး၊ တကယ့်ကို အံ့ဩစရာပါပဲ"

"ကျွန်မ အပြင်ခဏသွားလိုက်ဦးမယ် မာမီ"

ကျွန်မခွင့်တောင်းတော့ မာမီ မျက်လုံးကြီးတွေ ပြူးနေဖြန့်သည်။

ကျွန်မ...

ဘယ်ကိုသွားသွား အခုလို အသိပေးတာ တစ်ခါမှမရှိခဲ့သလို နောက်ကျမှသိရတတ်တဲ့ မာမီက အခုလို ခွင့်တောင်းမှုကိုလည်း မှင်သက်နေပြန်၏။

"သမုခ"

"ရှင်"

"မာမီတော့ အရမ်းကိုအံ့ဩနေပြီသိလား၊ ဒါပေမယ့် အခုလို ပြောင်းလဲခြင်းကိုတော့ ကျေနပ်မိတာအမှန်ပဲ၊ သွားပါ



www.burmeseclassic.com

www.burmeseclassic.com



သမီး သွားရောက်ရှိတာကို သွား၀ါ၊ ဒါပေမယ့် သမီးပြန်လာရင်တော့ မာမီစိတ်ကျေနပ်လောက်မယ့် အကြောင်းပြချက်တစ်ခုကို ပေးနိုင်ဖို့ တော့ စဉ်းစားထားပါ"

စိတ်ချပါ မာမီရယ်။

ကျွန်မပေးနိုင်မှာပါ။

ဒါပေမယ့်…

ကျွန်မပြောမယ့် အကြောင်းအရာတွေကိုတော့ မာ လက်ခံပေးဖို့တော့ လိုလိမ့်မယ်မာမီ။ ကျွန်မကို စာနာနားလည် လိုလိမ့်မယ်။

မာမီကို ခေါင်းလေးညိတ်ပြပြီး သမုခတစ်ယော ခြံကျယ်ကြီးထဲတွင် အသင့်ရပ်ထားသော နက်ပြာရောင်ကားလေ ပေါ်တက်ကာ ဝေါခနဲနေအောင် မောင်းထွက်ခဲ့မိသည်။

ကို…

ကျွန်မကို စောင့်မျှော်နေတော့မှာပဲ။

ကျွန်မကားလေး ဝင်လာမယ့်လမ်းလေးဆီ ငေးမော ကြည့်နေမယ့် ကိုပုံစံလေးကို မြင်ယောင်ပြီး ရင်လေးတသိမ့်သိ အရှိန်မြန်နေရတော့သည်။

ထင်တဲ့အတိုင်း၀ါပဲ။

ကျွန်မ သိပ်ချစ်ရတဲ့ကိုက ကားလေးမောင်းဝင်လာ မြင်လိုက်သည်ဆိုလျှင်ပဲ သူ့ကားလေးထဲက ဆင်းလာပြီး ကျွန်မ





လာကြိုသည်။

ကိုကားလေးနှင့် ဘေးချင်းယှဉ်ရပ်တော့ ကျွန်မကားတံခါး လေးကို လာဖွင့်ပေး၏။

ကျွန်မ…

ကားပေါ်ကနေ ဆင်းလိုက်တော့ ကြိုးကြိုးချိတ်ဝမ်းဆက် လေးနဲ့ အသွင်ပြောင်းနေတဲ့ ကျွန်မကို ကြည်နူးစွာ ပြုံးပြီး စိုက် ကြည့်နေတဲ့ ကိုမျက်နှာချောချောကြောင့် ရှက်ရွံ့စွာ ခေါင်းလေးငုံ့ထား လိုက်မိသည်။

"လှလိုက်တာ ကလေးရယ်၊ သိပ်လှတာပဲ"

"ကိုကလည်း"

ရှက်ရဲရဲပြန်လေးနဲ့ သူ့ဆီ မျက်စောင်းလေးပဲတော့…

ကိုက ကျွန်မလက်ဖဝါးလေးတစ်ဖက်ကို သူ့လက်နှင့် ဒုပ်မိုးဆုပ်ကိုင်ကာ ရေပြင်စပ်က နံတန်းလေးဆီသို့ ခေါ်သွား၏။

ပြီးနောက်…

ထိုင်စေသည်။

"ကလေး"

"ရှင်"

"ကျေးဇူးအများကြီးတင်ပါတယ်"

"ရှင်"

"အခုလို ဝတ်လာပေးတဲ့အတွက်လေ"



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း...ဟင်း ရယ်တော့ရယ်ရောပဲ၊ ကျွန်မ တစ်သက်တာမှာ အခုလို အဝတ်အစားမျိုးဝတ်ဖူးတာ ဒါပထမဆုံး အကြိမ်ပဲ"

"သိပါတယ် ဒါကြောင့်လည်း ကလေးကို ကျေးဇူးအထူး တင်နေမိတာပေါ့"

"ကို"

"ရှာ"

"ကျွန်မကို အခုလို ဘာကြောင့် ဝတ်ခိုင်းရတာလဲဆိုတာ ပြောပြနိုင်မလားဟင်"

သူက အပြုံးလေးနှင့် ခေါင်းကို ညင်သာစွာ ညိတ်ပြ...

"ဒီနေ့ ကိုယ့်မွေးနေ့လေ ကလေး။ ဒါကြောင့် ကိုယ့်မွေးနေ့ ကလေးမှာ မှတ်မှတ်ရရရှိအောင် ကလေးနဲ့အတူ ကရဝိက်မှာ ညစာ အတူတူစားမယ်၊ ညကျရင် ဘုရားအတူတူတက်မယ်၊ ဒါကြောင့် အခုလိုလေး ဝတ်ခိုင်းလိုက်တာ။

ကလေးဆီမှာ အခုလိုအဝတ်အစားမျိုး မရှိနိုင်ဘူးဆိုတာ သိလို့ ကိုယ်တိုင်ဝယ်ပြီး စိတ်မှန်းအတိုင်းနဲ့ ချုပ်ခိုင်းခဲ့တာလေ တော်သေးတာပေါ့၊ ကလေးနဲ့ ဝတ်ထားတာ အဆင်ပြေလို့ အဟွန်း...ဟွန်း"

လေပြေအေးလေးနဲ့ ရွှင်းပြနေတဲ့ ကိုကိုကြည့်ပြီး သူမှာ တစ်ယောက် မျက်ဝန်းလေးတွေ ပြုံးဝိုင်းနေရပြီ။





ကိုမွေးနေ့တဲ့။

ကြည့်စမ်း...။

အံ့သြစရာကောင်းလိုက်တာ။ မွေးနေ့ရှင်က ကျွန်မအတွက် အမှတ်တရလက်ဆောင် ပို့ပေးပြီး ဝတ်လာခိုင်းရတယ်လို့။

"ကိုမွေးနေ့ ဟုတ်လား"

"ဟုတ်တယ် ကလေးရဲ့၊ အဲဒါကို ဖုန်းဆက်ပြီး ပြောမလို့ ...ပ်တာ ဆက်သွယ်လို့မရခဲ့ဘူး"

ဘုရားရေ...

ကျွန်မဘက်က ဖျက်ကွက်မှုတွေ တော်တော်လေးများတာ

"ကျွန်မ အားနာလိုက်တာကိုရယ်၊ ကိုမွေးနေ့အတွက် ...က်ဆောင်လေးတစ်ခုခုတော့ ကျွန်မ အမှတ်တရပေးသင့်တာလေ၊ ...တော့ ဘယ်လိုလုပ်တော့မလဲ"

"ကလေး"

"ရှင်"

"မင်း...ကိုယ့်ကိုပေးခဲ့ပြီးပြီလေ"

"ရှင်"

"ကိုယ့်ဘဝတစ်သက်တာလုံးအတွက် စိတ်ချမ်းသာမှု ...ရမယ့် မင်းအချစ်တွေကို ပေးခဲ့ပြီးပြီလေ ကလေးရဲ့၊ အဲဒီ ...် အဖိုးထိုက်တန်တာ ဘာရှိဦးမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့်…ဈေးရေလေးမှာ အမှတ်တရဝစ္စည်းလေး တစ်ခုခုကိုတော့ ကို ရသင့်တာပေါ့ကွယ်၊ စိတ်မကောင်းလိုက်တာ ကျွန်မ ဘာဝယ်ပေးရရင်ကောင်းမလဲ"

ကျွန်မ အလျင်မြန်ဆုံး စဉ်းစားနေမိသည်။

"ကလေး"

"ရှင်"

"ကိုယ့်အတွက် ဈေးရေလက်ဆောင် တကယ်ပဲပေးချင် လား"

"အို…ပေးချင်တာပေါ့"

"ဒါဆို"

"အို"

"ကိုနော်"

"ဖယ်ပါ…ဒီကစကားအကောင်းပြောမလို့ဟာကို"

"အဟွန်း…ဟွန်း သိပ်အဖြစ်သဲတဲ့ ကလေးမ၊ မကြိုက် ဘူးဆိုရင်လည်း ကို မတောင်းဆိုတော့ပါဘူး၊ ထ…တို့တွေ ညစာ အတူတူစားရအောင်"

"နေဦး…ကို"

ထိုင်နေရာကနေ ထရပ်ဟန်ပြင်လိုက်တဲ့ ကိုကို ကျွန် တားဆီးလိုက်မိသည်။

"ကျွန်မ…မေးစရာရှိလို့ပါ"





"မေးလေ…ကလေး ဘာမေးချင်လို့လဲ"

ကျွန်မရျက်နှာလေးဆီ စူးနစ်စွာ စိုက်ကြည့်ပြီး မေးနိုင်း မြဲတော့လည်း ကျွန်မ နှုတ်ခမ်းလေးတွေက စာင်းတင်းလေးနေ တ်နေရပြန်သည်။

"ကလေး"

"ရှင်"

"မေးလေ"

"ဟို…ဟို ကျွန်မကို ကိုတကယ်ချစ်တာပါနော်"

"ဗျာ…အဟွန်း…ဟွန်း ဘာစိတ်ရူးတွေပေါက်နေပြန်ရ ာလဲ ကလေးရဲ့၊ ကိုက မင်းကို အလကားသက်သက် ချောက် း ချစ်တယ်ထင်နေလို့လား"

ရယ်လျှမ်းသွေးနေတဲ့ ကိုကိုကြည့်ပြီး ကျွန်မရင်ထဲမှာ သိတ်မှုတွေ ပိုမိုကြီးထွားလာရသည်။ ရင်ထဲက အေးစိမ့်ကာ ျက်လောက်အောင် ချောက်ချားနေမိ၏။

"ကျွန်မမေးတာ ဖြေပါကို၊ ကျွန်မအတွက် သိပ်ကိုအရေးခ ို့ပါ၊ အမှန်အတိုင်းဖြေပါနော်"

"ကလေး"

"ရှင်"

"သေသေချာချာ နားထောင်နော်"

ကျွန်မ…။

www.burmeseclassic.com



ကိုချက်နှာရျောရျောကို ငေးနိုက်ကြည့်နေမိသည်။

"ကလေးကို ကိုသိပ်ချစ်တယ်၊ ကိုယ့်အသက်ထက် တောင် ပိုပြီးတန်ဖိုးထားပြီး ချစ်တယ်ကလေး၊ အဲဒါ ဘယ်တော့မှ မပြောင်းလဲတော့မယ့် အမှန်တရားပဲ"

ကိုရယ်…။

ရင်ထဲကနေ တိတ်တဆိတ်လေး ငြီးငြူမိရသည်။ ချစ်ရ ကိုရဲ့ စကားလေး နားထောင်ပြီး သမုဒ္ဒရာချက်ဝန်းလေးထဲ မျက်ရည် ကြည်လေးများ စွေစနဲဝဲတက်သွားရတော့သည်။

✲ ✲





အခန်း (ဒု)

"ဘယ်လို သမုဒ္ဒ၊ စောစောက သမီး ဘာပြောလိုက် တယ်"

"ဟုတ်ပါတယ် မာမီ၊ ကျွန်မ…ကျွန်မမှာ ချစ်ရမယ့်သူ ရှိနေပါပြီ၊ သမီး ကိုကို့ကို လက်မထပ်နိုင်ပါဘူး မာမီ၊ ဆောရီးအတွက်"

"တိတ်စမ်း…သမုဒ္ဒ၊ တော်တော့ ဒီစကားကို ဒီမှာပဲရပ် တော့"

"မရပ်နိုင်ဘူး…မာမီ၊ ကျွန်မတိုပြောခွင့်ပြုပါ၊ ကျွန်မ.. ကျွန်မရဲ့ချစ်သူကိုပဲ ဘဝတစ်သက်တာအတွက် ရွေးထဲ့ဖို့ ဆုံးဖြတ် ထားတဲ့အတွက် အခုပြောတဲ့စကားတွေကို အလေးအနက်ထားပြီး နားထောင်ပေးစေချင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်ပါတယ် မာမီ၊ ကျွန်မရင်ထဲက ခံစားချက်ကို တစ်ချက်လောက်ငုံကြည့်ပေးပါ၊ ကျွန်မ…ကိုစွမ်းကိုပဲချစ်တယ် ကိုကို့ကို မချစ်ဘူးမာမီ''

''ဘုရား…ဘုရား သမီး၊ ညည်း…ညည်း''

မာမီသည် ဘာကိုဆက်ပြီး ပြောရမှန်းမသိအောင်ဝင် ချ တက်ကာ မျက်လုံးပြူးကြီးတွေနှင့် စိုက်ကြည့်နေတော့သည်။

''စိတ်မကောင်းပါဘူး မာမီရယ်၊ ကိုကို့အတွက် ကျွန် တာတယ့်ကို စိတ်မကောင်းဖြစ်နေရတာပါ၊ ကိုကိုဟာ သမီးရဲ့အ မှာ ပထမဆုံး ရင်းနှီးကျွမ်းဝင်ခဲ့ရတဲ့ ယောကျ်ားတစ်ယောက် မာမီ၊ ကိုကို့နဲ့ ဘယ်လောက်ပဲ ရန်ဖြစ်ခဲ့ဖြစ်ခဲ့ ကိုကို့ကို ကျွန် မုန်းခဲ့ဘူးပါဘူး၊ နာကြည်းခဲ့ဖူးပါဘူး မာမီ။

ကိုကို့ကို ကျွန်မ ချစ်ပါတယ်။ ဒါပေမယ့် ကျွန်မချစ်ခဲ့ အချစ်က မောင်နှမအချစ်ပါ မာမီ။ အစ်ကိုတစ်ယောက်လို ကျွန် ချစ်တာပါ။ အဲဒီခံစားမှုကလွဲပြီး မရှိဘူး မာမီ''

''ဒါပေမယ့်…သားကိုက ပိုနေတယ်လေ သမီး''

''ရှင်''

သမီး မျက်ဝန်းလေးတွေ ပြူးဝိုင်းသွားရသည်။

မာမီ သိနေတာပါလားဆိုတဲ့အသိကြောင့် နှုတ်ခမ်းအ ဟသွားတဲ့အထိ အံ့ဩမှင်သက်သွားရ၏။ ကိုကို ကျွန်မအပေါ် စိတ်ဝင်စားနေတာကို မာမီသိနေတယ်တဲ့လေ။





''မာမီ…ရိပ်မိတာ သိပ်မကြာသေးဘူး သမီး၊ သားကို သမီးကို စိတ်ဝင်စားနေတာကိုပေါ့၊ မာမီလည်း မယုံကြည်နိုင် လောက်အောင် ဖြစ်ရပေမယ့် တွေးနိုင်ခဲ့မိတယ်သမီး။

သားကိုတို့ မိသားစု စောင့်ရှောက်ခဲ့လို့ မာမီတို့ဘဝ အခု လို အခြေနိုင်နိုင်နဲ့ ရပ်တည်ခဲ့တာပါ။ ဒါကို သမီးအသိဆုံးပါပဲ လေ။ သမီးအဖေမရှိတော့တဲ့နောက်ပိုင်း ဘာစီးပွားရေးမှ မလုပ် တတ် မကိုင်တတ်နဲ့ ကျန်နေခဲ့ရတဲ့ မာမီ့ကို သားကိုရဲ့ဒက်ဒီ သမီးရဲ့အန်တယ်ထွန်းခေါင်က ကူညီပေးမပြီး လမ်းပြခဲ့တာပါ။

အဲဒီအတွက်…

မာမီ့ဘက်က တစ်စုံတစ်ခုကို ပြန်ပြီးပေးဆပ်ချင်နေခဲ့တာ ကြာပါပြီသမီးရယ်။ ဒါပေမယ့် မာမီ ဘယ်လိုမှ စဉ်းစားမိတာက သားကို့နဲ့ သမီးလေးရဲ့ နေထိုင်ဆက်ဆံမှုပဲ။ သားကိုဘက်က စိတ် ခံစားမှုတွေ ပြောင်းလဲသွားမယ်လို့ မထင်မိဘူးလေ။

ဒါပေမယ့်…

ဟိုတစ်နေ့က ဝရန်တာလေးပေါ်မှာ သမီးတို့နှစ်ယောက်ကို တွေ့လိုက်ရတော့ မာမီ အရမ်းစိတ်လှုပ်ရှားသွားမိတယ်။ သားကို အပေါ်မှာ ဖြည့်ဆီးပေးချင်စိတ်တွေကြောင့် အခုလို လျှင်လျှင်မြန်မြန် စဉ်းလိုက်တာပဲ သမီး။ သားကိုရဲ့ဆန္ဒကို ဖြည့်ဆည်းပေးချင်တယ် ကွယ်''

မာမီရယ်…။



www.burmeseclassic.com

www.burmeseclassic.com



သမုဒ ပါးပြင်လေးပေါ်သို့ မျက်ရည်စီးကြောင်းကြီးများ တပေါက်ပေါက် လိမ့်ဆင်းကျလာကြသည်။ ကြေကွဲဝမ်းနည်းမှု ဟန်မဆောင်နိုင်ဘဲ တသိမ့်သိမ့် ရှိုက်ငိုမိ၏။

မှန်ပါတယ်။ မာမီပြောတာတွေက မာမီတစ်က ကြည့်မြင် အမှန်တွေချည်းပါပဲ။

ခက်နေတာက…

ကျွန်မရဲ့နှလုံးသားတွေလေ။

ကျွန်မနှလုံးသားတွေ တစ်စစီ ကွဲကြေတတ်ကို ခံစားနေ ရတာ။

"သမီး…သမီးရဲ့အချစ်တွေကို မာမီ ထည့်မစဉ်းစားပေး တော့ဘူးလားဟင်၊ သမုဒ ကိုကိုချစ်တာတွေလေ"

သမီးရယ်…။

ဒေါ်သီရိတစ်ယောက် သမီးဖြစ်သူကိုကြည့်ပြီး သက်ပြင်း မောလေးကို ကြိတ်ပြီး ရှိုက်လိုက်မိသည်။

သမီးလေး အရမ်းကို ခံစားနေရမှာပါပဲ။

လူငယ်ဆိုတော့ အချစ်ကို ရူးရူးမူးမူး ခံစားချင်ရှာမှာပေါ့ လေ။

ပြီးတော့…

သမီးရွေးချယ်ခဲ့တဲ့ ချစ်သူက နိုင်စွမ်းထက်တဲ့။

အခုတလော…





အရင်တနေ့မတွေ့ခေါင် ရင့်ကျက်တည်ငြိမ်လာတာတွေ အားလုံးက မောင်နိုင်စွမ်းထက်ကို ချစ်တဲ့အချစ်ကြောင့် ဖြစ်လာရ တာတဲ့လေ။ မိမိ ဘယ်လိုမှ မထင်မှတ်ထားတဲ့ သမီးလေးချစ်သူ က ရိုးသားတည်ကြည်တဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ယောက် ဖြစ်နေသည်။

မတားဆီးသင့်၊ မငြင်းပယ်သင့်မှန်း သိပေမယ့် ကျေးဇူး ရှင်တွေရဲ့ မျက်နှာ၊ သားကိုရဲ့ တစ်ဖက်သတ်ခံစားနေရမှုကို မိမိ အလေးအနက်ထားပြီး ဆုံးဖြတ်ရမည်။

ဒါကြောင့်…

သမုဒကို လေပြေအေးလေးနှင့် နားဝင်အောင် ချော့မော့ နေမိခြင်းဖြစ်သည်။ မိမိရဲ့ အခက်အခဲကို ရှင်းပြနေမိခြင်းဖြစ်၏။

"ကိုက ကျွန်မကို သိပ်ချစ်တာပါ မာမီ၊ ကျွန်မရဲ့ ဖတ်သက်တဲ့ နေထိုင်ဝတ်စားမှု၊ လိုအပ်ချက်တွေအားလုံးကို ဖျောက် ဖျက်နိုင်တဲ့အထိ ကိုအချစ်တွေက ကြီးမားနေခဲ့တာပါ။

သူ့ဘဝမှာ ကျွန်မက အချစ်ဦးပါမာမီ၊ ကျွန်မဘဝထဲမှာ လည်း ကိုတစ်ယောက်တည်းကိုပဲ ချစ်ခဲ့ဖူးတာပါ၊ ကျွန်မတို့အချစ် က သိပ်ကို သန့်စင်လွန်းတာပါမာမီရယ်၊ ကျွန်မတို့နှစ်ယောက်မှာ ဘာအပြစ်အနာအဆာမှ မရှိဘဲ လမ်းခွဲရမယ်ဆိုတော့ ဒါလုံးဝ မတရားဘူးပဲမာမီ"

"……"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ဆိုရင် ကျွန်မသိပ်ချစ်တဲ့ ချစ်သူရဲ့နောက်ကို မိုက်မိုက်ကန်းကန်း လိုက်သွားလို့ရပါတယ်၊ ဒါပေမယ့် သူကိုယ်တိုင်ကရော၊ ကျွန်မကိုယ်တိုင်လည်း မိဘတွေရဲ့မျက်နှာ၊ မိဘတွေရဲ့ ဂုဏ်သိက္ခာနဲ့ ကျွန်မတို့နှစ်ယောက်ရဲ့ တစ်ယောက်ပေါ် တစ်ယောက် လေးစားယုံကြည်မှုတွေကြောင့် ဖဲဒီဆုံးဖြတ်ချက်ကို စွန့်လွှတ်လိုက်ကြတာပါ မာမီ။

သူက...

ကျွန်မကို အရမ်းတန်ဖိုးထားပြီး ချစ်တဲ့အတွက် မာမီတို့က လက်ခံခွင့်ပြုချက်လေးကိုပဲ ယူစေခဲ့တယ်မာမီ"

သမုခရယ်...

မာမီ ဘယ်လိုလုပ်ရတော့မလဲကွယ်။

မာမီ...

မာမီလေ သမီးရင်ထဲက ခံစားချက်တွေကို နားလည်ပေး လို့ရပါတယ်။ မောင်နိုင်စွမ်းထက်ရဲ့ လေးစားစရာ စိတ်ဓာတ်လေး ကိုလည်း အသိအမှတ်ပြုနိုင်ပါတယ် သမီးရယ်။

ဖေ့တာက...

သားကိုရဲ့ ဆန္ဒတွေပဲ။

မာမီ မျက်စိမှိတ်ပြီး ခေါင်းစားသဲနေလို့ မရဘူး သမုခရယ်။ သားကိုက သမီးလေးကို ချစ်နေပြီလေ၊ ဆဲဒီအတွက် သမုခကို ပေးအပ်ရမှာက မိမိရဲ့တာဝန်ပဲ။





"မာမီ"

"ဟင်"

မာမီ့ထူးသံက အင်အားမဲ့ကာ တိုးလျလျ။

"ကျွန်မ တောင်းပန်ပါတယ်၊ ကျွန်မတို့နှစ်ယောက်ကို မာမီ သဘောတူပေးပါ၊ လက်ခံပေးပါ မာမီရယ်"

သမုခ တောင်းပန်နေမိသည်။

အသနားခံနေမိ၏။

သို့ပေမယ့် မာမီက ခေါင်းညိတ်မပြပါ။ ကျွန်မမျက်နှာ လေးဆီကနေ အကြည့်ကိုခွာပြီး အဝေးတစ်နေရာကိုသာ ငေးကြောင် ကြည့်နေခဲ့သည်။ ဆုံးဖြတ်ချက် ခက်ခဲနေတဲ့ မာမီ့ကိုကြည့်ပြီး ဝမ်းနည်းကြေကွဲရသူက သမုခပါပဲ။

မနေ့က...

ကို့ရဲ့ မွေးနေ့ညလေးမှာ ကျွန်မဘက်က အခက်အခဲတွေ အားလုံးကို တင်ပြပြီး ကို့အားအသိပေးခဲ့သည်။

စိတ်မကောင်းပါ။

တကယ်ဆိုရင်...

မွေးနေ့ရက်ကလေးမှာ ကို ပျော်ရွှင်နေသင့်တာပါ။

ကျွန်မ...

သိပ်ပြီး အလိုက်ကန်းဆိုးမသိတတ်တဲ့ မိန်းမတစ်ယောက် ပါပဲ။ ကျွန်မကြောင့် ပြုံးရွှင်နေတဲ့ ကို့မျက်နှာလေးမှာ စိတ်ရှုပ်ထွေး



www.burmeseclassic.com

www.burmeseclassic.com



မှုတွေနှင့် ဝေးမှိုင်ကျသွားခဲ့သည်။

လေးလေးနက်နက် စဉ်းစားနေတဲ့ ကိုကိုကြည့်ပြီး ဝမ်းနည်းစွာ ရှိုက်ငိုမိတာက သမုခပဲ။ သမုခကို ကိုကိုမိုးမြင့်ထွန်းနဲ့ လူကြီးချင်း သဘောတူထားကြပြီဆိုတဲ့ အကြောင်းကို ကိုမေးလွန်းမှ ဖွင့်ပြောလိုက်မိသည်။ အစကတော့ ကိုက ကျွန်မ စနောက်နေသည်ဟုပဲ ထင်နေသည်။

နောက်တော့မှ ယုံကြည်ပြီး အလေးအနက်စဉ်းစားမေး

ကျွန်မတို့ ချစ်သူတွေ ဖြစ်နေကြပြီဆိုသည့်အကြောင်းကို မာမီ့အား ဖွင့်ပြောစေခဲ့၏။ ကျွန်မကို စွတ်အတင်းနိုးပြေးရလောက်အောင် သူ့အနေအထားက ဘာချို့ယွင်းချက်မှ ရှိမနေဘူးတဲ့လေ။

ပြီးတော့...

ကျွန်မကို သူမြတ်နိုးလွန်းလို့ အရမ်းတန်ဖိုးထားတာတဲ့။ ဒါကြောင့် မိဘဆီက ခွင့်ပြုချက်လေးကို ရအောင်ယူကြမည်ဟု အကြံပြု၏။

ကျွန်မ...

တအားကိုပဲ ခက်ခဲနေရသည်။

မာမီက...

ကိုနဲ့ပတ်သက်ပြီး လုံးဝကို လက်ခံစဉ်းစားခြင်းမရှိတာပါ။

မာမီ့အတွေးထဲမှာ ကိုကိုမိုးမြင့်ထွန်းပဲ ရှိနေခဲ့သည်။

"သမုခရယ်...မာမီ့သမီးလေးက တကယ့်ကို လိမ္မာရေး





ခြားရှိတဲ့ သမီးလေးပါ၊ အခုလို မာမီ့ကို ဖွင့်ဟခွင့်တောင်းတာလေးကို ကြည့်လိုက်တာနဲ့ မောင်နိုင်စွမ်းထက်ရဲ့ ဖြောင့်မတ်တည်ကြည်တဲ့ စိတ်ထားလေးကို မာမီ ခန့်မှန်းလို့ရပါတယ်ကွယ်။

ဒါပေမယ့်...

မာမီ့ဆွေမျိုးရှင်တွေရဲ့ မျက်နှာကို ဘယ်လိုကြည့်ရမလဲ သမီး။ မာမီ့ရဲ့ အခက်အခဲကိုလည်း သမီးလေးနားလည်ပေးပါကွယ်။ အခုကိစ္စ သမုခဘက်က အလျှော့ပေးစဉ်းစားမှကို ဖြစ်မယ်"

"မာမီ...ကျွန်မတော"

"တော်ပါတော့ သမီးရယ်၊ အခုလိုဆက်ပြီး ဆွေးနွေးဖို့ မာမီ့မှာ အင်အားမရှိတော့ဘူး၊ မာမီပြောချင်တာက သမုခကို မာမီ မွေးကတည်းက အခုအချိန်ထိ သမီးရဲ့သဘော၊ သမီးဆန္ဒတွေအားလုံးကို မာမီ လိုက်လျောခဲ့တာချည်းပဲ။

မာမီ့ဘက်က ဘာတစ်ခုမှ မတောင်းဆိုခဲ့ဖူးဘူး သမီး။ အဲဒီအတွက် မာမီ တစ်ခါတော့ တောင်းဆိုပါရစေ၊ သားကိုကို လက်ခံပေးပါ သမီးရယ်"

"မာမီ"

"မာမီရယ်...အဟင့်...ဟင့်"

ကျွန်မခေါ်သံကို မကြားဟန်ပြုကာ နေရာလေးကနေ ထွက်ခွာသွားတဲ့ မာမီ့ကိုကြည့်ပြီး ဝမ်းနည်းကြေကွဲစွာ ငိုရှိုက်လိုက်မိပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရက်စက်လိုက်တာ မာမီရယ်။

ကိုကို့အတွက်ချည်းပဲ စဉ်းစားနေတော့မှာလားဟင်။

ကျွန်မ…

ရူးသွပ်လောက်အောင် ခံစားရမှာကိုတော့ မာမီ ထည့်မတွက်တော့ဘူးလား မာမီ။

မာမီ့လုပ်ရပ်က ဘယ်လောက်တောင် စိမ်းသက်လိုက်သလဲ။

မာမီ့ရဲ့တောင်းဆိုမှုက ဘယ်လောက်တောင် အတ္တကြီးလိုက်သလဲ။

ကို့မှာ ဘာအပြစ်ရှိလို့လဲ မာမီ။

မာမီက ကျေးဇူးရှိလို့ဆိုတဲ့ အကြောင်းပြချက်တစ်ခုနဲ့ ကျွန်မရင်ထဲက အသည်းနှလုံးတွေကို ခွဲထုတ်ပြီး တခြားသူလက်ထဲ ထည့်မယ်ဆိုရင်တောင် ကျွန်မကို သိပ်ချစ်တဲ့ ကို့ရဲ့ အသည်းနှလုံးတွေကို နာကျင်ခံစားရအောင် ရက်ရက်စက်စက် မနင်းချေသင့်ဘူး မဟုတ်လားဟင်။

ကျွန်မ လက်မခံနိုင်ဘူး မာမီ။

ကျွန်မရင်ထဲက အချစ်က အဲဒီလောက်ပေါလောမနေဘူး။

မာမီခိုင်းရာတိုင်း ဒီလူကို ရှန်ဖယ်ပြီး ဟိုလူကိုချစ်လိုက်လို့ ပြောင်းလွှဲရတဲ့အချစ်မျိုး မဟုတ်ဘူး။ ကျွန်မက တစ်ခါ တစ်ယောက်သောသူအတွက်ပဲ နှင့်နှင့်သည်းသည်း ခံစားချင်တဲ့





အချစ်မျိုးပဲ မာမီ။

အဲဒီအတွက်…

ကျွန်မတို့ နောက်တစ်ကြိမ် ထပ်ပြီး ဆွေးနွေးမှုဖြစ်မယ်။

ဆုံးဖြတ်ချက်လေးနှင့်အတူ သမုဒတစ်ယောက် ပါးပြင်ပေါ် စီးကျနေသော မျက်ရည်များအား လက်ဖဝါးလေးနှင့် ပွတ်သုတ်ကာ အပေါ်ထပ်ရှိ မာမီ့အခန်းလေးရှိရာသို့ တက်ခဲ့လိုက်တော့သည်။

ခေါက်…ခေါက်။

"မာမီ…ကျွန်မပါ၊ တံခါးကို ခဏလေးဖွင့်ပေးပါ မာမီ။ ပြောစရာလေးရှိနေသေးလို့ပါ"

အသနားခံကာ တောင်းပန်တော့ မာမီ အခန်းတံခါးလေး ဖွင့်လာ၏။

"ဘာတိုရလဲ…သမုဒ၊ မာမီပြောစရာရှိတာ အကုန်ပြောပြီးပြီလေ၊ ဘယ်လိုအကြောင်းမျိုးနဲ့မှ သားကိုကို စိတ်မပျက်စေချင်ဘူးလို့"

"ကျွန်မသိပါတယ် မာမီ"

ဟင်…။

သမီးဖြစ်သူရဲ့ အပြောလေးကြောင့် ဒေါ်သိင်္ဂီတစ်ယောက် အံ့ဩစွာ ငေးကြည့်မိသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ မေးစရာလေးတစ်ခုရှိလို့ပါ မာမီ"

"ဘာမေးမှာလဲ သမီး"

"တကယ်လို့ ကိုကိုက ကျွန်မကို လွတ်လပ်ခွင့်ပြုမယ် ဆိုရင်ရော မာမီ"

"ဘာ"

"ကိုကိုက ကျေကျေနပ်နပ် သွားခွင့်ပြုမယ်ဆိုရင်ရော မာမီ၊ ကျွန်မနဲ့ ကိုစွမ်းကို သဘောတူပေးနိုင်မလား"

သမီးဖြစ်သူအမေးကို ဘယ်လိုပြန်ဖြေရမှန်းမသိ။

သားကိုက ခွင့်ပြုရင် သဘောတူနိုင်ပါ့မလားတဲ့လေ။

"ဖြေပါ မာမီ၊ ကျွန်မနဲ့ ကိုစွမ်းကို ပေါင်းဆုံခွင့်ပေးမှာလား"

"ကောင်းပြီလေ…သမီး၊ သားကိုကသာ ခွင့်ပြုမယ်ဆိုရင်တော့ မာမီ လက်ခံပေးရမှာပေါ့၊ မောင်နိုင်စွမ်းထက်လိုလူမျိုးကို ဘယ်သူက ယောက္ခမတော်ချင်ဘဲရှိမလဲ သမီးရယ်"

"ကျေးဇူးပါပဲ မာမီ၊ အရမ်းကိုကျေးဇူးတင်ပါတယ်၊ အခုလို ဖြေပေးတဲ့အတွက်၊ ကျွန်မ မာမီကို အထူးပဲကျေးဇူးတင်ပါတယ် မာမီရယ်"

ဩော်…

သမီးလေးရယ်။





အပြုံးလေးတွေကြားက အခိုးရှက်ဝန်းလေးတို့ ကြည်ပြီး ဒေါ်သီဂီတစ်ယောက် သက်ပြင်းရှေ့ရှေ့လေးကိုသာ နှိုးရှိုက်လိုက်မိပါတော့သည်။

✻ ▯ ✻



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

အရာအားလုံးသည် ဘယ်သောအခါမှ အဆင်ပြေနိုင်မြဲ
မရှိပါ။

ပိုပြီးဆိုးဝါးတာက အချစ်နဲ့ပတ်သက်ပြီး ဖြစ်ပေါ်လာတတ်
တဲ့ အရာမျိုးတွေက ပိုဤပင် ခက်ခဲနေတတ်တာများပေလိမ့်မည်
သူတွေးဆခဲ့သည့် အချစ်က အင်မတန်မှ အပြစ်ကင်းစင်လွန်းသော
ချစ်ခြင်းသက်သက်များသာဖြစ်တာကြောင့် ဘာအနှောင်အဖွဲ့တွေ
မှ သူမလိုလားချင်ပါ။

သမုဒကို ချစ်ခဲ့တာလည်း အချစ်တစ်ခုကို ရိုးရိုးသား
လေးခံစားခဲ့လို့ပဲ။

ဒါကြောင့်…





သမုဒကို သူဘယ်လိုမှ လက်လွှတ်ဆုံးရှုံးမခံနိုင်ပါ။

"မင်း…သိပ်ပြီး အဓိပ္ပါယ်မဲ့တဲ့အလုပ်တွေ လုပ်တာပဲ
နိုင်စွမ်းထက်၊ မေမေက အဲဒီလောက်ထိ မိုက်ရူးရဲဆန်လွန်းတဲ့သား
လို့ ထင်မထားမိတာ မှားတာပဲ၊ မင်းတကယ် အသိဉာဏ်မရှိဘူး
နိုင်စွမ်းထက်။

ကြည့်စမ်း…

မင်းအသက်အရွယ်၊ မင်းအရည်အချင်းတွေကိုမှ အားနော
သက်ထပ်ဖို့ရွေးချယ်တဲ့ ကောင်မလေးက အခုမှ ပထမနှစ်
တက်တုန်းတဲ့။ ဘာလဲကွ…ဘာတွေလဲ နိုင်စွမ်းထက်"

"မေမေ…ဟိုလေ…ဟို"

သူ မဖြေရှင်းပြမလို့လုပ်တုန်း မေမေက လက်ကာပြကာ
တားဆီးလိုက်တာကြောင့် ပြောစည့်စကားများပင် ပျောက်ဖွယ်သွား
ရတော့သည်။

"တော်စမ်းကွာ…မင်းဘာမှ ဆက်မပြောနဲ့တော့၊ အဲဒီ
သမုဒဆိုတဲ့ ကောင်မလေးနဲ့ မင်း အသက်အရွယ်ဖြတ်လိုက်၊
ရုပ်ရည်လေးရှိတာကလွဲပြီး တကယ့်ကို ခပ်ပေါ့ပေါ့လေးနေတတ်
ယ့် ကောင်မလေးတစ်ယောက်ကို လက်ထပ်ချင်တယ်ဆိုတာ မင်း
နေတာပဲ နိုင်စွမ်းထက်။

မင်းရဲ့ရုပ်ရည်၊ မင်းပညာ၊ မင်းရဲ့ပိုင်ဆိုင်မှုတွေနဲ့ ဒီထက်
သာတဲ့ မိန်းမတွေ အများကြီးကို ရွေးချယ်နိုင်ပါရဲ့နဲ့ ဘာမဟုတ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးကိုမှ"

"အဲ... သမုခက ဘာမဟုတ်တဲ့ကောင်မလေး မဟုတ်ပါဘူးမေမေ၊ မေမေ့ရဲ့ အသုံးအနှုန်းက သိပ်ကိုရင့်သည်းလွန်းတယ်ဗျာ"

"အောင်မာ... မင်းကများ နာရတယ်ရှိသေး၊ ထဲ ပြောစမ်းပါ၊ မင်းကောင်မလေးရဲ့ အထင်ကြီးစရာ အရည်အချင်းတွေ"

သူ...

မေမေ့ကိုတော့ ကြောက်တာအမှန်ပါ။

"ဘာကိုလဲ မေမေ၊ ဘယ်လိုအရည်အချင်းမျိုးကို သိချင်တာလဲ၊ ဘွဲ့ထူးဂုဏ်ထူးတွေလား၊ ဘာသာစကားအမျိုးမျိုး ပြောတတ်ပြီး ယောက်ျားတွေနဲ့ တန်းတူရင်ဘောင်တန်း ငွေရှာနိုင်တာကို မေးတာလား"

ဟင်...။

သာဖြစ်သူရဲ့ အမေကြောင့် ဦးနိုင်ဖြည့်ဇွမ်တစ်ယောက် မျက်လုံးကြီးတွေပင် ပြူးသွားရသည်။

ဒီကောင်...

ဘယ်တုန်းက မိန်းကလေးတစ်ယောက်အတွက် မိမိတို့ ဖြစ်မေးခွန်းထုတ်ခဲ့လို့လဲ။ မိမိကိုယ်တိုင် ဒီကောင့်ကို တစ်ချိန်လုံး စောင့်ကြည့်နေတာလေ။ အခုတလော ခြေလှမ်းတွေမှတ်ပါတယ်...





…လက်စသတ်တော့ ဒီကောင်မလေးရဲ့ မဟာဂကြောင့်ကို။

"မေမေ"

"....."

"သမုခကို ကျွန်တော် တကယ်ချစ်ခဲ့တာပါ၊ အဲဒီလိုပဲ သူကလည်း ကျွန်တော့်ကို ချစ်တယ်မေမေ"

"အချစ်က ဘာလုပ်လို့ရလို့လဲ နိုင်ဇွမ်းထက်၊ ငွေတွေ၊ …တွေကသာ အဓိကကွ၊ အိမ်ထောင်ရေးမှာ ငွေရှိမှ ပြည့်စုံပြီး …ပျော်စရာကောင်းတာ နိုင်ဇွမ်းထက်ရဲ့"

"ဒါဆို ဒက်ဒီတို့အိမ်ထောင်ရေးကရော ဒက်ဒီ"

"ဘာ"

"သုံးယောက်ပဲရှိတဲ့ ကျွန်တော်တို့မိသားစုကရော အားလုံး …ပွားရေးလုပ်ငန်းရှင်ကြီးတွေဖြစ်ပြီး ငွေတွေပေါပေါလျှက် ရှာနိုင် …ပါလျက်နဲ့ သွေးအေးစိမ်းသက်နေရတာကရော ဘာကြောင့်လဲ …မေ။ ကျွန်တော်တို့မိသားစုလေးက အရာကို ပျော်ရွှင်စရာကောင်း …ရှာပါ"

"ဘာကွ"

"ပြောပါ မေမေ၊ အိမ်ထောင်တစ်ခုမှာ ငွေရှိမှ သာယာ ပျော်ရွှင်စရာကောင်းတာလို့ မေမေပြောခဲ့တာလေ၊ ကျွန်တော်တို့ …မိသားစုလေးက ဘာကြောင့် ဆွေးဆွေးမြေ့နေရလဲမေမေ။

မေမေကိုယ်တိုင်လည်း ခေတ်ပညာတတ် ကျူရှင်ဆိုင်…



www.burmeseclassic.com

www.burmeseclassic.com



သူဌေးကြီးဖြစ်ပါလျက်နဲ့ တနိုင်ကိုယ်တိုင် ခေတ်ပညာတတ် ကျိုးကျိုးတက်ချမ်းသာတဲ့ လူနှစ်ယောက်ရဲ့ အိမ်ထောင်ရေးက ဘာကြောင့် တစ်အိမ်ထဲ၊ တစ်မိုးအောက်ထဲမှာ ရှိနေပြီး မျက်နှာချင်းမဆိုင်နိုင်ကြရတာလဲဟင်”

နိုင်ခွမ်းထက်အဖေလေးက ဝမ်းနည်းမှုတွေကြောင့် အထိရှလေးဖြစ်နေပြီး မျက်ဝန်းအိမ်မှာ မျက်ရည်တွေ ပြည့်တက်လာသည်။

“ကျွန်တော့်ကို ခွင့်လွှတ်ပါ ဖေဖေ၊ ကျွန်တော် အိမ်ထောင်ရေးနဲ့ ပတ်သက်ပြီး ကျွန်တော့်ဘာသာပဲ ဆုံးဖြတ်ခွင့်ပေးပါ။

ကျွန်တော်နှစ်သက်တာကိုပဲ ဖေဖေ လက်ခံပေးပါနော်။ အနူးအညွတ်တောင်းပန်ပါတယ် ဖေဖေ၊ ကျွန်တော် သမုဒ်ကို လက်ထပ်ပါရစေ ဖေဖေရယ်”

အပြောင်းကြီး ပြောင်းလဲသွားတဲ့ သားဖြစ်သူကိုကြည့်ပြီး တစ်ချိန်လုံး တအံ့တဩ ငေးမောကြည့်နေမိသူက ဒေါ်ကေသရီပါ။

သားက…

သူ့အဖေကကောကို ဘယ်တုန်းကများ ငြင်းဆန်ဖူးတဲ့သူလဲ။ ဖအေက ဒါဆိုဒါပဲ။ စီးပွားရေးလုပ်ငန်းကိုလည်း ဖအေခိုင်းရောက်ဆုတ်လိုက်ဆိုလျှင် တစ်စက်ကလေးမျှပင် လှည့်ကြည့်ဘဲ နေတတ်တဲ့သားပါ။





အခုတော့…

သမုဒ်ဆိုတဲ့ ကောင်မလေးအတွက် ခေါင်းမော့ရင်ကော့ပြီး တောင်းဆိုနေတာ ယုံတောင်မယုံချင်စရာ။

သားပြောတာ အမှန်ပါပဲ။

ဒေါ်ကေသရီ အရမ်းကို နောင်တတွေရနေမိသည်။

မိသားစုလို့သာ အမည်ခံထားတာ အခုအချိန်ထိ တစ်ယောက်နဲ့တစ်ယောက် ဂုဏ်ပြိုင်၊ လုပ်ငန်းချင်းပြိုင်နှင့် သာသာတဲ့ မိသားစုဘဝလေးဆိုတာ ဘယ်လိုများလဲလို့ မေးရမလိုဖြစ်နေသည်။

မိဘချင်းသဘောတူပြီး ပေးစားခြင်း ဖြစ်တာကြောင့်လည်း အချစ်ကမရှိ။ တစ်ယောက်နဲ့တစ်ယောက် လိုအပ်မှုတစ်ခုစီနှင့် လက်ခံခဲ့ကြခြင်းဖြစ်သည်။ ပညာတတ်၊ ရုပ်ချောပြီး ရိုးသားအေးဆေးသော နိုင်ပြည့်စွမ်းကို ကေသရီ လိုအပ်သလို ကိုနိုင်ပြည့်စွမ်းကလည်း ရုပ်ချော၊ ပညာတတ်၊ သူဌေးသမီးကေသရီကို လိုအပ်ခဲ့ကြသည်။

အချစ်တွေမပါပေမယ့် အိမ်ထောင်ရေးကို တည်တံ့အောင်တော့ ထိန်းသိမ်းခဲ့ကြသည်။ လုပ်ငန်းအောင်မြင်ဖို့အတွက်ပဲ ဦးတည်နေတဲ့ ခင်ပွန်းဖြစ်သူကြောင့် ကေသရီတစ်ယောက် စိတ်ညစ်ညူးခဲ့ရ၏။ ပျော်ရွှင်မှုကို ခုံမင်သော ကေသရီအတွက် တည်ဆောက်ခဲ့သော အိမ်ထောင်ရေးက အဖော်မဲ့အထီးကျန်စွာပင် ခြောက်သွေ့နေ၏။



www.burmeseclassic.com

www.burmeseclassic.com



သည်။

နောက်ဆုံးတော့…

အရွဲ့တိုက်မှုတွေများလာပြီး တစ်ဆိမ်တည်းအတူနေပေမယ့် သူစိမ်းတွေလိုဖြစ်လာကြတော့၏။ ကြားက မြေဇာပင်ဖြစ်ရသူက သား နိုင်စွမ်းထက်ပဲ။

ငယ်ငယ်လေးကတည်းက အထိန်းတော်ကြီးလက်ထဲမှာ သာ နေခဲ့ပြီး ဖေဖေ၏ ပုံသွင်းမှုအတိုင်းကြီးပြင်းလာခဲ့သည်။ ရုပ်ချော လေး ချောမောလှန်းသော သားက သူ့အဖေ ပြောရာအတိုင်း ခွေးရူး တစ်ကောင်လို ရှာခဲ့၏။ သားခေါင်းထဲမှာရှိတာ လုပ်ငန်းတွေ၊ ငွေကြေးကိန်းဂဏန်းတွေပဲ။

အခုတော့…

သားလေးလည်း မှားလည်လာခဲ့ချေပြီ။

မိမိနဲ့ လုံးဝအတွင်မတူဘူးလို့ ထင်မှတ်ထားခဲ့တဲ့ သားရဲ့ သေးစိတ်ကလေးထဲမှာ မိမိလိုပဲ ပျော့ပျောင်းသာယာမှုလေးတွေကို ခိုး လာခဲ့သည်။

ဒါဟာ…

သားရင်ထဲမှာ တကယ့်ကို စစ်မှန်တဲ့ ချစ်ခြင်းမေတ္တာ ပေါက်ဖွားခဲ့လို့ပဲ။ ဒေါ်ကေသရီတစ်ယောက် နှုတ်ဆိမ်းသွား တွေ ပြုံးမြလို့သွားရသည်။

"လက်မခံနိုင်ဘူး နိုင်စွမ်းထက်၊ မင်းအတွက် မင်းနဲ့





တော်လိုက်ဖက်မယ့် မိန်းမတစ်ယောက် ငါရှာထားပြီးပြီ၊ သမုနဲ့ လုံးဝလက်မထပ်ရဘူး၊ မေမေ သဘောမတူဘူး။

ငါတွေ့ထားတဲ့ ကောင်မလေးက ပညာတတ်တယ်၊ မိဘတွေကလည်း လုပ်ငန်းရှင်ကြီးတွေပဲ။ ကောင်မလေးကိုယ်တိုင် က အရည်အချင်းရှိတယ် အစွမ်းအစရှိတယ်ကွ။

မင်းကောင်မလေးလို မဟုတ်ဘူး၊ ဘာတစ်ခုထူးချွန်တဲ့ မိန်းကလေးပဲ"

"ဒါပေမယ့် ရိုးသားသန့်စင်တဲ့ အချစ်မရှိဘူးလေ မေမေ"

"ဘာကွ…လာပြန်ပြီလား ဒီအချစ်"

"တစ်ခါတလေမှာလည်း လူတစ်ယောက်အတွက် ခပ်ပေါ့ပေါ့လေးထင်ထားတဲ့ အချစ်က လိုအပ်တယ်မေမေ၊ သမုဆီ မှာ မေမေပြောတဲ့ အရည်အချင်းတွေ ဘာတစ်ခုမှ မပြည့်စုံပေမယ့် ကျွန်တော့်ကိုချစ်တဲ့ အချစ်က အပြည့်ပဲမေမေ"

"ဟ…ပြည့်မှာပေါ့ကွ နိုင်စွမ်းထက်ရ မင်းလိုကောင်မျိုး ကို လက်မခံချင်တဲ့မိန်းမ ရှိလား"

"မဟုတ်ဘူး မေမေ၊ မေမေထင်သလို မဟုတ်ဘူး၊ သမုက နိုင်စွမ်းထက်ရဲ့ နောက်ကိုယ်မှာ ဖုံးလွှမ်းနေတဲ့ အရာတွေကို ဖက်မယ်နိုင်လို့ ကပ်ချိတ်တာမဟုတ်ဘူး၊ ကျွန်တော့်မှာ ဘာအဆောင် အယောင်မှ မရှိရင်လည်း သူလက်ခံတယ်မေမေ။



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့လဲဆိုတော့...

ကျွန်တော်တို့နှစ်ယောက်ကြားမှာ တစ်ယောက်ကို တစ်ယောက် အသက်နဲ့လဲရဲလောက်အောင် အချစ်တွေရှိနေကြလို့ ပဲ"

"သွားစမ်းပါကွာ...စိတ်ကူးယဉ်ရူးသွပ်တဲ့ အလကား ခံစားချက်တွေကို ငါအယုံအကြည်မရှိဘူး နိုင်စွမ်းထက်"

မေမေရယ်...

အဲဒီလို အယုံအကြည်မထားခဲ့လို့ မာဓီတစ်ယောက် မေမေ့ အနားမှာ မပျော်ရွှင်နိုင်ခဲ့တာပေါ့။ မိန်းမတစ်ယောက်အတွက် ယောကျ်ားတစ်ယောက်ဆီက နွေးထွေးတဲ့ အကြင်နာနဲ့ ချစ်ခြင်း မေတ္တာဟာ ငွေကြေးထက်ပိုပြီး လိုအပ်တယ်ဆိုတာကို ဘာကြောင့် မေမေ မတွေးမိခဲ့ မတွေးခဲ့ရတာလဲဗျာ။

ဒါကြောင့် မေမေရဲ့ အိမ်ထောင်ရေး ဘယ်လောက်ထိ စိမ်းသက်နေခဲ့ရသလဲ။ ဒါကို နွတ်တရွတ်ခေါင်းမာပြီး ငြင်းဆန် နေရတာလဲ မေမေ။

"ဒီမှာ ကိုနိုင်ပြည့်စွမ်း"

"ဟင်"

"ဟာ"

တစ်ချိန်လုံး သားအမနှစ်ယောက်ကြား ဘာစကားမှ ဝင်မပြောဘဲ ပွဲကြည့်ပရိသတ်တစ်ယောက်လို ရှိနေတဲ့ မာဓီဆီက





အသံလေးထွက်လာတာမို့ ကျွန်တော်ရော မေမေ့ရဲ့မျက်ဝန်းအကြည့် တွေပါ မာဓီဆီသို့ ဆတ်ခနဲ ရောက်သွားကြသည်။

"အစကတော့ ဒီစကားဝိုင်းထဲ ဝင်မပါဘူးလို့ ဆုံးဖြတ် ထားပေမယ့် အခုတော့ ဝင်မပါလို့မရတော့ဘူး၊ အတ္တကြီးကြီးနဲ့ တယူသန်စိတ်ဓာတ်ကြီးမားတဲ့ ရှင့်ကြောင့် သားရဲ့အနာဂါတ်ဟာ အထီးကျန်ဆန်ပြီး ခြောက်သွေ့ရတော့မယ်။

ကျွန်မတာဝတစ်လျှောက်လုံး ဘယ်တုန်းကမှ မရခဲ့တဲ့ ပျော်ရွှင်စရာကောင်းတဲ့ အိမ်ထောင်ရေးကို ကျွန်မသားရဲ့ဘဝမှာ လုံးဝမရှိစေချင်ဘူး။

အဲဒီအတွက်..

ကျွန်မသားကို ကာကွယ်ရမယ်။ သားစိတ်ချမ်းသာပျော် ရွှင်ရဖို့ ကျွန်မ ကြိုးစားရလိမ့်မယ် ကိုနိုင်ပြည့်စွမ်း၊ ဒီတော့ အခု အချိန်ကစပြီး သားမှာပုံးလွှမ်းနေတဲ့ အဆောင်အယောင်တွေအားလုံး ကို ရှင်ပြန်ရုပ်သိမ်းလိုက်ပါ။

သားကို သာမန်ဘာမှပိုင်ဆိုင်မှုမရှိတဲ့ လူတစ်ယောက် အဖြစ် ရှင် လွှတ်ပေးလိုက်ပါ၊ ကျွန်မသားကို ကျွန်မ လက်ခံမယ်။ ကျွန်မသားလက်ထပ်ချင်တဲ့ မိန်းကလေးကို ကျွန်မ ချွေးမအဖြစ် ကျွန်မလက်ခံမယ်။ ရှင်လိုလားတော ငွေတွေ၊ ဂုဏ်တွေ မဟုတ်လား ကိုနိုင်ပြည့်စွမ်း။

ယူပါ...ရှင်လိုချင်တာတွေကို ယူထားလိုက်ပါ။ ကျွန်မက



www.burmeseclassic.com

www.burmeseclassic.com



တော့ အချစ်ဆိုတာကို လက်ခံတယ်။ အချစ်ကိုစာနာတယ်။ တစ်ကြိမ်တစ်ခါသာ ဖြစ်ပေါ်ခံစားရတဲ့ အချစ်ကိုသတိရင် ကိုယ့်ဘဝ တစ်သက်တာလုံး အသက်ရှင်လျက် အထီးကျန်ဆန်ပြီး ဘဝရေ သွေ့ခြောက်နေရမှာ။

သားကို ကျွန်မ ရှင်သန်ခွင့်ပေးမယ်။ သားဘဝလေးဟာ သူဘယ်တော့မှ အထီးကျန်ဆန်နေစေရတော့ဘူး။ ကျွန်မပြောတာကို ရှင်သဘောပေါက်တယ်နော်။

ကျွန်မ…

သားအတွက် သမုခရဲ့အမေဆီမှာ ခြေသလုံးဖက်ပြီး တောင်းပန်မယ်။ သမုခကို သားနဲ့လက်ထပ်ပေးစားဖို့ ကျွန်မကိုယ်တိုင် သွားခွင့်တောင်းမယ်၊ ဒါပဲ”

“ဟာ…ဟော့…ကေသရီ မင်း…မင်း…ဟော့…နေဦး”

မေမေတားဆီးပေမယ့် မာမီ လှည့်ကြည့်တော့ဘဲ နေရာကနေ ဆတ်ခနဲထကာ ထွက်သွားသည်။ မာမီနောက်ကို ဒေါ်သာကြီး ခြေလှမ်းကျဲကြီးတွေနဲ့ မေမေ လိုက်သွားတာတွေ့ရ၏။

နိုင်ငွမ်းထက်တစ်ယောက်…

ကြောင်ငေးစွာ ထိုင်နေမိရာမှ ဖျတ်ခနဲ အသိစိတ်ကဖလား ဝင်ကာ နေရာကနေ အပြေးလေးထခဲ့မိသည်။

“ဒီမှာကေသရီ မင်းစကားက ဘာလဲကွ၊ သားကို တစ်သက်လုံး အထိန်းတော်လက်ထဲ အပ်ပြီး နေချင်သလိုနေပြီးမှ အခုမှ ဘာနေရာဝင်ယူပြတာလဲ”

“အဲဒါဘယ်သူ့ကြောင့်လဲ ကိုနိုင်ငြည့်စွမ်း။ ရှင်ကြီးကြောင့်လေ ရှင့်ကြောင့်ဖြစ်ရတာ”

“တော်စမ်း…မင်းဟာမင်း အပျော်အပါးလိုက်စားချင်ပြီးတော့ ငါ့ကိုအပြစ်ပုံမချနဲ့”

သူ…

မာမီ့အခန်းလေးထဲမှ အသံတွေကြောင့် ကြိတ်ပြီး ပြုံးလိုက်မိသည်။ ပြီးနောက် အခန်းတံခါးကို အပြင်ကနေ သော့ခတ်ပစ်လိုက်၏။

ချောက်။

“ဟင်”

“ဟယ်”

အပြင်မှသော့ခတ်သံကြောင့် ဖျက်လုံးပြူးသွားရသူတွေက ဦးနိုင်ငြည့်စွမ်းနဲ့ ဒေါ်ကေသရီတို့ပါပဲ။

တစ်ရံတစ်ခုကို သတိရလိုက်တဲ့ ဦးနိုင်ငြည့်စွမ်း တစ်ယောက် တံခါးပေါက်ဆီ အပြေးလေးရောက်သွားသည်။

“ဟေ့ကောင် နိုင်ငွမ်းထက်၊ မင်း…မင်း တံခါးဖြန့်ဖွင့်ပေးစမ်း၊ မင်းဘာလုပ်တာလဲ ငွမ်းထက်၊ အခုချက်ချင်း တံခါးဖြန့်ဖွင့်နော်၊ ဟေ့ကောင်”၊







www.burmeseclassic.com

www.burmeseclassic.com



"ခုနီး"

"ခုနီး"

နိုင်စွမ်းထက်တစ်ယောက် အခန်းထဲမှ မေမေ့အသံကို ကြားသော်လည်း လှည့်မကြည့်တော့ပါ။

ဆောရီးပဲမေမေ။

မာဓိရဲ့ စိတ်ခံစားမှုကို အရင်က ကျွန်တော်နားလည်ခဲ့ရာ နိုင်စွမ်း မရှိပေမယ့် အခုတော့ ကျွန်တော် ကိုယ်ချင်းစာတတ်ခဲ့ပါ ပြီ။ အဲဒီအတွက် အချစ်လိုလားနေတဲ့ မာဓိကို မေမေ့အချစ်တွေ ပေးလိုက်နော်။ မာဓိ တအားကို အထီးကျန်သန်နေရတာပါ မေမေ။ မေမေ့ဆီက ချစ်ခြင်းမေတ္တာနဲ့ အကြင်နာတွေကို မရလို့ မာဓိသိပ်ကို ဝမ်းနည်းကြေကွဲနေရတာပါ မေမေရယ်။

နိုင်စွမ်းထက်တစ်ယောက် မာဓိအခန်းလေးရှေ့က နေ ရှုမှုန် နေအောင် ထွက်ခွာလာခဲ့မိတော့သည်။

ရင်ထဲမှာတော့…

မေမေနဲ့ မာဓိတို့ အဆင်ပြေပါစေဟု ဆုတောင်းလျက်။

"အဲဒါ…မင်းကြောင့်လွ တေသရီ၊ မင်းဘာဖြစ်လို့ အခန်း ထဲကို ဝင်ရသလဲ"

"ဪ…ကျွန်မအခန်းထဲ ကျွန်မဝင်တာ ဘာဖြစ်လဲ ရှင်ဘာလို့ လိုက်လာသေးသလဲ၊ အခုတော့ ရှင့်ကြောင့်ဖြစ်ရတာ သွား…သွား ကျွန်မအခန်းထဲက အခုချက်ချင်းထွက်သွား၊ ရှင့်ကို





လုံးဝမပတ်သက်ချင်ဘူး"

ဒေါ်တေသရီတစ်ယောက် ဒေါသတကြီး အော်ငေါက်ပစ် လိုက်သည်။

"ဟော့…ငါ့ကို မင်းက နှင်ထုတ်တယ် ဟုတ်လား၊ ဒီမှာ သိပ်ပြီးရှေးကိုင်မနေနဲ့ သိလား၊ ငါကလည်း မင်းအခန်းထဲ ဝင်ချင်နေတယ်မထင်ပါနဲ့၊ တောက်…ဟိုခွေးကောင် တံခါးသော့ ခတ်သွားလို့သာ နေရတာကွ"

ဦးနိုင်ပြည့်စွမ်းနှင့် ဒေါ်တေသရီတို့ အခန်းလေးတစ်ခုထဲ တွင် ပိတ်မိနေကြချေပြီဆိုသည့် အသိနှင့် တစ်ယောက်နှင့်တစ်ယောက် ရှိန်ကာ ရန်စကားတွေပြောနေပေမယ့် မိမိတို့ လက်ရှိအဖြစ်ကို ပြန်စဉ်းစားပြီး ရယ်ချင်စိတ်တွေကိုတော့ မနည်းကြီး ထိန်းချုပ်ထား နေရသည်။

"ဒီမှာ…ဒါ ကျွန်မအခန်းနော်၊ ကျွန်မရဲ့ အသုံးအဆောင် ပစ္စည်းတွေကို ဘာတစ်ခုမှမထိမကိုင်ပါနဲ့၊ ဒါပဲ"

ပြောပြောဆိုဆို ဒေါ်တေသရီတစ်ယောက် မွေ့ယာလေး ထက် လဲလျောင်းကာ အိပ်လိုက်တာမို့ ဦးနိုင်ပြည့်စွမ်းတစ်ယောက် မျက်လုံးကြီးပြူးရချေပြီ။

ဒီည…

မိမိဘယ်နှယ့် အိပ်ရပါ့မလဲ။

ခက်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒီတောင်ကြောင့် အစက်ကြီးစက်ရပြီ။

"ဟော့…ဟော့…မင်း…မင်း မအိပ်နဲ့ဦးလေ၊ တောသရီ မင်းအိပ်တော့ ငါက ဘယ်မှာအိပ်ရမှာလဲ"

"ဘာရှင့်"

"ဟုတ်တယ်လေ…ခုတင်က တစ်ယောက်အိပ်လေးဆို တော့ မင်းအိပ်ရင် ငါကဘယ်မှာအိပ်ရမှာလဲကွ၊ မင်းမအိပ်နဲ့ဦး"

"အံမယ်…ရှင်အိပ်စရာမရှိတာနဲ့ပဲ ကျွန်မက မအိပ်ရ တော့ဘူးတဲ့လား။ ဒါ ကျွန်မအခန်းရှင့်၊ ကျွန်မငွေနဲ့ ငြင်ဆင်ထား တဲ့ ကျွန်မအခန်း။ ရှင်အိပ်ချင်ရင် ကြမ်းပြင်ပေါ်ခွေအိပ်ပေါ့"

"ဟာ…ငါက ယောက်ျားကွ၊ မင်းရဲ့အိမ်ဦးနတ်၊ အောက် မှာဘာလို့ အိပ်ရမလဲ၊ မင်းဆင်းအိပ်"

"အောင်မယ်…ကြီးကျယ်လို့၊ ဒါ ကျွန်မခုတင်၊ ကျွန်မ ပိုင်ပစ္စည်း ဘာလို့ဆင်းအိပ်ရမှာလဲ၊ မအိပ်နိုင်ဘူး၊ ရှင်ပဲအိပ်"

"ငါကယောက်ျားကွ…မင်းရဲ့ယောက်ျား"

"အဲဒါ ဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲ…မိန်းမတစ်ယောက်ရဲ့ ခုတင်အောက် မှာ မအိပ်နိုင်ဘူး၊ ခုတင်ပေါ်မှာပဲအိပ်မယ်၊ ဒါပဲ"

"ရှင်…ရှင်နော် ကျွန်မ နှစ်ယောက်မအိပ်တတ်ဘူး စိတ်ကျဉ်းကျပ်တယ်ရှင့်"

"ဟော့…ဒါဆို မင်းဘာကြောင့် ယောက်ျားယူထားလဲ





မတတ်နိုင်ဘူး အိပ်ရမှာပဲ"

"အို"

ပြောပြောဆိုဆို သေးကျဉ်းသော တစ်ယောက်အိပ်ခုတင် လေးတွင် သူက ခွတ်အတင်း အိပ်ချက်လိုက်တာမို့ ခန္ဓာကိုယ်နှစ်ခု ထိကပ်သွားရ၏။ ကျောချင်းကပ် အိပ်နေရပေမယ့် ရင်ထဲမှာ တော့ ထူပူရှက်ရွံ့စိတ်များနှင့် နှစ်ဦးသား နွေးမြလို့နေရသည်။

"ဟော့…မင်းသိပ်မတိုးနဲ့လေ၊ ငါပြုတ်ကျတော့မယ်"

"အို…မတိုးလို့ရမလား၊ ဒီမှာနေရာသေးသေးလေးပဲ ရှိတော့တာရှင့်"

လေသံမာဆတ်ဆတ်လေးနဲ့ သူ့ကိုကျောပေးပြီး ရှုံ့မြန် သွေးနေတဲ့ ဇနီးသည်ကိုကြည့်ပြီး ဦးနိုင်ပြည့်စွမ်းရင်ထဲ တစ်ခါမှ မဖြစ်ပေါ်ဘူးသေးတဲ့ ခံစားချက်တွေများ ပြန်လည်၍ ဖြစ်ပေါ်လာရ သည်။

ရင်ထဲ…

တလှပ်လှပ်ခုန်ကာ မိမိကိုယ်မိမိ ပြန်သုံးသပ်နေမိ၏။ မွားရေးတစ်ခုကလွဲပြီး အိမ်ထောင်ရေးသာယာမှုတွေ ပျက်ကွက် တဲ့ သူ့ရဲ့လုပ်ရပ်တွေကို ပြန်တွေးပြီး ဇနီးဖြစ်သူရဲ့ ခံစားချက် များတွေကို စာနာနားလည်လာခဲ့သည်။

ဘာပဲပြောပြော…

မိမိရဲ့ရှိုးပွင့်းချက်ကြောင့်လည်း အခုလို အိမ်ထောင်ရေ



www.burmeseclassic.com

www.burmeseclassic.com



က သာယာမှုမရှိဘဲ အေးစက်သွားတာလေ။ နောင်တတွေ ရနေမိသည်။

အချစ်...။

သားပြောသွားတဲ့အချစ်။

အမြဲလိုလို ငွေတွေ၊ လုပ်ငန်းတွေကြားမှာ နစ်မြုပ်နေသော်လည်း တစ်ကယ်တမ်း လက်တွေ့မှာတော့ သူကိုယ်တိုင်လည်း အထီးကျန်ဆန်နေရသည်။ စိတ်ရှုပ်ထွေးမောပန်းနေရ၏။ မိသားစုဘဝလေး သာယာရေးအတွက် ပြန်စဉ်းစားနေမိသည်။

သူ...

ပြောင်းလဲမှုဖြစ်တော့မည်ကို သိရှိလာရသည့်အခိုး ကျော ပေးထားသော ခန္ဓာကိုယ်ကို တစ်ဖက်သို့ ပြန်လှည့်လိုက်ပြီးနောက် မျက်လုံးလေးမှိတ်ကာ သူ့လက်တစ်ဖက်ကို ဇနီးသည်ပေါ်သို့ ညင်သာစွာ တင်လိုက်သည်။

ဟင်...

အိပ်ပျော်သေးတဲ့ ဒေါ်ကေသရီတစ်ယောက် သူမကိုယ်လေးပေါ်သို့ ရောက်လာသော လက်လေးတစ်ဖက်ကြောင့် ရင်ခုန်လိုက်မောကာ အသားလေးတွေ တဆတ်ဆတ်တုန်ပြီး မျက်နှာလှည့်စောင်းကြည့်မိတော့ ခင်ပွန်းဖြစ်သူရဲ့ အိပ်ချင်ယောင်ဆောင် တဲ့ မျက်နှာကြီးကို တွေ့လိုက်ရတာနဲ့ စိတ်အလှုပ်ရှားကြီး ရှုပ် ကာ တစ်ဖက်သို့ ပြန်လှည့်ပြီး ကြိတ်ပြုံးလေးပြုံးလိုက်မိသည်။





ပြီးနောက်...

မျက်လုံးလေးမှိတ်ပြီး အိပ်ပျော်အောင် ကြိုးစားလိုက်၏။ မိမိခန္ဓာကိုယ်လေးပေါ်က လက်ကလေးကိုတော့ မဖယ်မိတော့ချေ။

စိတ်ထဲမှာလဲ...

သားလေးနိုင်ငွမ်းထက်တစ်ယောက် ကြောင် ပျော်ရွှင်နေတော့မယ့်အကြောင်းလေး တွေးပြီး ဝမ်းသာပီတိတွေ ဝေဖြာသွားရသည်။

"ကေသရီ"

ခေါ်သံတိုးတိုးကို ကြားသော်လည်း မထူးမိပါ။

"ကေသရီကို ကိုယ်ချစ်တယ်"

မြတ်စွာဘုရား။

"သိပ်ချစ်ပါတယ် ကေသရီရယ်"

အို...

ဒီတစ်ခါတော့ ဒေါ်ကေသရီတစ်ယောက် အသံလေး ထိတ်ပြီး မနေနိုင်တော့ပါ။ ခင်ပွန်းဖြစ်သူဘက်လှည့်ပြီး မျက်နှာ ချင်းဆိုင်လိုက်တော့ အချစ်ရည်များဖြင့် လက်ဖြာနေတဲ့ မျက်ဝန်းကြီးများနှင့် ဆုံလိုက်ရသည့်အခါ ရင်ခုန်ခြင်းအနှုန်း မြန်လှုံသွားရတော့၏။

"ကိုယ့်ကို ပြန်ချစ်ပါ ကေသရီ၊ ကိုယ်တို့ရဲ့ အိမ်လေး



www.burmeseclassic.com

www.burmeseclassic.com



ရေးကို မြန်မြန်ပြင်ရအောင်နော်၊ ကိုယ်အမှားတွေရှိခဲ့ရင် တောင်းပန်ပါတယ် ခွင့်လွှတ်ပါ"

"ရှင့်ကို ယုံရမလား ကိုနိုင်ပြည့်စွမ်း၊ ရှင့်ကို ကျွန်မ သိပ်ကြောက်နေပြီ၊ ရှင်က သွေးအေးတဲ့နေရာမှာ နှစ်ယောက်မှ မရှိ ဘူး"

"ကိုယ် ပြင်ပါ့မယ်"

"ဒါဆိုရင် သားရဲ့ဂေါ်လာတီစွာကရော"

"ဒါ...ဒါကတော့"

ဦးနိုင်ပြည့်စွမ်းတစ်ယောက် တွေဝေသွားစဉ် နေသည်။ မှ မျက်စောင်းလှလှလေးကြောင့် လက်ရှိအဖြစ်ကို မြင်သတိရကာ —

"ဒါကတော့ သဘောတူပေးရမှာပေါ့ကွာ၊ သူ့မှာလည်း ချစ်တတ်တဲ့ အသည်းနှလုံးရှိနေတာပဲဟာ"

"ဟွန်း"

မြန်လျှောရှုသွားသော စကားသံလေးကြောင့် ဒေါ်ကေသ ရီရဲ့ မျက်စောင်းကြီးက ဒိုင်းခနဲ ရောက်သွားရ၏။

ဦးနိုင်ပြည့်စွမ်း ပြုံးလိုက်မိသည်။

"ကေသရီ"

"ဘာလဲရှင့်"

"သားကို ပြည့်စွမ်းပေးရင် မင်းလည်း ကိုယ့်ကို ဘယ် မြန်ပြည့်စွမ်းပေးမှာလဲ"





"ဘာကိုလဲရှင့်"

"ကိုယ့်ရင်ထဲက ချစ်တတ်တဲ့ နှလုံးသားလေးအတွက် လေ"

"ရှင်နော်"

"အဟွန်း...ဟွန်း"

"အို...ရှင်နော်၊ ဒါဘာလုပ်တာလဲ"

"လွှတ်ပါ"

"ဦးနိုင်ပြည့်စွမ်းနော်"

ဒေါ်ကေသရီ တားဆီးသံလေးက တဖြည်းဖြည်း ခင်အားမဲ့သွားရ၏။ မျက်ဝန်းလေးတွေ မှေးစင်းသွားရသည်။

မိမိရဲ့...ချစ်တတ်တဲ့ အသည်းနှလုံးသားမှာလည်း ခင်ပွန်း ဖြစ်သူဆီက ပေးအပ်လာမယ့် ချစ်ခြင်းလေးတွေကို တစ်ချိန်လုံး မျှော်လင့်ခဲ့တာလေ။

အခုတော့...

ဆန္ဒလေးတွေပြည့်ဝသွားရပြီပေါ့လေ။

✻ ▯ ✻



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၅)

"ကိုကို…ကိုကို အရက်တွေသောက်နေတယ်၊ ဟုတ်လား"

ဘုရား…။

ဘုရား…။

သမုခ မျက်လုံးတွေပြူးရပြီ၊

စားပွဲပေါ် မှောက်ချတ်တဲ့ အလဲလဲအကွဲကွဲနှင့် ခေါင်းငိုက်စိုက်ကျနေတဲ့ ကိုကို့ပုံစံလေးကို ကြည့်ပြီး ကျွန်မ ရင်တစ်ခုလုံး နင့်သည်းသွားရသည်။

"ကိုကို"





"ဟင်…အင်း…အင်း …သ…သမုခလား၊ ကို…ကို့ဆီကိုလာတာ သမုခလား"

"ဟုတ်တယ် ကိုကို၊ သမုခပါ"

"သမုခရယ်…ကိုကို့ကို မရက်စက်ပါနဲ့နော်၊ ကိုကိုလေ အရမ်းခံစားနေရတယ် သမုခရယ်၊ သမုခကို ကိုကိုဘာဖြစ်လို့ ငဲ့မကြည့်ခဲ့မိသလဲဆိုတဲ့ အချက်ကို တွေးတွေးပြီး နောင်တရနေမိတယ်ကွာ"

ကိုကိုရယ်…

အဲဒီလိုမပြောပါနဲ့ရှင်။

ကိုကို အဲဒီလိုပြောလေ ကျွန်မ ခံစားရလေပါပဲ ကိုကို။

ကျွန်မလေ…

ကိုကို့ဆီက ခွင့်ပြုချက်လေး လာတောင်းတာပါ။ ကျွန်မ သိပ်ချစ်တဲ့ ကို့ဆီကိုသွားဖို့အတွက် ကိုကို့ဆီက ခွင့်ပြုချက်လေးကို လာယူတာပါ ကိုကိုရယ်။ အခုလိုဖြစ်နေတဲ့ ကိုကို့ကိုကြည့်ပြီး ကျွန်မ ဘယ်လိုတောင်းဆိုရက်မလဲဟင်။ ကျွန်မ ကိုကို့ကို အခုလို ပုံစံမျိုးနဲ့ မထားခဲ့ရက်ပါဘူး။

ကိုကို့ကို ကျွန်မချစ်ပါတယ်။

ကျွန်မအစ်ကိုတစ်ယောက်လို အားကိုးပြီးတော့ကို ချစ်တာပါ။

ဒါပေမယ့်…



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့စိတ်တွေက ပြောင်းလဲနေတော့ ကျွန်မ အရှမ်းကို စိတ်ညစ်နေရပြီကိုကိုရယ်။

"သမုခ"

"ရှင်"

"ကိုကို…အရှမ်းခံစားနေရတယ်"

"ကိုကိုရယ်"

"ကိုကို့ကို မင်းမထားခဲ့ပါနဲ့ကွာ"

"ကျွန်မကို ခွင့်လွှတ်ပါ ကိုကို၊ ကျွန်မကို ချစ်ရင် ကျွန်မကိုသနားရင် အခုလိုမျိုးကြီးမနေပါနဲ့၊ ကျွန်မသွားမယ့်ခြေလှမ်းတွေကို ကိုကို မတားဆီးသင့်ပါဘူးကွယ်။

ကျွန်မ ဘယ်လိုလုပ်ရမလဲကိုကို။ ကိုကို့ကို အခုလိုပုံစံမျိုးကြီးနဲ့ ဘယ်လိုထားခဲ့ရမလဲဟင်၊ ကျွန်မလေ…ကျွန်မ ကိုကို့ကို အစ်ကိုတစ်ယောက်လိုပဲ အားကိုးပြီး ချစ်တာပါ။ ကိုကို့ဆီက ဘဝတစ်သက်တာလုံး မြဲမြဲမြံတဲ့အချစ်တွေကိုပဲ ကျွန်မ ရယူချင်ခဲ့တာပါ ကိုကို။

ကျွန်မဘဝမှာ အလေးစားရဆုံး၊ အားအကိုးမိရဆုံး အစ်ကိုတစ်ယောက်လို သဘောထားပြီး ချစ်ခဲ့ရတာပါ ကိုကိုရယ်။ ဒါပေမယ့် သမုခကြောင့် ကိုကို့ဘဝ အဖတ်ဆယ်မရအောင် ပျက်စီးမှာကိုတော့ သမုခ မလိုလားဘူး ကိုကို"

သမုခရယ်…။





မျက်ရည်စီးကြောင်းကြီးတွေနဲ့ ဝမ်းနည်းကြေကွဲစွာ ကြည့်ပြီး ရင်ထုမနာ ဖြစ်နေတဲ့ သမုခလေးရဲ့ သနားစရာ မျက်နှာလေးကို ကြည့်ပြီး မိုးမြင့်ထွဋ်ရှင်ထဲ နင့်သည်းသွားရ၏။

တကယ်တော့…

သူအရက်မသောက်တော့ပါ။

အရက်ကို ဝလုတ်ကျင်းပြီး ခန္ဓာကိုယ်ထဲ အရက်တွေဖြန်းပက်ထားခြင်းဖြစ်သည်။

စိတ်ကိုစမ်းချင်လို့ပါ။

သမုခရဲ့စိတ်ကို စမ်းသပ်ချင်လို့ပါ။

ကိုကို အခုလိုဖြစ်ရင် သမုခ ဘယ်လိုခံစားရမလဲဆိုတာ သိချင်လို့ တမင်စမ်းသပ်လိုက်တာပါ သမုခလေးရယ်။

"ကိုကို"

"ဟင်"

"အရက်တွေမသောက်ပါနဲ့နော်၊ ကျွန်မ တောင်းပန်ပါတယ်"

"…."

"ကျွန်မလေ…ကိုကို အခုလိုခံစားနေရတာကို မကြည့်ရက်ပါဘူး။ ဘာပဲပြောပြော ကိုကို့နဲ့ကျွန်မက ပိုးလယ်လယ်လေးက တည်းက အတူတူကြီးပြင်းလာကြတဲ့သူတွေပါ။

ကိုကို ကျွန်မကို ချိုးထိန်းကျောင်းခဲ့ဖူးပါတယ်။ ကိုကို



www.burmeseclassic.com

www.burmeseclassic.com



အမြဲအလျှော့ပေးခဲ့ရလောက်အောင် ကျွန်မ ဆိုးတေခဲ့ဖူးပါတယ်။ အမျိုးမျိုး အနိုင်ယူခဲ့ဖူးပါတယ် ကိုကို။

ဒါကြောင့်…

ကျွန်မတို့နှစ်ယောက်ကြားမှာ ဘယ်သူမှ မသိနိုင်တဲ့ သံယောဇဉ်ကြီးတွေက မြဲမြဲနေခဲ့တာပါ ကိုကို။ ကျွန်မ တစ်စုံတစ်ခု ဖြစ်မှာကို ကိုကိုစိတ်ပူသလို ကိုကိုတစ်ခုခု ထိခိုက်မှာလည်း ကျွန်မ သိပ်စိုးရိမ်တယ်ကိုကို။

ကျွန်မလေး…ကျွန်မ…အခုလိုဖြစ်နေတာကို တကယ်ပဲ မကြည့်ရက်ဘူး ကိုကိုရယ်၊ အဟင့်…ဟင့်”

သမုခရယ်…

ကိုကိုကို ခွင့်လွှတ်ပါကွာ။

ကိုကိုဟာ သိပ်ပြီး တစ်ကိုယ်ကောင်းဆန်တတ်တဲ့ လူတစ်ယောက်ပါ။ အတ္တကြီးတဲ့ လူတစ်ယောက်ပါ သမုခရယ်။

အဲဒီအတွက်…

ကိုကိုတကယ်ပဲ မှားသွားပါတယ်ကွာ။

ဒါပေမယ့်…

သမုခအပေါ်မှာထားတဲ့ ကိုကို့ရဲ့မေတ္တာတရားက အရင်းကို ကြီးမားနေတော့ ကိုကိုလေ ဘယ်လိုလုပ်ရမလဲတောင် မသိတော့ပါဘူးကွာ။

“ကိုကို”





“ကိုကို”

“ဟင်”

“ထရအောင် ကျွန်မတွဲထူပေးပါ့မယ်၊ လာ…ကိုကို”

သူလက်တစ်ဖက်ကို သူမလေးရဲ့ ပခုံးပေါ် ထမ်းတင်ပြီး တွဲထူပေးဖို့ ကြိုးစားနေတဲ့ သမုခကိုကြည့်ပြီး သူ့ရင်ထဲ နှင့်နေအောင် ခံစားလိုက်ရသည်။

“ကိုကို…ထလေ ကျွန်မကို အားပြုပြီး ထရပ်ဖို့ကြိုးစား နော်”

“အင်း”

သူ…

အလိုက်သင့်လေး ထရပ်ကာ သူမလေးနှင့်အတူ အခန်း လေးထဲသို့ ဝင်ခဲ့လိုက်သည်။ သမုခက အိပ်ရာလေးဆီ တွဲပေးပြီး ထိုင်စေ၏။

“ကိုကို့အင်္ကျီတွေ အရက်စော်နံနေတယ် ကိုကို၊ လဲရ အောင်”

သူ…

ဘာမှမပြောနိုင်ဘဲ ငူငူကြီးထိုင်နေမိသည်။

သနားစရာကောင်းလိုက်တဲ့ သမုခပဲ။

သူ့ကြောင့် သမုခရဲ့စိတ်တွေ ရှုပ်ထွေးနောက်ကျိနေရှာ ပြီ။



www.burmeseclassic.com

www.burmeseclassic.com



"သမုခ"

"ရှင်"

အကျီလေးထုတ်ယူနေရာမှ သမုခတစ်ယောက် လှည့်ကြည့်၏။

"ဒီကို ဘာကိစ္စနဲ့လာတာလဲ"

"ရှင်"

"အကြောင်းမဲ့သက်သက်နဲ့ မင်းလာမှာမဟုတ်ဘူး သမုခ"

သိပ်ဟုတ်တာပေါ့ ကိုကိုရယ်။

ကျွန်မဟာ အသက်လောက်အရေးကြီးတဲ့ ကိစ္စရှိလို့ ကိုကို့ဆီကို ပြေးလာခဲ့ရတာပါ။ အဲဒါ ဘာလဲသိလား ကိုကို၊ ကျွန်မရဲ့ ကိုနိုင်စွမ်းထက်ကို သဘောတူပေးပါလို့ လာပြောတာပါ ကိုကို။

ဒါပေမယ့်…

ကိုကို့ကို မြင်လိုက်ရတဲ့အခါမှာ ကျွန်မရင်ထဲ အောင့်ဖျက်သွားရတယ်ကိုကို၊ ကျွန်မ ကိုကို့ကို အရမ်းသနားသွားရတယ်။ အရက်နဲ့ နှလုံးသားကို ရေစိမ်ပြီး ကြိုးစားနေတဲ့ ကိုကို့ကို ဘယ်လိုမှ မကြည့်ရက်အောင်ပဲ ဖြစ်သွားရတယ်ရှင်။

"သမုခ"

"ရှင်"

"ပြောလေ"





"ဟို…ဟို…ကျွန်မ"

"ပြောပါ သမုခ၊ မင်း…အားနာတတ်တူဆိုတာ ကိုကို သိနေတာပဲဟာ"

အို…

ကိုကို့စကားအဆုံးပါယ်ကို ကောင်းစွာနားလည်လိုက်တာကြောင့် သမုခ မျက်နှာလေး ရဲတက်သွားရသည်။

ကိုစွမ်းနဲ့ပတ်သက်ပြီး ကိုကို့ကို ခေါက်ချတ်ပေးပါလို့ ကျွန်မ တောင်းဆိုခဲ့ဖူးတယ်လေ။ ဓါလာကိစ္စကို ဖျက်သိမ်းပေးပါလို့ ကျွန်မ အတင်းအကြပ်ပြောခဲ့ဖူးတယ်လေ။

ဒါကြောင့်…

ကိုကို့အခုလို ရက်ရက်စက်စက်ကြီး စွပ်စွဲပြလိုက်တာပေါ့လေ။

"ပြောလေ…သမုခရဲ့"

ကျွန်မ…

မပြောရက်ပါ။

ကိုကို အခုထက်ပိုပြီး စိတ်ထိခိုက်သွားမှာလေ။

ကိုကို…

အရမ်းဝမ်းနည်းကြေကွဲသွားရလိမ့်မယ်။

"သမုခ"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ…မင်းချစ်သူနဲ့ လက်တွဲခွင့်ပြုပါလို့ လာပြောတာလား"

အို…

သမုခရဲ့ မျက်ဝန်းလေးတွေ ဖြူးဝိုင်းသွားရသည်။

ကိုကိုက…

ကျွန်မရင်ထဲကို ထိုးဖောက်စိုက်ကြည့်ပြီး ရင်ထဲက စကားတွေကို ဆွဲထုတ်ပြလိုက်တာ ယုံတောင်မယုံနိုင်စရာပါပဲ။

ကိုကိုပြောတာ အမှန်ပါပဲကိုကိုရယ်။

ကျွန်မ…

ကိုကို့ဆီက ခွင့်ပြုချက်လာတောင်းတာပါ။

ကျွန်မ…

လွတ်လွတ်လပ်လပ် သူ့ဆီကို သွားခွင့်ပြုပါလို့ လာတောင်းပန်တာပါရှင်။ ဒါပေမယ့် တကယ်တန်းကျတော့ ကျွန်မ မပြောရက်ခဲ့ပါဘူး ကိုကို။

"ငါထင်တာ မှန်နေသားပဲ"

"ကိုကို"

စိတ်ခတ်ကျစွာ ငြီးငြူရင်း ခေါင်းလေးငုံ့ကျသွားတော့ ကျွန်မ တအားကို စိုးရိမ်သွားရသည်။

"ဘာလဲ…သမုခ ငါ့ကို သနားလို့မပြောတာလား၊ ကိုကို့ ပုံစံက မင်းမျက်လုံးထဲမှာ အရမ်းကိုပဲ သနားစရာဖြစ်နေပြီလား





သမုခ၊ အဟွန်း…ဟား…ဟား"

"ဟင့်အင်း…ကိုကို ကျွန်မက …ကျွန်မက"

တဟားဟား အော်ရယ်လိုက်တဲ့ ကိုကို့ကိုကြည့်ပြီး သမုခ အသံလေး တိမ်ဝင်သွားရသည်။ မျက်ဝန်းလေးတွေ ဖြူးဝိုင်းသွားရ၏။

ကျွန်မ…

ကိုကို့နားလည်အောင် ဘယ်လိုရှင်းပြရမှန်းမသိတော့။

"ဒီမှာ သမုခ၊ မင်း ငါ့ကို တော်တော်အထင်သေးတာပဲ၊ မင်းကိုမှမရရင် ငါက ဘဝပျက်သွားမယ်လို့ ထင်နေလား"

"ရှင်"

"မင်းကဘာမှိုလို့လဲ သမုခ"

"ကိုကို"

"တော်စမ်း…ငါ ဘာစကားမှမကြားချင်ဘူး၊ ငါ့ကို ဘာမှဆက်ပြီး မပြောနဲ့တော့ သမုခ၊ ပြီးတော့ မင်းကို ငါ အခွင့် လင်းဆုံးပြောမယ် သမုခ၊ အဲဒါ မင်းကိုယ်မင်း သိပ်ပြီးအထင်ကြီး ဘဝင်မြင့်မနေနဲ့ဆိုတာပဲ"

"ကိုကို"

"ငါ…အခု ဘာအရက်မှသောက်မထားဘူး သမုခ"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို အလကားတောကျွ၊ မင်းစိတ်ထဲမှာ ငါနဲ့ပတ်သက်ပြီး ဘယ်အတိုင်းအတာအထိ ရှိနေလိမ့်မလဲဆိုတာ သိချင်လို့ အရုတ်ကိုပလုပ်ကျင်းပြီး အင်္ကျီပေါ်မြှမ်းထားတာ၊ ဒီမှာကြည့်ပါလား ငါထရုပ်လို့ရတယ်"

ဟင်...

စောစောက ဒယီးဒယိုင် လျှောက်နေတဲ့ ကိုကိုက အခု တော့ ထိုင်ရာကနေ ဆတ်ခနဲထအော ရပ်ပြလိုက်တာမို့ သမုဒ္ဒဝင် အံ့သြသွားရသည်။ ကိုကိုက ကျွန်မအနီး လျှောက်လာပြီး လက်ထဲ က အင်္ကျီလေးကို ဆွဲယူပြီး ရေချိုးခန်းထဲဝင်သွားတော့၏။

ကျွန်မ...

နားမလည်နိုင်တော့ပါ။

ကိုကို...

ဘာကိုပြောချင်တာလဲ။

ကျွန်မ...ကိုကို့ရဲ့စကားအဓိပ္ပါယ်တွေကို ပုံမဖော်တတ် ဘူးကိုကို။

"ကိုကို"

"ဒုန်း...ဒုန်း"

"ဝုန်း"

ရေချိုးခန်းတံခါးချပ်ကြီးကို တဝုန်းဝုန်းထုနေမိ၏။

ရင်ထဲမှာတော့...

တလှပ်လှပ် အခုန်မြန်နေရသည်။





ကိုကိုက...

ကျွန်မကို ကိုယ့်ကိုယ်ကို အထင်ကြီးမနေနဲ့ဆိုတော့ ကျွန်မ ဆို ကိုကိုစိတ်မဝင်စားဘူးလို့ ပြောချင်တာလား၊ အဲ့ဒီသဘောလား ဟင်။

"ကိုကို"

"....."

အခန်းထဲမှ ရေချိုးသံတွေ ကြားရတာမို့ သမုဒ္ဒတစ်ယောက် ချင်စိတ်ကို ထိန်းချုပ်ပြီး အသာလေးငြိမ်နေလိုက်ရသည်။

ကိုကိုက နာရီဝက်လောက်ကြာတော့ ရေချိုးခန်းလေးထဲ ကနေ ထွက်လာ၏။

"ကိုကို"

"ဟင်...သမုဒ္ဒ မင်း မပြန်သေးဘူးလား"

"ပြောပါဦး ကိုကို၊ စောစောကစကားကို ပြောပါဦး၊ ကိုယ့်ကိုယ်ကို အထင်ကြီးမနေနဲ့ဆိုတာ ဘာကိုရည်ရွယ်ပြီး ပြောတာ ဟင်"

သမုဒ္ဒ...

စိတ်လှုပ်ရှားကြီးစွာဝင် မေးလိုက်မိသည်။

"ကိုကို"

"....."

ကိုကိုက ရေသုတ်ပြီး အဝတ်အစားလဲနေတာမို့ ကျွန်မ ခ်နှာလေး တစ်ဖက်သို့ လွှဲထားလိုက်ရသည်။ အချိန်တော်တော်

www.burmeseclassic.com



လေပြောတော့မှ ဖြည်းလှည့်လိုက်ပြီး ကိုကိုနေရာကို သွားတော မောင်ဖြန့်သည်။

"ကျွန်မကို ပြောပြပါကိုကို"

"သမုခ"

"ရှင်…ကိုကို"

"အဲဒါ မင်းကိုသွားနိုင်းလိုက်တဲ့သဘောပဲ သမုခ"

"ရှင်"

"ကိုကို ဘဝရှုတ်မှာကို နိုးပြီး သမုခရင်ထဲက ဆန္ဒလေး ကို မှိုးနှိမ်ပြီး မပြောရက်တော့တဲ့ သမုခရင်ထဲက စိတ်ရင်းအရှ ကို သိလိုက်ရတဲ့အတွက် မင်းကို ကိုကိုထပ်ပြီး စိတ်မရှုပ်စေ ချင်တော့ဘူး သမုခ"

"ကိုကို…ဒါ…ဒါ တကယ်ပဲလားဟင်၊ ကိုစွမ်းနဲ့သမု ကို ကိုကိုသဘောတူနိုင်ပြီပေါ့နော်"

သူ…

ခေါင်းလေးကို ညင်သာစွာ ညိတ်ပြတော့ သမု တစ်ယောက် ဟန်မဆောင်နိုင်လောက်အောင် ပျော်ရွှင်ဝမ်းသာသွာ တာ တွေ့ရ၏။

သူ…။

ပြုံးလိုက်မိသည်။

သို့သော်…

သူ့အပြုံးတွေက သိပ်ပြီးမပီပြင်လှပါ။





"ကျေးဇူးပါပဲ ကိုကို၊ အရမ်း…ကျေးဇူးတင်ပါတယ်။ ကျွန်မ…ကျွန်မ ဝမ်းသာလိုက်တာ ကိုကိုရယ်၊ အဟင်း…ဟင်း"

သမုခရယ်…

မင်းရယ်ပါကွာ။

မင်းရဲ့ရယ်မောသံလေးတွေ ပျောက်ကွယ်နေခဲ့တာ ဘယ် လောက်တောင် ကြာနေပြီလဲ သမုခလေးရယ်။

ကိုကိုလေ…

ရင်ထဲမှာ ဘာတွေပဲရှိရှိ…

ဘယ်လောက်ပဲ ခံစားရ ခံစားရ ကိုကိုသိပ်ချစ်တဲ့ သမုခ လေး ဝမ်းနည်းနာကျင်ခံစားနေရတာကိုတော့ တကယ်မကြည့်ရက် ဘူး သမုခရယ်။

ဒါကြောင့်…

မင်းကို စွန့်လွှတ်ဖို့ ကိုကိုဆုံးဖြတ်လိုက်တာပါ။

မင်းဘဝလေး…

မင်းသိပ်ချစ်တဲ့ ကိုနိုင်စွမ်းထက်ရဲ့ လက်ထဲမှာ သာယာ ပြည့်စုံပါစေဆိုတဲ့ ဆန္ဒလေးနဲ့ ကိုကိုနောက်ဆုတ်ပေးလိုက်တာပါ သမုခလေးရယ်။

"သမုခ"

"ရှင်"

"သွားတော့လေ…ကိုစွမ်းဆီကို ဝမ်းသာစရာသတင်း



www.burmeseclassic.com

www.burmeseclassic.com



ရှေး ဖုန်းလှမ်းဆက်ပြီး ပြောလိုက်ဦးလေ"

"အဟင်း…ဟင်း ဟုတ်သားပဲ၊ ကိုကို သမုဒ္ဒ မြန်တော့မယ်နော်"

မိုးမြင့်ထွဋ် အပြုံးလေးတွေနှင့် ခေါင်းလေးညိတ်ပြတော့ သမုဒ္ဒတစ်ယောက် သူ့အခန်းလေးထဲကနေ ပြေးထွက်သွားတော့သည်။

သမုဒ္ဒလေးရယ်…

မင်းကို ခွင့်ပြုလိုက်ရပေမယ့် ချစ်တတ်သူကိုကိုရဲ့ နှလုံးသားမှာတော့ မင်းကို ထာဝရချစ်နေတော့မယ် အချစ်တွေနဲ့ ပြည့်သိပ်နေတော့မှာ အမှန်ပါပဲကွာ။

ကိုယ်ချစ်နေတာ နောင်မှသိခွင့်ရခဲ့တဲ့အတွက် သိပ်ကို နောက်ကျသွားပြီဆိုတာကို သိပါတယ်။

သမုဒ္ဒရယ်…

အဲဒါကြောင့်လဲ…

မိုးမြင့်ထွဋ်ဆိုတဲ့ လူတစ်ယောက်ရဲ့ ချစ်တတ်သူရဲ့ နှလုံးသားမှာ ကြေကွဲဝမ်းနည်းနေတဲ့ နှစ်ခိုင်သံလေးတွေနဲ့ ထာဝရပြည့်လျှံနေဦးတော့မှာပါ သမုဒ္ဒလေးရယ်။

✱ ✱





## အခန်း (၂၂)

မိုးတိမ်စည်းညို့တို့ မှိုင်းအုံ့ကာ လေပြင်းတျှဖြင့် မိုးများ သဲသဲမဲမဲကြီး ရွာချခဲ့ပြီးပါပြီ။

အခုတော့လည်း စောစောက သူဘာမှမဖြစ်ခဲ့လေဟန်ထား သလိုပင်။

မိုးကောင်းကင်ကြီးသည် တိမ်ပြာများနှင့် ဝင်းဝင်း ကြည်လင်ကာ နေလေသည်။ ထိုအချိန်ပဲ သမုဒ္ဒနှင့် နှင်းစွမ်းထက်ရဲ့ အချစ်ရေးလေးမှာလည်း သာယာနေတော့သည်။

"ကို"

"ဟင်"

"ကျွန်မကို ချစ်လားဟင်"



www.burmeseclassic.com

"ချစ်တာပေါ့ ကလေးရဲ့"

"ကျွန်မတော့ ဆိုးရင်ရော"

"မင်းက ကလေးပဲ၊ နည်းနည်းတော့ ဆိုးမှာပေါ့၊ ဒါပေမယ့် ကိစ္စမရှိပါဘူး၊ ကိုက နွှင့်လွှတ်ရမှာပေါ့"

"ကိုရော့…လာခြင်ပြီ ဒီကလေးဆိုတဲ့ အသုံးအနှုန်းကြီး"

သမုစ နည်းနည်းမှ မကြိုက်ပါ။

ကလေးလို့အခေါ်ခံရတိုင်း ကျွန်မစိတ်ထဲ အောင့်သက်သက်ကြီး ဖြစ်သွားရတတ်သည်။

"တလေး"

"….."

ကျွန်မ မထူးမိ။

"ကလေး…ပော့ ကိုခေါ်နေတယ်လေ"

"သွား…လာမခေါ်နဲ့"

"ယောချာ…ဒါက ဘယ်လိုဖြစ်ရပြန်တာလဲ"

"ကိုကိုရော့…ကျွန်မ ကလေးမဟုတ်ပါဘူးလို့ ဘယ်နှ ခါပြောရမလဲ၊ ကျွန်မ အသက် (၂၀)ရှိပြီရှင့်၊ သိဝိမကြာခင် နိုင်ငံစွမ်းထက်ဆိုတဲ့ ယောကျ်ားတစ်ယောက်နဲ့ လက်ထပ်တော့ မှာကို ရှင်ကြီးသိရဲ့လား"

"ဗျာ"

နိုင်စွမ်းထက်။





စိတ်ဆိုးမာန်ဆိုး နှုတ်ခမ်းလေးတော့ချွန်ကာ ရန်တွေ့လိုက်တဲ့ သမုစကို ကြည့်ပြီး အသည်းလေးတွေ ယားသွားမိသည်။

ဒီကောင်မလေးကို…

ဘာကြောင့် အသည်းထဲနှလုံးသည်းထဲအောင် ချစ်မိခဲ့ရသလဲ ဆိုတာ စဉ်းစားမိတိုင်း အံ့ဩနေရသည်။ အိမ်ထောင်ပြုဖို့မှာ ကြောက်သော သူ့ဘဝထဲကို တရကြမ်းတိုးဝင်လာတဲ့ ကောင်မလေး။

ဘယ်လိုမှ မေ့ပျောက်လို့မရတာပါ။

မာမီနဲ့ ဒက်ဒီတို့ရဲ့ အိမ်ထောင်ရေးလေးကိုကြည့်ပြီး တစ်နေ့မှာ သူသာ မိန်းကလေးတစ်ယောက်ကို ရွေးချယ်မိခဲ့လျှင် အဲဒီလို စိတ်ဖျက်စရာကောင်းတဲ့ အဖြစ်မျိုးတွေ တွေ့ကြုံပြီး ရင်ဆိုင်ရမှာ သေလောက်အောင် ကြောက်ရွံ့နေခဲ့တာလေ။ ဒါကြောင့် ရည်းစားဝင်မထားခဲ့။

မထင်မှတ်ခဲ့။

သမုစဆိုတဲ့ ကောင်မလေးနဲ့ တွေ့တော့မှ တင်းမာနေတဲ့ သူ့ရင်ထဲက နှလုံးသားလေးတွေက မီးနဲ့တွေ့တဲ့ ဖယောင်းလို အရည်ပျော်ကျသွားတော့၏။

မချစ်ဖူးတော့ အရူးအမူးပင်ဖြစ်ရသည်။

ကလေးဆန်တာလေးကလွဲပြီး…

စိတ်ရင်းကောင်းသော သမုစကို သူ့ဘဝ လက်တွဲဖော် လေးအဖြစ် အနားမှာ ခေါ်ထားချင်စိတ်တွေ တားဆီးမရတော့။



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



ချစ်တယ် သာမုခရယ်။

ကိုယ်သိပ်ချစ်တယ်။

"ကိုရော်··လူကိုစိုက်ကြည့်ပြီး ဘာတွေဖြစ်မှာမို့ ဈေး တောကြီးချည်နေတာလဲ၊ ကျွန်မ ကြောက်တယ်နော်"

"ဟာကွာ··သာမုခကလည်း အဟွန်း···ဟွန်း"

"ပြောမရဘူးလေ၊ ဒီတစ်ခါ ကိုကားပေါ်ကို ကျွန်မ လိုက်ခဲ့ရတာ၊ ကျွန်မ မောင်းထွက်သွားလို့မရဘူး။ တော်ကြာ ကိုက မြန်မပို့တော့ဘူးဆိုရင် ဘယ်နယ်လုပ်မလဲ"

"အဟွန်း···ဟွန်း"

ကျွန်မစကားလေးကြောင့် ကိုတစ်ယောက် ဟန်မဆောင် နိုင်စွာဝင် ရယ်လေတော့သည်။

ကြည့်စမ်း···

ကိုရယ်လိုက်တော့လည်း တကယ့်ကို ကြည်စင်ရှင်းသန့် ပြီး ချစ်ဖို့ကောင်းသွားတာပါလား။ ရှင်လက်ရှည်အဖြူပေါ် အဆော ရောင်စင်းကြောင်း သေးသေးလေးတွေပါတဲ့ အင်္ကျီလေးနှင့် ဘော ပုဆိုးကွက်စိတ်လေးကို ဝတ်ထားပြီး တိုရှင်းရှင်း ညှပ်ထားသော ဆံပင်လေးနှင့် ကို့ပုံစံက တကယ့်ကို တည်ကြည်နေခဲ့သည်။

ကျွန်မ···

သိပ်နှစ်သက်တာပဲကို။

ရွပ်ရှင်ရုံလေးထဲမှာ မထင်မှတ်ဘဲ ဆုံတွေ့လိုက်ရတဲ့ ဈေး





တာလေးမှာ ကျွန်မစိတ်တွေ ကို့အပေါ်ကို ယိုင်နဲ့ကျသွားတာကိုမှ မသိတာပဲနော်။ အဲဒီနေ့ကလေ ကို့ရဲ့ နက်ပြာရောင်ကားလေးနောက် ကို အပြေးလိုက်ချင်သွားတဲ့အထိ လွင့်မျောခဲ့ရတဲ့ ကျွန်မစိတ်ကို ယုံတောင်မယုံနိုင်ခဲ့ဘူး သိလား။

ကျွန်မထင်ထားတာက···

ကျွန်မ အသက်အရွယ်၊ ကျွန်မရဲ့ ဝတ်စားပုံနဲ့ သိပ်ကို ရှာမောပြီး တအားကို ခေတ်ဆန်တဲ့ ဇတိုင်လ်ပါပါ ကောင်လေး တစ်ယောက်နဲ့ ဆုံမှာပဲလို့ တွေးထင်ထားတာလေ။ အဲ့ဒီကောင်လေး ရဲ့ ချစ်သူလေးဖြစ်ပြီး ကျွန်မတို့လက်တွဲပြီး လျှောက်လည်ကြမယ်။ ဓာတ်ပုံလှလှလေးတွေ အတူတွဲရိုက်မယ်။ စားသောက်ဆိုင်တွေ ထိုင်ပြီးစားမယ်။ ပြီးရင် ဈေးတွေလျှောက်ပတ်မယ်။

အဟင်း···ဟင်း။

အဲဒီလိုစိတ်ကူးထားတာ။

မထင်မှတ်ဘဲ···

ရိုးရှင်းတဲ့ပုံတုံးကြီးကို ရင်တွေခုန်သွားလိမ့်မယ်လို့ ထင်မ ထားမိဘူး။ တကယ့်လက်တွေ့နဲ့ စိတ်ထူးယဉ်အိပ်မက်ဟာ ဘယ်လို မှ နှိုင်းယှဉ်လို့ကိုမရတာပါ။

ဒါပေမယ့်လဲလေ။

အဲဒီပုံစံ ခပ်တုံးတုံးကြီးကိုမှ ကျွန်မရဲ့ အသည်းနှလုံးတွေ က နှင့်သည်းအောင် ချစ်သွားမိတာတော့ အံ့လည်းဩ မယုံနိုင်



www.burmeseclassic.com

www.burmeseclassic.com



မယုံနိုင်တော့လောက်အောင်ကိုပဲ ရှိနေတော့တာ။

"ဟော့…လူကိုကြည့်ပြီး ဘာဖြူးဖြီးဖြီး လုပ်နေတာလဲ။ ပြောစမ်း ပြောစမ်း မင်းလုံးဝမရှိးသားဘူးနော်၊ သမုခ"

အဲ…

ဒီတစ်ခါတော့ သမုခတဲ့။

ကလေးလို့ မခေါ်တော့ချေ။

ကျွန်မကို…

ကိုက တကယ်ချစ်တာပဲ။

မကြိုက်ဘူးဆိုတာနှင့် ချက်ချင်းကို သတိလေးထားတာ ဖြင့်ခေါ်သည်။

"သမုခ…ပြောလေကွာ"

"ကို"

"ဗျာ"

"ကျွန်မလေ"

"အင်း"

"ကို့ကို သိပ်ချစ်တယ်"

"ဟေ"

မျက်လုံးကြီးပြူးပြီး ရယ်သွမ်းသွေးလျက် ဖြီးဖြီးကြီး ရိုက်ကြည့်နေတဲ့ ကို့ရင်ခွင်လေးထဲ တိုးဝင်ကာ ဖက်တွယ်ရင်း ခေါင်းလေးမှော့၍…





"ကို့ကို တော်တော်လေးချစ်လား"

"သမုခရယ်"

ကျေနပ်ပျော်ရွှင်နေတဲ့ ကို့မျက်နှာချောချောကြီးမှာ အပြုံး တွေဝေဆာသွားသည်။ သန်မာသော ကို့လက်တွေက ကျွန်မရဲ့ ကိုယ်လေးဆီ ခပ်တင်းတင်း ပွေ့ဖက်လာ၏။

ပြီးနောက်…

နုတံချွန်ချွန်ကြီးက ကျွန်မမျက်နှာလေးဆီ နီးကပ်စွာကျ ရောက်လာခဲ့သည်။

"သမုခရယ်…သိပ်ချစ်တာပဲကွာ"

"ကျွန်မလည်း ချစ်တာပါပဲကို"

"အဟွန်း…ဟွန်း"

"အဟင်း…ဟင်း"

ရယ်သံလေးတွေက ကားလေးထဲတွင် စီညံသွားရသည်။

သမုခရယ်…

မင်းလေးရဲ့အချစ်ကိုတော့ ကို တကယ်ပဲ မလေးစားလို့ မရပါဘူးကွာ။ မိုးမြင့်ထွဋ်က သမုခမသိပါစေနဲ့လို့ ပြောပေမယ့် သမုခကိုလည်း သိစေချင်ပါတယ်။ ဒါပေမယ့် သမုခ စိတ်မ ကောင်းဖြစ်သွားမှာစိုးလို့ ကိုယ်မပြောရက်ဘူး။

ကိုယ့်ကို…

မိုးမြင့်ထွဋ်က ဖုန်းဆက်ပြီး ချိန်းခဲ့တယ်။

www.burmeseclassic.com



အဲဒီအတွက်…

ကိုရောက်သွားတော့ သမုခနဲ့ သူ့ကို လူကြီးတွေ စိစဉ်ကြတာပါဆိုတဲ့ အကြောင်းရော၊ သမုခချစ်တာ ကို့ကိုဆိုတဲ့ အကြောင်းပါ ရှင်းပြတယ်။

ကိုက…

စိတ်ဝင်စားနေသလားလို့မေးတော့ သူ မဖြေနိုင်ခဲ့ဘူးလေ။

ယောက်ျားချင်းဆိုတော့ ကိုလည်း နားလည်နေတာပါပဲ။

သမုခကို…

သူစိတ်ဝင်စားနေတယ်ဆိုတာပေါ့။

ဒါပေမယ့်…

သူက သမုခကို စိတ်ဝင်စားခဲ့တယ်လို့ ဝန်မခံဘူး။

သူဘာပြောလဲသိလား သမုခ။

သူက…

မင်းကို မခွန့်လွှတ်နိုင်ဘူးတဲ့လေ။

ဒါပေမယ့်…

သူအနားမှာနေရင် မင်းလေးမပျော်နိုင်ဘူးဆိုတာ သိလို့ မင်းကို သွားခိုင်းခဲ့တာတဲ့ သမုခရယ်။

ပြီးတော့…

ကိုယ့်ကို ကတိတစ်ခုတောင်းတယ်။

အဲဒီကတိက…





သမုခဟာ ဘယ်တော့မှ ကိုယ့်ဘဝမီလိုက်တဲ့ ဘယ်တော့မှ မရပါစေနဲ့တဲ့လေ။ ကိုယ်နဲ့သူ လမ်းခွဲခဲ့ကြတယ် သမုခ။

ကိုယ်လည်း ကတိပေးပါတယ်။

သမုခရဲ့ဘဝလေး ကိုယ့်လက်ထဲမှာ ဘယ်တော့မှ အဖတ်မဲ့ အထီးကျန်မနေစေရပါဘူး သမုခ။

အဲဒါကို…

ကိုယ်တကယ်ပဲ ကတိပေးတာပါ။

"ကို"

"ဗျာ"

"ဘာတွေတွေးနေတာလဲဟင်"

"သမုခအကြောင်း"

"ကျွန်မအကြောင်း ဟုတ်လား ကို"

"အင်း"

"ဘာအကြောင်းတွေလဲဟင်၊ စိတ်ဝင်စားလိုက်တာ"

"သိချင်လား"

"ဟုတ်"

"ဒီအနားတိုး"

ကျွန်မ…

သူ့စကားကြောင့် ယုံကြည်စွာ အနားလေးတိုးတော့ သူ့ရှက်နှာ ချောချောက ဆတ်ခနဲ ငုံ့ကျလာ၏။

www.burmeseclassic.com



"အို"

"ကို"

"သွား…ဟုတ်လည်းမဟုတ်ဘဲနဲ့"

"ဟုတ်ပါတယ်ကွာ"

"တော်ပါ…မယုံတော့ဘူး၊ လူလိမ်ကြီး"

"ဟောဗျာ…လူကိုဘယ်လိုကြီး ခေါ်လိုက်တာလဲ"

"မဟုတ်လို့လား…သူများကို လိမ်ညာပြီးနိုးနမ်းတာ"

"မဟုတ်ဘူး"

"ဟင်"

"ကိုယ်က ကိုယ့်ချစ်သူကို ဘယ်မှာလိမ်ညာပြီး နမ်းလို့လဲ"

"ကိုနော်…တော်…တော် အမှန်တရားကိုမငြင်းနဲ့"

"မှန်မှမမှန်တာ"

"ဒါဆို စောစောက လူကိုဘာလုပ်တာလဲ"

"ဘာလုပ်လို့လဲ"

ကိုက မှင်သေသေလေး ငြင်းနေတာမို့ သမုဒ္ဒရာစော်ဟောက် အသည်းယားသွားမိသည်။

ကို့ပုံစံက တကယ့်ကို ခပ်တည်တည်ကြီးလုပ်နေတာလေ။

"ကိုနော်"

"အဟွန်း…ဟွန်း အလကား ချစ်လို့စတာပါကွာ၊ စိတ်





မဆိုးပါနဲ့"

"ဖယ်ပါ…လူကိုလာမဖက်နဲ့"

"မဖယ်ပါရစေနဲ့ သမုဒ္ဒရာ၊ ဒီကလေးမလေးကို အခုလို ပိုင်ဆိုင်ခွင့်လေးရဖို့ မနည်းကြီးကို ကြိုးစားခဲ့ရတာ၊ ကို့ကို သနားပါဦးကွာ"

၀ ကိုရယ်…

ကျွန်မသိပါတယ်။

ကိုဘယ်လောက်ထိ ခက်ခက်ခဲခဲ ရင်ဆိုင်ဖြေရှင်းခဲ့ရသလဲ ဆိုတာကိုပေါ့။ ကျွန်မလေ အဲဒီအတွက် ထာဝရကျေးဇူးတင်နေမှာ ပါကို။ ကျွန်မရင်ဆိုင်ရတဲ့ အခက်အခဲပြဿနာတွေအားလုံးကို ခေါင်းအေးအေးနဲ့ စဉ်းစားပြီး အဖြေရှာပေးခဲ့တဲ့အတွက် ကျေးဇူးတင် ပါတယ်ကိုရယ်။

"ကို"

"ဟင်"

"ကျွန်မလေ…ကို့ကိုသိပ်ချစ်တယ်"

"အင်း"

"ကျွန်မရဲ့ ချစ်တတ်တဲ့နှလုံးသားထဲမှာ ကို့ကိုချစ်တဲ့ အချစ်တွေ အပြည့်ပဲကို၊ အဲဒါကို အကြွင်းမဲ့ယုံကြည်ပေးပါနော်"

သမုဒ္ဒရာ…။

ကိုယ်ယုံပါတယ်ကွာ။



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



အကြွင်းမဲ့…ယုံပါတယ် တလေးရယ်။

လှုတိုင်းလှုတိုင်း…

အချစ်ကိုရှာဖွေတွေ့ရှိပြီဆိုရင် အချစ်ရဲ့ အကျွေးအကျောက် လှည့်စားတာလေးတွေ အချစ်က ဖန်ဆင်းတဲ့ ပျော်ရွှင်စရာရသလေး တွေကြားမှာ မျောပါနေကြတာ ထုံးစံတစ်ခုပါပဲလေ။

ဒါပေမယ့်…

တကယ်ပဲ ချစ်မိပြီဆိုရင်တော့…

ချစ်တတ်သူရဲ့ အသည်းနှလုံးဟာ နာကျင်ရတာတွေ များပါတယ်။ အခုသမုခရော၊ ကိုယ်ရော၊ မိုးမြင့်တွင့်ရော နှတ်ခမ်း လေးတွေ ပြုံးနေကြပေမယ့် မတူညီတဲ့ ခံစားချက်လေးတွေကိုယ် စီနဲ့ စီးမျောနေပြီး အချစ်အတွက် ခံစားနေကြရပြီလေ။

ဒါပေမယ့်လည်း…

ကိုယ်တို့အားလုံး ပျော်ပျော်ရွှင်ရွှင်နဲ့ ရပ်တည်နေနိုင်ကြ ပါတယ်။

"ကို"

"ရှာ"

"ကျွန်မတိုရော ကိုရဲ့ချစ်တတ်တဲ့ နှလုံးသားထဲမှာ ဘယ်လိုပုံစံမျိုးလေးနဲ့ ခံစားနေရာပေးထားသလဲဟင်"

သမုခရဲ့ အမေးကိုဖြေဖို့ သူ့ခေါင်းလေးမော့ ရင်လေး ကော့လိုက်ပြီး ချစ်သူလေးရဲ့ မျက်နှာလေးကို ခပ်စူးစူးလေး စိုက်





ကြည့်လိုက်သည်။

"နားထောင်နော် သမုခ"

"……"

"ကိုယ်တို့ရဲ့ချစ်တတ်တဲ့ နှလုံးသားထဲမှာ သမုခကို ဘယ်လိုပုံစံမျိုး ခံစားရလဲဆိုတော့ ယောဒီလို ယောဒီလိုလေး"

"အို"

"ကို"

တားဆီးသံလေးက ရုတ်တရက် ပျောက်ကွယ်သွားရပြီ။

ချစ်တတ်လွန်းတဲ့ကိုကဲ့ သူ့ရင်ထဲက ချစ်တတ်တဲ့နှလုံး သား ခံစားချက်လေးကို ဖွင့်ပြခဲ့ပြီလေ။ ခြိမ့်ဧစရာလို့တော့ လောက်အောင်ပဲ။

ရင်တွေခုန်လိုက်ရတာကွယ်။

ရင်ခုန်သံထပ်သရွေ့ အမြဲချစ်တတ်နေမယ့်
ရှင်မြတ်နိုး



BURMESE CLASSIC
www.burmeseclassic.com